www.burmeseclassic.com

# ကြူ၀၀

## မျက်မြေလကာ မပါးသာပြီ



www.burmeseclassic.com

ဒုတိယအကြိမ်
မင်းမြင့်နိုင်

www.burmeseclassic.com

# ကိုစစ

## မျက်ဖြေလက်ကမပါသာပြီ


စာမူခွင့်ပြုအမှတ် - ၅၀၀၀၆၉၀၅၀၁

မျက်နှာဖုံးခွင့်ပြုအမှတ် - ၅၀၀၃၈၀၀၅၀၄

၂၀၀၅ ခုနှစ်၊ ဇွန်လ

ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ ... ဦးသန်းဆွေ၊ စစ်သည်တော်စာပေ
၁၁၃၁/တ-၅၉ ရပ်ကွက်၊ ဥယျာဉ်လမ်း၊
ဒဂုံမြို့သစ်တောင်ပိုင်း။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် . ဦးမြင့်ဝေ၊ ကံသာအော့ဖ်စက်
အမှတ် ၁၈၂၊ (၃၁) လမ်း၊
ပန်းပဲတန်းမြို့နယ်၊
ရန်ကုန်မြို့။


### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# ကိုစစ



# မျက်ဖြေလင်္ကာ မပါးသာပြီ

လေးကြိုးရိုက်ခတ်သံ ကြားလိုက်ရ၏။
ပါးလှပ်သော အရေပြား..ထိုနောက် အသားဆိုင်၊ နှလုံး
သည်းပွတ်စသည်ဖြင့် တမုဟုတ်ချင်း ထွင်းဖောက်သွားသည်။
နာကျင်မှုသည် ဘဝင်တိုင် ပျံနှံ့ကုန်၏။
ရင်ခေါင်းထဲမှ အော်မြည်သံ တစ်ဖောလုံး သောင်းသောင်းညံ
သွားလေ၏။
ဆတ်ဆတ်ခါသော နာကျင်မှုများကြောင့် မျက်ရည် ရစ်သီ
ဝိုင်းခဲ့၏။
အမြင် ပြာဝေမှုန်မှိုင်းသွား၏။
သွေးစက်တို့ မြေပြင်၌ အိုင်ထွန်းလေပြီ။
ခြေအစုံသည် ညွတ်၍ ညွတ်၍ ...
တင်သည်လော၊ ဆပ်သည်လော။
တင်သည်ဆိုက အတုံ့အလှည့်ဟု စိတ်မမွေးချင်။



www.burmeseclassic.com

www.burmeseclassic.com



ဆပ်သည်ဆိုက ဤမျှဖြင့်ပင် ကျေပါစေဟု ဆုတောင် လိုသည်။

တင်သည်ဖြစ်စေ၊ ဆပ်သည်ဖြစ်စေ မရပ်မနား တစ်ဆက် တည်း သွားနေသော သံသရာကို မရှည်လျား မထွေပြာ စေချင်ပါ။

တင်လိုက်၊ဆပ်လိုက်နှင့် မရပ်သောသွားချင်းမျိုးနှင့် မဆုံးသေ ခရီးကို မသွားလိုပါ။

အဖန်တလဲလဲ သူတစ်လှည့် ငါတစ်လှည့် ခရီးမရှည်စေချ ဤသို့သော ဖြစ်ရပ်မျိုးဖြင့် သူ၊ ငါ လဲလှယ်၍ ကျ မျက်ရ များ၊ နာကျင်ခွတ်ပုံမှုများ၊ အမျက်မာန်များ၊ ရက်စက်မှုမျ လက်စားချေခြင်းများကို မကြုံတွေ့ မခံစားလိုပြီ။

အစဉ်ထာဝရ ထားအပ်သော မေတ္တာတရားဖြင့် ဤသည် ကို ဖြတ်တောက်ခဲ့၏။

မီးစအား ရေအေးဖြင့် သွန်းလောင်းခဲ့၏။

သူသာ၏၊ ကိုယ်နာ၏ဟု တွေးယူ သဘောမပိုက်လိုပြီ။

အသင်ယူသည့် အနိုင်ဖြင့်ပင် ပြီးဆုံးစေချင်သည်။

နိုင်သူ့အပြုံးဖြင့် ကျေနပ်ပါတော့။

လိုရာရပြီဖြစ်သဖြင့် ကျေနပ် နှစ်သိမ့်ပါတော့လေ။

ပြေလျော့လိုက်ပါတော့လေ။



## အပိုင်း တစ်



www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

စေ့ထားသော ဝင်းတံခါးကို ဖွင့်လိုက်စဉ် ကိုရိုးမင်းဦးဟာ အိမ်ရှင်မ မစိုး၏ ခေါင်းသံကိုကြားရ၏။ အိမ်အမိုးစွန်းကို ရှေ့သို့ အနည်းငယ် ထုတ်ကာ ဆောက်လုပ်ထားသော တအုပ်ဆိုင်ငယ် ဖြစ်၏။ ကွက္ကူပန်းများ ခံနေသဖြင့် ပြတင်းတံခါးကို အပြည့်မမြင်ရ။ တစ်ခြမ်းသာ မြင်ရသော မစိုး မျက်နှာ၌ အရယ်ရိပ်ကို အလျှင်တွေ့လိုက်၏။

“ပြန်ရောက်နေပြီလေ”

ရုတ်တရက် ဘယ်သူလဲဟုမေးရန် ပြင်လိုက်သည်။ ကွက္ကူနွယ်ပိုင်း အတွင်း ထိုအမေး၏ အဖြေကို သူသိလိုက်၏။ မပွင့်တပွင့်ပြုံးရင်း တမင် မသိဟန်ပြု၍ ပြန်မေးလိုက်သည်။

“ဘယ်သူလဲ မစိုး”

“ခုနလေးတင် ဒီဘက်ကို စက်ဘီးနဲ့ ရောက်လာသေးတယ်။ ညကျမှ လာမယ်လို့ ပြောသွားတယ်ရှင့်”

၂





ဘယ်သူဟု မစိုး မဖြေ။ ပြောင်ချော်ချော်အရယ်နှင့် ရှိ၏။

ရယ်၍ အိမ်ပေါ်လှမ်းတက်လိုက်၏။ တံခါးကို တစ်ခြမ်း ဝင်သာရုံဖွင့်ပြီး မှောင်ရိပ်သန်းသော ဧည့်ခန်းထဲ ဝင်ခဲ့သည်။ ပြန်ရောက်ပြီဆိုသည်နှင့် ရင်ထဲ၌ ကြည်နူးသော်လည်း မျှော်လင့်ခြင်းမရှိဟု ထင်ခဲ့သည်မှာ ခုတော့ မှားယွင်းနေ၏။ မမျှော်လင့်ဝံ့ခဲ့ခြင်းပါ။

မစိုးတို့ ဘယ်အတိုင်းအတာထိ သတ်မှတ်ထားသည် မသိ။ သက်ဆိုင်သူ တစ်ဦးအား အသိပေးသကဲ့သို့ ခံစားရသည်။ ထင်မှတ် အောင်များ မိမိ၏အပြုအမူ၊ အပြောအဆိုများတွင် ပေါ်လွင်ထင်ရှား နေလေရော့သလား။ ကိုယ့်ကိုကိုယ် မလုံမလဲ ပြုံးမိသည်။

တိုက်ပုံအင်္ကျီကို ချွတ်၍ ချိတ်တွင် ချိတ်သည်။ လက်ဆွဲအိတ် ကို စားပွဲတွင် တင်သည်။ အနည်းငယ်စေ့နေသော ပြတင်းတံခါး ကို သွားရောက်ဖွင့်လိုက်၏။ ဧည့်ခန်းအတွင်းရှိ အမှောင်ထု လျော့ပါး သွားသည်။ အဝတ်အစားလဲပြီး ရေချိုးရန် ရေတိုင်ကီရှိရာ ဆင်းခဲ့သည်။

ခြံဝင်းထောင့်ရှိ အုန်းပင်ခြေရင်း၌ ရေတိုင်ကီကို တည်ထား၏။ အနီးဝန်းကျင်၌ ရွက်လှပန်းပင်များ ရှိသည်။ ရေတစ်ခွက် ခပ်ယူပြီး ခြေလက်များကို ဆေးကြောနေစဉ် ...

“ကလင် ... ကလင်”

စက်ဘီးဘဲလ်သံကြောင့် သူလှမ်းကြည့်လိုက်သည်။ အပြုံး လှလှလေးကို မြင်ရ၏။ တမ်းတခဲ့ရသည့်အပြုံး။ အောက် နှုတ်ခမ်း လုံးလုံးလေးကို ဖိကိုက်၍ ရယ်လှလှ ပြုံးတတ်သည်။ ဝိုင်းစက်သော မျက်ဝန်းနက်၌မူ ပွင့်လင်းသော အရယ်ရိပ် အပြည့်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်တည်း သွားပေးရဦးမယ်၊ လိုက်ခဲ့ပါလား ဆိုတာနဲ့ မွန် လိုက်သွားတာ"

"ဒါနဲ့ တို့အကြောင်းတွေ သိလာတယ် ဆိုပါတော့"

ဒါပေါ့ ဟု ရယ်ကာ ပြော၏။

"ဘာအကြောင်းတွေလဲ မွန်မွန်"

"အမယ်လေး အများကြီးရယ်၊ များလွန်းလို့ မေ့သွားမှာ စိုးလို့ မှတ်စုစာအုပ်နဲ့ လိုက်ရေးရသေးတယ်"

မွန်မွန်ကိုယ်လေး ယိမ်းထိုးကာ ရယ်သည်။ စိုးရိမ်ပူပန်ခြင်းများ အတန်သင့် လွင့်ပါးသွားစေသည်။

"ဦးရဲ့ မေမေက ဦးလိုပဲ သဘောကောင်းတယ်နော်"

"ကဲ ...မစိုးလေး ရေခဲသုပ်နှစ်ပွဲ မှာပေးစမ်းပါဗျာ"

မစိုးသည် စာအုပ်ကို ပစ်ချပြီးထွက်သွားသည်။ မွန်မွန် အတင်း လိုက်ဆွဲသော်လည်းမရ၊ လမ်း၏ တစ်ဖက်တွင် အအေးဆိုင်ငယ် ရှိသည်။ မွန်မွန်က မျက်နှာချင်းဆိုင် ဝင်ထိုင်ပြီး ...

"ဦး ရန်ကုန်ကို တစ်ခေါက်ရောက်သေးတယ်ဆို၊ မွန်မွန်ဆီ ဘာလို့မလာတာလဲ၊ မခင်လို့လား"

"တို့က ရုံးကိစ္စနဲ့ အရေးတကြီး ရောက်သွားတာ၊ အိမ်ကိုတောင် အိပ်ချိန်လေးပဲ ရောက်တယ်၊ တကယ် မလာအား လို့ပါ။ သိပ်လာချင်တာပေါ့ မွန်မွန်ရယ်"

"လာချင်ရင် အနီးလေးပါနော်"

"ဆင်ခြေစကားလို့ မွန်မွန်ပြောရင်လဲ ခံရမှာပဲ၊ အချိန်ရရင်





ပထမဆုံး ဦးစားပေးပြီး လာမလို့ စိတ်ကူးထားတယ်၊ ကျောင်းကို မရောက်တာလဲ ကြာပြီလေ၊ တချို့ သူငယ်ချင်း တွေ အဲဒီမှာ ဆရာပြန်လုပ်နေကြတယ်၊ နောက်တစ်ခေါက် လာဖြစ်အောင် လာခဲ့ပါ့မယ်"

"နောက်တစ်ခေါက်မှ မရောက်လာဘူးဆိုရင် မခင်ဘူးလို့ တစ်သက်လုံး သတ်မှတ်လိုက်မယ်"

"မဟုတ်ဘူးလေ မွန်မွန်၊ အကြောင်းတစ်ခုခုကြောင့်"

"မလိုချင်ပါဘူး"

နှင်းဆီနှုတ်ခမ်းဖူးအစုကိုကြည့်၍ ရယ်မိ၏။

"စိတ်ချပါ။ လာဖြစ်အောင် လာမှာပါ၊ ဒါပေမယ့် တို့ရောက်တဲ့ အချိန်မှာ မွန်မွန်က ကိစ္စတစ်ခုနဲ့ အပြင်သွားနေရင်ကော တို့ ဘာလုပ်ရမလဲ"

မတွေ့မချင်း ထိုင်စောင့်နေပေါ့ဟု ဝေ့ခနဲကြည့်ပြီး ပြောသည်။

"ရောက်ခဲ့ကြောင်း စာရေးထားခဲ့မယ်လေ"

"ဘာမှ လုပ်မနေနဲ့ ဘယ်သူနဲ့မှ အပြင်ကို သွားစရာ အကြောင်း မရှိဘူး။ ကျောင်းထဲမှာပဲ ရှိနေမယ်၊ မတွေ့ တွေ့အောင်ရှာ၊ မတွေ့ရင် အဆောင်မှာ ထပ်ပြီးရှာ၊ တွေ့ကိုတွေ့ရမယ်၊ မတွေ့ဘူး ဆို ဦးက မတွေ့ချင်တာဘဲ ဖြစ်ရမယ်"

"နည်းနည်းလောက် လျှော့ပါဦးလား မွန်မွန်ရယ်"

"ဒါ အနည်းဆုံးပဲဦး"

"ကောင်းပြီလေ၊ မတွေ့မချင်း မြက်ခင်းမှာအိပ်ပြီး စောင့်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က လက်ဝါးလေးအုပ်ကာပြီး ရယ်သည်။ ရယ်သံသည် နားထဲ၌ ချိုမြလွန်းလှ၏။ ကျေနပ်ပီတိရိပ် ဖုံးလွှမ်းသော မျက်ဝန်းအစုံကို ရင်မဆိုင်နိုင်၊ ဆုံမိတိုင်း နှလုံးသည်းပွတ်တို့ အသက်ရှူမဝသကဲ့သို့ ဖြစ်သည်။

အအေးဖန်ခွက်နှစ်ခွက်ကိုင်၍ မစိုးပြန်ရောက်လာမှ အရယ်ရှိန်သတ်သည်။ မွန်မွန့်ကို အအေးတစ်ခွက် လှမ်းပေးသည်။ သူ့အား ကျန်တစ်ခွက် ကမ်းပေး၏။

"မစိုး သောက်လိုက်ပါ။ ကျွန်တော် အအေးသောက်ခဲ့တာ မစိုး သိသားပဲ၊ အအေးက အပူသမားတွေ သောက်တာဗျ"

မျက်စောင်းလှလှလေး ဝဲ၍ ကျရောက်လာသည်။

"ဒါပေါ့ အအေးက အပူကိုကြိုက်တယ်၊ အပူကျတော့ အအေးကို ပြန်ကြိုက်ပြန်ရော၊ ဒါမှ သဘာဝကျမှာပေါ့"

မစိုး၏ တစ်ခွန်းတည်းသောစကားက ပစ်မှတ်မဟိုကို တိုက်ရိုက်ထိမှန်သွားသည်။ မွန်မွန့်ပါးပြင်ထက် ရက်သွေးနှင်းဆီ ဖူးပွင့်သွား၏။

နေခြည်သိမ်းပြီဖြစ်သဖြင့် အမှောင်သည် လက်တံဖြန့်ကား လာသည်။ မီးခလုတ်ကို လှမ်းဖွင့်၏။ စာအုပ်ဆိုင်ထဲက မီးသည် မျက်တောင်ပုတ်ခတ်၍ နိုးထလေပြီ။



[ ၂ ]

"ကျွန်တော်ပြန်မယ် ကိုစိုးမင်းဦး၊ ခင်ဗျားဆက်ထိုင်နေဦးမှာလား"

သိချင်းကောင်းနေသဖြင့် ခဏတဖြုတ် ဆက်ထိုင်နေဦးမည်ဟု တွေးကာ ခေါင်းညိတ်ပြလိုက်၏။ ကိုဌွေးဇော်သည် စားပွဲထိုးကောင်လေးအား လှမ်းခေါ်နေသဖြင့် ...

"ကိုဌွေးဇော် ကျွန်တော် ရှင်းလိုက်ပါ့မယ်"

"မဟုတ်တာဘဲ၊ ခင်ဗျားချည်းပဲ ဒိုင်ခံရှင်းနေလို့ ဘယ်ဖြစ်မလဲ၊ ခင်ဗျားကြောင့် ကျွန်တော် ဒီဆိုင်ကို မထိုင်ရဲသလောက်ဖြစ်နေပြီ"

စားပွဲထိုးကောင်လေးသည် သူ့အား ခင်မင်နေသည်။ ကြာမြင့်စွာ ဆက်ဆံလာကြသည်မို့ တစ်ယောက်အကြောင်း တစ်ယောက် သိနေသည်။ သူက မယူနိုင်းလျှင် ဘယ်သူပေးပေး လုံးဝမယူတော့။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ကိုငွေဇော် အတင်းပေးသော်လည်း မယူဘဲ သူ့အား ရယ်ပြပြီး တခြားဝိုင်းသို့ လှည့်ထွက်သွားသည်။

"နောက်မလာတော့ဘူးဗျာ"

"ဒီလိုမလုပ်ပါနဲ့ ကိုငွေဇော်၊ နက်ဖြန်ကျ ခင်ဗျားတိုက်ပေ့ါ။ အခုတော့ ထားလိုက်ပါဦး"

"ဒါနဲ့ပဲ ကျွန်တော့်ကို ချွေးသိပ်နေတာ မဟုတ်လား။ မနက်ဖြန်ကျရင် ခင်ဗျားတစ်မျိုးထပ်ပြောဦးမယ်၊ နောက်ဆို ပိုက်ဆံအရင်ရှင်းပြီးမှ သောက်တော့မယ်၊ ခင်ဗျားကြောင့် ခက်တယ်"

ကိုငွေဇော် ပြန်သွားသည်ကို ကြည့်နေပြီးမှ ဆေးလိပ်ကောက်ယူ မီးညှိသည်။

မှောင်မည်းနေသော မြစ်ဘက်ကို အကြည့်ရောက်ခိုက် အတွေး အိမ်ထဲ မွန်မွန်ရောက်လာသည်။ လစ်လပ်သွားသည့် အချိန်တိုင်း သူ့မှ ရောက်လာတတ်စမြဲပင်၊ အထီးကျန်လွန်းသော ဘဝအတွက် အိပ်မက်ဖော်ဖြစ်နေလေသည်။ ရင်းနှီးခဲ့သော အတိုင်းအတာနှင့် ကာလကို တွက်ဆကြည့်မိသည်။ နောက်ထပ် လိုအပ်နေသေးသည်ဟု ကိုယ့်ကိုယ်ကို ထင်မိပြန်သည်။ အချိန်တွေ ကျန်ပါသေးသည်ဟု ဖြေသိမ့်အတွေး ဖြစ်၏။

နလုံးသားအစုံဝယ် ထုံကျဉ်မှုန်ဝေသွားသည်။ ဦးနှောက်အား နလုံးသားအစုံက အားငယ်စွာ မော့ကြည့်လျက် ရှိသည်။ မင်းထင်သော အချက်အလက်များနှင့် မလုံလောက်၊ မပြည့်စုံသေးဟု ရေရွတ်ပြီး ဦးနှောက်သည် မျက်လုံးအစုံမိတ်ကာ ငွတ်အတင်း ပယ်ချလိုက်၏။

ဆေးလိပ်မီးခိုးတန်းသည် ထူထပ်သိပ်သည်းစွာ ဖြစ်တည်နေ၏။





မြစ်ပြင်တစ်ကြောတွင် ငါးဖမ်းလှေငယ်များဆီမှ မီးခိုးရောင် ဝါကြွင်ကြွင်တို့သည် ဟိုဟိုဒီဒီ ပြန့်ကျဲစွာ ရှိနေကြသည်။ မြစ်ပြင်ကို ဖြတ်ကူးလာသော လေပြည်ထဲသို့ နလုံးသား၏ ပဲ့တင်သံကို မျှောလွှင့်လိုက်သည်။

သစ်ရွက်ငယ်တို့ ကြားပါစေ ...။

* * *

ကိုမြအေးသည် ဟင်းဖတ်ကို ဆယ်ယူပြီး သူ့ပန်းကန်ထဲ လှမ်းထည့်သည်။ သတိထားနေသည်မို့ ဆွဲယူရှောင်ရှားလိုက်သည်။

"ကျွန်တော် ဝပြီ ကိုမြအေး။ ကိုမြအေးပဲ ထည့်လိုက်ပါ"

"ကိုစိုးမင်းဦးကတော့ လုပ်ပြီ၊ ဒီတစ်ဖတ်တည်းနဲ့ စားပိုးနင့်မသွားပါဘူးဗျ"

ကိုမြအေးသည် စိတ်ပျက်လက်ပျက်နှင့် ဟင်းဖတ်ကို ပြန်ထည့်လိုက်သည်။ ထို့နောက် ဟင်းပန်းကန်ကို ရှေ့သို့ တွန်းပို့ပြီး ...

"ထည့်စမ်းပါ"

"တော်ပြီ ကိုမြအေး"

"အဲဒါကြောင့် ခင်ဗျားနဲ့အတူတူဆုံပြီး မစားချင်တာ၊ တကယ် အားနာတဲ့လူဗျာ၊ အားနာစရာမဟုတ်ဘဲနဲ့ အားနာနေတယ်၊ ဒီလောက် တွဲနေတာ ကြာပြီ၊ ခုထက်ထိ တွေ့စကပုံစံအတိုင်းပဲ၊ ကျွန်တော်က အားနာစရာလူလား ကိုစိုးမင်းဦး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် တကယ်ကို ထမင်းဝပြီမို့လို့ပါ၊ တော်ကြာ အလကားဟင်းတွေ ပိုနေလိမ့်မယ်၊ ခင်ဗျားပဲ စားစမ်းပါ"

"ကျွန်တော်တို့က ခင်ဗျားဆီက ထမင်းလာခယူပြီး ထမင်းကျွေးနေတာ ကိုစိုးမင်းဦး။ ကျွန်တော်တို့ အလကား ကျွေးနေတာ မဟုတ်ဘူး"

ထိုစဉ် မီးဖိုချောင်မှ မစိုး၏အော်သံ ထွက်လာသည်။

"ကိုမြကလဲ ဘာတွေ လျှောက်ပြောနေတာလဲ"

ကိုမြအေးသည် စိတ်တိုတိုနှင့် ထမင်း နယ်ဖတ်စားနေလေ၏။ ကိုမြအေးနှင့်မစိုးတို့၏နီးမောင်နှံ၏စိတ်ရင်းစေတနာကိုသူနားလည်ပါသည်။ ညီအစ်ကိုမောင်နှမ အရင်းအချာလိုဖြစ်၏။ ကိုမြအေးက ဤအတိုင်း တဲ့တိုးဘွင်းဘွင်း ပြောတတ်သလောက် စိတ်ရင်းကောင်းရှာပါသည်။

အိမ်ရှေ့မှ မစိုး ဟု လှမ်းခေါ်သံကြားရသည်။ မွန်မွန်၏ အသံဟု ကျက်မိပြီး မီးဖိုချောင်ထဲ လှမ်းဝင်ခဲ့လေသည်။ မစိုးကသူ့လက်ထဲမှ ပန်းကန်ကို လှမ်းယူပြီး ...

"ခဏလောက်ထွက်တွေ့လိုက်စမ်းပါ ကိုစိုးမင်းဦး၊ ဘာတွေ အရေးကြီးလာသလဲ မသိဘူး"

"မစိုးကို ခေါ်နေတာဗျ"

"ဘာသာပြန်လိုက်ရင် ဦး...ဦး...တဲ့"

လက်ဆေးရင်း ရယ်မိသည်။

စာအုပ်ဆိုင်သို့ အဆင်း လှေကားထစ်တွင် သူမ ရပ်နေ၏။ သူ ထွက်လာသည်ကို မြင်သည်နှင့် ...





"ဩော် - ထမင်းစားနေတာလား"

"ပြီးပြီ"

"မိုက်စာ လာပေးတာ၊ မနက်ဖြန်မနက် အိမ်မှာ ဆွမ်းကျွေးမယ် အကျဆက်လာခဲ့ရမယ်နော်"

သူ ခေါင်းညိတ်လိုက်၏။

* * *

ဂရုစိုက်မှုက သိသာလွန်း၏။ ခေါက်ဆွဲဖတ်ကိုပင် မမြင်တော့။ ကြက်သားဖတ်များပြည့်နက်နေသည့်တိုင် သူမထည့်ပေးနေဆဲပင်။ ယန်းကန်ပြားကိုလက်ဖြင့်ကာကွယ်ရင်း . . .

"တို့ ဒီလောက်အစားမကြီးဘူး မွန်မွန်ရဲ့ တော်ပြီ"

အကြည့်တချို့က စူးစူးစိုက်စိုက်ရှိလွန်းသည်။ ထိုအကြည့်၏ အဓိပ္ပါယ်ကို သူနားလည်သိရှိပါသည်။ စားသောက်ရမည်ကိုပင် ခပ်တွန့်တွန့်ဖြစ်မိသည်။ စူးစိုက်ခြင်းခံရသဖြင့် စိတ်ကျဉ်းကျပ်သော်လည်း သူမ၏ အပြုအမူကြောင့် ကြည်နူးပီတိဖြစ်မိသည်မှာ အမှန်။

"အားမနာနဲ့ ထည့်စားကွယ့်"

သူမ၏ အမေက လောကွတ်စကား လှမ်းဆိုသည်။ ခေါင်းငုံ့ထား ရင်းစားရန်အားယူနေမိသည်။

"ဩော်...ကိုပါ တို့ပါလား ၊ ဒီမှာတစ်ဝိုင်းတည်းထိုင်လိုက်ကြပါ ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တောင်ကျနေသေးတယ်နော် ဒေါ်မြတင်"

ကိုပါဆိုသောလူက သူမ၏အမေ ဒေါ်မြတင်နှင့် အတော်ရင်းနှီးဟန်တူသည်။ သူက ကိုပါကို သိသော်လည်း ကိုပါတော့ သိမည်မထင်၊ ဤမြို့၌ ကိုပါအား မသိသူမရှိ။ စီးပွားရေးအောင်မြင်နေသူတစ်ဦးမို့ လူက ခပ်ဝဝ။ သူ့ ဗိုက်၌ ဝင်ထိုင်ကြသည်။ ကိုပါနှင့်အတူ လူငယ်တစ်ယောက်ပါလာသည်။

"မွန်မွန်ရေ၊ ဒီမှာ ညည်းရဲ့သူငယ်ချင်း ရဲမြင့်ရောက်နေတယ်၊ စားပွဲတွေ လာပြင်ပေးပါဦး။ အထူးညှော်သည်တွေနော်"

ဒေါ်မြတင်ခေါ်သံကြောင့် တခြားဗိုင်းမှ သူမ ထ,လာသည်။ သူမလက်ထဲမှ ဟင်းရည်ချိုင့်ကို ရဲမြင့်က လှမ်းဆွဲယူပြီး ...

"ငါ့ဟာငါ ကြိုက်သလောက်ထည့်စားမှာနော် မွန်မွန်"

"စားစမ်းပါ ရဲမြင့်ရာ၊ ဦးလေးပါ ထည့်စားနော်

ရဲမြင့်က ဦးပါ၏ပန်းကန်ထဲ ဟင်းရည်ထည့်သည်။ တော်ပြီ သားဟု ဦးပါက ဟန့်၏။ ဒေါ်မြတင်က ဘေးမှ ယပ်တောင်ခပ်ပေးနေ၏။ ရဲမြင့်က ဟင်းရည်ချိုင့်ကို ပြန်ပေးရန် ဝေ့ခနဲ ကြည့်ပြီး...

"မွန်မွန် နင်ကာ ဒီလိုပြင်ဆင်ထားတော့ ပိုလှတယ်၊ တကယ်"

"ကဲ ... တစ်ချိုင့်လုံးသာ မော့သောက်လိုက်တော့ ရဲမြင့်"

ရဲမြင့် သဘောကျစွာရယ်သည်။ ဦးပါနှင့် ဒေါ်မြတင်တို့၏ ပီတိအပြုံးက လင်းလက်လွန်းသည်။ ဦး...စားနော်ဟု မွန်မွန်က လှမ်းပြောပြီး ဟင်းဖတ်များ ထည့်ပေးပြန်သည်။ စားပွဲခင်းဖြူဖြူပေါ်တွင် အကြည့်တို့တင်ထားလိုက်၏။ ရဲမြင့်က သူ့ကို ကြည့်၍ ...

"အစ်ကိုကို ကျွန်တော်တွေ့ဖူးတယ်၊ မစိုးတို့အိမ်မှာ ငှားနေတာ





မဟုတ်လား"

"ဟုတ်ကဲ့"

"စားနော်အစ်ကို၊ ဒီအိမ်ရှင်က ဒီမြို့မှာ သဘောအကောင်းဆုံးဗျ"

သူ့အလိုက်သင့် ပြုံးပြမိ၏။

ကြာမြင့်လွန်းသောအချိန်ဟု စိတ်ထဲထင်မှတ်သည်။ ပူအိုက်ကျဉ်းကျပ်မှုကြောင့် အပြင်သို့ ထွက်လိုစိတ် ပြင်းပြသည်။ ခပ်သုတ်သုတ် စားပြီး ဒေါ်မြတင်ကို နှုတ်ဆက်ကာ ထ,ရပ်လိုက်သည်။ ခြံဝင်းအပြင်ထိ သူမ လိုက်ပို့၍ နှုတ်ဆက်သည်။

ခြံပြင်သို့ရောက်သည်နှင့် တစ်ကိုယ်လုံး လွတ်လပ်ပေါ့ပါးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃)

မြစ်ကမ်းပါးအတိုင်း ဖောက်လုပ်ထားသော လမ်းမကြီးသည် မဖြောင့်တန်းလှချေ။

အတန်အသင့် ကျယ်သည်။ လမ်းတစ်ဖက်၌ တိုက်တာအဆောက် အဦများ စီရီ၍ရှိပြီး ကျန်တစ်ဖက်တွင် မြေပြိုမကျစေရန် အုတ်ဘောင် ကြီးများဖြင့် တောက်လျှောက်ကာရံထားသည်။ ရုံးလမ်းဟု အမည် ခေါ်ကြ၏။

သဘော်ဆိပ်၊ မော်တော်ဆိပ်လွန်သော် ဝါးဖောင်များ စီတန်းထိုး ထားသော ပွဲရုံဆိပ်ကမ်းသို့ ရောက်၏။ နေလယ်နေ့ခင်းတွင် ဤနေရာ လှုပ်ရှားနေတတ်ပြီး အရိပ်ကောင်းသော ကုက္ကိုပင်ကြောင့် ဆိတ်ငြိမ် အေးချမ်းနေသည်။ မြစ်ထဲသို့ ထိုးထွက်နေသော သစ်မြစ်ပေါ်တွင် ထိုင်ရင်း တစ်ဖက်ကမ်းသို့ သူငေးကြည့်၏။ တစ်ဖက်ကမ်းသည် မျက် တစ်ဆုံး လယ်ကွက်များသာရှိ၏။ လယ်ကွက်ထဲမှ ထ ပျံတတ်သော





ဖျိုင်းဖြူဖြူမှအပ လှုပ်ရှားမှုမရှိသလောက်ပင်။

သူမသည် သူ့အား သူမ မိသားစုနှင့် ရင်းနှီးကျွမ်းဝင်စေလိုဟန် တူသည်။ သူမ၏ မိဘများမှာ သူနှင့် စိမ်းနေသည်။ လုပ်ငန်းသဘော အရ တစ်သီးတခြားစီမို့ ဖြစ်မည်ထင်သည်။

ဟိုတစ်နေ့က ကိုမြအေး ပါလာလျှင် ဤမျှ အနေကျပ်မည် မထင်။ ကိုမြအေးတို့နှင့် ရပ်ခွေရပ်မျိုး မဟုတ်လား။ ထိုနေ့က ရဲမြင့် ဆိုသော ကောင်လေး၏ အကြည့်ကို သူနားလည်သည်။

မျက်လုံးများသည် ပထမဦးဆုံး ဆက်သွယ်ရေး သံတမန်များ ဖြစ်ကြ၏။

ရင်ထဲအထိ ဖွင့်လှစ်ပြနိုင်သလို၊ ရင်ထဲအထိ ခန့်မှန်းနိုင်သည်။ မရေမတွက်နိုင်သော စကားလုံးများ၊ နက်နဲသိမ်မွေ့လွန်းသော ခံစားချက် များသည် မျက်ဝန်းထဲမှင် ရှိတတ်သည်။ သူမ၏ မျက်ဝန်းထဲမှ သူ ရယူခဲ့၏။ သူ့ မျက်ဝန်းမှတစ်ဆင့် သူမ သိရှိနေမည်။ အကြည့်ချင်း ဆုံမိတိုင်း ရင်ဝယ် လှိုင်းဂယက် ကိုယ်စီဖြင့် ရှိ၏။ တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရသော နာကျင်မှုအရသာသည် ရင်ထဲတွင် သိုက်ဝန်းကာ တည်ရှိ ခဲ့လေပြီ။

အချစ်ဆိုသောအရာဟု သတ်မှတ်သိရှိခဲ့သည်မှာလည်း ကြာမြင့်ခဲ့ ပြီ။ အိပ်မက်များကို အစဉ်အမြဲ ပိုင်စိုးနေ၏။ စိတ်အစဉ်သည် အတွေး အိပ်မက်တို့ထက် သာလွန်သော အရပ်သို့ရောက်ရန် အားထုတ် ကြိုးပမ်း နေကြသည်။ တစ်ခါတစ်ရံ ထိန်းချုပ်မထားနိုင်သလောက်အောင် နှလုံး သွေးများ ဘောင်ဘင်ခတ်တတ်သည်။ အရာရာကို ချင့်ချိန်တတ်သော စိတ်ကို တစ်ခါတစ်ခါ၌ သဘောမကျချင်တော့။ စေ့စပ်သေချာစွာ စဉ်းစားလိုက်တိုင်း ရင်၌ အမောကိုသာ ပေးအပ်ခဲ့သည်။ အချိန်ကာလ



www.burmeseclassic.com

www.burmeseclassic.com



သည် ရှည်လျား ပြန့်ကားလာပြီး နွေးထွေးနေသော နှလုံးသားကို တစ်စတစ်စ အေးစက်စေလေသည်။

သက်ပြင်း ယဲ့ယဲ့ ချမိသည်။

အိပ်ချင်ယောင်ဆောင်သူကို အနိုးရ ခက်သည်။

နိုးချင်ယောင်ဆောင်သူဟာ ထင်မှတ်ကာ တကယ်အိပ်စက်သွား ပြီလား။

မတွေးတတ်ပြီ။

အလွန်းနုန ဖြစ်တွန်းစ ပြုသည်။

* * *

"သန်ဘက်ခါ သွားရတော့မယ် ဦး"

မြစ်ရေပြင်မှ ရောင်ပြန်လွင့်လာသော နေခြည်စကို ကြည့်နေမိ၏။

ဦးရဲ့အိမ်အတွက် ထည့်ပေးစရာတွေ ရှိရင် ကြိုတင်လုပ်ထားနော် ဟု မွန်မွန် ထပ်ပြောသည်။

သူခေါင်းညိတ်ပြလိုက်သည်။

"ဒီနှစ်ကျောင်းပြီးရင် ဦးတို့ရုံးမှာ လုပ်အားပေး ဝင်လုပ်မလားလို့ ဘယ်လိုလဲ"

"လုပ်အားပေးနိုင်အောင် တို့အလုပ်တွေ စုပုံပြီး ချန်ထားပေး မယ်လေ"





ဦးနော်ဟာ ရေရွတ်၍ ပခုံးစွန်းကို လှမ်းပုတ်၏။

"မွန်မွန်က မဟာတွေ ဘာတွေ ဆက်မတက်တော့ဘူးလား"

"မွန့်ကို ဦးတစ်ယောက်ပဲ အထင်ကြီးမယ့်လူ ရှိတယ်"

"မွန်မွန်က ကြိုးစားမှာပါ။ တို့သိပါတယ်၊ တက္ကသိုလ်မှာ ဆရာမ ပြန်လုပ်ပေါ့"

"အဲဒီမှာ မနေချင်ပါဘူး။

သူ ပြုံးမိ၏။ လှည့်အကြည့် ရှန်းလဲ့သော မျက်ဝန်းအစုံနှင့် ဆုံဆည်း သည်။ ရင်ထဲ စူးအောင့်အောင့် ခံစားရ၏။

"တို့တောင် ရုံးချုပ်ကို လာစရာ ရှိသေးတယ်၊ လကုန်လောက် ဖြစ်မယ်ထင်တယ်"

"မွန့်ဆီ ဝင်လာရမယ်နော်၊ ပြောတဲ့အတိုင်းပဲ သိလား"

"စိတ်ချပါ။ သွားမယ့်နေ့ကျရင် ပေးစရာရှိတာ ပေးလိုက်မှာပါ"

ဆေးလိပ်ပြာခွက်ထဲမှ ဆေးလိပ်တိုကို ယူပြီး မီးညှိလိုက်သည်။ မအေးနွဲ့က ဂျင်သုပ်ပန်းကန်နှင့် ရေနွေးကရားခွဲ၍ ရောက်လာသည်။ ဆရာ စားပါဦးဟု သူ့ကို လှမ်းပြောသည်။

နေပါစေဟု ပြန်ပြောလိုက်သည်။

"ဗိုက်ထဲ ပြည့်သွားပြီ ထင်တယ်"

အနှောင့်အသွားမလွတ်သော စကားကြောင့် ဘာပြန်ပြောရမှန်း မသိ။ ဖျတ်ခနဲ မွန်မွန့်အား ကြည့်ဖြစ်သည်။ ရှက်ပြုံးလှလှလေးနှင့် တွေ့ရသည်။

"ကဲ...စကားပြောကြဦး၊ ကျွန်တော် လုပ်လက်စတွေ သွားရှင်း



www.burmeseclassic.com

လိုက်ဦးမယ်၊ မွန်မွန် ခဏနော်"
မိမိ၏ စာမွဲသို့ လှမ်းထွက်ခဲ့၏။



(၄)

သင်္ဘောပေါ်မှ မွန်မွန်လှမ်းအကြည့်ကို မြင်သည်။ ရင်၌ ထိတ်ခနဲ လှုပ်ခတ်သွားသည်။ လှမ်းလက်စ ခြေကို ရပ်တန့်ပြီး ဘေးဘီဝဲယာ ကြည့်မိသည်။ ဆင်းသူ၊ တက်သူများနှင့် ရှုပ်ထွေးနေသော သင်္ဘောတံတား၏အစွန်း သံဘောင်တွင် မျက်နှာကို ကွယ်လိုက်သည်။ ချွေးစို့နေသော မျက်နှာကို လက်ကိုင်ပုဝါဖြင့် တို့၏။ နောက်ကျိနေသော မြစ်ရေပြင်၏ အကြောင်းမဲ့ ကြည့်ဖြစ်၏။ အမှိုက်သရိုက်အချို့နှင့်အတူ ဗေဒါတစ်မျော ဆင်းလာကြသည်။

သူမ၏ နံဘေးတွင် ထိုင်နေသော ဒေါ်မြတင်တို့ လူစုကို မသိမသာ လှမ်းကြည့်ရသည်။ နေရာမှ ထ,သည်ကို တွေ့၏။ ဆင်းတော့မ ထင်သည်။ လှေကားဘက်သို့ လျှောက်လာနေကြသည်ကိုတွေ့ သင်္ဘောပေါ် သူဆင်း၏။ လူများကို တိုးရှေ့ပြီး စက်ခန်းထောင့်နံ ကွယ်ရပ်လိုက်သည်။ ဒေါ်မြတင်နှင့် အမျိုးသမီးနှစ်ယောက် ဆိုင်

www.burmeseclassic.com



ဘောတံတားပေါ်တက်သွားတော့မှ သက်ပြင်းကျသည်။ အန္တရာယ်ကင်းရှင်းပြီဆိုမှ ရင်ခုန်နှုန်း မြင့်တက်လာသည်။

အပေါ်ထပ်တက်သော လှေကားဆီ လှမ်းကြည့်ရင်း စိတ်ထဲ ချိတုံချတုံဖြစ်၏။ အမှန်က မနေ့ညကတည်းက စိတ်ပိုင်းဖြတ်ပြီးသား။ တကယ်နီးလိုက်တော့မည်လေ။ သို့သော် ယခုကဲ့သို့ နဖူးတွေ့ ဒူးတွေ့ တွေ့တော့မည်ဆိုကာမှ စိတ်ဓာတ်များ ယိုင်လဲပြိုကျကုန်၏။ ဖြစ်နိုင်မည်မဟုတ်မှန်း သိသော်လည်း ငြင်းပယ်စကားကို အလိုလို ကြားယောင်နေမိ၏။ ကျွံသွားသော အတွေးများကြောင့် သတ္တိများ ပျောက်ပျက်ကုန်၏။ သင့်၊ မသင့်၊ ကောင်း၊ မကောင်း ပြန်လည်စဉ်းစားသုံးသပ်မိသည်။

တစ်နေ့ တစ်လညလုံး တင်းလာခဲ့သမျှ မြူတစ်မှုန်မျှ မကျန်ရစ်တော့ပါလား။

"အစ်ကိုက လိုက်မှာလား"

သူရပ်နေသည့် နေရာတွင် နေရာဝင်ယူရန် စောင့်ဆိုင်းနေသော လူငယ်၏ အမေးစကားကြောင့် အတွေးထဲမှ လန့်နိုးသွားသည်။

"မဟုတ်ပါဘူး။ မလိုက်ပါဘူး"

ပေါ့မတွက်ဆရဲပေမယ့် အဖြူအမည်း ခေါင်းအညိတ် ခေါင်းအခါ သူမ စဉ်းစားလောက်ပြီထင်၏။

ကျနေသည့် မြစ်ပြင်ထက်၌ ဘော်ငွေရောင် ဖွေးဖွေးလက်၍ နေ၏။ ဤမြစ်ပြင်၏ တစ်နေရာ၌ သူမတို့၏ သင်္ဘောရှိနေပေဦးမည်။ ရေဆန်လား၊ ရေစုန်လား သူမသိသော်လည်း စက္ကူဖြူဖြူတွေ မျောပါလာတိုင်း ရင်ဝယ်နာကျင်စွာရှစွာ ခံစားရသည်။ ပစ်လွှင့်လိုက်သော စာရွက်ခေါက်သည် မြစ်ပြင်ထက် အသံမဲ့ကျရောက်ပြီး ရေစီးကြောင်း





အတိုင်း မျောပါလာလိမ့်မည်။ ထိုသို့ ပြုရက်မည်မထင်။

ရင်ဝယ် ဖွဲ့မီးအုံသကဲ့သို့ ပူလောင်ပြင်းပြနေ၏။

* * *

"လွမ်းနေပြီလား ကိုစိုးမင်းဦး"

အမှတ်တမဲ့မို့ မျက်နှာပျက်သွားသည်။ မနက် ဈေးဝယ်သွားရန် ပြင်ဆင်နေသော မစိုးက သူ့ကိုကြည့်၍ ရယ်သည်။ လွမ်းရတော့မည်လား၊ ဆွေးရတော့မည်လား မသိတတ်သေး။

"ဘာမှမဟုတ်သေးပါဘူး မစိုးရာ၊ ဒီအတိုင်းပါပဲ"

"ရိုက်တောင်မစစ်ရသေးဘူး၊ ပေါ်တော့တာပဲ"

မစိုးသည် ဈေးခြင်းကိုဆွဲရင်း ဒီနေ့ ဘာစားချင်လဲဟု မေးသည်။

"ကြိုက်တာသာ ဝယ်ခဲ့၊ ကျွန်တော် အကုန်စားတယ်"

"ဈေးထွက်ရမှာကို တဖြည်းဖြည်း ကြောက်လာတယ် သိလား။ ဈေးမမေးရဲသလောက်တောင် ဖြစ်နေပြီ၊ ဒီနေ့လဲ ငါးပဲဝယ်ရမယ် ထင်ပါရဲ့"

ကောင်းပါတယ်ဟု သူပြော၏။

မစိုး ဝင်းခြံတံခါးကို ပိတ်မလို့လုပ်တော့မှ သူ ကပျာကယာ ဆင်းပြီး ...

"ကျွန်တော်လဲ လက်ဖက်ရည် သွားသောက်ဦးမယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com



ရုံးပိတ်ရက်ဖြစ်သဖြင့် အေးအေးလူလူ ထိုင်ဖြစ်၏။ တစ်ဖက်ဝိုင်းက လူ ဖတ်နေသော သတင်းစာကို ငြိးငြီလားဟု လှမ်းကြည့်၏။ ရုံးတွင် ဤအချိန်ဆို သတင်းစာ ဖတ်ပြီးနေပြီ။ ထိုလူက သတင်းစာကို စားပွဲထက် ပြန်တင်ထားလိုက်သည်။ စားပွဲထိုးကောင်လေးကို ခေါ်ပြီး အယူနိုင်းရသည်။

ဆိုင်နံရံကို ကျောမှီပြီး ကမ္ဘာ့သတင်းကို အလျင်ဖတ်သည်။ ထို့နောက် ရုပ်ရှင်ကြော်ငြာဘက်သို့ လှန်သည်။ ဘာရယ်မဟုတ် ခေါင်းစီးများကို လျှောက်ဖတ်၏။ ကွာရှင်းပြတ်စဲခြင်း၌ ပါလာသည့် အမည်တစ်ခုကြောင့် မျက်ခုံး ပင့်တက်သွားသည်။

ယောက်ျား၏အမည်ကို ကြည့်လိုက်သည်။ သေချာသွားပြီ လွဲမှားနိုင်စရာအကြောင်းမရှိတော့။ ကြော်ငြာသူက မာလာထွန်းယင် ဖြစ်သည်။ နှစ်ဦးသဘောတူ ပြတ်စဲခြင်း။ မည်သို့သော အကြောင်းကြောင့် ဤသို့ ဖြစ်သွားရသည်မသိ။ သို့သော် သူမအတွက် စိတ်မကောင်းခြင်းများစွာ ဖြစ်မိ၏။ ငယ်စဉ်ကတည်းက တွယ်ရစ်ခဲ့သော သံယောဇဉ်သည် ဘယ်သောအခါမှ ပျက်ပြယ်မည် မဟုတ်သော်လည်း ဝေးခဲ့ပြီဟု သိရချိန်မှစ၍ အရာရာကို မေ့ပစ်ခဲ့သည်။ သာယာပါစေဟု ဆန္ဒပြုခဲ့၏။ နိုင်မြဲမှုကိုသာ လိုလားခဲ့သည်မှာ အမှန်ပင်။ ခုတော့ မပြည့်ဝပြီ။

ချန်ထားရစ်ခဲ့ပြီဖြစ်သော အတိတ်ဆီသို့ ပထမဦးဆုံးအကြိမ် အတွေးခြေလှမ်း စ,မိသည်။

*



# အပိုင်း နှစ်



www.burmeseclassic.com

www.burmeseclassic.com

(၅)

"ဖွန်း..."

လွယ်အိတ်နှင့် ပစ်ရိုက်ခံလိုက်ရသောကြောင့် ခေါင်းတစ်ခုလုံး ထူပူပြီး ကျိန်းတက်သွားသည်။ ထိုင်နေရာမှ ရှေ့သို့ပင် ငိုက်၍သွား၏။ ထူပူသွားသောနေရာကို ပွတ်ရင်း လှည့်ကြည့်မိ၏။

"ဘာလုပ်တာလဲ မာလာ"

မာလာသည် ဟန်ပါပါ ခါးကို လက်ထောက်လိုက်ပြီး...

"ဩော် ... နင်က မေ့သွားပြီပေါ့။ ငါ့ခေါင်းပေါ် သရက်သီးနဲ့ ပစ်ပေါက်လိုက်တာ မမှတ်မိတော့ဘူးပေါ့"

"ငါတမင်လုပ်တာမှမဟုတ်ဘဲ မာလာရယ်၊ နင်ပဲစားချင်တယ် ဆိုလို့ သရက်သီး တက်ခူးပေးတာ၊ အဲဒီအလုံးက လက်လှမ်း မမီ့တမီလေး။ ဆွဲချလိုက်တော့ လွတ်ကျသွားတာပေါ့။ နင့်ကို ငါပြောထားသားပဲ၊ အောက်တည့်တည့်မှာ ရပ်မနေပါနဲ့လို့၊ နင်က





ရပ်တော့ မတော်တဆ ထိသွားတယ်မဟုတ်လား။ ငါ ရှင်းပြခဲ့ ပါတယ်"

"နင်သက်သက်လုပ်တာ ငါသိတယ် စိုး"

"နင်ကတော့ ခက်ပြီ၊ ခါချဉ်လဲ အကိုက်ခံရသေး၊ သစ်ပင်ပေါ် တက်လို့ ရင်ဘတ်တွေလဲ ပွန်းပဲ့ရသေး။ ခုလဲ အခေါ်ခံရ သေးတယ်"

"ခုတော့ ကျေညီပီလေ၊ လာ...သွားကြမယ်"

ဆက်မပြောတော့ဘဲ ရှေ့မှထွက်သွားသော သူမနောက်သို့ ထ လိုက်ခဲ့သည်။ ကုက္ကိုပင်တို့ ရှက်ကြေချိန်ဖြစ်သဖြင့် လမ်းတစ်လျှောက် အရိပ် ကင်းမဲ့နေ၏။ စူးရှဲသော နေခြည်ကို သူမ မော့ကြည့်ကာ ...

"ပူလိုက်တာ"

"အေးနော်"

သူ အလိုက်သင့်ပြောသည့်စကား မဆုံးလိုက်၊ သူမသည် သူ့ခေါင်း ထက်မှ စစ်ဦးထုပ်ကို ဆတ်ခနဲ ဆွဲယူ၏။ ပြီး ခေါင်းတွင် ဆောင်းလိုက် သည်။ ထို့နောက် သဘောကျစွာ ပြုံးဖြီးဖြီး လုပ်နေ၏။

"ငါက အသားဖြူတော့မည်းသွားမှာစိုးရတယ်၊ နင်ကမည်းပြီးသား ဆိုတော့ ဦးထုပ် မလိုဘူး။ ဟုတ်တယ်မဟုတ်လား စိုး"

"ဒါပေါ့၊ မည်းတူးသွားရုံလေးပေါ့"

ဆင်ခြေစကားကို ပေါ့တော့တော့ ပြန်ဖြေလိုက်၏။

"ဩော် ... နင်က မကြိုက်ဘူးပေါ့"

"ငါပြောတဲ့အထဲမှာ မကြိုက်ဘူးဆိုတဲ့စကား ပါလို့လား နင်ကြိုက်ရင် ပြီးတာပဲ၊ ငါ့ဘယ်တုန်းက ငြင်းဖူးလို့လဲ မာလာ"

"ရော့ ပြန်ယူ ငါမဆောင်းတော့ဘူး။ ငါ့အသားတွေ မည်းချင်



www.burmeseclassic.com

www.burmeseclassic.com



မည်းသွားပါစေ"

"တော်ကြာ အသားမည်းလို့ ကုလားမလေးဆိုပြီး ခေါ်နေကြဦးမယ်နော်"

"ကဲဟာ"

လမ်းဘေးရှိ မြေကွက်လပ်ဆီသို့ ဦးထုပ်ကို အားကုန်လွှင့်ပစ်လိုက်သည်။ ဖုန်များ ထောင်းခနဲ ထသွား၏။ သူမ နောက်ခြေကို ဆောင့်နင်း၍ လှည့်ထွက်သွားသည်။ ဖုံတောထဲမှ ဦးထုပ်ကို ပြေးကောက်ယူပြီး သူမနောက် အမီ ပြေးလိုက်ခဲ့သည်။ သူမ နှုတ်ခမ်းစူ၍ စိတ်ကောက်နေလေပြီ။

"မာလာ"

"နင့် ငါ့ကို စကားမပြောနဲ့နော်၊ ငါ စိတ်ဆိုးနေတယ်"

"နင်ကလဲဟာ၊ ငါက အလကားပြောတာပါ ၊ ရော့ ဦးထုပ်"

ဦးထုပ်၌ ပေကျံနေသော ဖုန်များကို ခါထုတ်ပြီး လှမ်းပေးလိုက်သည်။ ဖျတ်ခနဲ ပုတ်ထုတ်ခံရသဖြင့် ဒုတိယအကြိမ် မြေပေါ်ကျသွားလေ၏။ ငုံ့၍ ကောက်ဟန်ပြင်၏။ သူမသည် ဦးထုပ်အား ခြေဖြင့် ကန်ထုတ်လိုက်၏။ လမ်းဘေးသို့ လွင့်စဉ်သွားသည်။

"ဟား...ဟား...ဟား"

သူမသည် လက်ညှိုးလေး ထိုးပြီးရယ်၏။ သူ စိတ်တိုသွားသော်လည်း ဘာမှ ပြန်မပြောခဲ့ပါ။

* * *





"စိုး၊ ညဏ်ဝင်းရယ် ငါ့ကို ဟာပေးတယ်"

ဖြူဝင်းသော အသားသည် နီမြန်းနေ၏။ မျက်ခုံးနှင့် နှာတံတို့က ထင်းခနဲ ပေါ်သည်။ မျက်ဝန်းသည် အလှဆုံး။ အရည်ကောင်းသော ကျောက်မျက်ကဲ့သို့ လဲ့နေ၏။ တမင် မသိဟန် ပြုနေပေမယ့် ဤကဲ့သို့သော ပြဿနာများ ပေါ်လာတိုင်း သူမ မျက်နှာကို အငေးသား ကြည့်ဖြစ်သည်။ လက်မောင်း အင်္ကျီစကို ဆွဲခါရင်း

"နင် ဘာကြောင်နေတာလဲ စိုး"

"ဘာဖြစ်လို့လဲ မာလာ"

"ခြော်···နင်က နေနိုင်တယ်ပေါ့၊ ကောင်းတယ်၊ နင့်ကိုဒီနေ့ကစပြီး သူငယ်ချင်းအဖြစ်က ရပ်စဲလိုက်ပြီ စိုး ၊ ငါ သွားမယ်"

ပြောပြီးသည်နှင့် ချာခနဲ ကိုယ်ကို လှည့်သည်။

"နေပါဦး မာလာ၊ ပြော ငါ ဘာလုပ်ပေးရမလဲ"

"တော်ပါပြီ နင် ထဘီ ဝတ်ထားဖို့ပဲ ကောင်းတယ်"

"အကြောင်းမဲ့ကြီးတော့ သွားပြီးရန်မဖြစ်ချင်ဘူး မာလာ၊ ပြီးတော့ ဒီစာပေးတာက ဘာဖြစ်မှာလဲ၊ နင် လှလို့ နင့်ကိုကြိုက်လို့ ပေးတာပဲ၊ ရန်ဖြစ်ချင်လို့ စိန်ခေါ်နေတာမှမဟုတ်တာပဲ"

"ခြော်···ဒီလိုလား။ နင့်စိတ်ထဲမှာ ဒီအတိုင်းဘဲလား"

"မာလာကတော့ ခက်ပြီ၊ နင် ငါ့ကို နည်းနည်းလေးမှ နားမလည်ဘူးလားဟင်၊ နင့်ကိုနှောင့်ယှက်ရင်တော့ ငါ ဘယ်လက်ပိုက်ကြည့်နေပါ့မလဲ"

"တော်တော့ စိုး၊ ဒီနေ့ကစပြီး နင် ငါ့ကို စကားမပြောနဲ့တော့ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်သွားသဖြင့် စကားဆက်ခွင့် မရလိုက်။ စိတ်ပျက်ပျက် နှင့်လှည့်ပြန်ခဲ့ရသည်။

"ဘယ်လိုလဲ စိုးမင်းဦး။ မင်းရဲ့ မဟူရာတော်လေး စိတ်တော် ကောက်ကွေး တွန့်လိမ်သွားပြီ ထင်တယ်"

အောင်သော်က ရယ်စရာ လှမ်းပြောသည်ကို သူ မချိုပြုံး ပြုံး၏။ ဘချိုက ပါးစပ်ထဲမှ ဆီးစေ့များကို မှုတ်ထုတ်ပြီး...

"လိုအပ်ရင် အမျက်ဖြေလက်ာလေး ဘာလေး စပ်ဆိုပေးမယ်၊ ဉာဏ်ပူဇော်ခ အနေနဲ့ လက်ဖက်ရည်တိုက်ရမယ်"

"ဒါမှ လက်ယာသုဘရာဇာ အမတ်ကြီးကွ"

ငြိမ်ကုပ်နေသော သန့်ဇင်က အခွင့်သာခိုက် ဝင်ပြောလိုက်သဖြင့် သူတို့ရယ်လိုက်ကြသည်။

ထိုစဉ် ကျောင်းတက် ဘဲလ်သံ မြည်လာ၏။ စာသင်ခန်းထဲ လှမ်းသာဝင်ခဲ့ရသော်လည်း စိတ်ထဲမကြည်လင်။

* * *

"ဟော့ကောင် စိုးမင်းဦး။ ငါ စကားတစ်ခွန်း ပြောမလို့ မင်း စိတ်တော့ မဆိုးနဲ့ကွာ"

အောင်သော်ကို သူကြည့်လိုက်၏။ ဘချိုက မြေပဲဆားလှော်ကို ဖောက်နေရင်း သူ့ကိုကြည့်၏။

"အောင်သော်ကလဲ သူငယ်ချင်းတွေပဲ ဘာစိတ်ဆိုးရမှာလဲ၊ ငါ





စိတ်မဆိုးတတ်ဘူး ဆိုတာ မင်းသိပါတယ်"

"အေးလေ တခြားကိစ္စတော့ ဟုတ်ချင် ဟုတ်မှာပေါ့ ခုဟာက ..."

အောင်သော်က ပြောရကောင်းမလားဟု ရေနွေးသောက်နေသော သန့်ဇင်ကို မျက်လုံးဖြင့်မေးသည်။ သန့်ဇင်က ခေါင်းဆတ်ပြ၏။ သူ့မျက်နှာအား အသေအချာအကဲခတ်နေကြသည်။

"ဟိုတစ်နေ့က မြို့ထဲမှာ မာလာနဲ့ ဉာဏ်ဝင်းကို ငါ တွေ့ခဲ့ တယ်"

"ငါ သိသားပဲ အောင်သော်"

မင်း သိတယ် ဟုတ်လား ဟု ဘချိုက အံ့ဩစွာပြောသည်။ သူခေါင်းညိတ်လိုက်ပြီး...

"မင်းတို့ထင်တာ မှန်တယ် အောင်သော်၊ သူတို့ ဖြစ်နေကြပြီပဲ"

"ဘယ်လိုက ဘယ်လိုဖြစ်သွားကြတာလဲ"

"မသိပါဘူးကွာ၊ ငါ့ကိုဉာဏ်ဝင်းအကြောင်းတွေ လာပြော ပြတယ်၊ ဘယ်လို ချစ်တယ်ပေါ့၊ သူက သေဆို သေ၊ ရှင်ဆိုရင် ရှင်ပဲတဲ့၊ ငါက ကောင်းသားပဲလို့ ပြောလိုက်တာနဲ့ စိတ်ဆိုးပြီး ချက်ချင်း သွားပြီး အဖြေပေးလိုက်တယ်၊ ခုတော့ဖြစ်နေပြီပေါ့ အောင်သော်"

သန့်ဇင်က ရေနွေးခွက်ကို ဖြည့်ရင်း...

"မင်းက ဘာလို့ကောင်းသားပဲလို့ သွားပြောရတာလဲ"

"ကောင်းလို့ ကောင်းတယ် ပြောတာ၊ မပြောရဘူးလား သန့်ဇင်"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ ခက်တာကွ”

ဘသော်ကမြေပဲဆားလှော် ဝါးရင်း ဝင်ပြောသည်။

“ငါ့အထင်ပြောရင် မင်းကို ကြိုက်နေတာကွ”

“ ဟာ...ဘချိုကလဲ”

“ငါတို့တောင် မင်းနဲ့ ဖြစ်နေပြီလို့ တွက်ထားထားတယ်၊ ဘယ်သူ မေးကြည့် မေးကြည့် ဒီအဖြေပဲ ရှိမယ်၊ မင်းတို့နှစ်ယောက်က သူငယ်ချင်းလဲ ဖြစ်တယ်၊ တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ်လဲ ကြီးဆိုတော့ မင်းနဲ့ပဲ ဖြစ်မှာပဲလို့ ငါတို့က တစ်ထစ်ချ “ထင်ထားတာ၊ မင်း သေသေချာချာ စဉ်းစား ကြည့်စမ်းပါဦး။ မင်း သူ့ကိုချစ်နေတယ် မဟုတ်လား”

သူ မဖြေနိုင်။

မှောင်မည်းသော ကောင်းကင်ပြာဆီ အကြည့်ရောက်သွားသည်။ မိုးသားတိမ်ဆိုင်တို့ တဖြည်းဖြည်း အိကျနေသည်ဟုထင်၏။ မကြာမီ မိုးရွာတော့မည်လား။

“ဆယ်တန်းအောင်စာရင်းတွေလဲ ထွက်တော့မယ်နော်၊ နှစ်တိုင်းဆို ဒီနေ့လောက်မှာ ထွက်နေပြီကွ”

“မင်းကအောင်စာရင်း မျှော်ရအောင် အောင်မှာမို့လို့လား”

ဘချိုက အောင်သော်ကို ပမ်ပေါက်လိုက်သည်။

မိုးစက်မှန်တို့ ကျစပြုပြီ။



(၆)

“လာလေ စိုး ပြန်ကြရအောင်”

လမ်းတစ်ဖက်ကိုပင် သဲသဲကွဲကွဲ မမြင်ရအောင် မိုးကန့်လန့်ကာ ဆီးပိတ်လိုက်သည်။ သူမ ခလုတ်နှိပ်ထီးကို ဆတ်ခနဲဖွင့်လိုက်ပြီး မိုးရေထဲသို့ ခြေတစ်လှမ်းတိုးလိုက်၏။ ချက်ချင်း ဒူးဆစ်အောက်ပိုင်း ရွှဲနစ်သွားသည်။

“နင်ပြန်လေ မာလာ၊ ငါ မိုးစဲတော့မှ ပြန်မယ်”

မျက်မှောင်လေး ကုပ်ကြည့်ပြီး...

“လာစမ်းပါ စိုးရာ၊ ဒီမိုးက စဲမယ့်ပုံမဟုတ်ဘူး။ မနက်ဖြန်ထိ ရွာမယ့်မိုး”

“ငါလိုက်လဲ နှစ်ယောက်စလုံး ရွှဲမှာပဲ၊ ထီးက ငယ်တယ်၊ နင့် တစ်ယောက်စာတောင် မလုံဘူး မဟုတ်လား။ ငါ သူငယ်ချင်း တစ်ယောက်ကို စောင့်ပြီး လိုက်ခဲ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"အတူတူပြန်မယ်ဟာ၊ ရွှဲလဲ အတူတူမေ့ ခုလဲ မထူးပါဘူး"

"ကိစ္စမရှိပါဘူး မာလာရယ်၊ နင်သာ သွားစမ်းပါ၊ ငါက ယောက်ျား လေးပဲ၊ မိုးရေထဲ ပြေးသွားလို့ ရတယ်"

"ဒီမယ် စိုး၊ နင့်ကို တစ်ခွန်းပဲမေးမယ်၊ လိုက်မလား၊ မလိုက်ဘူး လား"

"မဟုတ်သေးဘူးလေ မာလာ၊ ငါက နင်စိုမှာ စိုးလို့"

"ဒါတွေ ထားစမ်းပါ၊ နင်မလိုက်ဘူးဆိုရင် ငါထီးပိတ်လိုက်တော့ မယ်၊ ငါလဲ မိုးရေထဲမှာ လျှောက်မယ်"

သူမစိတ်ကို သူသိသည်၊ ပြောလျှင် ပြောသည့်အတိုင်း လုပ်တတ် ၏။ သူ ချီတုံချတုံ ဖြစ်နေသည်ကို သူမ စိတ်မရှည်တော့ဘဲ အတင်းဆွဲခေါ်သည်။ ကားဂိတ်အမိုးအောက်မှ လွတ်သည်နှင့် မိုးရေစက်များ နေရာမလပ် ထိမှန်ကုန်သည်။

"ကဲ...သွားမယ်"

သူမငြင်းချင်တော့။ သို့မဟုတ်လျှင် ထီးပိတ်ပြီး မိုးရေထဲ သူမ လျှောက်ပေလိမ့်မည်။ မတော်တဆ ဖျားနာလျှင်ဟူသော အတွေး ကြောင့် သူမ၏ အမိန့်ကို နာခံ၍ အတူလျှောက်ခဲ့၏။

ထီးကို သူဘက်သို့ ပိုပိုသာသာ ဇိုက်ပေးထားသည်။ သူမ မိုးစိုမည် စိုးသဖြင့် ကိုယ်တစ်ခြမ်း အပြင်ထုတ်၍ ခပ်ခွာခွာလိုက်၏။ တစ်ခဏ အတွင်း လက်မောင်းတစ်ခုလုံး ရွှဲနစ်သွားသည်။

အေးစက်သော မိုးမှုန်များက ကျောပြင်အနှံ့ ဖြန့်ကျဲကျရောက် လာ၏။





"ဒီဘက်တိုးလေ စိုး"

"ရပါတယ်"

"ဘာလဲ...နင်က အသားချင်းထိမှာ စိုးရိမ်တယ်ပေါ့၊ ငါက နူနေလို့လား"

"နင်က မဟုတ်တာဟာ"

"ကဲ...ဒီလောက်တောင်ဖြစ်နေတာ"

ညာလက်မောင်းကို ဆွဲဖက်လိုက်သည်။ ပူနွေးသောရင်ခွင်နှင့် ထိကပ်သွား၏။ နှလုံးသွေးများ ရပ်တန့်မတတ် တုန်လှုပ်သွားသည်။ အသက်မရှူမိအောင် မှင်တက်၏။ ပြုံးပြုံးပျာပျာ ဖြစ်သွားသော သူ့ မျက်နှာကိုကြည့်၍ သူမ ခိုးခိုးခစ်ခစ် ရယ်လေသည်။ ထို့နောက် ပခုံးပြင်နှင့် ပခုံးကို ထိကပ်ပြန်၏။ ဆံပင်များ မျက်နှာသို့ ရှတတ ပွတ်သပ် နေ၏။

"မာလာ...ငါကပ်ပြီး လျှောက်ပါ့မယ်၊ တော်ကြာ သူများမြင်ရင် မကောင်းဘူးလေ"

"နင်ကများ နာရတယ်ရှိသေး၊ မြင်မြင်ပေါ့ဟာ၊ ဘာလဲ နင်က အထင်မခံချင်လို့လား၊ နင်နဲ့ငါက သူငယ်ချင်းတွေပဲ"

"ဟုတ်ပါတယ်၊ ငါ့အတွက် ကိစ္စမရှိပါဘူး၊ နင့်အတွက် ပြောတာပါ"

"နင့်ရည်းစား တွေ့သွားမှာ ကြောက်လို့လား စိုး"

"မာလာကလဲကွာ၊ ငါ အကောင်းပြောတာပါ"

"တော်ပါ၊ ပါးစပ်ပိတ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်မှုန်ကလွဲ၍ ဘာကိုမှ မမြင်မိ။ ဘယ်ကိုမှ မကြည့်ဖြစ်။

သူမကတော့ တစ်ချက်တစ်ချက် ဘာကိုသဘောကျသည်မသိ။ တသိမ့်သိမ့်ရယ်၍ နေ၏။

* * *

ထိုနေ့က အဖြစ်ကို ဥာဏ်ဝင်း၏ သူငယ်ချင်းတစ်ဦးက မြင်သွားခဲ့သည်။ ဥာဏ်ဝင်းက မာလာအား လာရောက်မေးမြန်းသည်။ ဟုတ်တယ်လေဟု မာလာက ဖြေလိုက်၏။ ဥာဏ်ဝင်းက ထိုသို့ မလုပ်သင့်ကြောင်း၊ နောက်မလုပ်ဖို့ ပြော၏။

ဤတွင် မာလာနှင့် ပြဿနာ ဖြစ်တော့သည်။ သူမအား မည်သူမှ တားဆီးပိတ်ပင်ရန် မလိုကြောင်း။ မည်သူမှလည်း တားဆီးပိတ်ပင်၍ ရမည်မဟုတ်ကြောင်း၊ ဤသို့ အထင်ခံရသည့်အတွက် ရှေ့ဆက်သွားရန် မဖြစ်ဟုဆိုကာ လမ်းခွဲလိုက်၏။

ဥာဏ်ဝင်းက ထိုသို့ရည်ရွယ်၍ ပြောသည်မဟုတ်ကြောင်း၊ ဤကိစ္စအတွက် သူ့ စိတ်မဆိုးပါဟု ပြောသော်လည်း မရတော့။

ထိုပြဿနာသည် သူ့ဘက်သို့ မြားဦးလှည့်လာသည်။ သူတို့ထိုင်သောလက်ဖက်ရည်ဆိုင်သို့ ဥာဏ်ဝင်း ပေါက်ချလာသည်။

"ကိုစိုးမင်းဦး၊ ကျွန်တော် စကားနည်းနည်း ပြောစရာရှိလို့ဗျာ၊ အချိန်ရမယ်ဆိုရင် ခုပဲ ပြောချင်ပါတယ်"

"ပြောပါ၊ ရပါတယ် ကိုဥာဏ်ဝင်း"

"လာဗျာ၊ ဟိုဘက်စားပွဲ သွားရအောင်"





ဘာချိုနှင့် သန့်ဇင်တို့က ဘာလဲဆိုသည့် အမူအရာနှင့် ကြည့်၏။ သူမသိသေး။ စားပွဲဝိုင်းတွင် ထိုင်မိသည်နှင့်

"ခင်ဗျားကို ကျွန်တော်နားလည်တယ်ဆိုတာ ပထမဆုံး ပြောချင်တယ် ကိုစိုးမင်းဦး။ ခင်ဗျားနဲ့ ရင်းရင်းနှီးနှီး မရှိပေမယ့် စိတ်ထဲကနေပြီး ခင်မင်ပြီးသားပါ။ ခင်ဗျားကို အမှုကပ်တယ်လို့ မအောက်မေ့ပါနဲ့။ ကျွန်တော် ရင်းပြ ပြောပြချင်တာ သက်သက်ပါ။ တခြား ဘာရည်ရွယ်ချက်မှ မရှိဘူးဆိုတာ ယုံပါ ကိုစိုးမင်းဦး"

ခေါင်းညိတ်ရ ခက်နေ၏။ လက်ထဲက ဆေးပေါ့လိပ်ကိုသာ တွင်တွင် ဖွာနေမိ၏။ ဥာဏ်ဝင်းဆီမှ နာကျင်မှု အငွေ့အသက်ကို ရ၏။

"ကျွန်တော် မာလာ့ကို ချစ်တယ်၊ ရင်ထဲက နှစ်နှစ်ကာကာ ချစ်တာပါ။ ဒါကို သူအသိဆုံးပါ။ ဒါပေမယ့် သူ ကျွန်တော့်ကို ချစ်သလား၊ မချစ်ဘူးလားဆိုတာကို ခုထက်ထိ ဇဝေဇဝါ ဖြစ်တုန်းပါပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် မျက်စိကို စုံမှိတ်ပြီး ယုံကြည်လိုက်ပါတယ်၊ သူ ကျွန်တော့်အပေးမှာ ဆက်ဆံတာဟာ ကျွန်တော့်အထင်ပေါ့လေ၊ တစ်စုံတစ်ခုသော အကြောင်းတစ်ခုခုကြောင့် ဟန်ဆောင်နေရတာလို့ ထင်တယ်၊ သူ မပြောပေမယ့် သူ့မျက်လုံးတွေက ပြောနေကတယ်၊ ရှင်းရှင်းပြောရင် ချစ်သူချင်းပဲ၊ ချစ်သူဖြစ်နေပြီပဲ၊ ပျော်ရွှင်ကြည်နူးနေရမှာပေါ့လေ၊ ကျွန်တော်နဲ့ တွေ့တိုင်း သူ မပြောချင်သလိုလို၊ အရယ်အပြုံးလဲမရှိ၊ အပြန်အလှန် ကြင်နာမှုဆိုတာ တစ်ခါမှ မရခဲ့တာ အမှန်ပါ၊ ဒါပေမယ့် ပြောင်းလဲလာနိုးနိုး ကျွန်တော် စောင့်နေမိခဲ့ပါတယ်"

ခုထက်ထိ ဥာဏ်ဝင်း၏ ဆိုလိုချက်ကို မငုံမိသေး။ အဆော့်ကို

www.burmeseclassic.com



စိတ်ထိခိုက်ဟန် မျက်ဝန်းအစုံ မှုန်မှိုင်းနေ၏။ စကားသံက တုန်ခါမှုပိုများနေသည်။

"မနေ့ကပဲ ကျွန်တော်နဲ့ စကားများကြတယ်၊ ကျွန်တော်များတာ မဟုတ်ဘူး ကိုစိုးမင်းဦး။ ကျွန်တော်က မလုပ်သင့် မလုပ်ထိုက်ဘူးလို့ ရှင်းပြတာ၊ ချစ်သူတစ်ယောက်အနေနဲ့ ဝန်တိုမှုကို ရှေ့တန်းတင်ပြီး ပြောမယ်ဆိုရင်လဲ ဟုတ်တယ်လို့ ကျွန်တော် ဝန်ခံရဲပါတယ်၊ ပြဿနာက ခင်ဗျားနဲ့သူ မိုးရေထဲ ထီးဆောင်းသွားကြတဲ့ ကိစ္စ"

ထင်သည့်အတိုင်း ဖြစ်လာခဲ့ပြီကော။ ရင်၌ မလိုအပ်ဘဲ မှားယွင်းမှုတစ်ခုကို မွေ့ပိုက်ထားရသကဲ့သို့ ခံစားမိ၏။ ရှေ့နှုတ်ပိတ်နေ၍ မဖြစ်တော့။

"ဒါက ဒီလိုရှိတယ် ကိုညာထ်ဝင်း"

"ပြောပါ ကိုစိုးမင်းဦး"

"အဲဒီနေ့က ကျွန်တော့်မှာ ထီးမပါဘူး၊ မိုးကလည်း မျှော်လင့်ဘဲရွာလာတော့ ကျွန်တော် နေခဲ့မလို့ လုပ်ပါသေးတယ်၊ မိုးကစဲမယ့် အရိပ်အယောင် မမြင်ရတာနဲ့ မာလာက လိုက်ခဲ့ဖို့ ခေါ်တယ်၊ ကျွန်တော် လိုက်သွားမိတယ်၊ ဒါပေမယ့် ကျွန်တော်တို့…"

"ကျွန်တော် နားလည်ပါတယ် ကိုစိုးမင်းဦး။ ကျွန်တော်လဲ ဒါကို သဘောပေါက် လက်ခံထားတဲ့ လူပါ။ ခင်ဗျားတို့ ငယ်သူငယ်ချင်းတွေဆိုတာ သိပါတယ်၊ ဒါပေမယ့် ချစ်သူတစ်ယောက်အနေနဲ့ ကျွန်တော် မပြောရဘူးလား။ မမေးရဘူးလား"





"အေးဗျာ…ခုဟာက အမေးတောင်မခံတဲ့ ကက်ကက်လန်နေအောင် ကျွန်တော့်ကို အော်လွှတ်တယ်၊ ပြောနေတာကတော့ စုံလို့ပါပဲ၊ အဆုံးသတ်က ကျွန်တော့်ကို မချစ်တော့ဘူးတဲ့ ချစ်ချင်လို့ ချစ်နေတာမဟုတ်ဘူးတဲ့ ကျွန်တော် ဘယ်လိုခံစားရမလဲဗျာ"

သူ့အံ့အားသင့်သွားသည်။ ညာထ်ဝင်းက စီးကရက်ကို မီးညှိလိုက်ပြီး

"ကိုစိုးမင်းဦးဆီကိုလာတာ ဒါကို ပြောပြချင်လို့ပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က ချစ်နေမှာပဲ၊ ဒါပေမယ့် ကျွန်တော့်ကို ပြန်လည်လက်ခံတဲ့အထိ စိတ်မကူးရဲတော့ဘူးဗျာ၊ ဘာလို့လဲဆိုတော့ သူက ကျွန်တော့်ကို ချစ်တာမှ မဟုတ်ဘဲ၊ သူချစ်တာက ကျွန်တော် မဟုတ်ဘူး"

သူ ဘာမှပြန်မပြောနိုင်အောင် တွေဝေသွားသည်။ ဘယ်သူလဲဆိုသည့်အမေးကို ခက်ခက်ခဲခဲ ရှောင်ကွင်းနေမိ၏။

"ခုလို ဖွင့်ပြောပေးရတာ အားနာပါတယ် ကိုစိုးမင်းဦး။ ကျွန်တော့်ကို နားလည်ပါ၊ ကျွန်တော်ပြန်မယ်"

ညာထ်ဝင်း လေးကန်စွာ ထရပ်သည်။ လှည့်ထွက်ဟန်ပြင်ပြီးမှ သူ့ နားကပ်ကာ စကားတစ်ခွန်း ဆိုသွားသည်။ ပြင်းထန်လှသော လျှပ်လှိုင်းတစ်ခု ရင်ထဲဖြစ်ထွန်းလေ၏။

"ခင်ဗျားနဲ့ပတ်သက်လာရင် သူက ဒီအတိုင်းပဲဗျာ"

* * *



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည့်တစ်ချိန်လုံး မာလာပြုံးနေ၏။ စကားဆုံးသည်နှင့် ကိုယ်လေး ယိမ်းထိုးကာ ရယ်လေ၏။ သူ့ စိတ်ပျက်စွာ ခေါင်းခါမိသည်။

"နင်က သူ့ဘက်ကရှေ့နေလိုက်ရအောင် ဘာတွေများ လာဘ် ပေးထားလဲမသိဘူး"

"ငါ အမှန်အတိုင်း ပြောတာပါ။ သူတကယ်ခံစားနေရတာပါ"

"နင်ရော မခံစားရဘူးလား"

ရွှန်းလက်သော မျက်ဝန်းနှင့် ရင်ဆိုင်လိုက်ရသည်။ လျှင်မြန်စွာ လွှဲဖယ်လိုက်၏။ ပုန်ညက်ရွက်ကြားမှ လစန္ဒာကို လျှမ်းတင့်စွာ မြင်ရသည်။ ဝန်းကျင်လေထဲ ညမွှေးပန်းရနံ့ သင်းထုံမွှေးမြနေ၏။

"ဒီမှာ စိုး၊ ရတာမလို လိုတာမရဆိုတာ နင်ကြားဖူးမှာပေါ့"

"ဘာဆိုင်လို့လဲ မာလာ"

"ကိုယ် မချစ်မနှစ်သက်တဲ့သူက ချစ်ပါတယ်၊ မချစ်ရင် သေရပါချည်ရဲ့လို့ ရင်ကွဲအောင် ပြောပေမယ့် ချစ်ချင်မှ ချစ်တာပါ။ အချစ်ဆိုတာ သိပ်ထူးဆန်းတဲ့ အရာတော့ မဟုတ်ဘူး။ ရှင်းရှင်းလေး။ ကဲ...နင်ကို ငါချစ်တယ်...သိပ်ချစ်တယ်"

မာလာ့မျက်နှာကို အလန့်တကြား မော့ကြည့်မိသည်။

"နင် ငါ့ကို မချစ်ဘူးလား။ ပြော"

"မာလာ ...ဒါနောက်စရာမဟုတ်ဘူး။ နင်ဘာတွေ ပြောနေ တာလဲ"

"ကဲ...အဲဒါပဲ စိုး"

ကိုယ်ခန္ဓာသည် ငွမ်းစိုင်ထုသွင် ပေါ့ပါးလွင့်စဉ်သွားသည်။





"မာလာ မင်းကို လိုက်ရှာနေတယ် စိုးမင်းဦး"

ရောက်ရောက်ချင်း ဘချိုပြောသည်။ သန့်ဇင်က ကောင်တာ ဘေးတွင် ဆေးလိပ်ဝယ်နေသည်။ ဆေးလိပ်ပြာများနှင့် ပေပွနေသော လက်ဖက်ရည်ခွက်ကို ငေးစိုက်ကြည့်နေဆဲရှိ၏။ အိပ်ရေးပျက်သဖြင့် ခေါင်းထဲမှုးနောက်နောက် ဖြစ်နေသည်။ စိတ်ထဲ၌ နောက်ကျိရှုပ်ထွေး နေ၏။

"မင်းတို့ ပြဿနာ ဖြစ်ကြတယ်ထင်တယ်"

သန့်ဇင်က ဆေးလိပ်ချပေးရင်း မေး၏။

"မဖြစ်ပါဘူးကွာ၊ ဘာမှ မဖြစ်ပါဘူး"

"မသိပါဘူးကွာ မာလာက မင်းကိုတွေ့ရင်ပြောလိုက်ပါဆိုလို့ ညနေ ကျောင်းဆင်းရင် ပုဂံလမ်းက စောင့်နေပါတဲ့"

* * *

ပထမ မသွားတော့ဟု ဆုံးဖြတ်ခဲ့သော်လည်း တဖြည်းဖြည်း နီးကပ် လာသည်နှင့် ဒေါသသွေး နီမြန်းနေသော သူမ မျက်နှာကို မြင်ယောင် သာပြီး ခိုင်မာမှုမရှိသေးသော ဆုံးဖြတ်ချက်က ပြိုကွဲသွားလေသည်။ ပိန္နဲပန်းပင်အရိပ်အောက်ရှိ ခုံတန်းတွင် ထိုင်ရင်း လာမည့်လမ်းကို မျှော်စောင့်မိသည်။ သို့သော် သူမ လျှောက်လာသည်ကို မြင်သည်နှင့် အကြည့်လွှဲဖယ်ထားမိ၏။ နှုတ်ဆက် အရယ်အပြုံး ကင်းမဲ့နေသည်။

"နင် ဘာဖြစ်လို့ ရှောင်နေရတာလဲ စိုး"



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ပေမယ့် ဒေါသလှိုင်းဟု ရင်ထဲက သိသည်။

"ပြန်မယ်မဟုတ်လား မာလာ"

"စိုး ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်းပါဦး၊ ငါက သိပ်ကြောက်စရာကောင်းနေလို့လား"

"နင်ငါ့ကို စိတ်ဆိုးနေတယ်မဟုတ်လားမာလာ"

"မဆိုးပါဘူး၊ ငါက စိတ်မဆိုးတတ်ပါဘူး"

ထေ့ငေါ့သံက ရင်ကို ဝင်ဆောင့်၏။

"ငါဝမ်းနည်းတာ တစ်ခုပဲရှိတယ်စိုး၊ အဲဒါက နင့်ကို လမ်းခွဲဖို့ ဆုံးဖြတ်လိုက်လို့ပဲ"

"ဘာ...ဘာပြောတယ် မာလာ"

"နင် နားမကန်းသေးပါဘူးနော်၊ ငါ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ပြီ ငါ့အပေါ် နားမလည်ဘဲ၊ မစာနာ မကြင်နာတဲ့ နင့်ကို လမ်းခွဲလိုက်တာ အကောင်းဆုံးပါပဲ၊ ဒါဆို နင်လဲ ကျေနပ် ဝမ်းသာသွားမှာပေါ့၊ ငါ့လိုလူနဲ့ ဆက်ဆံနေရတဲ့ နင့်အဖို့ ငရဲကျသလို ခံစားနေရမှာပဲဆိုတာ ငါနားလည်ပါပြီ စိုးရယ်"

"မာလာ နင် ဘာတွေ လာပြောနေတာလဲ"

"ငါ သွားမယ် စိုး"

မျက်ရည်လဲ့သော မျက်ဝန်းဖြင့် တစ်ချက်ကြည့်ကာ ချာခနဲ လှည့်၏။ သူမလက်ကို လှမ်းဆွဲလိုက်မိသည်။

"မတားနဲ့စိုး၊ ငါသွားပါရစေ၊ နောင်ဘယ်တော့မှ မတွေ့ရဘူးလို့ မှတ်လိုက်ပါ"





ရုန်းဖယ်နေသောလက်ကို တင်းကျပ်စွာ ဆွဲကိုင်ထားရင်း...

"မာလာ ငါဝမ်းသာမယ်ထင်လို့လား၊ ငါ နင့်ကိုမခွဲနိုင်ပါဘူး မာလာရယ်၊ နင်လိုချင်ရင် ငါ့အသည်း ငါ့နှလုံး ငါ့ အသက်ကိုပါ ပေးဆပ်ရဲပါတယ်၊ နင် နားလည်ရဲ့လားဟင်"

ညိုမည်းနေသော ကောင်းကင်ထက်တွင် နေခြည်အတန်းတချို့ ထိုးဖောက်ကျလာသကဲ့သို့ မှုန်ရီသော သူမမျက်နှာ၌ အပြုံးနုနုလေး တစ်ခု လင်းလက်သွားသည်။ ရှက်သည့် မျက်ဝန်းကို ပထမဆုံးအကြိမ် မြင်လိုက်ရ၏။ ဆွဲကိုင်ထားသော လက်ကို လွှတ်လိုက်သည်။ အကြည့်ကို လွှဲ၏။

သက်ပြင်းယဲ့ယဲ့ ချမိသည်။

ရင်ထဲသို့ ကြည်နူးထိုးဖောက် ရောက်မလာခဲ့။

* * *

"သူငယ်ချင်းတွေကိုတောင် မေ့နေပြီလား စိုးမင်းဦး"

သူ ရယ်ကျဲကျဲနှင့်ကြည့်၏။ နေ့လည် လက်ဖက်ရည်ဝိုင်းသို့ ရောက်ဖြစ်ခြင်းကို ဦးတည်၍ ဘချို ပြောလိုက်ခြင်း ဖြစ်၏။ ယခုလည်း သန့်ငင်နှင့် ဘချိုတို့ တကူးတက လာခေါ်သဖြင့် လိုက်ခဲ့ခြင်းဖြစ်၏။ လမ်းမီးတို့ပင် ထွန်းလင်းနေပြီ။

"ကဲကွာ၊ ဒီဝိုင်းကို ငါကပဲ တကာခံပါတယ်၊ ကြိုက်သလောက် စားစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ချက်ချင်း သတင်းပို့သင့်တာပေါ့ကွာ၊ ခုတော့ သိချင်တဲ့အကောင်က အသည်းအသန် လိုက်ရှာပြီး မေးရတယ်ဆိုတော့ သူငယ်ချင်းအချင်းချင်း လွန်တာပေါ့ကွာ"

"အေးပါ၊ ငါလဲ ပြောမလို့ စိတ်ကူးပါတယ်၊ ဒါပေမယ့် ကိစ္စလေးတွေ ရှိတာနဲ့"

"ထီးတော်မိုး ပန်းတော်ဆက်၊ အမှုတော်ထမ်း နေရပါတယ်လို့ ရှင်းရှင်း ပြောစမ်းပါ"

သန့်စင်စကားကြောင့် သူရယ်၏။

"ဒါနဲ့ အောင်သော်တစ်ယောက်ကော ဘချို"

"သေပြီလေ"

"ဟာ...မင်းကလဲ

ထိုစဉ် ဆိုင်ရှေ့သို့ ပြိုင်ဘီးတစ်စီး ထိုးရပ်လာ၏။ အောင်သော် စက်ဘီးကို တံခါးဘောင်တွင် မှီထားခဲ့ပြီး ဆိုင်ထဲဝင်လာသည်။ သူ့အား တွေ့သည်နှင့် ...

"ဝရမ်းပြေး မိထားပြီကိုး"

အမှောင်ထုသည် လမ်းမဘက်သို့ပင် ရောက်လာကြလေပြီ၊

* * *

စည်းကမ်း၊ ကန့်သတ်ချက်များ များပြားလွန်းလှ၏။ တစ်နေ့တစ်မျိုး အမိန့်ထုတ်လျက် ရှိသဖြင့် စိတ်ညစ်ရသည်။ ဘယ်အချိန်တွင် ဘယ်သို့





မသွားရ၊ ဘယ်နေရာ ဘယ်အရပ်တွင် နေရမည်။ မည်သည့်ကောင်မလေးနှင့်မျှ စကားမပြောရ၊ ဘယ်သူငယ်ချင်းလာခေါ်၍မျှ မလိုက်ရ၊ တစ်နေ့တာအတွင်း သွားလာနေထိုင်သမျှ အသိပေးရမည်။ ထူးခြားချက် တစ်ခုတော့ရှိသည်။ ယင်းမှာ သူက မည်သည့်အမိန့်ပြန်တမ်းမှ ထုတ်ဆင့်ခွင့် အာဏာမရှိခြင်းပင် ဖြစ်သည်။

သူက နာခံရုံသက်သက်၊ လိုက်နာသူသက်သက် ဖြစ်၍နေသည်။

* * *

"တို့ကို အိမ်က ယောက်ျားပေးစားတော့မလို့တဲ့ စိုး"

ကံ့ကော်တော၏ နံနက်ခင်းသည် အေးဆေးငြိမ်သက်နေ၏။ နေခြည်တို့က ပူပြင်းသမှု မရှိသေး၊ ငှက်ငယ်တို့၏ တေးဆိုသံကို ကြားနေရသည်။

"စိုး..."

"ဘာလဲ မာလာ"

"နင် ဘယ်လိုမှ မခံစားရဘူးလား"

သူ မဖြေနိုင်။ စိုးရိမ်ထိတ်လန့်ခြင်းမရှိသော ကိုယ့်ကိုကိုယ် အံ့သြနေမိသည်။

"မေးလေ၊ ဘယ်ကလဲ၊ ဘယ်သူလဲလို့"

"မေးစရာလိုသေးလားမာလာရယ်၊ ငါ သိတော့ကော ဘာလုပ်ရမှာလဲ"

"စိုး...နော်"

"ကဲ...ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်မြင့်တဲ့ ဘယ်ဆေးရုံမှာလဲ မသိဘူး။ လက်ထောက် ဆရာဝန်လုပ်နေတာ၊ မနေ့က သူတို့ အမေတို့အိမ်ကို ရောက်လာတယ်၊ သူ့ကိုတော့ မကြာခဏ မြင်ဖူးတယ်၊ အဲဒါ မေမေတို့က စီစဉ်ပေးမလို့တဲ့၊ မကြိုက်ဘူးလို့ အပြတ်ငြင်းလိုက် တယ် သိလား"

သူ ခေါင်းကို လေးပင်စွာ ညိတ်သည်။

"နောက်တစ်ခါ ထပ် ပြောလာရင် တို့နှစ်ယောက်အကြောင်းကို အသိပေးလိုက်မယ်လေ၊ ကြိုက်ချင်ကြိုက် မကြိုက်ချင်နေပေါ့"

"ဖြည်းဖြည်းပေါ့မာလာရယ်၊ အလောတကြီး မလုပ်စမ်းပါနဲ့၊ တို့တွေက ဘာမှ အာမခံချက်မှ ရှိသေးတာမဟုတ်ဘူး"

"ဒါနဲ့မဆိုင်ပါဘူး။ အတင်းပေးစားမယ်ဆိုရင် တို့ကို စိုးက ထားရစ်မှာလား"

"ဘယ်ထားရစ်ပါ့မလဲ မာလာရယ်"

သူမ သဘောကျစွာရယ်ပြီး...

"စိုးရဲ့စိတ်ကို စမ်းကြည့်တာ၊ မဆိုးပါဘူး၊ အောင်မှတ်ပြည့်တယ်၊ ဒါပေမယ့် သိပ်ကျေနပ်တဲ့အဆင့်တော့ မဟုတ်ဘူးနော်၊ ကြိုးစားဦး သိလား"

သူ မရယ်မောနိုင်။

စိတ်ထဲက တကယ်ပဲ စွဲထင်နေမိ၏။

*



(၈)

စောင့်နေကျအတိုင်း ကားမှတ်တိုင်သို့ သူရောက်ခဲ့၏။ လာရာ လမ်းသို့ စောင့်မျှော်ကြည့်မြစ်၏။ နံနက် ခုနစ်နာရီ ထိုးပြီးသည်နှင့် သူမအား လှမ်းမြင်နေကျပါ။ ခုတော့ ခုနစ်နာရီခွဲခဲ့ပြီ၊ အိပ်ရာထ နောက်ကျ၍လား။ ကိစ္စတစ်ခုခု အရေးကြီး၍လား။ နေမကောင်း၍လား စိုးရိမ်စွာ တွေးသည်။

ကားမှတ်တိုင်သည် တဖြည်းဖြည်း လူရှုပ်ထွေးစ ပြု၏။ ကားကြီး ကားငယ်များ ထိုးရပ်လာကြ ဆင်းသူဆင်း တက်သူတက်နှင့်။

သူကြည့်တက်တွင် လိုင်းကားကြီးတစ်စီး ထိုးရပ်လာသဖြင့် မြင်ကွင်း ပျောက်သွားသည်။ ထိုကားကြီးသည် ခရီးသည်များ တင်ဆောင်ကာ တအိအိ မောင်းထွက်သွားသည်။ မှတ်တိုင်တည့်တည့် ဦးတည်မောင်း လာသော အဖြူရောင်ကားငယ်တစ်စီးကို လှမ်းမြင်ရ၏၊ ထိုကားလေး သည် တစ်ဖက်ယာဉ်ကြောမှ ချိုးကွေ့၍ ကုတ္တိုင်းဘက်သို့ ဦးတည်လှည့် ကာ မောင်းနှင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ သူမအား တွေ့လိုက်ရ၏။

သူမကလည်း သူ့ကို မြင်သွားသည်ထင်၏။ သူမနှင့်အတူ ယှဉ်တိုင်နေသော အမျိုးသားတစ်ဦးကို မြင်ဖူးသလိုလိုရှိသည်။ သို့သော် ကားငယ်သည် မှတ်တိုင်ကို ကျော်ခိုင်း၍ ပြေးလေပြီ။

ထိုနေ့ သူမ ကျောင်းမတက်ခဲ့ပါ။

* * *

နောက်တစ်နေ့ ကားမှတ်တိုင်တွင်ပင် စောင့်သည်။

ထိုကားဖြူလေးကိုသာ တွေ့လိုက်ရသည်။

* * *

"စိုး...ဒါ ငါပြောပြောနေတဲ့ ကိုကျော်မြင့်ဆိုတာပဲ၊ ဒါက မာလာ့ အခင်ဆုံး သူငယ်ချင်း စိုးမင်းဦးပါ။ သင်္ချာအဓိက ကလေ"

"တွေ့ရတာ ဝမ်းသာပါတယ်အစ်ကို"

ကိုကျော်မြင့်က နှုတ်ခမ်းတွန့်ကွေးရုံပြုံးကာ လက်ဆန့်တန်းပေး သည်။ တင်းကျပ်စွာ ဆုပ်ကိုင်ခြင်းကို ခံစားရ၏။

"မောင်ရင် နေ့တိုင်းကျောင်းသွားကျောင်းပြန်လိုက်နေတာ အစ်ကို သိပါတယ်၊ ခုတော့ မောင်ရင် ဒီဒုက္ခက လွတ်ပါပြီ"

"အမယ် ... သူများက ဒုက္ခပေးနေတဲ့လူမဟုတ်ပါဘူးနော်"

မာလာက မျက်စောင်းလေးဝင့်၍ ပြောသည်။ ကိုကျော်မြင့်က သဘောကျနှစ်ခြိုက်စွာ ရယ်ပြီး...





"ကဲ ...တစ်ခုခု သွားသောက်ရအောင် မာလာ၊ မင်းရဲ့ သူငယ်ချင်းလဲ ခေါ်ခဲ့ပေါ့"

"ကိစ္စမရှိပါဘူး အစ်ကို၊ ကျွန်တော် သွားသစရာရှိလို့ပါ"

သူ ဖြတ်ပြောလိုက်ပြီး နှုတ်ဆက်ကာ လှည့်ထွက်ခဲ့သည်။ ထိုင်နေကျ စီးပွားရေးစားသောက်ဆိုင်တန်းမှ လက်ဖက်ရည်ဆိုင်တွင် ဘချိုတို့ကို အသင့်တွေ့ရ၏။

"အမယ်လေး ...ထူးထူးခြားခြား ကိုယ်ရောင် ဝင်းဝင်းဝါဝါနဲ့ ဘယ်က ပုဂ္ဂိုလ်ထူးပါလိမ့်"

အချိုက မျက်စိပွတ် ပြူးကြည့်ဟန် ပြုသည်။ လက်ဖက်ရည်ပဲလားဟု အောင်သော်က ပြော၏။ သူခေါင်းညိတ်လိုက်ပြီး ဝင်ထိုင်သည်။

"မာလာကော စိုးမင်းဦး"

"အခန်းထဲမှာ"

"မင်း အပြင်ထွက်ခွင့် ရခဲ့တယ်ပေါ့"

"လုံးဝ လွတ်လပ်ရေးရခဲ့တာ အောင်သော်"

မာလာ့အကြည့်နှင့် အပြောက ရင်ထဲ စူးရှနေဆဲ။

* * *

ရင်ဘတ်က အင်္ကျီစကို ဆွဲကိုင်ခါယမ်းနေသည်။ ပလတ်စတစ် ကြယ်သီးတစ်လုံး ပြုတ်ထွက်သွား၏။

သူမ၏ မျက်ဝန်းသည် မခန့်မှန်းနိုင်အောင်ထိ စူးရဲနေ၏။

"နင် ငါ့ကို မချစ်ဘူးလားစိုး"

"ချစ်တာပေါ့ မာလာရယ်၊ ဒါပေမယ့် ငါပြောပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မချစ်လို့ပေါ့"

ရင်ဘတ်အစုံကို ဆောင့်တွန်းလိုက်သည်။ နောက်မှ သစ်ပင်နှင့် ကျောချင်း ထိမိသည်။ မာလာ နားလည်အောင် ဘယ်သို့ပြောပြရမည်ကို ထူပူစွာ စဉ်းစားမိသည်။

"စိတ်အေးအေးထားပြီး စဉ်းစားပါဦး မာလာရယ်၊ ကျောင်းပြီး တာနဲ့ လူကြီးချင်း နေရာချပေးမယ်ဆိုတော့ အချိန်တွေ အများကြီး ကျန်ပါသေးတယ်၊ ဒီကြားထဲ ငါ့ဘက်က အခွင့်ပြေတဲ့အထိ စောင့်ပါဦး။ နင့်စိတ်တိုင်းကျ ဖြစ်စေရမယ်လို့ ရဲရဲ ကတိပေးပါတယ်၊ ငါတို့ စဉ်းစားကြတာပေါ့"

"စိုး သတ္တိမရှိဘူး မဟုတ်လား"

သူ စိတ်ပျက်ပျက်နှင့် ခေါင်းခါယမ်းမိသည်။

"ဒီမယ် စိုး၊ ကိုကျော်မြင့်နဲ့ အခုလို တပူးတွဲတွဲသွားလာနေရတာကို နင်ကြည့်နေတော့မှာလား"

"ခုလောလောဆယ်တော့ ဘာတတ်နိုင်မှာလဲ မာလာရယ်၊ ကြည့်နေရမှာပေါ့"

"နင် သဘောကျနေတယ်ပေါ့"

"အဲဒီလို သဘောမျိုး မသက်ရောက်ဘူးလေ မာလာ"

"ငါသိပြီ စိုး၊ ငါနားလည်ပါပြီ၊ နင်က ဖြစ်စေချင်မှတော့ ငါလုပ်ရဲပါတယ်၊ ကြည့်နေစမ်းပါ"

သူ သက်ပြင်းမှုတ်ထုတ်လိုက်သည်။ စကားလုံးများ ခန်းခြောက်ကုန်သော ဦးနှောက်ကို ဖျစ်ညှစ်၍ ခိုင်းနေမိသည်။





"စိတ်လိုက်မာန်ပါ လုပ်မိရင် မှားတတ်တယ် မာလာ

"ဒါတွေ ထားစမ်းပါ။ ကိုကျော်မြင့်နဲ့ ငါ့ကို နင်သဘောတူလား ပြော"

"ကိုကျော်မြင့်ဟာ ငြင်းစရာမရှိအောင် ဘက်စုံပြည့်စုံနေတဲ့လူပဲ မာလာရယ်၊ သဘောမကျစရာအကြောင်း မရှိပါဘူး၊ ဒါပေမယ့်..."

သွေးထွက်လုမတတ် အောက်နှုတ်ခမ်းကို ဖိကိုက်ထားသည်။ မျက်ဝန်းထဲက မီးလျှံကို အတွေ့၌ မှားသွားပြီဟု သိလိုက်၏။

"ကောင်းပြီ စိုး"

သူမ ချာခနဲ လှည့်သည်။ ဖြောင့်တန်းသော ဆံစများ ဝေ့ခနဲ မြောက်တက်သွားသည်။ သူမနောက်မှ အမီပြေးလိုက်ရင်း

"မာလာ"

သူမ ခေါင်းကို ခါယမ်း၍ ပြေးလေ၏။

ရေတမာပင်များအောက်တွင် ထိုးရပ်ထားသော ကားဖြူလေးကို မြင်လိုက်သဖြင့် ပြေးလိုက်မိတော့မည့် ခြေအစုံကို ရပ်တန့်လိုက်ရသည်။ ရေတမာပင်ကိုမှီ၍ စီးကရက်ဖွာနေသော ကိုကျော်မြင့်က သူတို့ကို လှမ်းကြည့်နေ၏။ သူမ၏ ကျောပြင်ကို ငေးကြည့်ပြီး ဦးတည်ရာမဲ့ လှည့်ထွက်ခဲ့သည်။

မိမိကိုယ်ကို မကျေနပ်စိတ်များ တလိပ်လိပ် ကြွတက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

(၉)

ရက်သတ္တတစ်ပတ်သည် အမှန်တော့ မကြာမြင့်လှပါ။

သူမ စိတ်ဆိုးသွားပြီဟု သိလိုက်ချိန်မှစ၍ ဖြေရှင်းရန် ကြိုးစားခဲ့ တစ်ရက်၊ နှစ်ကရက် ကျောင်းတွင် စောင့်ကြည့်သည်။ သူ ရောက်မလာ။ သူမအိမ်သို့ အရဲစွန့်ကာ သွားခဲ့သည်။ သူမ၏ အမေနှ သာ တွေ့ရသည်။ သူမ ထွက်မတွေ့ခြင်းဖြစ်ကြောင်း သိရှိနားလည် သူမအိမ်ထဲတွင် ရှိနေခဲ့၏။

သူမစိတ်ပြေကာ ကျောင်းတက်လာမည့်နေ့ကို မျှော်လင့်စောင့်စာ နေမိတော့သည်။ ထိုမှတစ်ပါး တခြားလမ်းမမြင်။ ရေကြည်အော နောက်အောင် ပြုခဲ့သူသည် မိမိမဟုတ်။

သို့သော်လည်း သူမ စိတ်တိုင်းကျဖြစ်ရမည်ဟု စိတ်ထဲက ဆုံးဖြတ် ထားသည်။ အစဥ်အမြဲ အရှုံးပေးနေကျပဲလေ။





အောင်သော်က ခေါ်သဖြင့် လက်ဖက်ရည်ဆိုင်မှ ထထွက်ခဲ့သည်။ လမ်းထွင် ဘယ်သူပါသေးသလဲဟု မေးဖြစ်၏။ သူ့အစ်မ ပါတယ်ဟု အောင်သော်ပြန်ဖြေ၏။ အပန်းဖြေရိပ်သာ တစ်ဖက်ရှိ အုတ်ခုံ၌ သူမ ထိုင်စောင့်နေသည်။ အောင်သော်က အပန်းဖြေရိပ်သာနားအရောက် လှည့်ပြန်သွားသည်။

သူမရှေ့၌ ခြေစုံရပ်မိသည်နှင့် သူမ မော့ကြည့်သည်။ ဒေါသရိပ် မပြယ်ပျောက်သေးဟု သိလိုက်၏။ လက်ပွေ့အိတ်ကိုဖွင့်ပြီး -

"ရော့ နိုး၊ ဖိတ်စာ"

သူ လှမ်းယူလိုက်သည်။ နိုးမင်းဦးဟု ရေးထားသည်။ ဖိတ်စာ စောင့်စွန်းကို အကြည့်ရောက်ခိုက် ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွား သည်။ ကိုကျော်မြင့်၊ မမာလာထွန်း။

အမြင်များ ခဏတာ ဝေဝါးသွား၏။

"ဘယ်သူလဲဆိုတာ ကြည့်စမ်းပါဦး နိုး"

ပြောသည့်အတိုင်း ဖွင့်ထုတ်ကြည့်မိသည်။ ရက်စွဲမြင်ပေမယ့် ဘယ်နေ့ဟု မတွေးဆနိုင်အောင် ဖြစ်နေသည်။

"မနက်ဖြန်နော် သေသေချာချာ ဆက်ဆက် လာခဲ့ရမယ်၊ မလာလို့ကို မရဘူး နိုး။ လာကို လာခဲ့ရမယ်၊ ငါ့အကြောင်းကို နင်သိပါတယ်နော် နိုး"

ဝန်းကျင်၌ အသံများ ဆိတ်သုဉ်းကုန်သည်ထင်၏။ သူမ၏ စကား ကိုသာ ပဲ့တင်ထပ်လျက် ကြားယောင်နေ၏။ မနက်ဖြန်တဲ့။

"ရော့ နင့်သူငယ်ချင်းတွေအတွက်"



www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်နေသော လက်ထဲ နာမည်ရေးထိုး မထားသောဖိတ်စာ တစ်ထပ် ထိုးထည့်ပေး၏။ ထို့နောက် သူ့အားကြည့်၍ သူမ ရယ်လေသည်။ နာကျင်အက်ကွဲလှသော ရယ်သံ စူးရှရှက သံရှည်မှ လောင်းချသကဲ့သို့ နားထဲ စီးဝင်လာသည်။ အသိတရားကိုပင် ချုပ်တီးရန် မစွမ်းဆောင်နိုင်ခဲ့။

"ငါ သွားမယ်၊ ဆက်ဆက်လာခဲ့နော်၊ ဒါပဲ"

သူ မသိလိုက်တော့။

အရာအားလုံးသည် မှောင်အတိ ကျနေသကဲ့သို့ ထင်မြင်မိသည်။

* * *

"ဘယ်လိုဖြစ်ကြတာလဲ စိုးမင်းဦးရာ"

ထိုစကားကိုပင် ဘချိုတို့ အထပ်ထပ် ပြောနေသည်။ ဘယ်လို ရှင်းပြရမည်မသိ။ ဖြစ်ရပ်ကုန်စင် ပြောပြပြီးသား။ ခေါင်းကိုသာ ငုံ့ထားမိသည်။ အောင်သော်က ဆေးလိပ်မီးကို သတ်ရင်း ...

"ဘာဖြစ်လို့ သွားရမှာလဲ စိုးမင်းသီး။ ကိုယ့်အပေါ် ဒီလောက်မှ နားမလည်၊ စာနာတရားမရှိတဲ့လူရဲ့ပွဲကို ကိုယ်ကအရှုံးကြီးနဲ့ မျက်နှာ သွားပြရမှာလား။ သူကစိမ်းတော့မှ ကိုယ်ကလည်း လှည့်ကြည့်စရာ မလိုပါဘူးကွာ၊ ပြီးတော့ ကိုယ့်အမှားမှ မဟုတ်တာ"

သူခေါင်းခါလိုက်ပြီး ...

"မဟုတ်ဘူး အောင်သော်၊ ငါ့ကို အသေအချာပြောလိုက်တာ၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ငါသွားရလိမ့်မယ်၊ သူ့စိတ်ကို ငါအသိဆုံးပါ၊





သူ တစ်ခုခု လုပ်ပြစ်လိုက်မှာကို ငါအစိုးရိမ်ဆုံးပဲ၊ ငါ့ကြောင့်ပွဲပျက်သွားရင် သူ့အတွက်မကောင်းဘူးလေ၊ သူကငါ့ရှေ့ တည့်တည့်မှာ လုပ်ပြချင်တာ"

"မင်းမသွားသင့်ဘူး။ သူငယ်ချင်း တစ်ယောက်အနေနဲ့ ငါ အကြံပေးတာပါ စိုးမင်းဦး"

"သွားမှဖြစ်မယ်၊ မင်းတို့ မပါရင်လဲ ငါသွားမယ်၊ ဒီလောက်ထိ မြန်မြန်ဆန်ဆန် လုပ်သွားရက်မယ်လို့ မထင်ဘူးကွာ၊ ဒါကို မတွေးမိခဲ့တာ ငါ့အမှားပဲ"

သန့်ဇင်ကစိတ်ပျက်ပျက်နှင့်ကြည့်၏။ တချိုးက သက်ပြင်းရှည် ချသည်။ သို့သော်ဘာမှဝင်မပြော။

မနက်ဖြန်ဆိုသော အချိန်ကာလသည် ဘယ်လိုမှ ရှောင်လွှဲမရ နိုင်တော့။ တရွေ့ရွေ့ချင်းကပ်လာ၏။ တားဆီး၍သာ ရမည်ဆိုလျှင် ထမ္ဘာ၏ တစ်ဘက်စွန်းကို မောင်းထုတ်ပြစ်ချင်သည်၊ သို့မဟုတ်ပါက မနက်ဖြန်ဆိုသောအရာကို ပျက်စီးစေနိုင်သော တစ်စုံတစ်ခုကို မျှော်လင့်မိ၏။

သို့သော် ညဥ့်သည် နက်သထက် နက်၍လာလေသည်။

ထင်မှတ်ထားသည့်အတိုင်း စိတ်အစဥ်တို့ကြေပျက်မသွားခဲ့။ အသုံးသားတို့ပေါက်ကွဲမသွားခဲ့။

သို့သော် ထက်မြက်သော ဆူးခက်ဖြင့် ခြစ်ခံရသကဲ့သို့ နာကျင်မိ၏။

ထို့ထက် သူမကိုယ်စား စိတ်ထဲက ကျေနပ်နေလိုက်သည်။ သာယာ နူးညံ့မှုသော အိမ်ထောင်တစ်ခု ဖြစ်ပါစေဟု ဆန္ဒပြုခဲ့၏။ အနိုင်ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် ကျေနပ်ရွှင်ပျနေသော သူမ၏ မျက်နှာကို ခေါင်းမဖယ်တဲ ကြည့်နိုင်ခဲ့၏။

ထိုမှ အပြန်လမ်းသည် တည်ငြိမ်သော ခြေလှမ်းများ အစီအရီ တည်ရှိခဲ့လေ၏။



# အပိုင်း သုံး



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

"ဖတ်ပြီးပြီလား အစ်ကို"

စားပွဲထိုးကောင်လေး၏အမေးစကားကြောင့် အတွေးအိပ်မက်လေးပြိုကွဲသွားသည်။

"အေး"

"ဟိုဘက်က လူကြီးက သတင်းစာဖတ်ချင်လို့တဲ့အစ်ကို" သူလှမ်းပေးလိုက်သည်။ ထို့နောက် မလုံမလဲ စိတ်ဖြင့်ဝန်းကျင်ကို ဝေ့ကြည့်မိသည်။ သတိထားနေသူမရှိဟု ထင်မြင်နိုင်တော့မှ စိတ်အေးသည်။

မီးသေနေသောဆေးလိပ်ကို ကောက်ယူမီးညှိ၏။ မြင်ကွင်းရှင်းသော မြစ်ပြင်ဘက်သို့ အကြည့်ကို ပို့လိုက်၏။ မှိုင်းပျပျတောင်စွယ်များသည် မိုးကုပ်စက်ဝိုင်း အစွန်း၌ တည်ရှိနေကြသည်။





အကြောင်းတိုက်ဆိုင်မှုကြောင့် သတိရဖြစ်သည့် အချိန်တိုင်း ပြန်လည်သုံးသပ်ကြည့်မိ၏။ နီးကပ်နေစဉ်က မမြင်မတွေးမိသော အဖြစ်များကို ရှင်းလင်းစွာမြင်ယောင်ခဲ့သည်။

သံယောဇဉ်ဟူသည် ဖြတ်တောက်၍ရကောင်းသောအရာ မဟုတ်ချေ။ ငယ်စဉ်ကတည်းက တွယ်နှောင်ရစ်ပတ်ခဲ့သော သံယောဇဉ်သည် စိတ်လှုပ်ရှားသည့် အရွယ်၌ ခိုင်မြဲစွာ တုပ်နှောင်ခဲ့ပြီ။ နီးကပ်လွန်းသဖြင့် သံယောဇဉ်ကြိုးဟု မမြင်ခဲ့။ သံယောဇဉ်နှင့်အတူ ပါလာကြသော ကြင်နာခြင်းက ရင်အစုံကို ထိုးဖောက်ဝင်ရောက်ခဲ့သည်။

ယခုလို ရင့်ကျက်ချိန်ဝယ် မာလာ့အားချစ်မိခဲ့သော အချစ်သည် မြူမစင်သန့်ရှင်းလွန်းသောအချစ်ဟု မြင်နိုင်လေပြီ။

အဆုံးစွန်ထိမြင့်တက်ခဲ့သော သူငယ်ချင်းတစ်ဦး၏ ကြင်နာခြင်းဟုမြင်နိုင်လေပြီ။

သို့သော် ထိုသို့ မပြောရက်ပါ။ သူမစိတ်ထဲ၌ ထင်မှတ် သွားခဲ့ခြင်းကို မဖြေရှင်းချင်တော့။ သူမ၏ နှလုံးသားကို ပြက်ရယ်ပြုသောစကားသာ ဖြစ်ပေလိမ့်မည် ထင်သည်။

အစကတည်းက ဤအတိုင်း သိမြင်ခဲ့လျှင် ဤမျှအထိ ခရီးရောက်သွားမည်မထင်။ ခုတော့အရာအားလုံး နှောင်းခဲ့ပါပြီလေ။ ကျွံသောစကား၊ ကျွံသောနှလုံးသားတို့ကို ပြန်အနုတ်၌ တစ်သက်တာ စွဲထင်ရစ်မည့် ဒဏ်ရာဒဏ်ချက်များ ရခဲ့ပြီ။ ဘယ်လို ပြန်ဖျက်နိုင်တော့မှာလဲ။ ရှိပါစေလေ။

ဖြစ်ပြီးသမျှ ဤမျှနှင့် အဆုံးသတ်ပါစေ။

သို့သော် မထင်မှတ်သည့် သတင်းကြောင့် အမှတ်ရ ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကို ငဲ့ကြည့်ဖြစ်ပြန်၏။ တစ်ဆက်တည်းပင် မွန်မွန်အား လွမ်းဆွတ်သတိရမိသည်။ မွန်မွန် သူ ရေးထည့်လိုက်သောစာကို ဖတ်ပြီးလောက်ပြီ။ ဖတ်ပြီးခဲ့လျှင် မွန်မွန် ဘယ်လိုရှိမည်နည်း။ သူမ၏ အရည်လဲ့သော မျက်ဝန်းအစုံကို နူးညံ့သော ရင်ခုန်ခြင်းဖြင့် မြင်ယောင်မိသည်။

နလုံးသည်းပွတ်၏ လက်ညှိုးညွှန်ရာသည် မွန်မွန် ဖြစ်သည်။ သတိရတယ် မွန်မွန်ရယ်။





(၁၁)

ဦးစိုးမှူးက စားပွဲရှေ့လာရပ်ပြီး . . .

"ခင်ဗျား ဘယ်နေ့သွားမှာလဲ ကိုစိုးမင်းဦး"

"မနက်ဖြန်လောက် သွားမယ်လို့ မှန်းထားပါတယ်"

"အေးဗျာ၊ ရုံးချုပ်က ကိုတလုတို့ကိုလဲ ပြောလိုက်ပါ၊ ကျွန်တော် မေးတယ်လို့"

"ဟုတ်ကဲ့အစ်ကိုကြီး"

ဦးစိုးမှူးရုံးအပြင်ရောက်သွားတော့မှ စားပွဲပေါ်မှ စာရွက်စာတမ်းများကို သိမ်းဆည်းရသည်၊ ဗီဒိုထဲထည့်ပြီး သော့ခတ်သည်၊ အံဆွဲများ ပိတ်ပြီးမပြီး တစ်ခေါက် ထပ်၍ စစ်ဆေးသည်။ ထို့နောက် အကြောဆန့် ရင်း အခန်းတွင်း ဝေ့ကြည့်၏။တစ်ယောက်နှစ်ယောက်သာ ကျန်တော့ သည်။ လက်ဆွဲအိတ်ကိုယူပြီး ရုံးမှဆင်းခဲ့သည်။

မွန်မွန်တို့သွားသည်မှာ တစ်လ ရှိပြီဟု တွေးမိ၏။ကြားရက် ထဲ စာတစ်စောင်စောင်ခန့် ထပ်ထည့်၍ အသိပေးဦးမည်ဟု တွေး သည်။ သို့ပေမဲ့ မထည့်ဖြစ်။ အဆောင်မှ ကျောင်းသူများကိုမယုံရ။ ဖောက်ဖတ်ကြလျှင်... မဆီမဆိုင်တွေးပူမိ၏။ သူများစာပဲ ဘယ်ဖောက် ဖတ်ကြမလဲ။ သက်သက်အတွေးခေါင်နေသော ကိုယ့်အဖြစ်ကို ကိုယ် ပြုံးလိုက်မိ၏။ ရေးပြီးသားစာများသည် ဒိုင်ယာရီ စာအုပ်ထဲတွင် အိပ်မောကျနေကြသည်။

ကုက္ကိုရွက်ခြောက်များ လမ်းတစ်လျှောက် တဖွဲဖွဲ ကျနေသည်။ သူမနှင့်အတူ ယှဉ်လျှောက်ရင်း စကားပြောခဲ့သည်ကို ပြန်လည် မြင်ယောင်မိ၏။ နနယ်လန်းဆန်းသော အပြုံးကို မမြင်ရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာပေပြီ။ ကျောင်းသို့ သွားလျှင်မြင်ရတော့မည်ဟု တွေးကာ ရင်ထဲနွေးသိမ့်သွားသည်။ ကြည်နူးမှုသည် ရင်ထဲ တစိမ့်စိမ့် ထိုးဖောက်ဝင်ရောက်လာသည်။

အိမ်ရှေ့ ရောက်သည်အထိ အတွေးအမျှင်မပျက်သေးချေ။

သွားတိုက်ဆေးနှင့် သွားပွတ်တံကို အပြင်အိတ်ထဲတွင် ထည့်သည်။ ပြည့်သိပ်နေသော အဝတ်အစားများကို ဖိသိပ်ပြီး ဇစ်ဆွဲပိတ်လိုက်၏။ အိပ်ရာလိပ်ကို မယူတော့ဟု ဆုံးဖြတ်လိုက်သည်။ သင်္ဘောပေါ်တွင် တစ်ညတာ အိပ်ရမည်ဖြစ်သည်။ ခရီးသွားလျှင် အိပ်တတ်သောအကျင့်အရှိသဖြင့် အိပ်ရာလိပ်ယူလျှင် ဝန်ပိုနေမည်။ ပြီးတော့ ဟိုရောက်လျှင် ကိုယ့်အိမ်မှာ နေရမည် မဟုတ်လား။

လက်ဆွဲအိတ်ထဲမှ စာရွက်စာတမ်းများကို စစ်ဆေး နေစဉ် မိစိုး ရောက်လာသည်။

"တွေ့ရတော့မှာမို့ ပျော်နေတယ်ပေါ့"

"ဒါပေါ့ဗျာ... ကိုယ့်အဖေ ကိုယ့်အမေနဲ့တွေ့ရတော့မယ့်ဥစ္စာ"

"အဒါပြောတာမဟုတ်ဘူး ကိုစိုးမင်းဦး"

"မသိပါဘူးဗျာ၊ တွေ့စရာဆိုလို့ ဒီလူတွေပဲရှိတယ် မစိုး"

"အခုတော့ လိမ်ထားဦးပေါ့၊ နောက်မှ အကူအညီလိုတော့မှ မစိုး ဆိုပြီး မပြောနဲ့"

"ဟာ...မစိုးကလဲ၊ ခုထိဘာမှမဟုတ်သေးပါဘူးဗျာ၊ နောက်တော့ ဘယ်ပြောနိုင်ပါ့မလဲ၊ ကဲ ... ကျွန်တော်သွားမယ်၊ ကိုမြအေးလာရင်လဲ ပြောလိုက်ပါဗျာ"

လက်ဆွဲအိတ်နှင့် ခရီးဆောင်အိတ်ကို တစ်ဖက်စီ ဆွဲရင်း ထ,ရပ်လိုက်သည်။ ယခင်အခါများကလို မဟုတ်တော့၊ ကိုယ့်ကိုယ်ကို သိသည်။ ခြေလှမ်းတို့သည် တက်ကြွနေ၏။ နှလုံးသွေးများ ပူနွေးစွာ စီးဆင်းနေသည်။

*

(၁၂)

လက်မှတ်နေရာ နံပါတ် ရေးပေးထားသည်။ ခရီးသွားမည့်သူ ထိုက်ပို့သူ၊ ပစ္စည်းတင်ချနေသူများကို ရှောင်ကွင်းပြီး နေရာကို ရှာ ထိုက်ရသည်။ နောက်ဘက်ကျကျ အပြင်ဘက်ခြမ်းတွင် တွေ့သည်။ လူ မရှင်းသေးသဖြင့် ခေတ္တရပ်၍ စောင့်ရသည်။

လူရှင်းသည်နှင့် လက်ဆွဲအိတ်ကို သံဇကာတွင်း မှီလျက် ချထားပြီး လက်ရန်းကိုကိုင်၍ ဆိပ်ခံတံတားကို လှမ်းကြည့်မိသည်။ ဆက်လာသူ တစ်ယောက်စ နှစ်ယောက်စသာရှိပြီး ပြန်လည်ဆင်းသွားသူက များသည်။

ဥဩဆွဲသံသည် ဆူညံနေသော စကားသံများကို ကျော်လွှား၍ ပေါ်ထွက်လာသည်။ ကုန်းဘောင်ကို ရုပ်သိမ်းပြီး ကြိုးဖြုတ်နေကြပြီ။ ဆိပ်ခံမှ သင်္ဘောခွာတော့မှပဲ အထဲဘက်သို့ ပြန်လှည့်လိုက်၏။





www.burmeseclassic.com

www.burmeseclassic.com



လက်ရန်းကိုမှ ကျောပြုရပ်ထားဆဲ။

"အစ်ကို...အစ်ကိုက ဒီနေရာကလား"

ကျောပိုးအိတ်ဖြုတ်နေသော ရဲမြင့်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့်သူ အံ့ဩသွားသည်။ ဘေးချင်းကပ်လျက် နေရာသည် ရဲမြင့်၏ နေရာဖြစ်နေသည်။ ဤသို့ ရေလမ်းခရီးသွားတိုင်း မိမိ၏ဘေးတွင် ယောက်ျားများသည် ကျစေချင်သည်။

အမျိုးသမီးနှင့်ဆိုလျှင် အနေအထိုင် ကျဉ်းကျပ်၏။ ဟိုတစ်ခေါက်က မိန်းမပျိုများကြားတွင် ရောက်နေသဖြင့် တစ်ညလုံး သင်္ဘောအောက်တွင် ဆင်းနေခဲ့ရသည်။ ခုတော့ တော်သေးတာပေါ့ဟုတွေးကာ ခေါင်းညိတ်ပြလိုက်သည်။

"အစ်ကိုက အလုပ်ကိစ္စနဲ့ပဲလား။ ဆေးလိပ်သောက်ပါဦး အစ်ကို"

ရဲမြင့်က စီးကရက်ဘူးကို လှမ်းပေးသည်။

"အစ်ကို့မှာလဲ ပါတယ်"

အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ရင်း ပြောလိုက်သည်။ သင်္ဘောတစ်ခုလုံး လှုပ်လှုပ်ရှရှ မိုးတိုးမတ်တတ် ရပ်နေသူ မရှိတော့ချေ။ အားလုံး နေသားတကျ ဖြစ်နေပြီ။ ထို့ကြောင့် ကြမ်းပြင်တွင် ထိုင်ချညပီး လေအကွယ်၌ ဆေးလိပ် မီးညှိလိုက်သည်။

"ငါ့ညီက ရန်ကုန်ကပဲလား"

"ဟုတ်ကဲ့၊ အစ်ကို့ကို မွန်မွန်တို့အိမ်မှာ ဆွမ်းကျွေးတုန်းက





ဆုံဖြစ်သေးတယ်နော်၊ ကျွန်တော် မြင်ဖူးတာတော့ ကြာပြီ၊ ကျွန်တော် ခင်တတ်ပါတယ်အစ်ကို၊ နောက်တွေ့ရင်လဲ ခေါ်ပါ ပြောပါ။ ကိုယ့်ညီ တစ်ယောက်လိုပဲ သဘောထားပါ"

"အစ်ကို့ကိုလဲ လိုအပ်တဲ့အကူအညီရှိရင်ပြောပါ။ တတ်နိုင်သရွေ့ ဆောင်ရွက်ပေးပါ့မယ်"

"ကျေးဇူးပဲ အစ်ကို"

စကားစပြတ်သွားပြီး အတွေးကိုယ်စီဖြင့် ငြိမ်နေကြ၏။ နေခြည်သည် ဖျော့၍ ဖျော့၍နေပေပြီ။ လယ်ကွင်းစပ်မှ အိမ်တန်းပြန် ငှက်မျိုးတစ်အုပ် ထပ်ပျံသွားကြသည်။

မြစ်ခွဲလွန်သည်နှင့် လက်မှတ်စစ်သည်။ လက်မှတ်စစ်စာရေးက ရဲမြင့်အား တွေ့သည်နှင့် ...

"ကိုရဲ၊ မင်းဗိုလ်လာမှန်း ငါတို့မသိဘူး။ ကြည့်စမ်း မင်းကလဲ လာပြောရောပေါ့ကွာ၊ လာ ဦးခန်းမှာ နေရာလုပ်ပေးမယ်"

"နေပါစေ ကိုဖြိုး၊ ကျွန်တော် ဒီကပဲ စီးချင်လို့ပါ"

"ဘယ်ဖြစ်မလဲ၊ သူဌေးတွေရင် ငါ အဆူခံရဦးမယ်၊ လာစမ်းပါကွာ"

သင်္ဘောစာရေး ကိုဖြိုးက ရဲမြင့်၏ ကျောပိုးအိတ်ကို အတင်းဆွဲရင်း ပြောသည်။ ရဲမြင့်က ပြုံးရယ်ကာ ပြန်ဆွဲထားသဖြင့် ယူမရ။

"လာစမ်းပါ ကိုရဲ၊ ဒီမှာ နေရာကျပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး၊ ကျွန်တော် မလာချင်လို့ပါ"

"မင်းကတော့ ခုက္ခပဲ၊ ဘယ်လိုမှ ပြောမရပါလား၊ ဒါဆို မင်းလိုတာရှိရင် လှမ်းမှာလိုက်၊ မင်းလက်ဖက်ရည် သောက်တော့ မလား"

"မသောက်ချင်သေးပါဘူး၊ လိုရင် လှမ်းပြောလိုက်မယ်၊ စိတ်ချ"

"နောက်တစ်ခေါက် ငါတက်လာခဲ့ဦးမယ်"

"ရှုပ်ရှုပ်ယှက်ယှက်ဗျာ၊ ကျွန်တော့်ဘာသာ အေးအေး ဆေးဆေး နေပါရစေ"

သဘော်စာရေးသည် လက်မြှောက်ကာ အောက်သို့ ပြန်ဆင်း သွားသည်။ ရဲမြင့်က စီးကရက်တစ်လိပ်ဖွာရင်း သူ့အား လှမ်းပြောသည်။

"အစ်ကို ... လက်ဖက်ရည် သောက်မလား"

"မသောက်သေးပါဘူး၊ စောပါသေးတယ်"

"ဟုတ်တယ်၊ ညကျမှ အေးအေးဆေးဆေး လက်ဘက်ရည်ဆိုင် ထိုင်ရတာ ကောင်းတယ်၊ ဒီအချိန် ဆိုင်မှာ လူများသေးတယ်၊ ကိုယ်က ကြာကြာထိုင်မယ့်သူဆိုတော့ နောက်လူကို အားနာ ရတယ်၊ ပြီးတော့ ...မငြိမ့်ဘူး"

သူ ပြုံးနေလိုက်သည်။

ည အပျင်းပြေဖတ်ရန် စာအုပ်ငှားသော ဝန်ထမ်းတစ်ဦး တက်လာ သည်။ သူသည် ရဲမြင့်နှင့် သိနေသည်။ ရဲမြင့်က မဂ္ဂဇင်း၊ ကာတွန်း





ရုပ်ပြမိုးစုံ ဆယ်အုပ်ခန့် ခွဲယူထားလိုက်သည်။ သူ့အား ဖတ်ပါဆိုပြီး ပေးသည်။

ဂီတပဒေသာမဂ္ဂဇင်းကို ယူ၍ လှန်လှောကြည့်မိ၏။ ကျန်စာအုပ်များ ကို အနီးဝန်းကျင်ရှိ လူများအား ရဲမြင့် လျှောက်ပေးသည်။ ရဲမြင့်ကတော့ ကာတွန်းတစ်အုပ်သာ ယူထားပြီး ဆေးလိပ်သောက်လိုက် ကာတွန်း ဖတ်လိုက်နှင့် အချိန်ကာလအား မေ့လိုက်သည်။

ဆည်းဆာ တိမ်တောက်ချိန်သည် သိပ်မကြန့်ကြာခဲ့ချေ။ တခဏ အတွင်း အမှောင်ထုသည် နေရာအားလုံးကို သိမ်းပိုက်သွားလေ၏။ မြစ်ပြင်ထက်မှ ရောင်ပြန်မီးရောင်မှလွဲ၍ ဝန်းကျင်သည် ပိန်းပိတ်အောင် မှောင်မိုက်နေ၏။

ညောင်းညာသွားသော မျက်လုံးကို စာအုပ်မှခွာပြီး ဘေးဘီဝဲယာ ကြည့်၏။ ခြင်ထောင်များ အစီအရီ ဖြစ်နေကြပြီ။ အချို့ကား အိပ်မောကျ၍ပင် နေ၏။ စာအုပ်ထဲတွင် ပြန်လည်နှစ်ထားလိုက်သည်။

တိုးဝေ့နေသော လေပြည်ကြောင့် အေးစိမ့်စိမ့်ဖြစ်လာ၏။ မီးချောင်း များက ဖွင့်လိုက်ပိတ်လိုက်နှင့် သုံးကြိမ်တိုင်တိုင် အချက်ပြသည်။ မီးမှိတ်လိုက်တော့မည်ဖြစ်၏။ နာရီကို မြောက်ကြည့်မိ၏။ ဆယ်နာရီ ခွဲပြီ။

"အစ်ကို မအိပ်ချင်သေးဘူးဆိုရင် လက်ဖက်ရည်ဆိုင် သွားထိုင် ရအောင်၊ ဒီအချိန်ကောင်းတယ်"

"ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား သဘော်နောက်ပိုင်းရှိ စားသောက်ဆိုင်တွင် ထိုင်မိချိန်တွင် သဘော်တစ်ခုလုံး မှောင်အတိ ကျသွားလေ၏။ စားသောက်ဆိုင်၌ ငါးဆယ်အား မီးလုံးတစ်လုံးသာ ဝါကြင့်ကြင့် လင်းလက်နေသည်။

"ကိုထူးလေးရေ … လက်ဖက်ရည် ကောင်းကောင်း နှစ်ခွက်၊ ပေါင်မုန့်မီးကင် ထောပတ်သုပ် နှစ်ပွဲ၊ နောက် မုန့်တွေရှိရင်လဲ ချပေးပါဦး"

"ကိုရဲပါလား။ လှမ်းမှာလိုက်ရင်လဲ ဖြစ်တဲ့ဥစ္စာ"

"စကားမများနဲ့ဗျာ၊ မြန်မြန်လုပ်၊ ရေနွေးလည်း ရှိတယ်နော်"

"လိုတာပြော ကိုရဲ၊ ရှိတာ အကုန်ရမယ်၊ ဟဲ ဟဲ …"

ကိုထူးလေးဖျော်ပေးသော လက်ဖက်ရည်သည် အစပ်အဟပ် အလွန်ကောင်းသည်။ ဤသဘော်ကို သူ စီးနေကျဖြစ်သော်လည်း တစ်ခါမျှ ဤမျှကောင်းသော လက်ဖက်ရည် မသောက်ဖူးချေ။

လ, ရောင်ဆမ်းသော မြစ်ပြင်ကို လှမ်းကြည့်ကာ လက်ဖက်ရည် သောက်ရင်း မွှန်မွှန်အား သတိရမိသည်။

"အစ်ကိုက လူပျိုပဲလား"

မဆီမဆိုင် အမေးကြောင့် ရဲမြင့်ကို ကြည့်လိုက်ပြီး …

"ကြားစရာတော့မဟုတ်ဘူး ငါ့ညီ၊ ဒါပေမယ့်…သိုးတော့ မသိုး သေးဘူးထင်တာပဲ"





"ဒီခေတ်ထဲမှာ သိုးတယ်ဆိုတာ မရှိပါဘူး အစ်ကို"

"အားတက်စရာပေါ့ကွာ၊ ဒါနဲ့ ကိုရဲရော…"

"ရည်းစားတော့ ဖြစ်ဖြစ်မြောက်မြောက် မထားဖူးသေးပါဘူး အစ်ကိုရာ"

နှစ်ယောက်သား ခပ်အုပ်အုပ် ရယ်လိုက်ကြသည်။

"ဒါပေမယ့် ကြိုးစားနေတုန်း အစ်ကိုရ၊ ခုလဲ အလုပ်ကိစ္စအတွက် သွားရင်း အဖြေလဲ တောင်းရင်း ဆိုပါတော့။ ကျွန်တော် သူ့ကို ဖွင့်ပြောဖို့ ကြိုးစားတာ ကြာပြီ၊ သူ့ကို ချစ်မိပြီလို့ သိတဲ့အချိန်က စပြီး ပြောဖို့ ကြိုးစားတာဟာ ပြီးခဲ့တဲ့နွေကမှ ပြောဖြစ်တယ်"

"အဲဒီတော့…"

"ဒါတွေ မစဉ်းစားချင်သေးဘူးလို့ ပြောတယ်အစ်ကို၊ သူနဲ့ ကျွန်တော်က ငယ်သူငယ်ချင်းတွေပါ၊ တစ်ယောက်အကြောင်း တစ်ယောက် သိပြီးသားပါ၊ သူ တစ်ယောက်ကိုပဲ ပြောတယ် ဆိုတာလဲ သူသိတယ်၊ ဒါပေမယ့် ခက်တယ်အစ်ကိုရာ၊ ဘယ်လို စဉ်းစားရမှန်း မသိဘူး"

"သူ့မှာရော…"

"သူ့မှာ ရည်းစား မရှိသေးတာကတော့ သေချာတယ်"

"အခြေအနေ ကောင်းသားပဲ"

"မကောင်းဘူး အစ်ကို၊ သူပြောသွားတဲ့ စကားတစ်ခွန်းက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ရင်ထဲ အောင့်နေတယ်"

"ဘာဖြစ်လို့လဲ..."

"သူ့ကို မမျှော်လင့်နဲ့တဲ့ဗျာ"

ထို့နောက် ရောက်တတ်ရာရာ စကားများပြောရင်း အချိန်ကို ကုန်စေသည်။ နှစ်နာရီခွဲတော့မှ ဆိုင်က ထပြစ်သည်။ စားပွဲပေါ် ခေါင်းတင်၍ အိပ်ပျော်နေသည့် ကိုထူးလေးကို နှိုးပြီး ပိုက်ဆံပေးသည်။ ရဲမြင့်က...

"ကိုထူးလေး ကျွန်တော်ရှင်းမှာနော်၊ ဒီကအစ်ကိုဆီက မယူနဲ့"

ဤတစ်ကြိမ်တွင် သူ ခံလိုက်ရသည်။ ကိုထူးလေးက ရဲမြင့်စကားကို နားထောင်၏။ သူ ဘယ်လိုပေးပေး မယူ၊ သဘောကျသည် တိတ်ဆိတ်မှုကြောင့် ပို၍ ကျယ်လောင်နေသကဲ့သို့ ထင်ရ၏။

*



(၁၃)

တစ်နေ့တည်း ဗွာနနှစ်ခုခန့် ရောက်သွားသည်။ သန်ဘက်ခါဟု ချိန်သည်။ ရုံးချုပ်က ဆင်းလာချိန်တွင် နေ့လည် နှစ်နာရီ ထိုးနေပြီ။ ရပ်လိုက် သွားလိုက် ထိုဗွာန ပြေးဆင်းလိုက် အပေါ်ပြန်တက်လိုက် လုပ်ခဲ့ရသဖြင့် တစ်ကိုယ်လုံး နုံးချိသွား၏။

လမ်းတစ်ဘက်သို့ ကူး၍ ဘချိုတို့ ရုံးသို့ဝင်သည်။ အဆင်သင့်ပင် ဘချိုအား တွေ့သဖြင့် ခေါ်ခဲ့ပြီး သက်သာလက်ဘက်ရည်ဆိုင်တွင် ထိုင်ဖြစ်သည်။

"မင်း တွေ့လိုက်သေးလား စိုးမင်းဦး"

ပင်ပန်းမှုကြောင့် စိတ်အတွေးက နီးနီးကြားကြား ရှိမနေ။ လက်ဘက်ရည်သောက်ရင်း ငဲ့ကြည့်မိသည်။

"ဘာကိုပြောတာလဲ ဘချို"



www.burmeseclassic.com

www.burmeseclassic.com



"မာလာတို့သတင်းလေကွာ၊ သူ့ယောက်ျားနဲ့ ကွာရှင်းလိုက်ပြီ ဆိုတာလေ"

အေး ဖတ်ဖြစ်သားပဲ ဟု ခပ်ပေါ့ပေါ့ ဖြေလိုက်သည်။

"မင်းဘယ်လိုမှမခံစားရဘူးလား"

"ဘာကိုခံစားရမှာလဲ ဘချို၊ သူငယ်ချင်းတစ်ယောက်အနေနဲ့တော့ စိတ်မကောင်းဖြစ်မိတာပေါ့ကွာ"

"သူတို့ပြဿနာ မင်း သိရဲ့လား"

ဘယ်သိပါ့မလဲ၊ ငါ မေ့ထားလိုက်ပြီ ဘချို"

"ဖြစ်တာကဒီလိုကွ၊ သူ့ယောက်ျားက ကောင်မလေးတစ်ယောက်နဲ့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်တယ်ဆိုတယ်၊ မာလာသိတော့ ဒေါသပေါက်ကွဲပြီး အတင်း ကွာရှင်းလိုက်တယ်ဆိုပဲ၊ ဟိုက ရှင်းပြပြီး တောင်းပန်သေးတယ်တဲ့၊ ဘာမှမဟုတ်ဘူး ပေါ့ကွာ၊ ဒါပေမဲ့ မာလာ့စိတ်ကို မင်းသိတယ်မဟုတ်လား၊ ဘူးဆိုရင် ဖရုံမသီးတတ်ဘူးလေ၊ ခုထိဒီအတိုင်းပဲ၊ သူတို့မှာ သမီးလေး တစ်ယောက်ရှိသေးတယ်လေ၊ အဲဒါက မာလာ့ဆီမှာလို့ပြောတယ်၊ ဟိုတလောကတောင် ငါနဲ့ မြို့ထဲမှာ ဆုံဖြစ်လို့ စကား ပြောကြသေးတယ်၊ မင်းနဲ့တွေ့သေးလားလို့ မေးတယ်ကွ"

အာတ်နံ့ရုံကို မှီထားလိုက်မိသည်။

ရထားနှင့် ပြန်မည်ဟု တွေးကာ ၃ဂ လမ်းအတိုင်းဘူတာကြီးဘက်





လျှောက်ခဲ့သည်။ ဤနေ့တွင် မွန်မွန်ဆီ မသွားဖြစ်တော့ဟု တွေး၏။ နယ်တွင်အနေများ၍လားမသိ၊ ရန်ကုန်၌ တိုးတိုးဝှေ့ဝှေ့ သွားရလျှင် ယခင်ကထက်ပို၍ ပင်ပန်းသည် ထင်၏။ မနက်ဖြန်တွင်တော့ ရုံးချုပ်သို့ လာရန် အကြောင်းမရှိသဖြင့် မွန်မွန့်ထံ အစောဆုံးသွားမည်ဟု စိတ်ကူးသည်။

ဈေးရှေ့အရောက်တွင် ဈေးထဲမှ ထွက်လာသူ တစ်ဦးနှင့် ရင်ဆိုင်တိုးမိမတတ် ဖြစ်သွားသည်။ နှစ်ဦးသား တုံ့ခနဲ ရပ်လိုက်မိပြီး တစ်ဦးကို တစ်ဦး ကြည့်ဖြစ်ကြသည်။

"*နုတ်ဆောင် မဆက်ချင်တော့ဘူးလား*"

မျက်ယွင်းသွားသော မျက်နှာကို အချိန်မှီ မြင်လိုက်၏။ သို့သော် သူမ သိသွားသည်။

"ဒီလိုသဘောမျိုးမရှိပါဘူး မာလာ"

နီးကပ်စွာ ရပ်နေမိပေမဲ့ ဝေးကွာလွန်းသလို ခံစားရသည်။ မသက်ဆိုင်တော့ဘူးလားဟူသော အသိကြောင့်ဖြစ်မည် ထင်၏။ တကယ်အဝေးမှလှမ်းမြင်မိလျှင် ရှောင်ကွင်းမိပေမည်။ ဆုံစရာအကြောင်း မရှိတော့ပေမဲ့ မကုန်သေးသော ကံတရားကြောင့် မျက်နှာချင်းဆိုင် တိုးလေခြင်းဟု အောက်မေ့မိသည်။

"ဘယ်ကပြန်လာတာလဲ စိုး"

ဟိုစဉ်ကလိုပင် သုံးစွဲလိုက်သဖြင့် ရင်ထဲ လှုပ်ခါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုံးချုပ်ကပြန်လာတာပါ"

"အိမ်ပြန်ဖို့ပဲရှိတော့တယ် မဟုတ်လား၊ မတွေ့ရတာလဲ ကြာနေပြီ နော်စိုး၊ အားမယ်ဆိုရင် စကားလေးဘာလေးပြောချင်တယ်"

ဦးစွာ ငြိမ်းမည်ဟု စိတ်ကူးဖြစ်၏။ အားငယ်မှော့တော့စွာတောင်းပန်နေသော မျက်ဝန်းတို့ကို ဆိုင်၍ မကြည့်ရံသဖြင့် လွှဲဖယ်မိသည်။ အားငယ်နေချိန် သူငယ်ချင်း ဟူသောသံယောဇဉ်။ တောင်းဆိုနေသော မျက်ဝန်း လဲ့လဲ့များကြောင့် ငြင်းဆန်မည်ဟူသော အတွေးပျက်ပြယ်သွားသည်။ တင်းထားသမျှ တစ်ထစ်လျှော့လိုက်မိ၏။

"အချိန်နည်းနည်းတော့ ရပါတယ် မာလာ၊ အိမ်မှာလဲ လုပ်စရာလေးတွေ ရှိနေသေးလို့ပါ"

"ဝမ်းသာလိုက်တာ စိုးရယ်"

သူမ ပြုံးရယ်လိုက်သည်ကိုကြည့်၍ သက်ပြင်းကို တိတ်တခိုးချဖြစ်၏။

"ဒါဆိုသွားကြမယ်လေ"

သူမ ခြေလှမ်း ပြင်ချိန်ထိ သူတွေဝေနေဆဲ။ ငြင်းဆန်လိုက်လျှင် ယခုချိန်ဆို မျက်ကွယ်ပြုရာအရပ်သို့ ရောက်နေလောက်ပြီ။

တစ်ဘက်သားပေါ် အားနာမှုကြောင့် အသွားချင်သည့် လမ်းသွားရတော့မည်။ မပြောချင်သည့် စကားများ ပြောရဦးမည်။ ရင်အစုံသည် ပူပင်စပြုသည်၊ တုံ့နှေးသော သူ့ ကိုကြည့်ပြီး …





"စိုး မလိုက်ချင်ရင်လဲ နေပါ၊ အတင်း မခေါ်ပါဘူးနော်"

"ရုံးကိစ္စကို စိတ်ရောက်သွားလို့ပါ မာလာ၊ ကဲ ဘယ်သွားမလဲ သွားလေ"

သူမမျက်နှာလေး ကြည်လင်ဝင်းပသွားသည်ကို တွေ့၏။ အချိန်အနည်းငယ်မျှ သူမ စိတ်ချမ်းသာပါစေဟုတွေးကာ စတင် လျှောက်လိုက်သည်။ အုတ်ကွက်များ စီစီရီရီ ခင်းထားသော ပလက်ဖောင်းကို မလိုအပ်ပဲ ငုံ့ကြည့်းရင်း လျှောက်ကြသည်။

"စိုး အသား ဖြူလာတယ်နော်၊ ပြီးတော့ အရပ်လဲ ရှည်လာတယ်"

သူ မပွင့်တပွင့် ပြုံးလိုက်သည်။

"စကားပြောတာလဲ အရင်လိုမဟုတ်တော့ဘူး၊ တစ်လုံးချင်း ခပ်လေးလေးပြောတယ်၊ စိုးကိုသာ မမြင်ရဘူးဆိုရင် လူကြီး တစ်ယောက် ပြောနေတာပဲလို့ ထင်မိမယ်"

ဂရုတစိုက်ရှိသည်ဆိုသော အနက်။

"တကယ်လဲ တို့အသက်တွေ မငယ်တော့ပါဘူးမာလာ"

"မာလာကတော့ အရင်ကလိုပဲထင်တယ်"

ကြည်လွင်သောရယ်သံကို ပထမဦးဆုံးအကြိမ် ကြားလိုက်ရ၏။ ချည်သည်ကို ရည်ညွှန်း၍ ပြောသည်မသိ။ သူမ ရပ်တန့်လိုက်၏။ ထို့နောက် တစ်ချက်ကြည့်ပြီး တိုက်လေုကားပေါ်လှမ်းတက်၏။



www.burmeseclassic.com

www.burmeseclassic.com



လေးထပ်တိုက် အခေါက်အဦကို သူမော့ကြည့်စဉ်...

"လာလေ စိုး"

"အင်း ... တက်ပါ မာလာ"

လှေကား သုံးလေးထစ်ခွာပြီး ဖြည်းလေးစွာ သူတက်ခဲ့သည်။ သူမအခန်းပဲလား။ အခန်းထဲ၌ ဘယ်သူတွေ ရှိနေမလဲ၊ သူမစိတ်ကို သိသဖြင့် မမေးဖြစ်ပါ။

ပထမထပ် ညာဘက်တခါးပေါက်ရှေ့တွင်ရပ်ပြီး ဘဲနှိပ်သည်။ သူတစ်ထစ်ခွာပြီးရပ်စောင့်၏။ ချောင်ပေါက်မှ သစ်သားပြားလေး ဘေးသို့ ဖယ်သွားပြီးနောက် မျက်လုံးတစ်စုံကို တွေ့ရ၏။ ခဏအကြာ မှတ်ခနဲ တံခါးပွင့်သွားသည်။

"ဒါ ... မာလာ့အခန်း။ ဒါ ... မာလာ့သမီးလေ"

ရပ်နေသော သုံးနှစ်အရွယ်ကောင်မလေးကို ရင်ခွင်ထဲပွေ့ရင်း ပြောသည်။ လာပါဟု ပြောတော့မှ ညှော်ခန်းထဲ ဝင်ဖြစ်သည်။ ဆိုဖာထိုင်ခုံတွင် ဝင်ထိုင်ပြီး အခန်းကို အကဲခတ် ဝေ့ကြည့်မိ၏။ အခန်း၏ ခြောက်သွေ့ခြင်းကို သိရှိခံစားရသည်။

"စိုးက အအေးမသောက်ဘူးနော်၊ ဒေါ်ထားရေ...ကော်ဖီ ဖျော်လိုက်ပါ"

"နေပါစေ၊ ခုနလေးတင် ကင်တင်းက သောက်လာခဲ့တယ်"

"ကော်ဖီတစ်ခွက်နဲ့ ဘာမှမဖြစ်ပါဘူး စိုးရယ်"





မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်၍ ပြောသည်။ ကလေးမလေးကသူ့ကို မြူးကြောင်ကြောင်ကြည့်နေသည်။ ပြိုကွဲသွားသော အိမ်ထောင်စု၏ ဒဏ်ရာဒဏ်ချက်များကို ဘာမှမသိရှာသေးသော ကလေးအနေနှင့် ခံစားသင့်ဟု ထင်၏။ ကလေးအလေး၏ဆန္ဒကို မျက်ကွယ်ပြုရက်သူတို့ကို သူ နားမလည်နိုင်ပါ။

"စိုး အခု ဘယ်မြို့မှာ တာဝန်ကျနေသလဲ"

.........မြို့ဟု ဖြေလိုက်သည်။ မြို့၏နေအထားနှင့် မြို့၏ ညှော်ပင်သာယာမှုကို စကားမရှိစကားရှာပြီး မေးနေသဖြင့် ဖြေရသေးသည်။ စကားစ,ပါးချိန်တွင် ...

"စိုး အသက်လဲ မငယ်တော့ဘူးနော်၊ ကြီးမှဝက်သက်ပေါက်ရင် အကုရခက်နေအုံးမယ်"

သူ ဘာမှပြန်မပြောဘဲ ရယ်နေလိုက်သည်။ ဤအချိန်ထိ မပြောင်းလဲခြင်းကို သူမကြောင့်ဟု ထင်နေမလား မသိ။ တိုက်တွန်းသည့်စကားဟု ယူဆရန်လည်း ခက်နေ၏။ သူမအကြည့်၌ အရယ်ရိပ် လွှမ်းနေသည်။

"ဒီမှာ ကြာဦးမှာလား"

"မကြာပါဘူး။ နောက်တစ်ရက်နှစ်ရက်ဆို ကိစ္စပြတ်ပါပြီ ၊ ဟိုမှာကလဲ အလုပ်တွေ ပုံကျန်ခဲ့သေးတယ်"

"မပြန်ခင် လာလည်ပါဦးလား၊ စကားပြောဖော် မရှိတော့ တစ်ခါတစ်လေ ပျင်းတယ် စိုး။ ပြီးတော့ ငယ်သူငယ်ချင်းတွေ ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ပြောရတာ လွတ်လပ်ပျော်စရာ ကောင်းတယ်လေ"

ကြိုးစားကြည့်ပါ့မယ်ဟု မယုတ်မလွန် ပြန်ဖြေလိုက်သည်။

ကော်ဖီရောက်လာသဖြင့် စကားစ ပြတ်သွားသည်။ ဤအခန်း၌ တခြားသူတို့၏ အရိပ်လက္ခဏာ မတွေ့ရသောကြောင့် မာလာတို့ သားအမိနှင့် အိမ်ဖော်တစ်ဦးသာ နေသည်လားဟုတွေးမိသည်။ သူမကော ဘာတွေလုပ်နေသလဲ။ ရှေ့ခရီးအတွက် ကြိုတင်ပြင်ဆင်ထားပြီလား။ ဤအတိုင်း နေသွားဖို့ဆိုသည်မှာ လွယ်မယောင်နှင့် ခက်တတ်သည်ကို နားလည်သဖြင့် သက်ပြင်းချမိသည်။သို့သော် ဘာတစ်ခုမှ မေးရန်မရည်ရွယ်။ ဤအချိန်၌ မမေးခြင်းက အကောင်းဆုံး ဖြစ်မည် ထင်သည်။

လပ်ပျာနေသော ကွက်လပ်ကို ထောက်ပြခြင်းသည် ထိုကွက်လပ်ကို ဖြည့်လို၍ဟု အထင်ရောက်သွား ပေလိမ့်မည်။ နာရီကို အမှတ်တမဲ့ ကြည့်လိုက်စဉ်...

"ပြန်ချင်နေပြီလား စိုး"

"မဟုတ်ပါဘူး မာလာ၊ အကျင့်ဖြစ်နေလို့ပါ။ ရုံးမှာ လုပ်တာဆိုတော့ ရုံးဆင်းချိန်ရောက်ပြီလား ဆိုပြီး ထိုင်ခုံစ ထိုင်တဲ့အချိန်ကစပြီး နာရီတကြည့်ကြည့် လုပ်မိတယ်လေ၊ ဒါကြောင့်ပါ"

"စိုးတောင် ဆင်ခြေတွေ တတ်နေပြီ။ ပြန်ရင် ကားနဲ့ လိုက်ပို့ပေးပါ့မယ်၊ စိတ်ချ"





ချွေးစို့လာသဖြင့် တိုက်ပုံအင်္ကျီကို ဖွင့်လိုက်သည်။

"အိုက်ရင် ချွတ်ထားလိုက်လေ"

"ရပါတယ်မာလာ၊ သိပ်မအိုက်ပါဘူး"

"ကဲ...သမီး၊ ဒီဦးဦးကို သေသေချာချာမှတ်ထားနော်၊ ဦးဦးက ဟိုးအဝေးကြီးက လာရတာသိလား"

ကောင်မလေးက အသေအချာ လှမ်းကြည့်နေသည်။

* * *

ကားကို ကျင်လည်စွာ မောင်းနေသော မာလာ့ကို ကြည့်ပြီး ငယ်စဉ်က မာလာကို သတိရသည်။ လမ်းသွယ်ထဲ ချိုးကွေ့ဝင်လိုက်သည်နှင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သည်။ အိမ်ရှေ့ထိ လိုက်ပို့လျှင် မေကြ မြန်းကြတော့မည်။ လမ်းမထဲမရောက်မီ ဗန်ဒါပင်အောက်တွင် ကားကို ထိုးရပ်လိုက်သည်။

"အိမ်အထိတော့ လိုက်ပို့ချင်ပါတယ် စိုး၊ ဒါပေမယ့် ဒီအချိန်မှာ တတ်နိုင်သရွေ့ သူများအပြောက လွတ်အောင် နေ့နေရတယ်လေ"

"ကျေးဇူးပဲ မာလာ"



www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်ပြီး ဆင်းလိုက်သည်။ တံခါးပေါက်မှ ခေါင်းကြည့်၍...

"အားရင်လာခဲ့ပါဦးနော်။ စိုးနဲ့စကားပြောရတာ မာလာ့စိတ်ထဲမှာ..."

တစ်ဝက်တစ်ပြက်နှင့် ပြတ်ကျသွား၏။ မဝေရှန်းလဲ့သော မျက်ဝန်းထဲတွင် ရှိသည်။ သက်ပြင်းသဲ့သဲ့ သူမ ချလိုက်ပြီး...

"သွားမယ်နော်"

ဒီးခနဲ စက်ရှိန်မြင့်ကာ မောင်းထွက်သွားလေသည်။ တဖြည်းဖြည်း ဝေးသွားသော ကားဖြူလေးကို အငေးသား ရပ်ကြည့်နေမိ၏။ တစ်ခါက ကြည့်ခဲ့ဖူးသော ကားဖြူလေးပါ။ သို့သော် အကြည့်ချင်း ကွာခြားခဲ့ပြီ။ ခုတော့ ပူပင်သောက ရောက်နေသော သူငယ်ချင်းတစ်ယောက်ကို စာနာ နားလည်စွာ ကြည့်မိခြင်းဖြစ်၏။

ကောင်းကင်ယံ၌ အလင်းအား မကုန်သေးသော်လည်း အောက်ခြေ မြေပြင်တွင်မူ မှောင်ရိပ်းတဝါး ဖြစ်နေချေပြီ။

O



(၁၄)

"မင်းက တစ်နေကုန်သွားနေရတာဆိုတော့ ပင်ပန်းတယ်၊ အမေတို့က အိမ်မှာပဲ တကုပ်ကုပ်နေရတာလဲဖြစ်၊ အသက် ကလဲ ထောက်လာတော့ အိပ်ချိန် စားချိန်လျှော့ပြီလေ၊ ကဲ ... အိပ်ကြတော့"

အမေက သတိပေးလိုက်သောကြောင့် စကားလက်ဆုံကျနေသော အမနှင့် ယောက်ဖတို့က အိပ်ပျော်နေသော ကလေးများကို ပွေ့ချီ၍ အိပ်ခန်းတွင်းသို့ ဝင်သွားကြသည်။ ညှော်ခန်းထောင့်စွန်း ဘုရားစင်၏ အောက်နားတွင် သူ့အတွက် အိပ်ရာ ပြင်ပေးထားသည်။ အမေက အခန်းဝမှ ရပ်ကြည့်နေသဖြင့် မီးခလုတ် လှမ်းပိတ်လိုက်သည်။ ဘုရားစင်း ပူဇော်ထားသော မီးလုံး၏ အလင်းရောင်ငယ်သာ ထိးထိးကျန်နေ၏။

ခဏ စောင့်ဆိုင်းနေပြီးမှ ဝရန်တာသို့ ထွက်သည့် ပြတင်းပေါက်ကို



www.burmeseclassic.com

www.burmeseclassic.com



ညင်သာစွာ ဖွင့်လိုက်သည်။ ည၏ လေပြည်သည် တိုးဝှေ့ဝင်ရောက်လာ၏။ ဝရန်တာတွင် ရပ်ပြီး အောက်ဘက်ရှိ လမ်းမတစ်လျှောက် ငေးမျှော်ကြည့်မိသည်။ သန်းခေါင်ကျော်လုလု ရှိပြီဖြစ်သဖြင့် သွားလာသူမရှိသလောက်ပင်။

စိတ်ထဲ၌ မတင်မကျ ဖြစ်နေသော စကားအချို့ကို ပြန်လည်ဆန်းစစ်မိသည်။ ထမင်းစားသွားရန် သူမပြောသောစကားကို သူငြင်းပယ်ခဲ့သည်။ ပြန်မယ်ဟု သူပြောချိန်၌ သူမ ထိုစကားကို စတင်ပြောသည်။

"တို့အတွက် သင့်တော်မယ့်သူတစ်ယောက် ရှာပေးပါလား။ စိုးက အတွေးအမြင် တော်တယ်မဟုတ်လား။ ဒါကြောင့်ပါ"

"မာလာ့အထင် မှားနေပြီထင်တယ်၊ ကိုယ် အဲဒီတုန်းက တိုက်တွန်းခဲ့သလား၊ တိုက်တွန်းမှုသဘော သက်ရောက်တဲ့ စကားတစ်ခွန်း ပြောခဲ့သလား"

"စိုး မေ့နေပြီပေါ့"

"မဟုတ်သေးပါဘူးလေ၊ တို့နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ဘယ်သောအခါကမှ တို့မမေ့တတ်ဘူး ဆိုတာ မာလာသိပါတယ်နော်"

"မာလာကလဲ ဘယ်ကိစ္စမဆို မမေ့တတ်ဘူး ဆိုတာကော၊ ပြီးတော့ ဘယ်အခါကမှ ခေါင်းငုံ့မနေတတ်ဘူး ဆိုတာရော သိသေးရဲ့လား စိုး"





မြင့်တက်လာသည့် ဆန့်ကျင်ဘက်စကားကို သူမတုံ့ပြန်ချင်တော့ တုံ့ပြန်ဖို့ မလိုအပ်ဟု ထင်သည်။ မလိုလားအပ်သော အမှားတစ်ခု မဖြစ်စေချင်၊ သူမ ပြောင်းလဲသွားပြီဟု ထင်ခဲ့သောအတွေးကို သံသယဖြစ်မိသည်။ အချိန်ကာလသည် ပြောင်းလဲစေတတ်သောသဘောကို ဆောင်ပေးမယ့် သူမအတွက်တော့ ဟုတ်မှ ဟုတ်ပါလေစ။

အရုဏ်ဦးသည် အချိန်တန်က ရောက်လာတော့မည်ဟု သိသော်လည်း အတော်ကြီး ဝေးနေသေးသည်။

* * *

မရှိဘူးဆိုသည့် စကားကြောင့် လှည့်ပြန်ရန် လုပ်သည်။ သူ့ဘေးမှဖြတ်ဝင်လာသော ကျောင်းသူတစ်စုထဲမှ တစ်ယောက်ကို လှမ်းမေးပေး၏။ သပြေနုဆိုင်မှာ တွေ့ခဲ့တယ်ဟူသော အဖြေကြောင့် သူရပ်နေလိုက်သည်။ ဒီလမ်းထိပ်က ထမင်းဆိုင်လေးမှာတဲ့ ဟု ထပ်ပြောသည်။ ကျေးဇူးတင်စကားဆိုကာ သူမညွှန်ပြသည့်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

ဆိုင်ဟု အသေအချာ ဖွင့်ထားခြင်းမဟုတ်ချေ။ အိမ်အောက်တွင် စားပွဲဝိုင်း သုံးလေးဝိုင်း ချခင်းကာ မိသားစုတနိုင် ရောင်းချသော ဆိုင်ငယ်လေး ဖြစ်သည်။

ဆိုင်းဘုတ်ဟူ၍ မယ်မယ်ရရမရှိ။ အိမ်နံရံ၌ မြေဖြူခြင့် ရေးထား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ဖတ်လိုက်ရသည်။ ခြံဝင်းတံခါးပေါက်မှ ဝင်လိုက်လျှင် မွန်မွန်တို့ကို လှမ်းတွေ့လိုက်ရသည်။ ခြံပတ်လည် ကာရံနေသော ပုဏ္ဏရိပ်စည်းရိုးကြောင့် လမ်းထက်က ရုတ်တရက် မမြင်နိုင်။

မွန်မွန်က ကျောပေးထားသည်။ သူမနှင့် မျက်နှာချင်းဆိုင် နေရာယူထားသည့် ရဲမြင့်ကို မမျှော်လင့်ဘဲ တွေ့ရပြန်သည်။ လှမ်းသတိ ခြေပင် တုံ့သွားစေသည်။ ရဲမြင့်က လှမ်းရယ်ပြပြီး သူမအား ပြောသည်။ သူမ လှည့်ကြည့်၏။ ရှောင်ဖယ်ရန် မဖြစ်နိုင်တော့သဖြင့် မှန်တန်လျှောက်သွားလိုက်၏။ သူမက ဆီးကြိုရယ်ပြရင်း...

"ဦး ပါလား။ ဒီမှာ ထမင်းကျွေးမယ့်လူက တကူးတကက ရောက်နေတာနဲ့ မစားချင်စားချင်နဲ့ လိုက်စားနေရတာ"

ရဲမြင့်က ထမင်းပန်းကန်ကို လက်ညှိုးထိုးပြပြီး လက်ငါးချောင်းထောင်ပြသည်။ ငါးပန်းကန်ရှိပြီဆိုသည့် အဓိပ္ပာယ်ပင်။ လွတ်လပ်ပေါ့ပါးသော ခင်မင်မှု နယ်ပယ်လေးကိုကြည့်၍ ကြည်နူးစိတ် ရင်ဝယ်ဖုံးသွားသည်။ ထိုင်လေ ...ဦး ဟုဆိုသဖြင့် ရဲမြင့်ဘေးမှ ခုံလွတ်တွင် ဝင်ထိုင်လိုက်သည်။ ထမင်းဆိုင်ရှင်က စားပွဲဆီသို့ လှမ်းကြည့်သည်။ ရဲမြင့်က ...

"ထမင်းစားပါဦးလား အစ်ကို"

"စားပြီးပါပြီ"

မွန်မွန်က အားမနာနဲ့နော်ဟု ဝင်ပြောသည်။ သူရယ်၍...

"တကယ်စားပြီးပါပြီ၊ မွန်မွန်တို့ စားကြပါ"





"အအေးလေး ဘာလေး ရှိရင်တော့ အကောင်းသား။ ဒီမှာတော့ ရေနွေးပဲရှိတယ်"

မွန်မွန်က ပြောသည်။

"ဒါဆိုရင် တို့အအေးတိုက်ပါ့မယ်၊ သူက ထမင်းတာဝန်ယူ၊ တို့က အအေးတာဝန်ယူ၊ ဟုတ်ရဲ့လား မွန်မွန်"

"ဦးကလဲ ...မဟုတ်တာ၊ မွန် အအေးတိုက်ပါ့မယ်"

"နောက်ကျမှပေါ့။ ခုတော့ တို့တာဝန်ပဲထားပါ"

သူမ ဘာကို သဘောကျသည်မသိ။ ရယ်သည်။

* * *

အိတ်ကပ်ထဲမှ ဆေးပေါ့လိပ်ကိုထုတ်လိုက်၏။ ရဲမြင့်က စီးကရက်ဘူးကို လှမ်းပေးသည်။ စီးကရက်က ခရီးသွားရင် သောက်တာပါ။ အစ်ကိုက ဒါပဲကြိုက်တယ်ဟု သူပြော၏။ ဆေးလိပ်မီးညှိနေခဲ မွန်မွန် လှမ်းမေး၏။

"ဦး ဘယ်နေ့ပြန်မှာလဲ"

"သန်ဘက်ခါ"

"ကျွန်တော်က စနေနေ့ပြန်မယ်၊ အစ်ကိုကိုစွ အရေးမကြီးရင် အတူတူ ပြန်ကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ရဲမြင့်က ကြားဖြတ်ဝင်ပြောသည်။

"မြစ်နိုင်ရင် အစ်ကို စောင့်ပါတယ်၊ ရုံးကိစ္စတွေ ရှိနေလို့ ခွင့်ကလဲ အဲဒီရက်အထိပဲရတယ်၊ မဟုတ်ရင် ပြန်ဖော်ရတော့ ကောင်းတာပေါ့"

မွန်မွန်က အအေးဖန်ခွက်၏ မျက်နှာပြင်၌ သီးခိုနေသော ရေစက်ကလေးများကို လက်ညှိုးဖြင့် တို့ကစား၏။ ရဲမြင့်က သူမအား ငဲ့ကြည့်၍…

"ကျွန်တော့အလုပ်ကိစ္စက စနေနေ့လောက်မှ ပြတ်မှာ"

"ရောဂါ …ရောဂါ…သဘော်သားရောဂါ"

သူမ ပြုံးစိစိဖြင့် ပြော၏။ ရဲမြင့်က မျက်မှောင်ကုပ်ပြီး…

"အေးပါ။ နင်ပဲပြော"

ဖွင့်မေးမည်ဟု ရည်ရွယ်၍ လာခဲ့သော်လည်း ရဲမြင့်ရောက်နေသည့်အတွက် မမေးဖြစ်တော့။ သဘော်ပေါ်တွင် ရဲမြင့် ရင်ဖွင့်ခဲ့သော စကားများ ကို သတိတရရှိ၏။ ရဲမြင့် တစ်ဖက်သတ် ချစ်နေသူသည် မွန်မွန်များလားဟု တွေးမိ၏။ ရဲမြင့်ကရော သူ့ကို မည်သို့ထင်မည်နည်း။

သူတွင် မွန်မွန့်ထံ လာရခြင်းအတွက် အကြောင်းပြစရာမရှိ။ ရဲမြင့် ပြန်ချိန်ထိ စောင့်ဆိုင်းရန်မသင့်ဟု ထင်သည်။ ခဏတဖြုတ်လမ်းကြုံရင်း ဝင်လာသည်ဟု ထင်စေချင်၏။

မရေရာသေးသောအဖြစ်ကြောင့် ရှေ့ဆက်ရန် မသင့်ချေ။ ထို့ကြောင့် နှုတ်ဆက်စကားဆိုပြီး ထ,ရပ်လိုက်၏။





"ဦး ပြန်တော့မှာလား၊ ဦးရဲ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမယ်ဆို၊ ဦးရဲ့သူငယ်ချင်းက မွန်မွန်တို့ ဘာသာရပ်က ဦးမျိုးဝင်းနော်၊ ဟုတ်လား"

မထင်မှတ်သော စကားကြောင့် ဘာဖြေရမှန်းမသိ။

"မွန်မွန် အားမှပါ"

"အားပါတယ် ဦး"

ထို့နောက် ရဲမြင့်ဘက်သို့လှည့်ကာ နင်လိုက်ဦးမလား ရဲမြင့် ဟု မေး၏။

"မလိုက်တော့ဘူး၊ ငါပြန်မယ်မွန်မွန်၊ မနက်ဖြန်ကျမှ လာတော့မယ်"

သုံးယောက်သား ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။ ရဲမြင့်က သူ့အား နှုတ်ဆက်ကာ ကားမှတ်တိုင်သို့ ထွက်ခဲ့သည်။ မွန်မွန်ကို ငဲ့၍ ကြည့်မိ၏။ ခေါင်းကလေး ဖျတ်ခနဲ ငုံ့သွားသည်။ မျက်ဝန်းလဲ့လဲ့ကို ခဏအမြင် ရင်ဝယ် လှိုင်းထသွားသည်။

*



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

အဖြူရောင်ဆေးသား အချို့နေရာ၌ လွင့်ပြယ်နေ၏။ ကျန်ရှိနေသေးသော ဆေးသားကို လက်ညှိုးဖြင့် ကုတ်ခြစ်နေသော မွန်မွန့်ကို သူတစ်ချက် ကြည့်၏။ ထို့နောက် အဓိပတိလမ်းတစ်ဖက်ရှိ သစ်ပုတ်ပင်ဆီ ကြည့်သည်။ ဖြာထွက်နေသော သစ်ကိုင်းဖျားထက်၌ ဗျိုင်းဖြူတစ်ကောင် နားနေသည်။

"မျက်တောင်တစ်ခပ် ရည်ရွယ်ပြီးပြောတာ မဟုတ်ပါဘူး မွန်မွန်ရယ်၊ နောက်ဆုံး မျက်လုံးအစုံ မှိတ်သည်အထိ ရည်ရွယ်ထားပါတယ်၊ မွန့်ဘက်ကလဲ အလောသုံးဆယ် ဆုံးဖြတ်ပါလို့ မတိုက်တွန်းပါဘူး၊ ဒါပေမယ့် သိတော့ သိစေချင်တယ်၊ မွန်မွန် စဉ်းစားပါ၊ တို့ စောင့်နေပါ့မယ်"

မြက်ခင်းစိမ်းစိမ်းအချို့ထက်၌ ပန်းကြွေတို့ ရှိနေ၏။ ကဲ...ပြန်ကြ





ရအောင်၊ မွန်မွန်လဲ စိတ်ပင်ပန်းနေရောပေါ့ဟု သူ ပြောလိုက်သည်။

ထိုင်ခုံမှ ဖြည်းညင်းစွာ သူမ ထ,ရပ်သည်။ နီမြန်းမြန်း မျက်နှာလေးကို ကြည့်၍မဝ။ သို့ပေမယ့် အလိုက်တသိ လွှဲဖယ်ထားမိသည်။ စကားသံမဲ့သော ရင်ခုန်ခြင်းနှင့်အတူ ပြန်ခဲ့ကြ၏။

ကျေနပ်တယ် မွန်မွန်။

ဖွင့်လှစ်ပြောပြလိုက်ရတာနဲ့ပဲ ကျေနပ် ပြည့်စုံသွားတယ်။

ချစ်ရတဲ့သူအဖို့ ဘာကိုပဆို ကျေနပ်လက်ခံမှာပါ။

ပေးချင်တာပေးပါ။ ရင်ထဲက အချစ်တွေ လျော့သွားမယ်လို့ မထင်ပါနဲ့။

ပေးဆပ်ခြင်းလဲမဟုတ်။ ရယူခြင်းလဲ မဟုတ်။

ချစ်ခြင်းဟူသည်...။

* * *

ရုံးမဆင်းမီလေးတွင် အားလုံး ပြီးပြတ်သွားသည်။ ပင်ပန်းထားသမျှ ပြေပျောက်သွားသကဲ့သို့ ခံစားရ၏။ ဘချို့နှင့် ချိန်းထားသော သက်ဖက်ရည်ဆိုင်သို့ လျှောက်ခဲ့၏။ လမ်းထက်တွင် ရုံးဆင်းချိန်မို့ လူများ ဖွေးဖွေးလှုပ်နေသည်။

မနက်ဖြန်ညနေတွင် မြို့သို့ ပြန်ရတော့မည်။ မွန်မွန်ထံ မနက်ပိုင်း၌



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်လျှင် ကောင်းမည်လားဟု တွေးဖြစ်သည်။

သွားတော့ သွားချင်သည်။ သို့သော် ပြောစရာစကား ရှာမရ။ နှုတ်ဖြင့် အသိပေး ဖွင့်ပြောပြီးပြီမို့ စဉ်းစားချိန် ပေးသင့်သည်ထင်၏။

ချက်ချင်းလက်ငင်း ကြားသိလိုပေမယ့် တစ်ဖက်ကို ငဲ့ရသေးသည်။ ဤမျှအထိ လိုက်လျောသည်ကိုပင် နားလည်ဖို့ကောင်း၏။ ပြီးတော့ နားပူနားဆာ လုပ်သင့်သောအရွယ်လဲ မဟုတ်တော့ဘူးလေ။

ထိုစဉ် ဘချိုတို့ ရောက်လာကြသဖြင့် အတွေးပျက်သွား၏။ ဘချို နှင့်အတူ သန့်ဇင်ကိုပါ တွေ့ရသဖြင့် ဝမ်းသာသွားသည်။ အောင်သော် အား သတိတရ မေးမိ၏။

"ကျိုင်းတုံရောက်နေတယ်၊ ဒီကောင် ထောနေတယ်ကွ စိုးမင်းဦး"

အလုပ်ကိစ္စအသီးသီး မေးဖြစ်ကြသည်။ အဆင်ပြေ မပြေ မိသားစု အကြောင်း အသီးသီး မေးဖြစ်ကသည်။ ပါးစပ်ပေါက်တွေ ထပ်တိုးလာ သည့်အကြောင်း။

"မင်းကော တို့ကိုအားမကျဘူးလား စိုးမင်းဦး။ ဘာလိုလို့နဲ့ မင်းလဲ မငယ်တော့ဘူးနော်၊ သုံးဆယ်ရှိပြီတော်ကြာ တောင်ဝှေးကိုင်ချိန်မှ မိန်းမယူချင်ရင် ဒုက္ခရောက်နေမယ်"

"ပုတီးစိပ်ပြီး စိတ်ဖြေရတာပေါ့"

သန့်ဇင်က ကိုယ်ကို ရှေ့တိုးပြီး ခပ်တိုးတိုး ပြောသည်။

"မာလာက ဉာဏ်ဝင်းနဲ့ ပြန်တွဲနေတယ်"





"ဉာဏ်ဝင်းမှာ အိမ်ထောင်နဲ့မဟုတ်လား"

"အေး...ဒါပေမယ့် ဇာတ်လမ်းတွေ ရှိခဲ့ဖူးတယ်လေ။ ဉာဏ်ဝင်းက သဘော်လိုင်းနှစ်ခုလောက် ကိုင်ထားတယ်၊ သူ့ရုံးမှာ မာလာက ကိုယ်ရေး အတွင်းရေးမှူး ဆိုပါတော့"

ရင်၌ သက်ပြင်းများ စုဝေးလာသည်။ မင်းနဲ့ တွေ့သေးတယ် မဟုတ်လားဟု ဘချိုက ဝင်ထောက်သည်။ သူ ခေါင်းညိတ်လိုက်၏။

"ဘယ်လိုလဲ၊ အခြေအနေက"

"သူငယ်ချင်းတစ်ယောက်အနေနဲ့ပါကွာ၊ တခြား မရှိးမသား မရှိပါဘူး"

"မင်းကြီးတော်၊ မင်းကို ပြောတာမဟုတ်ဘူး။ မင်းအကြောင်း တို့သိသားပဲ"

"ဒါ မခန့်မှန်းတတ်ဘူးကွာ၊ ဒါပေမယ့် သူတစ်ယောက်တည်း ရပ်တည်နေတာကိုတော့ သတိထားမိတယ်။ ဖြစ်သင့်တာက မိသားစုနဲ့ ပြန်နေဖို့ကောင်းတယ်။ ဒါပေမယ့် မပြောဖြစ်ပါဘူး။ သူ့စိတ်က ဒါဆိုရင် ဒါပဲဆိုတာ မင်းတို့လဲ သိပါတယ်။ သူ ဘာလုပ်မယ်ဆိုတာ သူပဲ သိမှာပဲ"

"အေးကွာ၊ ခက်တော့ ခက်သား"

သူမ အထင်မှားနေသောအဖြစ်ကို ဖွင့်ပြောပြချင်သည်။ ဖွင့်ပြော လျှင် သူမပေါ်တွင် ကျေနပ်မှုများသာ ဖြစ်ပေါ်လာလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

သူမအတွက် အကျိုးမဲ့စေသော စကားမို့ ရင်ထဲ သိမ်းဆည်းထားခြင်းသည် အကောင်းဆုံးဟု ထင်၏။ ရုတ်တရက် တွေ့ဆုံခိုက်မို့ မထိန်းချုပ်ခြင်းသာ ဖြစ်မည်ဟု ဖြေသိမ့်တွေးရ၏။ ထိုအတိုင်း ဖြစ်ပါစေလေ။

* * *

"မာလာ ခုလေးတင် လာသွားတယ်"

ဆီးကြို၍ အမေ ပြောလိုက်သည့်စကားကြောင့် မျက်နှာပျက်ယွင်းမတတ် ဖြစ်သွားသည်။ ထိုင်နေသော အမေ့ကို ကျောပေး၍ တိုက်ပုံအင်္ကျီ သွားချိတ်လိုက်သည်။ ပြီးမှ ထိန်းချုပ်ထားသော စိတ်နှလုံးဖြင့် အမေ့ရှေ့တွင် ဝင်ထိုင်လိုက်၏။

"လမ်းမှာတင် အဝင်အထွက် လွဲသွားလိမ့်မယ်၊ မင်း ရောက်နေတာကို မာလာ သိတယ်"

အမေ့အကြည့်က ရင်ထဲထိအောင် ထိုးဖောက်နေသယောင်ရှိ၏။ ဟုတ်လားအမေဟု ခပ်ထိန်းထိန်းပင် ပြန်ပြောလိုက်၏။ အမေသည် စားပွဲထက်တွင် တင်ထားသော ဖိတ်စာကို လှမ်းပေး၍ ...

"သူ့သမီးမွေးနေ့အတွက် လာဖိတ်တာတဲ့၊ ဆက်လက် လာခဲ့ပါတဲ့၊ အသေအချာ မှာသွားတယ်"





ဖိတ်စာကို ယူကြည့်၏။ သူ့နာမည်တစ်ခုတည်း ရေးထားသည်။

"အမေတို့ကိုရော"

"အမေတို့ကို ဖိတ်မှ မဖိတ်ဘဲ"

မှာသွားကြောင်း သိလိုက်သော်လည်း ပြင်ဆင်၍ မရတော့။ ခေါင်းထိုသာငုံ့၍ ဖိတ်စာကို ဖွင့်ဖတ်နေမိ၏။ မနည်း အားယူ၍ ဖတ်ရသည်။ မနက်ဖြန် ရုံးနာရီဟု သိလိုက်သည်။ သန်ဘက်ခါဆိုလျှင် ရှောင်လွှဲလို့ရဦးမည်။ ဒါမှမဟုတ် ညနေဖြစ်လျှင် သဘော်ဆိပ်ဆင်းရမှာမို့ ရှောင်လွှဲနိုင်၏။ ခုတော့ ...

အမေ မသိအောင် သက်ပြင်းယဲ့ယဲ့ ချမိသည်။

* * *

အကြောင်းတစ်ခုခုပြ၍ ရောက်ရောက်ချင်း ပြန်မည်ဟု ကြံတင်ထားထားသည်။ ရင်အစုံ မိုးသားအုပ်ဆိုင်းသကဲ့သို့ မှိုင်းမှုန်နေ၏။ သိသိသာသာ လေးလံနေ၏။ ဘယ်သူတွေနှင့် ရင်ဆိုင်တွေ့ရမလဲဟု တွေးဖြစ်သည်။ ဒဲကျွမ်းဖူးသော မျက်နှာများကိုသာ မြင်ယောင်လိုက်၏။

ဘချိုတို့ပါမည်မဟုတ်ဟု အတတ်သိသည်။ ရှောင်လွှဲမည် ဆိုပါက ဒီတစ်နေ့ကပင် ရှောင်လွှဲခဲ့ဖို့ ကောင်း၏။ အမေ့အား မာလာ သွားသည်။ ညနေဘက် ဆိပ်ကမ်းဆင်းရမည်ဟု အမေပြောလိုက်ထို့ကြောင့် ဆက်ဆက်လာခဲ့ရမည်ဟု ပြောခဲ့ခြင်း ဖြစ်၏။

ဒီနေ့ညပဲ သွားပြီဟု အမေပြောလိုက်လျှင် ယခုလို ပူပင်သောက


www.burmeseclassic.com

www.burmeseclassic.com



ရောက်နေစရာ မလိုချေ။ အမေ့အပြစ် မဟုတ်သလို မာလာ့အပြစ်ဟု လည်း မပြောချင်။ ကံ ဟူသော အရာသည် သူ့ဘက်၌ ရှိမနေခဲ့ခြင်း သာ။

တိုက်ရှေ့တွင် ရပ်ပြီး အချိန်အတော်ကြာ တွေဝေနေမိ၏။ ရယ်သံ များ စကားပြောသံများ တစ်ချက်တစ်ချက် အပြင်သို့ လွင့်ထွက်လာ သည်။ နာရီကို ကြည့်လိုက်သည်။ ကိုးနာရီ ခွဲလုပြီ။

ပွဲချိန်သည် ရှစ်နာရီမှ ကိုးနာရီခွဲအထိ သတ်မှတ်ထား၏ သူ့ရောက် သွားသည့် အချိန်၌ ပွဲချိန်ကုန်လုလု ဖြစ်နေမည်။ ခဏတဖြုတ် စကား ပြောမည်။ စားစရာရှိသည်ကို စားမည်။ ထို့နောက် အရေးကြီးသော ကိစ္စတစ်ခုကို အကြောင်းပြပြီး တောင်းပန်စကားဆိုကာ အမြန်ဆုံး ပြန်ဆင်းလာမည်။ အောက်သို့ရောက်လျှင် ခပ်သုတ်သုတ် ပြန်ရမည်။

အစီအစဉ်ကို စိတ်ထဲက နည်းနည်းကျေနပ်စွာဖြင့် ခြေလှမ်း ပြင်လိုက်၏။ စိတ်နှလုံးအား ထူးခတ်ထားလိုက်ပြီ။ သို့တိုင် ငြိမ်သက်မနေ

ဘဲလ်ကို ထိရုံသာ ထိလိုက်သည်နှင့် ဖျတ်ခနဲ တံခါး ပွင့်သွား သည်။ အလှဆုံးပြင်ထားသော မျက်နှာကို တွေ့လိုက်ရသည်။ ဝမ်းသာရိပ်ကို ဖုံးကွယ်မထားနိုင်အောင် ပေါ်လွင်နေ၏။ ဟိုတုန်းက တွေ့နေကျ အမြဲမျိုးဖြင့် ...

"မလာတော့ဘူးတောင် ထင်နေတာ"

သူတောင်းပန်သည့်အပြုံး ပြုံးလိုက်၏။ ဝင်လေ ဟုပြော ကိုယ်လေး ဝင်သာရုံ ဘီမ်းပေးသည်။ အတတ်နိုင်ဆုံးကိုယ်ကို ရှိ





လှမ်းဝင်လိုက်၏။ သင်းနေသော ရေမွှေးရနံ့ထဲ တိုးဝင်ရသကဲ့သို့ ရှိသည်။

"ဪ... ကိုမိုးဝင်းဦး။ ကျွန်တော်ပဲ ရှိတော့တယ်ဗျာ၊ လာ"

ရုတ်တရက် မမှတ်မိချင်၊ ရယ်လိုက်တော့မှ ကိုညာဏ်ဝင်းဟု သိတော့သည်။ ရှိသည့်အသက်ထက် ပို၍ ရင့်ရော်နေသော်လည်း အဝတ်အစားက ခေတ်ရှေ့ ပြေးလွှန်းနေသည်။ အဝတ်ဖြူ ခင်းထားသော စားပွဲဝိုင်းနှစ်ခုကို တွေ့သည်။ ဆိုဖာခုံပေါ်၌ ကလေးကစားစရာ အရုပ်များ။ စက္ကူသေတ္တာဘူးများ ရှိနေသည်။ ကလေးမသည် ထိုအရုပ် များအကြားတွင် အိပ်နေသည်။

"အရင်းနှီးဆုံး မိတ်ဆွေတွေကိုပဲ ဖိတ်တာ၊ ဒါတောင် အရမ်း ပင်ပန်းတယ် ဗိုး"

သူမ ညွှန်ပြသော စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်၏။ သင်းပျံ့သော အနံ့နို့ခေါက်ဆွဲတစ်ပွဲ အသင့်ရောက်လာ၏။ လက်ထဲမှ မက္ကူဘူးငယ် ကို ကလေးမဆီ လှမ်းပေးလိုက်သည်။ သမီး ဦးဆီက ယူလိုက်လေဟု သူမပြောမှ လှမ်းယူသည်။

"သိုင်းကျူး ဦးဦး"

ချစ်စဖွယ် ပြောသံကြောင့် သူ ပြုံးမိသည်။ ဖျတ်ခနဲ လင်းသွားသည့် အလင်းရောင်ကြောင့် သူလှည့်ကြည့်လိုက်သည်။ ကင်မရာကိုင်ထား သော ကိုညာဏ်ဝင်းက ပြုံးရယ်၍ ...

"အမှတ်တရပေါ့ဗျာ"

သူ ဘာမှမပြောတော့ဘဲ အနံ့နို့ခေါက်ဆွဲ စားနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုညာထ်ဝင်းက မာလာနှင့် ကလေးမလေးကိုဓာတ်ပုံများ ရိုက်ပေးနေသည်။ ကလေးငယ်သည် ပီဘိ အရုပ်သဖွယ်။ အရယ်အပြုံး၊ ကျေနပ်ရွှင်လန်းသော မျက်နှာ ရှိမနေပါ။ ငေးငိုင် မှိုင်တွေခြင်း ကဲနေသည့် အသွင်ပင်။

"ဒီဘက်နည်းနည်းတိုးဦး မာလာ၊ ဟုတ်ပြီ၊ ခေါင်းလေး မော့ထား သမီးပါးကို အသာနမ်းလိုက် ဟုတ်ပြီ"

သုံးလေးပုံခန့် တစ်ဆက်တည်း ရိုက်ယူနေ၏။ မကြည်ချင်ပေမယ့် မြင်နေရသည်။ ဖေဖေကော မလာသေးဘူးလားဟု ကလေးမလေး၏ တီးတိုးမေးသံ ကြားလိုက်ရ၏။ အလှဆုံးပြင်ထားသော သူမမျက်နှာ ယောင်ယောင်လေး တင်းမာသွားသည်။

"မလာတော့ဘူးဘယ်တော့မှ မလာတော့ဘူး...၊ ထပ်မမေးနဲ့"

ကလေးမ မျက်နှာ၌ ထိတ်လန့်ခြင်း ရောထွေးသွားသည်။ နားမလည်နိုင်စွာ ကြည့်ရင်း မျက်ရည်ဝိုင်းစ ပြု၏။ မဆိုင်ဘဲနှင့် ရင်ထဲတွင် ကျဉ်ခနဲ ခံစားလိုက်ရသည်။ ကလေးငယ် အလိုလားဆုံးသော အရာသည် ကစားစရာ အရုပ်များမဟုတ်။ မွေးနေ့ပွဲ မဟုတ်။

ဤသို့သော ဖြစ်ရပ်များသည် မည်မျှ များခဲ့ပြီနည်း။

မတွေးရဲပါ။

စိတ်အစဉ် ကြည်လင်မလာတော့၊ စားလက်စကို သိမ်း၍ လက်ကိုင်ပဝါ ယူပြီးသုတ်သည်။ စိုး ထပ်ယူဦးလေဟု သူမ ပြုံး၍ ပြောသည်။

"တော်ပြီ...,မာလာ၊ မနက်စောစောက လက်ဖက်ရည် သောက်



လာလို့"

"အုန်းနို့ခေါက်ဆွဲကို စိုး ကြိုက်တယ်လေ၊ တကယ်ဆိုင်က အော်ဒါမှာထားတာ"

လိမ္မော်ရည်ပုလင်းကို သူမ ဖွင့်ပေးသည်။ ဝိုက်တံဖြူဖြူတစ်ချောင်း တပ်ဆင်ပေး၏။ ကဲ ... ဆင်ဂယ် (တစ်ဦးချင်း) ရိုက်မယ်ဟု ကိုညာထ်ဝင်း လှမ်းပြောသည်။ သူမသည် အရုပ်များကြားတွင် ထိုင်လိုက်ပြီး ...

"ဒီလိုလား"

ဟု ပြောပြီး အလှဆုံးပြုံးရယ်၍ ကင်မရာဘက်သို့ လှမ်းကြည့်၏။

"ဟုတ်ပြီ...အဲဒီအတိုင်း မာလာ အရှမ်း ချစ်စရာ ကောင်းတာပဲ၊ ရိုက်မယ်"

ကလေးမက သူ့ရင်ခွင်ထဲသို့ ခေါင်းတိုးလှမ်းဝင်သဖြင့်...

"ကိုညာထ်ဝင်း ခဏလေး။ စိုး ခဏယူထားပါနော်"

ရင်ခွင်ထဲ လှမ်းပေးသဖြင့် အသာအယာ ပွေ့ယူထားလိုက်သည်။ မျက်နှာစိမ်းမို့ ကလေးမက စိုးရွံ့စွာ မော့ကြည့်သည်။ သမီးက အရမ်းကို လှတာပဲဟု ရယ်ကာ သူပြောမိသည်။ ကလေးငယ်ထံမှ စိုးရွံ့သည့် အကြည့် အနည်းငယ် ယုတ်လျော့သွားသည် ထင်၏။ ရောက်ရောက် ရာရာ စကားများပြောကာ အခြေအနေ ကောင်းလာစေရန် ထိန်းသိမ်းပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်သည် စကားဟာဟ ပြန်မပြော၊ ငေးကြောင်ကြောင်လေး ကြည့်နေရှာသည်။ အဖေ့ရင်ခွင်ထဲတွင် ဆိုပါက ဤသို့နေမည် မဟုတ်ချေ။ တွတ်တီးတွတ်တာ ပြောနေပေမည်။ တစ်စုံတစ်ခု ပူဆာချင် ပူဆာနေမည်။ ရွှင်ပျကြည်သာစွာ နေပေမည်။

"ကျေးဇူးပဲ စိုး"

သူမ ပြုံးရယ်ကာ လက်ဆန့်တန်းပေးသည်။ အလိုက်သင့် ချိုမ၊ အပေးတွင် ကင်မရာမီးရောင် ဖျတ်ခနဲ လင်းလက်သွားသည်။ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ ပြုံးရယ်နေသော ဉာဏ်ဝင်းကြောင့် ရင်ထဲ အောင့်သက်သက် ခံစားရသည်။

"အမှတ်တရပေါ့ဗျာ"

သူ မတုံ့ပြန်မိ။ ပျံ့လွင့်လာသော ဒေါသစိတ်ကို ထိန်းချုပ်မျိုသိပ်ရင်း ကြည့်နေမိသည်။ ကိုဉာဏ်ဝင်းထံမှ အရယ်ပျောက်လုလု ဖြစ်သွားမှ သတိဝင်သည်။ လက်မှ နာရီကို မြောက်ကြည့်လိုက်ပြီး ...

"တို့ ပြန်မယ်မာလာ၊ ဒီနေ့ သွားရမှာဆိုတော့ လက်စသိမ်းစရာလေးတွေ ကျန်သေးတယ်"

"နေပါဦး စိုးရယ်၊ ခုမှ ရောက်ခါစပဲ ရှိသေးတယ်လေ"

"အချိန်ရရင် နေချင်ပါတယ် မာလာ၊ ပေးမယ့် ညနေ သင်္ဘောဆိပ် ဆင်းရဦးမယ်လေ"

"ဒါဖြင့် ခုလို တကူးတကလာပြီး ချီးမြှင့်တာ ကျေးဇူးပါပဲရှင်"





ငေါ်တော့တော့လေသံမှန်းသိသည်။ မသိဟန်ပြုပြီး ကလေးငယ်ကို နှုတ်ဆက်သည်။ ထို့နောက် ကိုဉာဏ်ဝင်းကို သွားမည်ဟု ပြောကာ အခန်းဝသို့ လှမ်းခဲ့သည်။ သူမ အတူလိုက်လာပြီး တံခါးဖွင့်ပေးသည်။ မျက်ဝန်း၌ လဲ့ဝိုင်းနေသော မျက်ရည်စကို မကြည့်ပါဘဲနှင့် မြင်လိုက်ရ၏။

"နောက်ဆုံကြသေးတာပေါ့နော် စိုး၊ လာခဲ့ပါဦးနော်"

ဖိနှပ်ငုံ့စီးရင်း မသိမသာ ခေါင်းညိတ်လိုက်၏။

သူမ ရပ်ကြည့်နေမည်ဟု စိတ်ထဲက အလိုလို သိရှိခံစားရသည်။

ငယ်စဉ်က ကျောင်းပိတ်ရက် ခွဲခွာရသလောက် မခံစားရပါ။ တိုက်အမိုးအလွှတ်တွင် ရှုရ ပြင်းထန်သော နေခြည်များနှင့် တိုးလေ၏။

ရင်ဝယ် ထင်ထားသည့်အတိုင်း ကျေနပ်မှု မရှိခဲ့။

* * *

နေရာ၌ လက်ဆွဲအိတ်နှင့် ပစ္စည်းများကို ချထားပြီး ဖြစ်သည်။ လူများ ရှုပ်ထွေးနေသည်မို့ လွတ်ကင်းရာ စားသောက်ဆိုင်ရှေ့ရှိ လက်တန်းကို မှီပြီး ရပ်နေမိသည်။

ဆင်းသူ တက်သူ နေရာရှာသူ စသည်ဖြင့် ရှုပ်ယှက်ခတ်သွားနေကြသော လူများကို ကြည့်သာ ကြည့်နေရသော်လည်း စိတ်ထဲ၌ မရှိ။ စကားပြောသံများ အော်ဟစ်ခေါ်သံများကိုလည်း သတိမမူမိ။



www.burmeseclassic.com

www.burmeseclassic.com



မနက်က အဖြစ်က ရင်ထဲ တအုံနွေးနွေး ကျန်နေသေး၏။ မာလာ့စိတ်အစဥ်ကို မြင်မိသလိုလို ရှိ၏။ သို့သော် သေသေချာချာ တိတိကျကျ မဟုတ်ပေ။ မာလာနှင့်အတူ မာလာ့သမီး မျက်နှာ ညှိုးနွမ်းနွမ်းလေးကို မြင်မိသည်။ ရင်ဝယ် တစ်ဆို့ကျဥ်တက်လာ၏။ ကလေးမလေး၏ ရှေ့ရေးသည် ကမ်းမမြင် လမ်းမမြင်သည့် ပင်လယ်ပြင်တစ်ခုကဲ့သို့ ရှိ၏။

အကြောင်းမဲ့ ပွားများနေသော စိုးရိမ်စိတ်ကို နားမလည်နိုင်အောင် ဖြစ်မိသည်။ ဖျောက်ဖျက်ပစ်၍လည်း မရ။ မေ့ပစ်လိုက်ဖို့ ကြိုးစားကြည့်သော်လည်း မရခဲ့။

တဖြည်းဖြည်း မေ့ပစ်လိုက်ဖို့ စိတ်ကူးသည်။ မေ့သွားမှာပါ။ နောက်ရက်တွေဆို သတိရချင်တယ် ဆိုပေမယ့် ရမှာ မဟုတ်ပါဘူးလေ။ သွေးပူနေတုန်းအချိန်မို့ စွဲထင်နေနိုင်တာပါ။ ဖြေသိမ့်အတွေးများကို ရှာဖွေ ပြောဆိုနေမိ၏။

သဘော် ဥညြခွဲသံကြောင့် အတွေးများ ပျက်သွားသည်။

"ခင်ဗျားကို ဟိုအောက်မှာရပ်နေတဲ့ မိန်းကလေးက စာပေးလိုက်တယ်"

မျက်နှာစိမ်းတစ်ဦးကပြောရင်း စာကိုလှမ်းပေးသည်။ စာကိုယူပြီးနောက် ဆိပ်ခံသို့ လှမ်းကြည့်လိုက်၏။ စုရုံး ကျန်ရစ်သော လူအုပ်ကြီး။ ထို၏ ဘေးဘက်ကျကျတွင် မွန်မွန်အား တွေ့လိုက်ရသဖြင့် သူ အံ့အားတသင့် ကြည့်မိ၏။ လက်ဝှေ့ယမ်းပြလိုက်သည်။ တဖြည်း



ဖြည်း ဝေးကွာလာသော ဆိပ်ခံဆီ လက်ပြန်ပြလိုက်မိသည်။

ခဏအတွင်း လူအုပ်ကြီးနှင့် ကွယ်ပျောက်သွားသည်။ ရင်ထဲ၌ ထစ်ဟာခြင်းကို သိရှိလိုက်ပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com

(၁၆)

မစိုး ထွက်လာပြီး ထမင်းစားကြမယ်ဟု ပြောသည်။ ကိုမြအေးက မျက်လုံးမှိတ်နေရာမှ ဖွင့်ကြည့်ပြီး ဆေးပြင်းလိပ် ပါးစပ်မှချွတ်သည်။ ကိုမြအေးလုပ်က ခွန်အားနှင့်လုပ်ရသဖြင့် အိမ် ပြန်ရောက်လျှင် အနားယူတတ်၏။ ကြိုက်တတ်သည့် ဆေးပြင်းလိပ်ကို ပါးချောင်ထဲ ထည့်ကာ မှိန်းနေတတ်သည်။ ပြတင်းပေါက်အောက်မှ ပက်လက် ကုလားထိုင်သည် သူ၏အပန်းဖြေရာနေရာ ဖြစ်သည်။

"ကိုစိုးမင်းဦး . . . ခင်ဗျား အရင်စားဗျာ၊ ကျွန်တော်နောက်မှ စားတော့မယ်"

ဖတ်လက်စသတင်းစာကို စားပွဲပေါ် ပြန်တင်လိုက်ပြီး . . .

"အတူတူ စားကြတာပေါ့ ကိုမြအေး"





"အတူတူ မစားဘူးလို့ ကျုပ်ဆုံးဖြတ်ထားတယ်လေ၊ ဘယ်တော့မှ မပြင်ဘူးဗျာ"

ရယ်၍ ထ ရပ်လိုက်သည်။

မစိုးအခဲသင့် ခင်းကျင်းပြီး ထိုင်စောင့်နေ၏။ လက်ဆေးပြီး ထမင်းဝိုင်းတွင် ဝင်ထိုင်သည်။ ဟင်းတွေများလှချည်လား ဟု သူ ပြောသည်။

"ကိုစိုးမင်းဦး ရန်ကုန်သွားနေတဲ့ ရက်တွေ အတွက်ပါ ပေါင်းပြီး ဝိချက်ထားတာ"

"မဟုတ်တာဗျာ"

ပန်းကန်ထဲသို့ ကြက်သားဟင်းခတ်ထည့်သည်။ ငါးသေးလေးများ ဆီပြန်ချက်ထားသော ဟင်းကိုလည်း ထည့်၏။ တော်ပြီဟု ဟန့်တားပြီး ထမင်းစားရန်ပြင်လိုက်၏။ ခရမ်းသီးပြုတ်ကို ငါးပိချက်နှင့် တို့မြှုပ်နေစဉ် . . .

"တွေ့ခဲ့တယ် မဟုတ်လား ကိုစိုးမင်းဦး"

စားလက်စနှင့် ပြုံးမိသည်။ ရောက်ရောက်ခြင်း ရေမိုး ချိုးပြီး ရုံးသွား၏။ ပေးစရာရှိသည်ကို ပေး၍ ရှင်းပြစရာရှိသည်တို့ကို ရှင်းပြကာ ပြန်မည်ဟုတွေးခဲ့၏။

တစ်ညလုံး မအိပ်ခဲ့ရသဖြင့် နေ့ခင်း၌ အိပ်မည်ဟု တွေးထားခဲ့သည်။ သို့သော်လည်း ရုံးတွင် လိုအပ်သည်ထက် ပို၍ ကြန့်ကြာသွားသည်။ ရုံးဆင်းချိန်မှ အိမ်ပြန်ရောက်ခဲ့၏။ ခုမှ မစိုး မေးချိန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့သည်။

"တွေ့ခဲ့ပါတယ် မစိုး"

"အသေအချာ ရှင်းပြပါဦး။ ဘယ်လိုလဲလို့"

ရှက်ရယ် ရယ်မိသည်။

မသိရမချင်း မစိုး ကျေနပ်မည် မဟုတ်။ ကြိုတင် အသိပေးမထား လျှင် နောက်ကျမှသိရချိန်တွင် မစိုး စိတ်မကောင်းဖြစ်မှာ သေချာသည်။ ကြိုတင် အသိမပေးသင့်သူဟု ထင်မှတ်သွားနိုင်သည်။ နောက်ကျလဲ သိရမယ့် အတူတူ ခုကတည်းကပဲ ကြိုတင် ပြောထားသင့်သည် ထင်၏။ ပြီးတော့လည်း မစိုးသည် ကိုယ့်ဘက်ကလူ။ ကြိုတင် ဖွင့်ဟထားလျှင် သက်ဆိုင်သော မည်သည့်ကိစ္စကိုမဆို ကိုယ် ကြားရ မည်။ မစိုးသည် ဤမြို့ဇာတိ မဟုတ်လား။

"မစိုး ထင်နိုင်ပြီဗျာ"

ရယ်ပြီး ပြောလိုက်၏။

"အဟုတ်"

သူ ခေါင်းညိတ်လိုက်သည်။ မစိုး ဝမ်းသာအားရ ဖြစ်သွားသည်။ ကဲ ...စား...စား... ဟု ဆိုပြီး ဟင်းဖတ်များ ထပ် ထည့်ပေးနေသဖြင့် တားရသေး၏။ ဟင်းကလည်း အဟပ်အဟပ် တည်သည်။ စား၍လည်း ကောင်းသည်။

မွန်မွန်၏ အရယ်မျက်နှာလေးသည် မျက်ဝန်းထဲ တရစ်ဝဲဝဲ ရှိ၏။





"တစ်ပတ်တစ်ခါ စာထည့်ရမယ်နော်။ မပျက်မကွက်ကြေး ဦးနဲ့ အိမ်လိပ်စာနဲ့ပဲ စာထည့်မယ်။ ပြန်လာမဲ့ရက်မှာ ပထထ ဦး ကိုပဲ တွေ့ချင်တယ်။ ဦး ကြိုနေရမယ်နော်။

ပြီးတော့ စကားတွေလဲ အများကြီးပြောမယ်။ ဦး စာထည့်ပေး လိုက်တုန်းက ထင်လဲ ထင်မထားတဲ့ နေရာနဲ့အချိန်မို့ အရမ်း အံ့အား သင့်သွားမိတယ်။ ဝမ်းလဲသာတယ်။ စိတ်လဲ ဆိုးတယ်။ ဦးက လူလည်ကြီးပဲ။ ဒါကြောင့် ဦး လုပ်တဲ့အတိုင်း ဦး အံ့ဩသွားအောင် လုပ်လိုက်မိတယ်။ စိတ်တော့ မဆိုးနဲ့နော်။ ဦးက စိတ်မဆိုးတတ်ဘူး ဆိုတာ မွန် သိပါတယ်။

စာရွက်၌ ခွတ်ဖျန်းထားသော ရေမွှေးရနံ့သည် ခုတိုင်မပြယ်သေး။ အကြိမ်ကြိမ် ဖတ်သည့်တိုင် ဖတ်တိုင်း ရင်ထဲ ကြည်နူး ချမ်းမြေ့ရသည်။ ဘဝတစ်သက်တာ၌ အပျော်ဆုံးပါပဲလေ။

ဤသို့ ချစ်မိမည်ဟု မွန်မွန်အား မတွေ့သေးချိန်က မဖြစ်ခဲ့ဖူး ချေ။ မြင်တွေ့ပြီးချိန်မှစ၍ တရိပ်ရိပ် မြင့်တက်ခဲ့သည်။ ယုတ်လျော့ ကျခဲသည်ဟူ၍ မရှိခဲ့။ ရင်၌ ထုနှင့်ထည်နှင့် ဖွဲ့စည်း လာချိန်တွင်ကား သူ သိရှိ ခံစားရပြီ။ အရာရာတိုင်းသည် ချစ်ရနံ့ စွဲထင်သင်းပျံ့ခဲ့လေပြီ။

တရားလွန် ပင်ပန်းထားပေမယ့် အိပ်၍မပျော်။ မျက်လုံးအစုံ မှိတ်ထားပေမဲ့ မြင်နေရသည်။ ကြားနေရသည်။ ချစ်ခြင်း၏ မခန့်မှန်း နိုင်သော ခရီးသို့ စိတ်အစဉ်ကို ရှက်ဖွင့်လိုက်လေပြီ။ ။

※



www.burmeseclassic.com

www.burmeseclassic.com



(၁၇)

ခေါ်သံနှင့်အတူ အပါးသို့ ပြိုင်စက်ဘီး ထိုးရပ်လာသည်။

"ခြော် ...ကိုရဲပါလား"

"အစ်ကို ဘယ်သွားမလို့လဲ"

စက်ဘီးပေါ်မှဆင်းကာ မေးသည်။ လက်ဖက်ရည်ဆိုင်ဟု သူဖြေလိုက်သည်။

"ကျွန်တော်လဲ လိုက်မယ်၊ ပြောစရာ ရှိလို့ပါ"

သူမငြင်း။ စက်ဘီးကိုတွန်း၍ ယှဉ်လျှောက်နေသည်။ သွားနှင့်ပါဟု ပြောသော်လည်း ရဲမြင့် ငြင်းပယ်ပြီး လျှောက်မြဲအတိုင်း လျှောက်သည်။ လမ်းတွင် ရဲမြင့်၏ သူငယ်ချင်းများက ဘယ်လဲဟု လှမ်းမေးကြသည်။ ငါပြန်လာခဲ့မယ်ဟု ရဲမြင့် ဖြေပြီး သူ့နောက်မှ လိုက်လာသည်။





သူ ထိုင်နေကျ ဆိုင်သို့ ရဲမြင့်တစ်ခါမှ မရောက်ဖူးချေ။ ထိုင်သည့် အချိန်လွဲနေ၍ ဖြစ်ချင်ဖြစ်မည်။ သူ များသောအားဖြင့် ညနေတိုင်း ထိုင်တတ်သည်။ အလုပ်ကိစ္စဖြင့် နယ်သို့ ပြောင်းရွှေ့၍ တစ်ကိုယ်တည်း နေသည်မှစ၍ အချိန်မှန် လက်ဖက်ရည်ဆိုင် ထိုင်ကျင့် ရခဲ့သည်။ ဘာပဲဖြစ်ဖြစ် ထိုင်ဖြစ်သည်သာ။ ဝိုင်းတွင် ထိုင်မိသည်နှင့် လက်ဖက်ရည် နှစ်ခွက် လှမ်းမှာလိုက်သည်။

"ကိုရဲတို့ ထိုင်တာ ဒီဆိုင် မဟုတ်ဘူးထင်တယ်"

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်တို့က ရုပ်ရှင်ရုံ ရှေ့က စန်းသော်တာဆိုင်မှာ အများဆုံးထိုင်ပါတယ်၊ ဒီဘက်ကို သော့ ရောက်ခဲပါတယ်"

"အေးကွာ ကိုယ်ထိုင်နေကျဆိုင်မှာ ထိုင်လိုက်ရမှ စိတ်ထဲ ကျေနပ်သွားတယ်၊ နို့မို့ တစ်ခုခုလိုနေသလိုပဲ၊ စွဲနေပြီနဲ့ တူပါရဲ့ ကွာ"

ရဲမြင့်က စီးကရက်တစ်ပွဲ လှမ်းမှာသည်။ မှာထားသော လက်ဖက်ရည် ရောက်လာသည်။ လက်ဖက်ရည်တစ်ငုံ သောက်လိုက်ပြီး ဆေးလိပ် မီးညှိသည်။ ဆေးလိပ်ဖွာရင်း ရဲမြင့်အပြောကို စောင့်သည်။ ရဲမြင့် သူ့ကို မကြည့်ဘဲနေသည်။ ပြောသင့် မပြောသင့် စဉ်းစားနေဟန် ရှိသည်။

"ကိုရဲ ဘယ်နေ့က ရောက်တာလဲ"

"ဒီနေ့ပဲ အစ်ကို၊ အစ်ကို့ ကို တစ်ခုမေးချင်လို့၊ စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှတော့ မအောက်မေ့နဲ့နော်၊ အစ်ကိုနဲ့ မွန်မွန်က သိပ် ရင်းနှီးနေကြပြီလား"

ရင်းနှီး အကျွမ်းတဝင် ရှိသည်ကို ရဲမြင့် အမြင်ပင် ဖြစ်၏။ သို့သော် သိပ်...ဟူသောအသုံးအနှုန်းက တစ်စုံတစ်ခုကို ရည်ရွယ်နေ၏။ ရဲမြင့် ရိပ်မိသွားပြီလား။ ဒါမှမဟုတ် ရမ်းသမ်း၍ ပစ်ကြည့်သော မြားတစ်စင်းလား။ ဖြောင့်ဖွင့်၍ အသိပေးသင့်သော အချိန်အခါမဟုတ်ဟု သိ၏။

မြေမှ အစို့ အညှောင့် ထွက်ခါစသာ ရှိသေးသည်။ ဘာအပင် ပါ။ ဘယ်အချိန်ကျရင် သီးမယ် ပွင့်မယ်ဟု တပ်အပ်မဆိုနိုင်သေးပါ။ နုနယ်သေးသည်မို့ အကာအရံဖြင့် ထားရပေလိမ့်မည်။ သူ့ ကိုယ်ပိုင်စွမ်းအားဖြင့် အန္တရာယ်ကို မကာကွယ်နိုင်သေးပေ။ တစ်ခု သောအချိန်ရောက်လျှင် အကာအရံသည် မလိုအပ်တော့။ ဘာ အပင် ဟုလည်း ပြောရန်မလိုတော့။ ခုတော့ စောပါသေးသည်။

"ကိုရဲက ဘယ်လို ထင်မြင်နေသလဲဆိုတာ အစ်ကိုမသိဘူး။ ရင်းနှီးမှုတော့ ကိုရဲအမြင်ပဲ၊ တစ်မြို့တည်း နေတာလဲဖြစ်၊ ခင်မင်မှု ကလဲရှိဆိုတော့ တစ်ယောက်ပေါ် တစ်ယောက် ကူညီနိုင် ဖြစ်တယ်၊ အစ်ကို စာထည့်ချင်ရင် သူတို့သွားမယ့် အချိန်နဲ့ တိုက်ဆိုင်ရင် ထည့်ပေးဖြစ်တယ်၊ သူ့ ကျောင်းကိစ္စလဲ အခါ အခွင့်သင့်တဲ့အတွက် ဝင်ကူညီခဲ့တယ်၊ ဒီထက်မပိုပါဘူး ကိုရဲ"

"ကျွန်တော် လက်ခံပါတယ်၊ ယုံလဲယုံပါတယ်၊ ကျွန်တော် ချစ်နေတဲ့ ကောင်မလေးဆိုတာ မွန်မွန်ပါပဲ အစ်ကို၊ မွန်မွန်နဲ့ ပတ်သက်ရင် ဘာကိုမဆို ကျွန်တော် လုပ်ပေးချင်တယ်၊





ကျွန်တော်နဲ့ ပတ်သက်နေတယ်လို့ ခံစားရတယ်၊ ကျွန်တော်ဟာ မွန်မွန်မှာပါပဲ၊ ဒါပေမယ့် မွန်မွန်ကတော့ ကျွန်တော့်လို မဟုတ်သေးဘူး၊ ဒါပေမယ့် မွန်မွန့်အတွက်သာဆိုရင် အဆုံးစွန်ထိ လိုက်လျောဖို့ အဆင်သင့်ပါ။ ဒါ ကျွန်တော့်ခံယူချက်ပါ အစ်ကို"

မိုးခိုးငွေ့နှင့်အတူ သက်ပြင်းမှုတ်ထုတ်လိုက်၏။ ဖွင့်ဟလာသော နှလုံးသားကို မမြင်ချင်ပါဘဲနှင့် မြင်နေရ၏။ ရဲမြင့် ခံစားရသမျှ သူ နားလည်သည်။ သူဖွင့်ပြပေမယ့်လည်း ကိုယ်က မဖွင့်ပြရဲသေးပေ။ ရင့်ကျက်ဖို့အတွက် အချိန်ကာလ လိုနေသေးသည်။ အကာအရံဖြင့် ထားထားရ၏။

"ကျွန်တော် သူ့ကို မြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ ခုချိန်ထိ ရင်ထဲက အချစ်ပန်းဆိုတာ မပွင့်ဖူးသေးဘူး၊ ပွင့်ဖူးလာမယ့်အချိန် ကို ကျွန်တော် စောင့်မယ်၊ ဒါပေမယ့် ပွင့်လာမယ့် အချစ်ပန်း ဟာ ကျွန်တော့်အတွက် ပွင့်ချင်မှ ဟုတ်မှာပါ၊ မပွင့်သေးတဲ့ အခိုက်ကိုပဲ ဝမ်းသာနေရမလိုပါပဲအစ်ကို"

ဆွေးရိပ်သန်းနေသော ရဲမြင့်ကို ပြောရန် ဖြေသိမ့်စကားမရှိ၊ မသိ ဟန်ဆောင်ပြုနေရန်လည်း မဖြစ်ချေ။ ခေါင်းကို ခါယမ်းညိတ်ပြမိ၏။ ရဲမြင့် မချိတရီ ပြုံးလိုက်ပြီး ...

"ကျွန်တော် လွမ်းနေသလို ဖြစ်နေပြီထင်တယ်၊ ပြန်မယ် အစ်ကို"

"ကိစ္စမရှိပါဘူးကွာ၊ မင်းကို အစ်ကို နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲမြင့်ထ,ရပ်ပြီး စားပွဲထိုးကောင်လေးကို လှမ်းခေါ်သည်။ သူက မယူရန် လှမ်းပြောလိုက်၏။

ရဲမြင့် အတင်းပေးသည်။ ကောင်းလေး မယူသဖြင့် ကောင်တာသို့ သွားကာ ရှင်းသည်။ အတင်းအဓမ္မ ပေးနေသည့်အတွက် ကောင်တာမှ ဦးလေးက ယူထားလိုက်သည်။ မဖြစ်မနေ ငွတ်တရွတ် လုပ်တတ်သည့် ရဲမြင့်ကိုကြည့်ရင်း အကြောင်းမဲ့ စိုးရိမ်စိတ် ဖြစ်မိသည်။ နှုတ်ဆက်ပြီး ပြိုင်စက်ဘီးစီးကာ ထွက်သွားချိန်ထိ စိုးထိတ်ခြင်း ဖြစ်နေဆဲ။ ကိုယ့်ကို ကိုယ် နားမလည်နိုင်အောင် ဖြစ်မိ၏။

မြစ်ကမ်းပါးတလျှောက် အမှောင်ရိပ် လွှမ်းသွားပြီး တဟူးဟူး တိုးဝှေ့နေသော လေပြည်ကြောင့် မျက်လုံးအစုံ မှေးစင်းထားရ၏။



(၁၈)

လာမည်ဟု တင်ကြို အကြောင်းကြားထားသည်။ အကြောင်းကြား ပါလျက်နှင့် ဆင်း၍ မကြိုပါက သူမ စိတ်ကွက်မည်။ တစ်မျိုး ထင်သွား နိုင်၏။

မပျက်ကွက်ကြေးဟု ကတိပေးထားသည့်အတိုင်း စာလွှာများ ကူးယှက်ပျံသန်းခဲ့သည်။ နိုင်ယာရီစာအုပ်ကြားတွင် ညှပ်ထားသော စာများ တစ်စထက်တစ်စ များလာ၏။ ဖုံးကွယ်မရတော့။ ခပ်ဟာဟာ ဖြစ်၍နေ၏။ ထို့အပြင် တစ်ဦးပေါ် တစ်ဦး နားလည်မှု၊ ကြင်နာမှု၊ ဂရုစိုက်မှု တို့လည်း ရင့်သန်ခဲ့သည်။

ပျိုးပင်လေး၌ စိမ်းမြသော ရွက်နုများ ဝေစပြုံသည်။

ဆင်းကြိုရမည့်အရေးကို တွေးပူနေမိ၏။ သူမ၏ မိသားစု ရှိသည်။ အခြား ဆင်းကြိုသူများလည်း ရှိမည်။ မျက်လုံးပေါင်း ရာပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပေမည်။ ထိုအထဲ၌ တစ်စုံသောမျက်လုံးအစုံက မြင်ချင်မြင်သွားနိုင်သည်။

မြင်လျှင် မည်သို့ထင်မည်လဲ။ ထင်စရာအကြောင်း မလုံလောက်ဟုတွေးကာ စိတ်ဖြေမိ၏။

စကားပြောဖြစ်ချင် ဖြစ်မည်။ သို့သော် ထင်စရာအရိပ်အငွေ့ ပါလာမည် မထင်။ သာမန်မိတ်ဆွေချင်း သာကြောင်းမာကြောင်းမျှ လောက်သာ ဖြစ်မည်။ သို့သော် ထိုထက် နက်ရှိုင်းကြောင်းကိုမူ ကိုယ်တို့နှစ်ဦးသာ သိကြသည်။

ခရီးသွားသည့်အခါမှလွဲ၍ ဘယ်တော့မှ ဆိပ်ခံသို့ မဆင်းပါ။ အလွန်းဆုံး လမ်းမထက်ကသာ ငေး၍ ကြည့်ဖြစ်သည်။ ခုတော့ ဆင်းကြို့ရတော့မည်လေ။

* * *

"ဘယ်သွားမလို့လဲ ကိုစိုးမင်းဦး။ စောစောစီးစီး"

မစိုးက အိမ်ရှေ့လမ်းကို တံမြက်စည်းလှည်းနေရာမှ လှမ်းမေးသည်။ နံနက် နေရောင်ခြည်အားမကောင်းသေးပေ။ ခြံဝင်းတံခါးကို အသာပြန်စေ့လိုက်၏။ ထို့နောက် မစိုးကို ကြည့်ပြီး

"ဒီနေ့ ပြန်ရောက်မယ်လေ မစိုး"

"လက်စသတ်တော့ ဒါကြောင့်ကိုး။ ကြွပါရှင်"





သူ့ရယ်၍ လှည့်ထွက်ခဲ့သည်။

သိပ်တော့မဝေး။ လမ်းတွင် လူရှင်းသလောက် ဆိပ်ခံ၌ လူပြည့်ကျပ်နေ၏။ နံနက်ခင်း နေရောင်ခြည်သည် နီရောင် မသန်းသေးချေ။ သမ်းထက်တွင် ရပ်ပြီး မြစ်ကြောအတိုင်း လှမ်းကြည့်မိသည်။

သင်္ဘောအရိပ်အယောင် မတွေ့ရသေးပါ။ လက်ဖက်ရည်သောက်ချိန် ရသေးသည်ဟု တွက်ပြီး ဆိုင်သို့ ဆက်လျှောက်ခဲ့သည်။ မြစ်ကြောအတိုင်း မြင်ရသောစားပွဲဝိုင်းတွင် ထိုင်၏။ နေခြည်သည် တဖြည်းဖြည်း ရင့်၍ လာသည်။ နေရောင်ကျသည့်ဘက်တွင် ထိုင်မိသည့်အတွက် နွေးခြင်းကို စတင်ခံစားရ၏။ ဆိပ်ခံ၌ လူများ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

မြစ်ကြောအဆုံး၌ သင်္ဘောဦးကို လှမ်းမြင်ရလေပြီ။

* * *

သင်္ဘောဆီသို့ အားလုံး အာရုံစိုက်နေသောကြောင့် ကျေနပ်သွားသည်။ လက်တန်းကိုမှီကာ အပေါ်ထပ်၌ ရှာဖွေကြည့်လိုက်၏။ အကြည့်သည် ခေါင်းတိုင်နားတွင် ရပ်တန့်သွားသည်။ အလိုလို သိနေမိသော သိစိတ်ကြောင့် လက်တန်းတွင် ရပ်နေသော လူများနောက်သို့ ကြည့်မိ၏။ မျက်နှာ တစ်စိတ်တစ်ပိုင်းသာ မြင်ရ၏။

ရင်ထဲ၌ ချမ်းမြေ့ခြင်း ပြည့်နှက်သွားသည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



တိုးဝှေ့တက်လာသော လူအုပ်ထဲ ပျောက်ကွယ်သွားသည်။ ခဏအကြာ သူမ၏ အစ်မနှင့် အမေတို့ ခြံရုံလျက် လျှောက်လာသည်ကို မြင်ရ၏။ သူမတို့နောက်တွင် ရဲမြင့် ရှိနေ၏။ မျက်လုံးချင်း ဖျတ်ခနဲ ဆုံမိ၏။ မျက်တောင်တစ်ခတ်လေးပါ။ ဖော်ပြရန် မစွမ်းသာသော ရင်နှမ်ခြင်းကို ခံစားလိုက်ရသည်။ အကြည့်လွှဲကာ တခြားသူတစ်ယောက်ရှာဖွေသည့် အနေမျိုးဖြင့် ဟိုဟိုသည်သည် ကြည့်မိ၏။

အပါးသို့ တရွေ့ရွေ့ တိုးကပ်လာခြင်းကို စိတ်ထဲက သိရှိလာရ၏။ တမင် မသိဟန် ပြုထားရသည်က မောပန်းလှ၏။

"ဦး…ဦး"

ခေါ်သံကြောင့် ခုမှမြင်သည့်အနေဖြင့် ကြည့်၏။ အံ့သြဝမ်းသာသည့်ဟန်ဖြင့် လိုက်လုံစွာ ပြုံးလိုက်၏။

"ဦးရဲ့အိမ်က ပစ္စည်း လူကြုံပါးလိုက်တယ်"

ကျွတ်ကျွတ်အိတ် အဝါလေးကို ကမ်းပေးသည်။ ကျေးဇူးပဲဗျာဟု သူ ပြော၏။

"သွားမယ်နော်"

"ကောင်းပါပြီ"

ထို့နောက် ဆက်၍ လျှောက်သွားကြ၏။ ရဲမြင့်ကလည်း ပြုံး၍ နှုတ်ဆက်သွားသည်။

ခုမှ ရင်အစုံ စိုးထိတ်စွာ လှုပ်ခါ ကျန်ရစ်သည်။ ပုလဲသွားတန်း





ပေါ်အောင် ပြုံးလိုက်သော မျက်နှာလေးကို အထပ်ထပ် မြင်ယောင်နေဆဲပါ။ မျက်ဝန်းထဲက ကျေနပ် ဝမ်းသာရိပ် ဖျတ်ခနဲ ပြေးသွားသည်ကိုလည်း တွေ့လိုက်မိ၏။ ဘာကြောင့်များ တကူးတက ဆင်းကြိုနိုင်းရတာလဲ မွန်မွန်ရယ်…။

ခုချိန်ထိ နားမလည်နိုင်စွာ ရှိနေဆဲ။ သို့သော် ကျေနပ်ပီတိလှိုင်း အထပ်ထပ် ပြေး၍ ရိုက်ခတ်ပုတ်နေကြသည်။

* * *

"ဦးကို မယုံကြည်လို့ မဟုတ်ဘူးနော်၊ ဦးကို ယုံပါတယ်၊ ယုံတာထက်ပိုပြီး ယုံကြည်သွားအောင် ကိုယ့်ရင်ထဲမှာ ပိုပြီး နိုင်မာသွားအောင် လုပ်မိတာပါ။ ပထမ ထင်တာက ဦး ပြြင်းမယ်ထင်တာ၊ ဦးမငြင်းခဲ့ဘူးလေ၊ ဆိပ်ခံပေါ်က လှမ်းကြည့်လိုက်တာနဲ့ ဦးကိုလဲ တွေ့ရော အရမ်းဝမ်းသာသွားတာပဲ၊ ပြောကို မပြတတ်ဘူး၊ ဦးစိတ်မှာ ကျဉ်းကျပ်မယ်၊ အနေအထိုင် အစစအရာရာ သတိထားရလို့ ကျဉ်းကျပ်မယ်ဆိုတာ မွန် နားလည်ပါတယ်၊ မွန် အမေတို့ ဆင်းကြိုနေတာ မဟုတ်လား"

သူမ၏ အတွေးကို သဘောကျ နှစ်ခြိုက်စွာ ပြုံးမိသည်။

"အိမ်ရောက်တော့ မေမေတို့က မေးသေးတယ်၊ ရုံးကလူ မဟုတ်လားတဲ့၊ အေးတော့အေးတယ်နော်တဲ့၊ ပြောက်မသွားနဲ့ဦး



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘာမေးတယ် ထင်လဲ၊ သမီးကို စိတ်ဝင်စားနေလား မသိဘူးတဲ့၊ သူ့ အမျိုး သူ့အကြောင်း သမီး ပြီးပြီလားတဲ့၊

နားသယ်စ၌ ဖွာလန်ကျဲကျနေသော ဆံစလေးများကို ကြည့်နေလိုက်၏။ ထွက်သက်သည် ပုံမှန်ထက် နောက်ကျသွား၏။ တပြန့်တပြူး ကျယ်သော ကိုင်းစုပ်၊ ရေ ကျနေချိန်မို့ လတာပြင် အတော့်ကို ကျယ်သည်။

"သမီးတို့က မိတ်ဆွေတွေပဲ၊ သူ့ အမျိုးအကြောင်း သူ့အကြောင်းတော့ သိတန်သရွေ့ သိပါတယ်၊ ဘာမှ ပြောစရာ မရှိပါဘူး၊ အားလုံး ကောင်းပါတယ်လို့ ခပ်တည်တည်နဲ့ ပြောလိုက်ရတယ် သိလား ဦး"

မြစ်ဘက်သို့ လှမ်းကာကြည့်ရင်း ပြောလိုက်သည်။

"မေးသင့် မေးထိုက်တဲ့စကားပါ၊ မွန်မွန်ရယ်၊ တို့အကြောင်းတို့ မိသားစုအကြောင်း၊ မွန်မွန်သိသင့်ပါတယ်၊ မေးရင်လဲ ဖြေပါ့မယ်၊ ထိန်ချန်ထားရမယ့် လူတွေမှ မဟုတ်တော့ဘဲ၊ တစ်ယောက်အကြောင်း တစ်ယောက် သိထားတော့ မွန်မွန်ပြောသလိုပဲ ယုံကြည်သည်ထက် ယုံကြည်မယ်၊ နိုင်မာသည်ထက် ပိုပြီး နိုင်မာမယ်လေ ဟုတ်ဘူးလား"

ဖွင့်ပြောဖို့ ဆုံးဖြတ်ထားသည်မှာ မွန်မွန့်ထံမှ ပြန်စာကို ရရှိခဲ့သည့် အချိန်ကတည်းက ဖြစ်သည်။ ဖွင့်ပြောရန် ရည်ရွယ်ထားသော အကြောင်းတရားများထဲတွင် မာလာ့အကြောင်းလည်း ပါသည်။ မာလာ





နှင့် ပတ်သက်ခဲ့ဖူးသော အကြောင်းများကိုသာ ပြောပြချင်သည်။ မာလာ့အကြောင်း မာလာ့ အပြုအမူများကိုတော့ မပြောသင့်ဟု ထင်၏။

ငယ်သူငယ်ချင်း။ မရည်ရွယ်ဘဲ ဖြစ်ခဲ့သော ချစ်သူ ဖြစ်လို့မဟုတ်ပါ။ မကောင်းဟု ထင်မြင်သွားနိုင်သော ဘယ်သူ၏ အကြောင်းကိုမဆို ပြောပြရန် မသင့်ဟု ထင်သည်။

မိမိအပေါ်၌ ကောင်းခြင်း မကောင်းခြင်းကို မိမိမှတစ်ပါး မည်သူ့ကိုမျှ အသိမပေးချင်။ မပြောပြချင်။ ကောင်းခြင်းကို အကြောင်းတိုက်ဆိုင်သည့်အခါ ဖွင့်ဟပြောဆိုချင်၏။ ကိုယ်ထိလက်ရောက် တုံ့ပြန်ချင်၏။ မကောင်းခြင်းကိုတော့ မေ့ဖျောက်ပစ်လိုက်ပြီးသား။ တုံ့ပြန်မည်ဟုတော့ စိတ်ထဲကပင် မကြံရွယ်ဖြစ်။ စိတ်မကူးဖြစ်။

မိမိ၏ ကံတရားကြောင့်သာဟု မိမိအပေါ် မိမိ အပြစ်ပုံချကာ နေလိုက်ခြင်းသာ အကောင်းဆုံးဖြစ်သည်ဟု ရင်ဝယ်ပိုက်ထား၏။

"ဦးကို ယုံကြည်ပြီးသားပါ ဦးရယ်"

"ဒီလို မလွှဲချန်နဲ့လေ၊ ချစ်သူတစ်ယောက်အနေနဲ့ မေးသင့်တယ် ထင်တဲ့ ကိစ္စကိုတော့ မေးပါ မွန်မွန်၊ တို့ စိတ်ကွက်သွားမယ် ထင်လို့ မမေးဘဲ မနေပါနဲ့၊ မေးပါ"

"ကဲ ...မေးမယ်"

သူပြုံး၍ ခေါင်းညိတ်လိုက်၏။

"ချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေသော စကားစု မဟုတ်သဖြင့် ဖျတ်ခနဲ ကြည့်မိ၏။ ပြီးတစ်ဝက် ရယ်တစ်ဝက်နှင့် ကြည့်နေသော မွန်မွန်ကို တွေ့၏။ ဒါလဲ မေးသင့်တဲ့ စကားပါပဲလေ။

"ရင်နဲ့အမျှပါ"

"ငြိမ်းကျော် ဝတ္ထု နာမည်ကြီးပါလားဦး"

"ဒါတော့ မတာတ်နိုင်ဘူးလေ"

မျက်ရည်လဲ့သည်အထိ အရယ်သန်သော မွန်မွန်ကို ကြည့်ကာ သူ ရယ်မိ၏။ အရယ်သတ်ချိန်အထိ စောင့်ပြီးမှ သူထပ်ပြော၏။

"ကဲ ...ဘာမေးဦးမလဲ၊ မေးနော် မွန်မွန်၊ မမေးဘူးဆိုရင်လဲ တို့က ဖြေသင့်တယ်လို့ ထင်တဲ့ဟာ ဖြေပါ့မယ်"

"ခု မဖြေနဲ့ဦး နောက်မှ၊ ဟိုမှာ စောင့်ရတဲ့သူကို အားနာစရာ ကောင်းနေပြီ"

နှုတ်ဆက်စကားကို ဆိုကာ ခပ်သုတ်သုတ် လျှောက်ထွက်သွားသည်။ သက်ပြင်းယဲ့ယဲ့ချပြီး ခြေလှမ်းပြင်၏။ တစ်ချက် ငဲ့အကြည့်၌ ဆန့်ကျင်ဘက်အရပ်သို့ နင်းထွက်သွားသော စက်ဘီးနှစ်စီးသည် အတော် ဝေးသွားကြပြီ။

*





ရုံးသည် ခြောက်ကပ်မနေတော့။ ရယ်သံ၊ စကားပြောသံ၊ စကြဲ နောက်ကြသံများဖြင့် အမြဲတစေ စိုပြည်နေ၏။ ရာသီချိန် ဝန်ထမ်းထဲ တွင် မွန်မွန် ပါလာသည်။ ညာဘက်အစွန်း မအေးနွဲ့၏ စားပွဲတွင် နေရာယူသည်။ မရီဝေလည်း သူမတို့နှင့် တစ်စားပွဲတည်း ထိုင်၏။ ကျော်ခင်တို့က ဝင်ပေါက်နားတွင် နေကြသည်။ ဝင်ရထွက်ရ ကောင်း၍ ဖြစ်သည်။

"ဆရာ...ညွှန်သည်"

ကျော်ခင်၏ အသံကြောင့် ဝင်ပေါက်ကို ကြည့်လိုက်၏။

"ဟာ...ဘချို"

တစ်ခါမှ ဤမြို့သို့ ရောက်မလာဖူးသောကြောင့် အံ့အားလည်းသင့် ဝမ်းလည်းသာသည်။ စားပွဲမှ ထ,ရပ်လိုက်၏။ ဘချိုက ဆက်ထိုင်နေရန် လက်ပြပြီး ဝင်လာ၏။

"မင်းအလည်ပဲလား၊ ဘယ်မှာတည်းလဲ"

"သတင်းကိစ္စနဲ့လာတာ၊ စီစဉ်ပေးတဲ့နေရာမှာ တည်းတာပေါ့၊ ခု အချိန် ရရချင်း မင်းဆီ ပြေးလာတာ၊ ဘယ်လိုလဲ အဆင်ပြေ တယ်မဟုတ်လား"

"ပြေပါတယ်၊ ထိုင်ကွာ"

ဘချိုသည် ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ရုံးကို ဝေ့ခနဲ ကြည့်၏။ သူက ဆေးလိပ်နှင့် မီးခြစ် အဆင့်သင့် ချပေးလိုက်၏။ ကျော်ခင်အား လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။ ကျော်ခင်သည် ဟုတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ ထွက်သွားသည်။

"မင်း အားတယ်မဟုတ်လား ဘချို။ ညနေ ရုံးဆင်းချိန် တွေ့ကြသေးတာပေါ့"

"ငါတို့ ညကတည်းကရောက်တာ၊ ဒီညနေ ခရီး ဆက်ထွက်ရဦးမယ်၊ အထက်က လူကို ပြောပြီး ခဏလေး အပြင်ထွက်လာတာ"

"အေးကွာ၊ တွေ့သာ တွေ့ရတယ် အားမရှိဘူး"

ဖောင်တိန်ကို ပိတ်၏။ ဖိုင်တွဲကို ဘေးသို့ တွန်းရွှေပြီး ဆေးလိပ်ကောက်ကိုင်၏။ ထိုစဉ် ရုံးရှေ့ လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကောင်လေး ရောက်လာပြီး လက်ဖက်ရည်နှင့် မုန့်များကို ပေးသည်။ သူက သောက်ဂုန် ပြောသည်။ ထို့နောက် ဆေးလိပ်ကို မီးညှိလိုက်သည်။ ဘချိုက တစ်ငုံ သောက်လိုက်ပြီး …

"မင်းကို ပြောစရာရှိလို့"

သူ ခေါင်းဆတ်ပြလိုက်သည်။

"ကိုကျော်မြင့် တို့ဆီ ပေါက်ချလာသေးတယ်"

ပြာမရှိသော ဆေးလိပ်ကို ပြာခြွေလိုက်သည်။

"ဟိုကောင်မလေးနဲ့ဖြစ်တယ်ဆိုတာက ဘာရယ်မဟုတ်ပါဘူးတဲ့၊ ဒါလဲ သူ့အပြစ်ချည်းမဟုတ်ဘူးလို့ ပြောတယ်၊ မာလာက ဂရုတစိုက် ပြုစုယုယမှု မရှိလို့ပါတဲ့၊ အခု သူ့အမှားပါလို့ ဝန်ခံပြီး ပြန်ပေါင်းဖို့ ကြိုးစားတယ်၊ လူကြီးချင်းအနေနဲ့ရော နည်းလမ်းစုံ





ကြိုးစားတယ်ပေါ့၊ ကလေးကလဲ ရှိသေးတယ် မဟုတ်လား။ ကလေးကိုတော့ ငဲ့သင့်တယ်လေ၊ မာလာကတော့ မျက်နှာချင်းတောင် အဆိုင်မခံဘူး။ ပြတ်ပြတ်သားသားကြီး ငြင်းဆန်နေတော့ အကူအညီတောင်းဖို့ တို့ဆီကို ရောက်လာတာပဲ၊ ငါတို့ကလဲ ဘာတတ်နိုင်မှာလဲ၊ စိုးမင်းဦး ပြောကြည့်မယ်ဆိုပြီး ကြည့်ကောင်းအောင် ပြောလိုက်ရတာပေါ့၊ သူက မင်းနဲ့လဲ တွေ့ချင်တယ်ပြောတယ်"

ခေါင်းထဲ ဒိန်းခနဲ မြည်ဟည်းသွားသည်။

"ငါကကော ဘာတတ်နိုင်မှာလဲ ဘချို"

"မသိပါဘူးကွာ၊ သူကလဲ ဆွဲမိဆွဲရာ ကောက်ရိုးတစ်မျှင်ဆိုလဲ မနည်းဘူး မဟုတ်လား၊ ငါတော့ သူတို့အစား သူတို့သမီးလေးကို ရင်နာတယ်၊ ပြဿနာ ကြီးကြီးကျယ်ကျယ် မဟုတ်ဘဲနဲ့ တောင်းလဲ တောင်းပန်နေပြီဥစ္စာ၊ ကိုကျော်မြင့် တကယ့်စိတ်ထဲက ပြောတာမှန်း တို့တောင် သိတယ်၊ သမီးကိုငဲ့ပြီးတော့ ကျေအေးဖို့ သင့်တယ်လို့ ထင်တာပဲ၊ ဒါပေမယ့် ငါတို့က ကြားထဲက ကန့်လန့်ကန့်လန့်နဲ့ ဝင်မပါချင်ဘူးကွာ၊ မာလာအကြောင်းလဲ မင်းသိပါတယ် စိုးမင်းဦး၊ ငါတို့ပြောလဲ ရမှာမှ မဟုတ်တာဘဲ၊ မင်းဆိုရင်တော့ တစ်မျိုးပေါ့"

မသိဟုသာ ငြင်းချလိုက်ချင်သည်။ တကယ် မသိချင်တော့ပါ။ [illegible]န်ကြီးအမှု ရှာပတ်မည့်အရေးကို ကြိုတင်မြင်မိသလို ရှိ၏။ သို့သော် [illegible]သုမ်း ကွာဝေးသောနေရာကမှ တိမ်းရှောင်ရန် လိုအပ်မည်မထင်၊

www.burmeseclassic.com



ထိုနေရာတွင် ရှိပါကလည်း ဝင်ပါဖြစ်မည် မဟုတ်ချေ။ ဝင်ပါမှ ပိုဆိုး သွားလျှင် အခက်။

ဒီလူ ဘာကြောင့်များ ငါ့ကို တွေ့ချင်ရတာလဲ၊ တွေ့ချင်သည် အထိ ငါက အရေးကြီး ပုဂ္ဂိုလ်မို့လား။ အတိတ်က အရေးပါမှုသည် ပစ္စုပ္ပန်နှင့် မသက်ဆိုင်ဟု ထင်၏။ ပြီးခဲ့ပြီပဲ။ မည်သို့သော ဆက်သွယ် ပတ်သက်မှုမှ မရှိပြီဘဲ။ မာလာကများ ပြောလိုက်လို့လား။ ပြောနိုင်စရာ အကြောင်းအချက် မရှိဟုထင်သည်။ သို့သော် ဆယ်ရေးတစ်ရေး အထင်အမြင်။

"ငါပြန်မယ် စိုးမင်းဦး၊ မင်း ဘယ်တော့လောက် ရန်ကုန်ကို လာဦးမလဲ"

ဘချိုပြောရင်း ထ,ရပ်သည်။ သူ စိုးရိမ်တကြီး မော့ကြည့်၍...

"ဘာဖြစ်လို့လဲ၊ လာစရာ ကိစ္စမရှိပါဘူး"

"အဲဒါပြောတာမဟုတ်ဘူးကွာ၊ အဲဒါက မင်းနဲ့လဲ မဆိုင်ဘူး။ မင်း ပါမယ်ဆိုရင်လဲ ငါတို့က တားရမှာပဲ စိုးမင်းဦး"

"စိတ်တောင် မကူးပါဘူးကွာ တကယ်"

သူ လေးကန်စွာ ထရပ်လိုက်ပြီး ဘချိုကို လိုက်ပို့သည်။ ရုံးခန်းအပြင်ရောက်မှ လှည့်ပြန်ခဲ့သည်။ ဘချို၏ပြောစကားများက ခေါင်းထဲတွင် သံမှိုနှင့် နှက်ထားသကဲ့သို့ စွဲနေ၏။ မင်းပါမယ်ဆိုရင် ငါတို့က တားရမှာပဲ၊ သမီးကိုငဲ့ပြီး ကျေအေးကြဖို့ သင့်တယ်၊ သူတို့ သမီးလေးကို ကြည့်ပြီး ရင်နာတယ်။





သူလည်း ထိုနှင့်ထပ်တူ ခံစားရ၏။ ထိုအတိုင်းပင် တွေးထင် ကြည့်မိ၏။ မဆီမဆိုင် ဘေးဝန်းကျင်ထိ ချဲ့ကားလာသော ပြဿနာ သည် တော်ရုံနှင့် အရှိန်သေသွားမည်မထင်။ သို့သော် မတတ်နိုင်ပါ။ ခြောက်သွေ့နေသော မြက်ပင်များကို သတိတရ ကြည့်ဖြစ်၏။

"ဦး"

လေကာသို့ လှမ်းတက်ရင်း မော့ကြည့်လိုက်၏။ အထဲမှ မမြင်သာ သော နေရာ၌ မွန်မွန်ရပ်ပြီး စောင့်နေသည်၊ ဘယ်သွားမလို့လဲ မွန်မွန်ဟု သူမေးလိုက်၏။

"သောက်ရေ သွားဖြည့်မလို့"

ခုမှ သောက်ရေအိုးကို သတိထားမိ၏။ တစ်စုံတစ်ခု မေးလိုဟန် ချက်ဝန်းတွင် ထင်နေ၏။ ထိုင်းမှိုင်းလေးကန်သွားသော စိတ်အစဉ်ကို ချက်ချင်း သတိပြုမိ၏။ အကြောင်းမဲ့ ပြုံးလိုက်ပြီး ...

"ခုနက တို့ကျောင်းနေဘက် သူငယ်ချင်းလေ၊ သူငယ်ချင်း တစ်ယောက်အကြောင်း သတင်းပေးသွားလို့ စိတ်မကောင်း ဖြစ်ရတယ်၊ ဘာတတ်နိုင်မှာလဲ မွန်မွန်ရယ်၊ သတ္တဝါတစ်ခု ကံတစ်ခုလို့ အောက်မေ့နေရတာပေါ့"

လေးလိုစိတ်များ လွင့်ပါးသွားသည်ကို တွေ့မှ စိတ်အေးရ၏။ ထိုင်ခုံတွင် ဝင်ထိုင်ပြီး လုပ်လက်စများကို ပြန်လည် စစ်ဆေး ကြည့်ရသည်။ စိတ်သည် ငြိမ်ဝပ်ခြင်းမရှိသေး၊ ရုတ်ချည်း ပြန့်၍ ...ပ်စတင်မလုပ်နိုင်အောင် ဖြစ်၏။ ကိုယ်ကသာ စိတ်ပူနေရတာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာသူ ရှင်းသွားကြမှာပါ။ သူတို့လည်း ငယ်တော့တဲ့အရွယ်မှ မဟုတ်ဘဲ။ လိုက်ပြီးပြောပြနေဖို့ မလိုတော့ပါဘူး။

လက်မှတ်ထိုးစရာရှိသည်တို့ကို ထိုးသည်။ လိုအပ်သော နေရာများကို အမှတ်အသား ပြသည်။

သို့သော် ကိုယ့်ကိုကိုယ် စိတ်တိုင်းမကျ။

* * *

ရဲမြင့်ဝင်လာသည်ကို မျက်စိထောင့်စွန်းမှ မြင်လိုက်ရသည်။ ရက်ဆက်ဆိုသလို ရောက်၏။ နေ့လယ် တစ်နာရီ အချိန်ပင်။ ထုံးစံအတိုင်း အပေါက်ဝမှ ကျော်ခင်တို့နှင့် ရယ်ကာမောကာ စကားပြောသည်။ မွန်မွန်က စာရင်းစာအုပ်ထဲ ခေါင်းငုံ့ထား၏။ ကျော်ခင်တို့၏ အသံ စီခနဲ ထွက်လာသည်။

"ဘယ်လိုလဲ ကိုရဲမြင့်၊ ကျွန်တော့်နေရာကို ဝယ်လိုက်ပါလား"

"အကောင်းဆုံးပေါ့ ကိုကျော်ခင်"

"ခုလို သတိတရ လာနေဂုတာ ပင်ပန်းမှာပေါ့နော်"

ရဲမြင့်က မွန်မွန်ကို တစ်ချက်ကြည့်ပြီး ရယ်သည်။ မအေးနွဲ့က ဖောင်တိန်ကို ချထားပြီး ပြုံးစိစိ ကြည့်နေ၏။

"နေကလဲ အရမ်းပူ၊ ခရီးကလဲ ဝေးတယ်၊ မသက်သာပါလား"





"ပူတော့ ပူတာပေါ့၊ ဒါပေမယ့် မပူဘူး၊ ဝေးတော့ ဝေးတာပေါ့။ ဒါပေမယ့် မဝေးဘူး"

တစ်ယောက်တစ်ပေါက် ဝိုင်းနောက်ကြသဖြင့် ရဲမြင့် ခေါင်းကုတ်ရယ်သည်။ မွန်မွန်ဟု ကျော်ခင်က လှမ်းခေါ်သည်။ မွန်မွန် ...ည့်တည်လေး လှမ်းကြည့်သည်။

"အချိန်မှန်ရထားကြီး ရောက်နေတယ်"

မွန်မွန် သူတို့ဘက် လှည့်မကြည့်မိ ခေါင်းငုံ့ထား၏။ မှတ်စုစာအုပ် ဖွင့်ကြည့်သည်။ ရဲမြင့်၏ အသံကို ထပ်ကြားရပြန်သည်။

"မွန်မွန် ...လက်ဖက်ရည် သွားသောက်ရအောင်၊ အလုပ်အားတယ်မို့လား"

"မအားသေးပါဘူး၊ ဒီမှာ လုပ်စရာတွေ မတွေ့ဘူးလား"

"ခဏလေးပါ၊ တကယ် ခဏလေး"

ကျွန်တော် မသောက်တော့ဘူးနော်ဟု ကျော်ခင် လှမ်းပြောသံ...င့် ရယ်သံများ ထွက်လာသည်။ မွန်မွန့်အား ပြောထားပြီးဖြစ်သည်။ ...န်မကျသေးသည့်ကာလအတွင်း အနေအထိုင် အသွားအလာ ...က်အောင်နေပါဟူ၍ ဖြစ်၏။ ပုံမှန်အတိုင်းဖြစ်အောင် နေရမည့် ...ဟု ထင်၏။

သို့မဟုတ်ပါက သံသယများ ဖြစ်လာကြလိမ့်မည်။ သံသယ...ည့်၊ သံသယ အတွေးများအောက် ရောက်သွားပါက မလိုလား...သော အကျိုးတရားသာ အဖတ်တင် ကျန်နေလိမ့်မည်။ ထိုပါသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ဦးပေါ်တစ်ဦး၊ တစ်ဦးဝန်းကျင်နှင့် တစ်ဦးဝန်းကျင် နီးစ နားလည်သဘောပေါက်မှု၊ လက်သင့်ခံသည်အထိ ကြိုးစားရဦးမည် မည်သည့်အရေးကိစ္စတွင်မဆို အချိန်အတိုင်းအတာသည် လိုအပ်ချက် တစ်ခုအနေဖြင့် ပါရှိမြဲပါ။ အချိန်အား လျစ်လျူရှုခြင်းသည် မှားခြင်း ရှေ့ပြေးဖြစ်၏။

"ဦး...အပြင်ခဏ ထွက်မလို့"

သူ မော့ကြည့်လိုက်သည်။ ထို့နောက် အပြုံးဖြင့် ခေါင်းညိတ် လိုက်၏ ။

ထိုသို့လာပြောတိုင်း အသံသည် လိုသည်ထက် ဆတ်တောက်လွ သည်ကို သိ၏။ ထွက်သွားကြသံကို နားမစွင့်ပါပဲ ကြားနေရ၏။

သက်ပြင်းတစ်ခုသာ ဖြစ်တည်ခဲ့၏။





"ကျွန်တော်က ခုမှ ရေချိုးမလို့ လုပ်နေတာ၊ တက်လေ အပေါ်မှာ မြင့်ရှိတယ်"

ဦးစီးက ရေလဲလုံချည်လဲရင်း ပြောသည်။ ဦးစီးက လှမ်းခေါ်သဖြင့် ဧနီး မမြင့် ထွက်လာသည်။ မမြင့်က တက်ပါဆိုမှ သူ ခဲ့၏။

"ငါးနာရီလောက် သွားကြတာ့ပေါ့ ကိုစိုးမင်းဦး"

သူ ခေါင်းညိတ်လိုက်သည်။

"ကောင်မလေးက မဆိုးဘူးနော်"

သူရယ်နေလိုက်၏။ မည်သည့်ကို ရည်ရွယ်ကာ ပြောခြင်းဖြ င်း သိပါသည်။ ဟုတ်သည်ဟု ဝန်မခံရဲသေးပါ။ ထင်မြင်



www.burmeseclassic.com

www.burmeseclassic.com



မှန်းဆချက်ကိုတော့ ငြင်းလဲ မငြင်းပယ်။ ပထမဆုံး အသိပေးသင့်သူမျ ထဲတွင် ဦးစီးတို့လည်း ပါသည်။ မမြင့်တို့ ဦးစီးတို့ကပင် ဦးဆော ဦးရွက်ပြုနိုင်းရမည်မဟုတ်ပါလား။

မမြင့်သည် ခဏစောင့်နိုင်းပြီး အခန်းထဲဝင်သွားသည် အလုပ်ပြင်ဆင်ရန် ဖြစ်မည်ထင်သည်။ မဂ္ဂဇင်းစာအုပ် တစ်အုပ် ဆွဲ ဖတ်သည်။ သို့သော် စာထဲတွင်စိတ်မရှိ ။ စိတ်အစဉ်သည် သူမထံ ရောက်နေ၏။ ညနေ ထမင်းစား ဖိတ်သည့် အကြောင်း သူမ လာပြေ စဉ်က သူငြင်းခဲ့သေးသည်။ သို့သော် သူမ၏ မိသားစုအသိုက်အဝန်း ဆက်ဆံပြောဆိုဖြစ်ဖို့ ဤတစ်လမ်းသာရှိနေသည်။ အလုပ်ခြ မသက်ဆိုင်၍ ဖြစ်ချင်ဖြစ်မည်။

အချိန်နီးကပ်လာသည်နှင့်အမျှ ခြေဖျားလက်ဖျားများ အေးစက် ၏။ ရင်ထဲတွင် စိုးရိမ်မှုကြောင့် တထိတ်ထိတ် အခုန်မြန်နေ၏။

"စောင့်နေရတာ ပျင်းသွားပြီထင်တယ်၊ ကဲ…ပြီးပါပြီ၊ သွား မယ်"

ဦးစီးက အကျီကို ဆွဲဆန့်ရင်းပြော၏။ မမြင့်က လက်ပွေ့အိတ် ကောက်ယူသည် ။ သက်တူရွယ်တူမို့ ရှေ့သွားနောက်လိုက် အလွ သည်။ သားသမီး မထွန်းကားသဖြင့် လူငယ်များအတိုင်း နေ ပြောဆိုတတ်၏။ နာရီကိုကြည့်ပြီး ထ,ရပ်လိုက်၏။

ရပ်နေရသည်မှာ လိုအပ်သည်ထက်ပို၍ အားစိုက်ထားရ သို့တိုင် မမြဲချင်။

❋ ❋ ❋





အိမ်ပေါက်ဝမှ ဆီး၍ ကြိုသည်။

မငြိမ်သက်သော မျက်ဝန်းအစုံကို သတိထားမိ၏။ သူလည်း ကိုယ့်လိုပဲ ရှိနေမည်ထင်၏။ အိမ်ပေါ်ရောက်ပြီး သိပ်မကြာမီ စကားဝိုင်းနှစ်ဝိုင်းဖြစ်သွားသည်။ မွန်မွန်နှင့် မမြင့်တို့တစ်ဝိုင်း သူတို့ဝိုင်း မှာတော့ ထမင်းမြိန်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဂျော်နီဝါးကားတစ်လုံး ပိုနေ၏။

ဦးစီးသည် ဖန်ခွက်ထဲ ရေခဲဖြည့်နေ၏။ မွန်မွန့်အဖေက …

"ကိုစိုးမင်းဦး …သောက်တတ်ရင်သောက်ပါ၊ အားမနာနဲ့နော်"

သူ ငြင်းပယ်စကား ဆိုရ၏။ ဦးစီးကဝင်၍ …

"တစ်ခါမှ ကျွန်တော်တို့နဲ့ မတွဲဘူးဗျ။ ကျွန်တော်တို့က တစ်ခါ တစ်ရံ ရံဖန်ရံခါ ဆိုသလို စားကြ သောက်ကြရမှ ပျော်တာ၊ သူက ဘေးထိုင် အမြည်းပဲစားတယ်"

ပြောရင်းဆိုရင်း မှောင်ရိပ်သန်းလာလေသည်။ အိမ်ရှေ့မှ ပိန္နဲရွက် တို့ကိုပင် သဲကွဲစွာ မမြင်ရတော့။ မွန်မွန့်အမေ ဒေါ်မြတင်က ထမင်းခူးထားပြီးဖြစ်ကြောင်း လာပြောမှ ဝိုင်းကို သိမ်းလိုက်ကြ၏။ ထမင်းစားဝိုင်းသည် တစ်ခမ်းတနား။

"ထည့်စား ကိုစိုးမင်းဦး၊ နောက်လဲအားရင်လာလည်ပေါ့"

မွန်မွန့်၏အဖေစကားကြောင့် မွန်မွန့်အပြုံး ပို၍ တောက်ပသွား သည်။ ဒေါ်မြတင်က ဟင်းများကို အတင်းခပ်ထည့်ပေးနေ၏။ လက်ဆေးသည်နှင့် မွန်မွန်က လက်သုတ်ပဝါ အဆင်သင့် ကမ်းပေး



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုနောက် သောက်ရေ ကမ်းပေးသည်။ ကြည်နူးချမ်းမြေ့ခြင်းတို့ ရင်နှင့် မဆံ့တော့။

အိပ်မက်တစ်ခုကဲ့သို့ ထင်မြင်မိအောင် ရှိ၏။ သိုက်သိုက်ဝန်းဝန်း အေးအေးဆေးဆေးဖြင့် ပြီးဆုံးသွားခဲ့သည်။ ကျေနပ်ဖွယ်အတိ။

မွန်မွန်၏ မငုံ့မရဲအပြုံးသည် ထိုနေ့က အလှဆုံး ရှိနေ၏။

* * *

အစည်းအဝေးပြီးချိန်တွင် သုံးနာရီ ရှိနေပြီ။

ရုံးကိုရောက်တော့ သုံးနာရီခွဲ။

"ဆရာ့အတွက် စာလာတယ်"

ကျော်ခင် လှမ်းပြောပြီး တစ်ဆက်တည်းပင် အံဆွဲကို ဖွင့်သည်။ ဘယ်သူ လာပေးတာလဲဟု သူမေး၏။ စာတိုက်က လာတာ၊ စာပို့သမား လာပို့သွားတာဟု ဖြေ၏။ စာအိတ်ကို လှမ်းယူပြီး လိပ်စာကို ဖတ်ကြည့်၏။ မှ...နေရာတွင် မာလာ၏ လိပ်စာကို တွေ့သည်။

လိပ်စာမပါသည့်တိုင် ရှည်သွယ်သော လက်ရေးကို ကြည့်ပြီး သိနိုင်သည်။ ဘာကြောင့်ပါလိမ့်၊ သာကြောင်း မာကြောင်း မဟုတ်သည် ကတော့ သေချာသည်။ မောနေသော ရင်ထဲ ပို၍မောသွားသည်။ ဘာရယ်မသိ စိတ်ထဲလေးလံသွား စာအိတ်ကို တိုက်ပုံအိတ်ထဲ ထည့်လိုက်သည်။





းပွဲသို့ မရောက်မီ မွန်မွန် ရပ်စောင့်နေ၏။

"ဦးခရီးထွက်ရမယ်ဆို"

"ဟုတ်တယ်မွန်မွန်၊ တစ်ပတ်လောက် ကြာမလား မသိဘူး"

းပွဲတွင် ဝင်ထိုင်လိုက်ပြီး တိုက်ပုံအင်္ကျီကို ချွတ်သည်။ သာမန် သို့၍ ပူအိုက်နေ၏။

န်မွန်သိပြီးဖြစ်မည်။ မသိမသာ လှမ်းကြည့်နေသည်ကို သတိထား ဖွင့်မေးလိုက်ပါလား...မွန်မွန်ရယ်ဟု စိတ်ထဲက ရေရွတ်မိ၏။ မေးခွင့်မသာသေးသော အခြေအနေကို သတိပြုမိ၏။ နှစ်ဦးချင်း အေးဆေးဆေး မဆုံဖြစ်သည်မှာ ကြာပြီ။ နေ့စဉ် တွေ့နေရပေမယ့် သတ်ထားသော ဘောင်အတွင်းကသာ စကားပြောဖြစ်ကြသည်။ တည်းနေရခြင်းကို စိတ်မရှည်ချင်တော့။ သို့သော်လည်း မလွန်ဆန် သေး၊ တစ်နေ့တော့ မွန်နှစိတ်တိုင်းကျ ဖြစ်စေရမည်ဟု တွေးကာ သိမ့်ရသည်။

တိုက်ပုံအိတ်ထဲမှ မီးခြစ်ကို စမ်းသည်။ ထိုအခါမှ မာလာစာကို ရ၏။ မွန်မွန်လှမ်း၍ ကြည့်နေတာ ဒါပဲထင်တယ်။ အိမ်ကျမှ အေးလူလူ ဖတ်တော့မည်ဟု အတွေးဖြစ်၏။ အိမ်သို့ ယူသွားခဲ့ ၌ ဤနေရာ၌ မဖတ်ထိုက်သောစာဟု ထင်မှတ်သွားနိုင်သည်။ လားအပ်သည့် ထင်မြင်ယူဆခြင်းများ ဖြစ်လာနိုင်သည်။ တကယ် ည်း အေးဆေးစွာ ဖတ်သင့်သောစာ ဖြစ်သည်။

ဤနေရာ၌ ဤစာကို ဖတ်ရမည်ကို စိတ်ထဲ လေးလံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားစရာ အချိန်ယူစရာ မလိုတော့ပြီပဲ၊ မာလာသည် စည်
တစ်ဘက်ခြမ်းတွင် ကျန်ခဲ့ပြီပဲ။ နလုံးသားနယ်ပယ်၏ မြူမှုန်တစ်စ
ပိုင်ဆိုင်ခွင့်မရှိတော့ပြီပဲ။ စာအိတ်ကို ဖွင့်ဖောက်လိုက်သည်။ ရုတ်တ
မဖတ်ဖြစ်သေးဘဲ ဆေးလိပ်ကို မီးညှိ၏။ ကုလားထိုင်ထက်တွင် ကျေ
လိုက်သည်။

သက်တောင့်သက်သာ အနေဖြစ်ပြီဆိုမှ မျက်လုံးအစုံက ရည်သ
သော စာလုံးပေါ် ရောက်သွားသည်။

* * *

စာပြန်ပါလို့ အကြိမ်ကြိမ်ပြောချင်ပါတယ်စိုး။ စိုးဆီက သဘော
ကို သိရမှ ဘာကို ဆက်လုပ်ရမယ်ဆိုတာ သိမယ်ထင်တ
ကိုကျော်မြင့် ကို ဟိုအရင်ကတည်းက သဘောမကျခဲ့ဘူးဆိုတာ
သိပါတယ်။ ဘာကြောင့် လက်ထပ်ခဲ့သလဲဆိုတဲ့အမေးကို ဖြေ
မလိုဘူးထင်တယ်စိုး။ စိုးကိုယ်စိုး အသိဆုံးပါ။ ဒါ ဒုတိယအကြ
စိုးရဲ့ သဘောထားကို တောင်းတာပါ။

စိုး မာလာ့ကို ဘယ်လိုထင်သလဲ။

သိပ်မုန်းစရာကောင်းတယ်လို့ ထင်မှာပဲ နော်။

ဒါပေမယ့် မာလာကတော့ မချစ် မနှစ်သက်တဲ့လူရဲ့ ရင်ခွင်ထဲ
ဒုတိယမှို မခုန်ဆင်းချင်ဘူး။ နှစ်ပေါင်းများစွာ စိတ်ဒုက္ခ ခံစားခဲ့ရပြီ
လေ။ ဒီအကြိမ်ဟာ ရေပေါ် ခေါင်းဖော်ပြီး အမောတကော သက်ပြင်





နေရတဲ့အချိန်ပါ။ စိုးသိရဲ့လား။

မာလာ ဘယ်လောက်စိတ်ဆင်းရဲခဲ့ရတယ်ဆိုတာ စိုး တွေးမိရဲ့လား။ စိုးမှာ အရင်ကလို စာနာတရား ကြင်နာတရားတွေ ရှိပါတယ်နော်။ စိုး မျက်နှာ မလွှဲလိုက်ပါနဲ့ကွယ်။ တစ်ယောက်တည်း လျှောက်လှမ်းခဲ့ရတဲ့ ရက်တွေကို မာလာ နားလည် ခံစားခဲ့ရပါတယ်။ တို့နှစ်ယောက်...။

စာရွက်ကို ပြန်ချထားလိုက်သည်။ ရင်ဝယ် နားလည်ခဲ့ခက်၏။ ခေါင်းထဲတွင် ထူပူ မှိုင်းနေ၏။ သက်သာလိုဖြား ဇက်ကို လှည့်ချိုးသည်။ ထို့နောက် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လှမ်းကြည့်မိသည်။

စက္ကူပန်းချုံသည် မှောင်နှင့်မည်းမည်း။ လမ်းမီးရောင် ဝါကျင်ကျင် အောက်တွင် မပီမသနင့်။ ရောင်စုံလှပသော ပန်းပွင့်တို့သည် လည်းကောင်း။ စိမ်းမြသော သစ်ရွက်တို့သည်လည်းကောင်း အမှောင်ထုကို ဖယ်ရှားကာ မဝင့်ထည်နိုင်ကြချေ။ တစ်ညီတညာတည်း မှောင်ပိန်း၍ နေသည်။

ရုံးတွင် ဖတ်ခဲ့စဉ်က သုံးလေးကြောင်းအရောက်တွင် ဆက်မဖတ်ချင်တော့။ ဆက်၍ ဖတ်နိုင်စွမ်း မရှိတော့။ မိမိကိုယ်ကို အသေအချာ သိလိုက်သည်။ စာလုံးများက စိတ်အစဉ်ကို တတိတိ ချေဖျက်တော့မည်။ မီးသေနေသော ဆေးလိပ်တိုကို ပါးစပ်တွင် ခဲထားမိသည်။ ယိမ်းယိုင်လုလု စိတ်ကို ခတော အချိန်ယူ၍ တည့်မတ်နေမိ၏။ ဆေးဘီဝဲယာ မကြည့်အားတော့။ မိမိ၏ မျက်လုံးကိုပင် မိမိ မယုံကြည်အောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမိပွာယ်မဖော်တော့ဘဲ စာလုံးများကိုသာ လိုက်လံကြည့်၏။ စာရွက်သားအဖြူကိုလည်း ကြည့်၏ ။ စာတစ်စောင်ပြီးလောက်သည့် အချိန်ထိ ထိုအတိုင်း ကြည့်၏။ စာရွက်ကို ပြန်ချထားချိန်တွင် ခေါင်းထဲ အုံနေ၏။ ဝန်းကျင်တစ်ခွင် အလင်းအား ယုတ်လျော့လျက် မှုန်နေခဲ့၏။

ခါးဆစ်တစ်ဝိုက်မှ ညောင်းညာမှုကို သတိထားမိသည်။ ခုံမှ အသာအယာ ထပြီး ပြတင်းပေါက်ဆီ လျှောက်နေမိ၏။ ကြမ်းပြင်နှင့် ခြေတို့ ထိတွေ့မှုက ထူပိန်းပိန်း ဖြစ်နေသည်။ ထုံကျဉ်နေသော ခြေတို့ကို သွေးလည်ပတ်မှု ညီညာသည်အထိ ရပ်၍ စောင့်ဆိုင်းသည်။ ပြီးမှ စားပွဲကို ပတ်ကာ ပြတင်းပေါက်ဘောင်ပေါ်ကို လက်ထောက်ပြီး ရပ်ရသည်။ မြစ်ပြင်ကို ဖြတ်ကူးလာသော လေသည် အေးမြမြနှင့် ရှိသည်။

စာပြန်သင့်သည်။ အကျိုးသင့် အကြောင်းသင့် ရှင်းပြရမည်။ မပြန်ဘဲ နေတော့မည်ဟု စိတ်ကူးခဲ့ခြင်းကို ပယ်ဖျက်လိုက်သည်။ နားလည်သွားစေချင်သည်။

ဟိုအရင်ကတည်းက ရှင်းပြခွင့် မရခဲ့။ ပြီးခဲ့သည့်အခေါက် လူချင်းဆုံမိစဉ် ရှင်းပြရန် အခွင့်သာခဲ့သည်။ သို့သော် ထိုအချိန်သည် သူမအတွက် ပူပင်သောကများ ပွေ့ပိုက်နေရသည့်အချိန်မို့ ထပ်ဆင့် မခံစားစေချင်ခဲ့။

ပြောပြခဲ့လျှင်လည်း တစ်စုံတစ်ခုကို ရည်ရွယ်သည်ဟု ထင်မည် စိုးခဲ့၏။

ခုတော့ ရှင်းပြရန် အကြောင်းလုံလောက်ပြီလေ။ နှစ်များစွာ





ကျော်ဖြတ်ခဲ့သော သူမ၏ တစ်ဖက်သတ် စွဲထင်ချက်ကို ချေဖျက်ရတော့မည်။ မိမိတစ်ကိုယ်တည်း ရပ်တည်နေခဲ့ခြင်းသည် သူမအား မျှော်လင့်၍မဟုတ်။ ဤအချိန် ဤအနေအထားသည် မျှော်လင့်သော အနေအထားမဟုတ်။ သူမ၌ တွယ်တာစရာ သမီးငယ် ရှိနေပါပြီ။ ထိုကလေးမ၏ မျက်ဝန်းနှင့် စကားသံကို ခုတိုင် ကြားယောင်ဆဲ။ အဖေအား တမ်းတလွမ်းဆွတ်နေခြင်းကို ဥပေက္ခာပြုရန် မဖြစ်ပေ။

နက်ဖြန်ဆိုလျှင် နယ်သို့ ခရီးထွက်ရဦးမည်။ တစ်ပတ်ခန့်ကြာမည် ထင်သည်။ ဒီညအပြီးရေးကာ မနက်ဖြန် ထည့်လိုက်ရမည်။ အချိန်ဖင့်၍ မဖြစ်။

ဘာမဟုတ်ဟု ထင်ပေမယ့် မပြောပလောက်သော အချိန် အတိုင်းအတာတစ်ခုက အရာအားလုံးကို ပြောင်းသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

စိမ်းမြမြလယ်ကွင်းသည် မျက်စိတဆုံးရှိ၏။ တောင်ခြေတစ်ဝိုက်တွင် သစ်တော ခပ်အုပ်အုပ် ဆိုင်းနေ၏။ ကွေ့ကောက်သော လူသွားလမ်းသည် ဘယ်အရပ်၌ ဆုံးသွားသနည်း။

"ကိုယ့်ဆရာ စဉ်းစားလု့ချည်လား"

တစ်ဖက်သို့ ငေးနေရာမှ သူ လှည့်ကြည့်သည်။ ပြီးမှ ...

"အော် ကိုဖြိုး၊ ဘာရယ်မဟုတ်ပါဘူး။ ရှုခင်းက လှလို့ပါ"

"ကျုပ် သတိမထားဘဲကို မနေနိုင်ဘူး၊ ဒီခရီး တစ်လျှောက်မှာ ခင်ဗျား စကားအနည်းဆုံး၊ အတွေးဆုံး ပုဂ္ဂိုလ်ဘဲ၊ အချိန်လေး ရလိုက်ရင် ဖျတ်ခနဲ ပျောက်သွားရော၊ ပြီးတော့ လူရှင်းတဲ့ တစ်နေရာမှာ ခင်ဗျား ထိုင်ပြီး ငိုင်နေရော မဟုတ်လား"





မဟုတ်ပါဘူးဟု သူရယ်၍ ပြော၏။

"ဘာမဟုတ်ဘူးလဲ၊ လက်ဆုပ်လက်ကိုင်မိမှ ခင်ဗျားက မှန်လာဥ လုပ်မလို့လား။ ဒီမယ်၊ ခင်ဗျားရဲ့ ကိုယ်ရေးကိုယ်တာတော့ကျုပ် မသိပါဘူး။ မေးလဲ မမေးပါဘူး။ ဒါပေမယ့် အကြံကောင်းတစ်ခု တော့ ပေးလိုက်မယ်၊ သိပ်မစဉ်းစားနဲ့ကိုယ့်လူ သွက်သွက်လေး လုပ်"

ပြောရင်း ကိုဖြိုးသည် တဟားဟား ရယ်သည်။ ကိုဖြိုး၏ စကားကို ဘာကျွှာ ပြုံးမိသည်။

"ကဲလာ၊ ထမင်းစားဖို့ စောင့်နေကြတယ်၊ မနက်ဖြန်ဆို မြို့ကို ပြန်ရောက်မှာပါ။ သိပ် ငိုင်မနေစမ်းပါနဲ့"

သူရယ်၍ ထရပ်လိုက်၏။

ဝါးတံတားသည် ချောင်းငယ်ကိုဖြတ်၍ ထိုးထားသည်။ တောက်လိုက်တိုင်း တကွိကွိမြည်ကာ လှုပ်ခါသွား၏။ တစ်မိုးလောက် တော့ ခံနိုင်ကောင်းပါရဲ့ဟု တွေးမိ၏။ ယာယီသည် အခိုင်အခံ့ မဟုတ်ပေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



မမောင်ခင်လေး မြို့သို့ ရောက်သည်။

ကမ်းပေါ်ရောက်ချိန်ဝယ် လမ်းမီးများထွန်းလင်းနေပြီ။ မနက်ဖြန် ဦးစီးကို သွားတွေ့တော့မည်ဟု စိတ်ကူး၍ အိမ်သို့ တန်းပြန်ခဲ့၏။ ခြံတံခါး မဖွင့်မီ မစိုး၏ စာအုပ်ဆိုင်ကို ကြည့်မိ၏။ စာအုပ်ဟာ သုံးလေးယောက် ရှိနေသေးသဖြင့် ပြီးမှ မေးမည်ဟုတွေးပြီး တံခါးကို ဖွင့်သည်။ တံခါးဖွင့်သံကြားသည်နှင့် မစိုး လှမ်းကြည့်ပြီး...

"ဪ ကိုစိုးမင်းဦး"

"ခုပဲ ပြန်ရောက်တယ် မစိုး"

"ထမင်းစားပြီးပြီလား"

"စားပြီးပြီ မစိုး၊ ဘာမှ မလုပ်နဲ့တော့"

ဘာများ ထူးသေးလဲ၊ စာကော ရောက်လားဟု မေးရန်ပြင်မိ၏။ ညကျမှ မေးတော့မည်။ အိမ်ပေါ်တက်ပြီး အထုပ်အပိုးများကို အခန်းထဲ သွားချထားလိုက်သည်။ ပြီးနောက် ဧည့်ခန်းရှိခုံတွင် နွမ်းနယ်စွာ ထိုင်ဖြစ်သည်။ ခဏအကြာ ကိုမြအေး အလုပ်က ပြန်ရောက်လာသည်။ စကားအနည်းငယ် ပြောဖြစ်ကြ၏။ ထို့နောက် ကိုမြအေးသည် ထုံးစံ အတိုင်းပင် ပက်လက်ကုလားထိုင်တွင် ထိုင်ကာ ဆေးပြင်းလိပ် သောက်ရင်း မှိန်းနေလေ၏။

မစိုးသည် စာအုပ်ဆိုင်ကို ခပ်စောစော သိမ်းလိုက်သည်။ ဧည့်ခန်းထဲ ဝင်လာသော မစိုးကို သူလှမ်းကြည့်၏။ တစ်စုံတစ်ခု ထူးနေပြီဟု စိတ်ထဲက အလိုလိုသိရှိ ခံစားလိုက်ရသည်။





"ကိုစိုးမင်းဦး ကြားပြီးပြီလား"

"ဘာကိုလဲ မစိုး"

"ဒီလို ကိုစိုးမင်းသိုးရဲ့ ပြီးခဲ့တဲ့ရက်ကလေးကတင် မွန်မွန်ကို အိမ်က စေ့စပ်မလို့ လုပ်ကြတယ်"

သူဘာမှ ပြန်မပြောနိုင်။ ကြမ်းခင်းကို ငေးလျက် ကြည့်နေမိသည်။ မစိုးက ဆက်၍...

"အဲဒါ မွန်မွန်က လက်မခံဘဲ ငြင်းတယ်လေ၊ တော်တော်လေး သတင်းကြီးသွားတာ၊ ယောကျ်ားလေးဘက်က တကယ့် ဒိတ်ဒိတ်ကျဲတွေ သူတို့အမေရဲ့ဇာတိမြို့ကပေါ့၊ အဲဒါ ရဲမြင့် ကလဲ သူ့အမေ အမေတွေကိုပြောပြီး ကြားထဲက ဝင်ပြီး ကြောင်းလမ်း ကြတယ်လေ"

"ဘယ်လို မစိုး၊ ကျွန်တော် နားမရှင်းဘူး၊ သူတို့အမေရဲ့ ဇာတိမြို့ က ဘယ်သူလဲ"

"ကိုထူးဇင်တဲ့၊ ဘွဲ့ရပြီးသား၊ မိဘ လက်ငုတ်ဖြစ်တဲ့ စီးပွားရေး လုပ်ငန်းကို သူက ဦးစီးပြီး လုပ်နေတာ"

"ဒါနဲ့ ရဲမြင့်ဆိုတာကကော"

"အဲဒီ ကိုထူးဇင်ကို မွန်မွန်က ငွတ်အတင်း ငြင်းလိုက်တယ် ဒါပေမယ့် နှစ်ဖက်မိဘတွေကတော့ နားလည်မှု ယူထားကြ တယ်။ အချိန်နည်းနည်းဆွဲပြီး စောင့်မယ်ပေါ့၊ ဒီသတင်းတွေလဲ



www.burmeseclassic.com

www.burmeseclassic.com



ကြားရော ရဲမြင့် မနေနိုင်တော့ဘူး၊ သူကလဲ တစ်ဖက်သတ် ကြိုက်နေတဲ့လူကို၊ သူတို့လဲ ချမ်းသာတာပဲ မဟုတ်လား၊ အဲဒီတော့ ရဲမြင့်က သူ့အဖေအမေကို ပြောပြီးနားဖောက်ခိုင်းတယ်တဲ့၊ သူများလက်ပါမယ့်အတူတူ အချစ်ကိုရော တစ်ပါတည်း တောင်းခံမယ်ပေါ့၊ ဒါကိုလဲ မွန်မွန် ခေါင်းခါ ပြန်တယ်"

ရင်အစုံ ဖျစ်ညှစ်ဆုပ်ကိုင်ခံရသကဲ့သို့ တင်းကျပ်နေ၏။

"ခုနစ်ပြည်ထောင် ဝိုင်းလုနေကြတဲ့ အတိုင်းပဲ၊ ဟိုတစ်နေ့ကတောင် မွန်မွန်ရောက်လာပြီး ကိုစိုးမင်းဦးအတွက် စာပေးသွားသေးတယ်"

မစိုးသည် ပြောပြောဆိုဆိုနှင့် ထ၍ ဗီရိုကို ဖွင့်သည်။ စာအုပ်များကြားထဲတွင် ညှပ်ထားသောစာကို ယူသည်။ သူ့ကို လှမ်းပေးသည်။ ယူသောလက်သည် သိသိသာသာ တုန်ယင်နေ၏။ ဖွင့်မဖတ်သေးဘဲ စာရွက်ခေါက်ကို ငေးကြည့်နေမိ၏။ မစိုးက အလိုက်တသိ အပါးမှ ခွာသွားသည်။ အိမ်နောက်ဖေးသို့ နင်းထွက်သွားသံ ပျောက်ကွယ်သွားချိန်ထိ စောင့်နေမိ၏။

အသံအားလုံး ဆိတ်သုဉ်းပျောက်ကွယ်သွားသည် ထင်၏။ မိမိဘက်သို့ ညွှတ်ကိုင်းနေသော ပန်းပွင့်။ သို့သော် ခူးဆွတ်မည့်သူက မိမိတစ်ဦးတည်း မဟုတ်ချေ။

* * *





"ဦးနဲ့ အခုလို တွေ့လိုက်ရမှ မွန့်ရင်ထဲ အေးသွားတယ်"

စာနာနားလည်စွာ ခေါင်းညိတ်သည်။ လက်ဖဝါးနုနုလေးကို ဖျစ်ညှစ်လိုက်၏။ မျက်ဝန်းအစုံသည် စတွေ့စကလို ရီဝေဖျော့တော့မနေတော့။ ကြည်လင်ရွှန်းလက် နေချေပြီ။ အင်သစ် အားသစ်တို့ဆပွားလာသကဲ့သို့ ရှိ၏။ မွန်မွန့်မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း...

"အစက တဖြည်းဖြည်းချင်းသွားမယ်လို့ စိတ်ကူးခဲ့တယ်၊ တစ်ဆင့်ပြီးတစ်ဆင့် အသိပေးသွားမယ်ပေါ့၊ အင်္ဂလိပ် စကားပုံလေးတစ်ခုရှိတယ်၊ တစ်ဆင့်ပြီးမှ တစ်ဆင့်တဲ့၊ ကျော်မတက်ပါနဲ့ အန္တရာယ်ဆိုတာ ဒါပဲလို့ ဆိုတယ်၊ ခုလို အခြေအနေမျိုး ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲ မွန်မွန်ရယ်၊ တို့များ ရင်ဆိုင်ရုံပဲ ရှိတာပေါ့"

"ဘယ်ကစပြီး ဖွင့်ပြောရင် ကောင်းမလဲ ဦး"

ကန်ရေပြင်ထက်က ကြာရွက်များကို လှမ်းကြည့်မိ၏။ ရေနှင့်တိတိရိရိ ရှိနေကြသည်။

"မိဘကို တိုက်ရိုက်ဖွင့်ပြောတာထက်စာရင် တစ်ယောက်ယောက်က တစ်ဆင့် ပြောခိုင်းတာ ပိုကောင်းမယ်ထင်တယ်လေ၊ ဒါမှ ကိုယ့်ဆိုလိုချက်ကို ပြည့်ပြည့်စုံစုံ ပြောပြနိုင်မှာ"

မျက်တောင်လေး ဖျတ်ခနဲ ပုတ်ခတ်သည်။ အောက်နှုတ်ခမ်းကိုဖိကိုက်ကာ စဉ်းစားဟန်ပြု၏။ ပြီးမှ...

"မမဆိုရင် ကောင်းမလား ဦး"

"ကောင်းပါတယ် မွန်မွန်၊ ပြောလိုက်ပါ၊ ဒါပေမယ့် သိပ်တော့



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်မထားနဲ့ပေါ့"

လက်မှ နာရီသို့ အကြည့်ရောက်သည်။ ရှစ်နာရီထိုးတော့မည်။ ပြန်ချင်ပြီလားဟု တီးတိုးမေးသည်။

"ဘယ်ပြန်ချင်ပါ့မလဲ မွန်မွန်ရဲ့ ဒါက နှလုံးသားရဲ့ဆန္ဒလေ။ ဒါပေမယ့် စိတ်ကတော့ ရုံးသွားရဦးမယ်လို့ တွေးနေတယ်။ နောက်ပြီး ဒီအချိန်မှာ ပိုပြီး သတိထားရမယ် မဟုတ်လား"

"မွန် နားလည်ပါတယ်ဦး။ ဦးကို စ,ကြည့်တာပါ"

နှုတ်ခမ်းဆံစကို လက်ဖဝါးဖြင့်ဖွဖွလေး ပုတ်လိုက်သည်။ ပုလဲသွားတန်းပေါ်အောင် သူမ ရယ်လေသည်။

ထ,ရပ်ရင်း မွန်မွန် ရုံးမတက်ဖြစ်တာ ဘယ်လောက်ရှိပြီလဲဟု သူ မေးသည်။ မွန်မွန် စဉ်းစားဟန်ပြုသည်။ တစ်ပတ်ပေါ့။ ဦးသွားကတည်းကဟု ဖြေသည်။

ဖြစ်နိုင်လျှင် ဤနေရာက မခွာချင်။ သောကအပူတို့ အလှမ်းဝေးသောနေရာ၊ အေးချမ်းသော ဝန်းကျင်နှင့် ချစ်သူမျက်နှာသည် ရင်ကိုစွဲငြိထား၏။ ရှေ့သို့ တစ်လှမ်း တိုးရတော့မည်။ ချစ်သူအတွက် အားပေးသည့်အပြုံးဖြင့် ပြုံးပြရ၏။ မကြာခင် အဖြူအမည်း သဲကွဲတော့မည့် အခြေအနေသည် သိပ်ကောင်းနိုမည်မထင်။

ချစ်သူ့မျက်နှာသာ သူ့ဘက်တွင် ရှိသည်။

※



(၂၂)

အလုပ်ထဲမှ ခေါင်းဖော်တိုင်း လွတ်နေသော စားပွဲဆီ အကြည့်ရောက်ရောက်သွားသည်။

သူမ မရှိသည်နှင့် ရုံးသည် ခြောက်သွေ့သွား၏။ သူမ၏ စကားပြောသံလေးကို ကြားယောင်သည်။ ရယ်ဖွဲ့ပြုံနေသော မျက်နှာလေးကို နွမ်းလျစွာ မြင်မိ၏။ လစ်လပ်သွားသည့် အချိန်တိုင်း သူမကို သတိတရဖြစ်သည်။ သတိရတိုင်း ရင်ဝယ် ရှတတ ခံစားရသည်။ ပြောလိုက်ပြီထင်၏။

ဤနေ့ဆိုပါက နှစ်ရက်ရှိခဲ့ပြီ မဟုတ်လား။ မည်သည့်အကြောင်းကြားခြင်းကိုမျှ မရရှိသေး။ သဘောမတူ၍များလား။ သဘော မတူဟုငြင်းခဲ့လျှင်။ ဆို့နင့်သွားသော နှလုံးသားအတွက် ဖြေသိမ့်စရာ မရှိခဲ့။

ဘယ်ဆီကို ကြည့်မိမှန်းမသိ။ ကြည့်သာ ကြည့်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မမြင်။

"ဆရာ ညေသည်"

ကြည့်နေမိသည်မှာ ဝင်ပေါက်ဆီသို့ ဖြစ်ကြောင်း ယခုမှ သိလေ၏။ မှုန်ဝါးနေသော မြင်ကွင်းသည် ခေါ်သံကြောင့် ကြည်လင်သွားခဲ့သည်။

အပေါက်၌ ရပ်နေသူသည် မွန်မွန်၏ အစ်မဖြစ်သည်။ ရုံးဝန်ထမ်းအားလုံး၏ အကြည့်က သူ့ထံ စုပြုံကျရောက်လာသည်။ တချို့က မွန်မွန်၏ အစ်မနှင့် သူ့ကို တစ်လှည့်စီ ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။ မမျှော်လင့်သော အဖြစ်ကြောင့် ရုတ်တရက် ဘာလုပ်ရမှန်း မသိ။ စားပွဲမှ စာရင်းစာရွက်များကို ဘေးသို့ တွန်းဖယ်ရင်း...

"ဝင်ခဲ့ပါခင်ဗျား။ လာပါ"

သူမသည် ဖြည်းညင်းစွာ လျှောက်လာသည်။ စားပွဲနားရောက်သည်နှင့် ထ,ရပ်၍ ထိုင်ပါဟု စကားဆိုလိုက်သည်။

"မထိုင်တော့ပါလူး ကိုစိုးမင်းဦး၊ နည်းနည်းပြောစရာရှိလို့ပါ"

"ဩော်...ရပါတယ်"

သူမသည် လာလမ်းသို့ ပြန်လှည့်သည်။ ရုံးထဲ၌ မပြောချင်သည့် စကားမို့ ဖြစ်မည်ဟု တွေးကာ ခြေလှမ်းလိုက်သည်။

သူမနှင့် စကားဆယ်ခွန်းပြည့်အောင် မပြောဖူးခဲ့။ သို့သော် သိပ်တော့ မစိမ်းလှ။ မေးပြော ခေါ်ထူးတော့ ရှိသည်။





ရုံးပေါ်တွင် မရပ်တန့်။ အရိပ်စွေကျနေသော ဘံစက်မြိတ်သို့ ဆက်၍ ဆင်းသည်။ သူ လိုက်ဆင်းသွားခဲ့၏။ စကားပြောသာရုံ အကွာအဝေးတွင် ရပ်လိုက်သည်။ မွန်မွန်၏ အစ်မအကြည့်တွင် ပူလောင်မှုမှု မတွေ့မိ။ ထိန်းချုပ်ထားသော တည်ငြိမ်ခြင်းကိုသာ တွေ့၏။ ဆေခနဲ တစ်ချက်ကြည့်ပြီး ...

"ဦးစိုးမင်းဆီ လာရတာ တခြားကိစ္စတော့ မဟုတ်ဘူး။"

"ပြောပါ"

"မွန်မွန့်ကိစ္စပါပဲ"

စကားသံ ပြတ်သွားသဖြင့် အောက်ခြေမြေပြင်သို့ ငုံ့ကြည့်ရင်း ဆက်စောင့်ရသည်။ ကျေနပ်ရွှင်ပျသော အသံမဟုတ်ဟု သိမိသည်။

"ဦးစိုးမင်းဦးအနေနဲ့ အမှန်တကယ်ဆန္ဒရှိတာကော ဟုတ်ရဲ့လား"

စိတ်ထဲ တင်းခနဲ ဖြစ်သွားသည်။ ဖျတ်ခနဲ ကြည့်ဖြစ်သည်။ မေးသင့်မေးထိုက်တဲ့ မေးခွန်းပါပဲဟု ကိုယ့်ကိုယ်ကို ပြောရင်း စိတ်လျှော့လိုက်ရသည်။ ပြီးမှ ...

"ကျွန်တော့်ရဲ့ဘဝမှာ ဒါဟာ ပထမဦးဆုံးပါ"

"ဒီလိုပဲ ပြောကြတာပဲ"

ခနဲ့ပြုံး၊ မယုံကြည် ဆိုသည့်သဘော။

ရင်ထဲ စူးအောင့်အောင့် ရှိလှသည်။ သက်သက် လှောင်ပြောင်ဖို့များ ရောက်လာတာလား။ အလှောင်အပြောင် ခံသင့်သလား။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် အရင်းခံ အကြောင်းအရာသို့ မရောက်သေး။ သို့တိုင် ရိုးတိုးရိပ်တိတ်တော့ သဘောပေါက်စ ပြုသည်။ မကြည့်ဖြစ်အောင် လွှဲဖယ်ထားလိုက်သည်။

"ကျွန်မတို့ အချိန်နည်းနည်း ယူကြရင် မကောင်းဘူးလား ကိုစိုးမင်းဦး"

"ခုချက်ချင်းလို့ ကျွန်တော် မတောင်းဆိုပါဘူး။ ဒါကိုတော့ နားလည်ပါတယ်နော်၊ ဖြစ်လာတဲ့ အခြေအနေကြောင့် ကျွန်တော်တို့ ဖွင့်ပြောရတာပါ။ ခုချက်ချင်းဆိုလဲ ကျွန်တော့်မှာ ငြင်းစရာ အကြောင်းမရှိပါဘူး"

သက်ပြင်းချလိုက်ခြင်းကို မကြည်ဘဲ သိလိုက်သည်။ သူမ လိုချင်သော အနေအထားသို့ ရောက်ရှိသွားပြီလား။ စိုးရိမ်စရာ မရှိဟု ထင်သည်။

"ဒါဆို ဘယ်အချိန်လောက်အထိ ဆိုင်းထားကြမလဲ"

"ဒါကို သူပြောပါလိမ့်မယ်၊ သူ့ဆန္ဒပါပဲ"

"မဟုတ်ဘူးလေ၊ ဦးစိုးမင်းဦး အနေနဲ့ ပြောတာပါ"

"ကျွန်တော့်အနေနဲ့ကလဲ သူ့ဆန္ဒအတိုင်းပါပဲဗျာ"

နှစ်ဦးသားဆန္ဒကို ခွဲထုတ်ပစ်ဖို့ ကြိုးစားခြင်းဖြစ်သည်။ ထင်တိုင်း မဖြစ်တော့ဟု သူမ သက်ပြင်း ရှိုက်တင်လိုက်ပြန်သည်။ အတန်ကြာမှ ကောင်းပြီလေဟု ပြော၏။ နှုတ်ဆက်စကား မဆိုဘဲ ခြေလှမ်းပြင်သည်။





"ဒီမယ် မရီရီ၊ ဒီကြားထဲမှာ ကျွန်တော်တို့ တွေ့ချင်တယ်"

မလိုလားသည့် အသွင် မျက်ဝန်းမှာ ပေါ်သည်။ ဝေ့ဝေ့ကြည့်ရင်း အဖြေကို စောင့်သည်။ အိမ်ကို လာခဲ့ပေါ့ဟု ပြောသည်။ သူ မပွင့်တပွင့်ပြုံးပြီး ကျန်ရစ်သည်။ သွားတော့မှာလားဟု နှုတ်ချိုစကား မဆိုမိ။ မနှစ်မြို့ကြောင်း သိနေပြီပဲလေ။

မွန်မွန် မည်သို့ရှိမည်နည်း။ တွေးကာ စိုးရိမ်ပူပန်မိသည်။

* * *

ဆရာ ဟု ကျော်ခင်၏ ခေါ်သံကို သူ မကြား။ နောက်ထပ် တစ်ကြိမ် ခေါ်တော့မှ သတိထားမိသည်။

သဲမြေလမ်းထက်မှ အကြည့်ကို ကျော်ခင့်ဆီ ပို့လိုက်၏။ အားတုံ့အားနာ မျက်နှာနှင့် ရှိ၏။

"ဘာလဲ ကျော်ခင်"

ပြောသင့် မပြောသင့် ချိန်ဆနေဟန်တူ၏။ ပြောပါဟု တိုက်တွန်းတော့မှ ...

"ဆရာ...ဘယ်လိုမှတော့ မအောက်မေ့နဲ့နော်၊ ဆရာ့မှာ အခက်အခဲ ရှိရင် ကျွန်တော့်ကို ပြောပါ။ ကျွန်တော် အစွမ်းကုန် ကူညီပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ကူညီမှာလဲ ကျော်ခင်ရ၊ ရှင်းရှင်းပြောပါ၊ ကိုယ်ကတော့ မင်းတို့ကို ညီအစ်ကိုအရင်းလိုပဲ ခင်တယ်၊ ဒါကို မင်းသိပါတယ်"

"ဟုတ်ပါတယ် ဆရာ"

ကမ်းနားလမ်းထဲ ချိုးဝင်ကြ၏။ ဘော်ငွေရောင် လက်နေသော မြစ်ပြင်ကို မြင်ရလေပြီ။

"ဆရာတို့ကိစ္စ ကျွန်တော် ကြားရပါတယ်"

"ဪ...ဒါလား၊ မင်း ဒီလိုပြောတဲ့အတွက် ဝမ်းသာတယ် ကျော်ခင်၊ ကိုယ့်ဘက်က ကူညီမယ့်လူ ရှိပါလားလို့ပေါ့"

"အခက်အခဲဖြစ်လို့ နိုးပြေးရမယ်ဆိုရင် ကျွန်တော့်မှာ စိတ်ချရမယ့်နေရာတွေ ရှိပါတယ်၊ ဆရာ ကြိုတင်အကြောင်းကြားပါ၊ နောက်...ဘာမှ ပူစရာမလိုဘူး၊ ကျွန်တော့်တာဝန်ထား"

သူ ရယ်လိုက်ပြီး...

"လောလောဆယ်တော့ မလိုသေးပါဘူး၊ လိုတဲ့အခါကျရင် ပြောမှာပါ၊ ဒါနဲ့ ကျော်ခင်ရော တို့ကို ဘယ်လိုမြင်သလဲ၊ ကိုယ့်ကိစ္စကို ဘယ်လို ထင်မြင်ချက် ပေးမလဲ"

"သိပ်တော့ လွယ်မယ်မထင်ဘူး ဆရာ၊ သူတို့ ရာဇဝင်ကို ဆရာ သိမှာပေါ့"

"သူတို့မှာ ရာဇဝင်နဲ့ဟုတ်လား၊ ပြောစမ်းပါဦး၊ ဘာတွေလဲ"

"ဆရာ သေသေချာချာ နားစွင့်မထားလို့ မကြားတာပါ၊ သူတို့





အကြောင်းကို တစ်မြို့လုံး သိပြီးသား၊ မွန်မွန်အထက်က မရှိရှိတုန်းကပေါ့၊ မင်္ဂလာပွဲ စခါနီးမှ ဖျက်ပစ်လိုက်တာလေ၊ အခုယောကျ်ားက အိမ်က သဘောတူတဲ့လူပေါ့ဆရာ၊ ဟို ဖျက်သွားတဲ့လူက သူနဲ့ ငယ်ရည်းစား"

ဘာကြောင့် ပျက်သွားရတာလဲဟု သူ မေးလိုက်၏။

"သူတို့ ဖန်တီးတာ၊ မိဘချင်း ပဋိပက္ခဖြစ်ကြလို့လေ၊ မဖြစ်ဖြစ်အောင် လုပ်လိုက်တာ၊ မျက်စိရှေ့တင်ဆိုတော့ နှစ်ယောက်စလုံး ရောယောင်ပြီး နာကျည်းကုန်တာပေါ့၊ နောက်မှ သိတဲ့အချိန်ကျတော့ အိမ်ထောင်အသီးသီးနဲ့ ဖြစ်ကုန်ကြပြီလေ"

ရုံးလမ်းရောက်သည်နှင့် ကျော်ခင် ကျန်ရစ်၏။

ကမ်းနားဘောင်ပေါ်တက်ပြီး ဆက်လျှောက်၏။ ဒီရေတက်ချိန်မို့ အုတ်ဘောင်၏ အောက်ခြေကို မမြင်ရ။ အမှိုက်သရိုက်များနှင့် ဗေဒါပင်တချို့သည် အုတ်ဘောင်ကို တိုး၍ ထိလိုက် နောက်သို့ ဆုတ်လိုက်နှင့် ရှိနေ၏။ အုတ်ဘောင်အား ရေလှိုင်းရိုက်ပုတ်သံ တဖောက်ဖောက် ကြားရ၏။

* * *

နှစ်ရက်ရှိခဲ့ပြီ။ မွန်မွန်၏ အရိပ်အယောင်လေးကိုပင် မတွေ့ရ။ ကျောင်းသွားတက်စဉ်က လနှင့်ချီ၍ ကြာမြင့်ခဲ့ဖူးသည်။ ထိုအချိန်က လွမ်းဆွတ်သတိရခြင်းသာ ရှိ၏။ ယခုလို စိုးရိမ်သောက ဖိစီးခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ပါ။ နာရီတိုင်း အချိန်တိုင်းသည် စိုးရိမ်သောကကို ပွားများစေသည်။ ရင်က ခံနိုင်ရည်နှင့် မမျှတော့သလို ခံစားရ၏။ စိတ်ရှည်နိုင်လိမ့်မည်ဟု ထင်ခဲ့ခြင်းမှာ မှားယွင်းနေပြီကော မွန်မွန်၊

နေခြည် ညှိုးလျော့နေ၏။ အနောက် မိုးကုပ်စက်ဝိုင်းရှိ တိမ်ဆိုင်တိမ်တန်းတို့သည် ဝင်လုဆဲ နေရောင်ခြည် ခတ်သဖြင့် နီစွေးစွေးတချို့ ဝါကြန့်ကြန့်တချို့ ပန်းနုရောင် တစ်သွယ် ဆေးခြယ်နေလေပြီ။ နေဝင်ရာအရပ်သို့ ဦးတည်၍ ပျံသန်းနေကြသော အိပ်တန်းပြန်ငှက်ငယ်များကို ကြည့်ရင်းက ရင်ဝယ်နာကျင်မှုန်းကြပ်လာသည်။ သတိရစိတ်ကို ချိုးနှိမ်မရအောင်ပင်။

အိမ်ကိုလာခဲ့ပေါ့ဟု မရီရီစကားကို အမှတ်ရလိုက်၏။

တကယ့်စိတ်ရင်းနှင့် ဖိတ်ခေါ်ခြင်းမဟုတ်မှန်း သိပါသည်။ လာမည်မထင်သောကြောင့် လာရဲလျှင် လာခဲ့ဟု စိန်ခေါ်ခြင်းဖြစ်သည်။ ထိုနေရာ၌ မွန်မွန့်တစ်မျက်နှာသာ သူ့အတွက်ရှိသည်။ ကျန်သည့် အရာများက သူ့အတွက် မီးသို့ ပူပြင်းနေမည်။

သူ ထ,ရပ်လိုက်သည်။ ဖိနပ်ချွတ်သို့ ဆင်းလိုက်သည်။

ဘယ်သွားမလို့လဲ ကိုစိုးမင်းဦးဟု ကိုမြအေးက လှမ်းမေးသည်။

"မွန်မွန်တို့ အိမ်ဘက်သွားမလို့"

ကိုမြအေး မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ မှိတ်တိုင်နေရာမှ ဖျတ်ခနဲ မတ်မတ် ထိုင်လိုက်ပြီး ...

"ခင်ဗျားကို ခေါ်လို့လား"





သူ ခေါင်းညိတ်ပြလိုက်သည်။ ကိုမြအေးသည် သူတို့အကြောင်း သိသူမို့ မယုံကြည်ချေ။ နေရာမှ ထ,လိုက်ပြီး ကျုပ်ရော လိုက်မယ်ဟု ပြောသည်။

"ကျွန်တော်တို့ နှစ်ယောက်ချင်းတွေ့ပြီး စကားပြောမယ်လို့ ကြို့ပြောပြီးသားပါ၊ မခေါ်ဘဲ သွားတာမဟုတ်ပါဘူး၊ ခုတော့ ကိုမြအေး မလိုက်ခဲ့နဲ့ဦး။ တော်ကြာ ထိုင်စောင့်ရင်း ကိုမြအေး ပျင်းနေလိမ့်မယ်"

"ကျုပ်ကို သေသေချာချာ ပြောစမ်းပါသီး ကိုစိုးမင်းဦး။ ခင်ဗျားတို့ အခြေအနေ ဟန်မှ ဟန်ရဲ့လား"

"ကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး"

"ကျုပ်သိပ်မယုံချင်ဘူး။ ဒါပေမယ့် ခင်ဗျား မလိုက်စေချင်တဲ့အတွက် ကျုပ်နေခဲ့ပါ့မယ်၊ ဒီမြို့မှာ အရင်းလူဆိုလို့ ကျုပ်တို့ပဲ ရှိတယ်၊ ဘာမဆို ပြောပါ၊ ဒါ မသေးဘူးနော်"

"တကယ် မလိုအပ်လို့ပါ၊ မလိုက်စေချင်တဲ့သဘောမျိုး မဟုတ်ပါဘူးဗျာ"

မျက်စိတဆုံး ကိုမြအေး ကြည့်ကျန်ရစ်၏။

အနောက် မိုးကုပ်စက်ဝိုင်းမှ အလင်းရောင် ပျပျလေး ပျောက်သွားခဲ့ပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါး၌ ခတ်ထားသော သော့ခလောက်က အလျင် ဆီးကြိုနေ၏။

မီးရောင်ထိန်လင်းနေသော အိမ်ကို လှမ်းကြည့်သည်။ ကြားတွင် မာလကာပင်များ ခံနေသည့်တိုင် ထင်းထင်း မြင်သာ၏၏ သံဇကာ ကွက်ငယ်များသည် မီးရောင်ကြောင့် ပျောက်နေ၏။ သူ့ကို လှမ်းကြည့် နေသော မွန်မွန်၏အမေ ဒေါ်မြတင် တစ်ယောက်တည်း တွေ့လိုက်ရ၏။ သူရပ်နေသော နေရာက အနည်းငယ် မှောင်နေသဖြင့် သဲသဲကွဲကွဲ မြင်ဟန်မတူ၊ လက်ကလေး အုပ်ကာပြီး စူးစူးစိုက်စိုက် ကြည့်နေ၏။ အိမ်နောက်ဘက်သို့ လှမ်းခေါ်သည်။ အမျိုးသမီးငယ်တစ်ဦး ခပ်သုတ် သုတ် ထွက်လာ၏။ သူ့ဆီ လက်ညှိုးညွှန်ပြပြီး တစ်စုံတစ်ခုကို ပြော၏။

ခဏအကြာ ထိုအမျိုးသမီးငယ်သည် အိမ်တံခါးကို ဖွင့်ကာ ခြံထဲ ဆင်းလာလေ၏။

"ဘယ်သူပါလဲရှင်၊ ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ထိုအမျိုးသမီး၏ အမေးကို မဖြေသေးဘဲ အိမ်ဆီ ကြည့်လိုက်၏။ ခုတိုင် ရပ်ကြည့်နေဆဲ။

"အန်တီတို့ မရီရီတို့ ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အန်ကယ်ကော..."

"ခရီးထွက်သွားပါတယ်"





"မမွန်မွန်ကော ရှိရဲ့လား"

"ရှိပါတယ်"

လိုချင်သောစကားကို ရဖို့ တစ်ကွေ့ကြီး ပတ်လိုက်ရ၏။ တည့်တည့် တန်းမေးလျှင် သံသယ ဝင်သွားနိုင်သည်။ တွေ့ချင်သောသူ ရှိနေပြီပဲ။

"တို့ အန်တီနဲ့ တွေ့ချင်လို့ပါ၊ သိပ် အရေးကြီးတယ်"

"ဘယ်သူပါလဲရှင်"

"ဩော်...မင်းက တို့ကို မသိဘူးလား၊ ဒါဆို မင်းရဲ့အန်တီကို ခေါ်လိုက်ပါကွယ်"

ဘယ်သူဟု မဖြေ၊ သူမသည် ဒေါ်မြတင်အား ခေါ်ရမည်မဟုတ် ဟုတွေးကာ ပြောလိုက်သည်။

အမျိုးသမီးငယ်သည် ခုမှ စိတ်ချဟန် သွက်လက်စွာ တံခါး ဖွင့်ပေးလိုက်သည်။ အမျိုးသမီးငယ်ကို ဖြတ်ပြီးလျှောက်ဝင်ခဲ့၏။ အိမ် ပေါက်ဝသို့ လှမ်းတက်သည်နှင့် ဇဝေဇဝါ ကြည့်နေသော ဒေါ်မြတင် အံ့အားသင့်သွား၏၊ ဖုံးဖိ၍မရ ပြူးကျယ်သွားသော မျက်လုံးအစုံ၊ ဟပွင့် သွားသော ပါးစပ်ကို ကြည့်ရင်း ရင်ထဲ နာကျင်မိ၏။

ဒေါ်မြတင်က ထိုအမျိုးသမီးငယ်ကို ဒေါသအကြည့်ဖြင့် လှမ်း ကြည့်၏။

"သူ့အပြစ်မဟုတ်ပါဘူးအန်တီ၊ ကျွန်တော် အကြောင်းရှိလို့ပြီး ဝင်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...အဲဒီလိုမဟုတ်ပါဘူးမောင်စိုးမင်းဦးရယ်၊ ကောင်မလေးကိုက လုပ်တာကိုင်တာ မကောင်းလို့ပါ၊ တောက်ကို ပြန်ပို့မှ ဖြစ်မှာပါ၊ ကဲ...ထိုင်ပါကွယ်၊ ဘာကိစ္စများ ရှိလို့လဲ"

ဟန်လုပ်အပြုံးကို မသိကျိုးကျွန်ပြု၍ ဝင်ထိုင်လိုက်သည်။ မွန်မွန် ရှိလားဟု တန်းမေးလျှင် မရှိဟုဖြေမှာ သေချာသည်။ မနှစ်သက်ခြင်းကို နှစ်သက်ဟန်ပြုကာ ဟန်ဆောင်နေသည်ကို မကြည့်ချင် မြင်ရက်သာ။

"ကျွန်တော် မွန်မွန်ရှိတယ်ဆိုလို့ ဝင်လာတာပါ၊ ဘာရယ်မဟုတ်ပါဘူး။ မတွေ့ရတာကြာလို့ သတင်းဝင်မေးရင်း စကားလေး ဘာလေး ပြောရင်းဆိုပါတော့"

မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ရှိပါတယ်ဟု ခြောက်ကပ်ကပ်ဖြေ၏။

"ဒါပေမယ့် နေမကောင်းဘူးဆိုပြီး အိပ်ဆေးသောက်ပြီး အိပ်နေတယ်ကွယ့်"

ဤတစ်ကြိမ် အောင့်သက်သက် ခံစားရသူမှာ သူဖြစ်၏။ ဘာတတ်နိုင်သေးလဲ ဆိုသည့်အကြည့်ဖြင့် ကြည့်နေသည်။ တကယ်လဲ ဘာမှ မတတ်နိုင်တော့၊ နှုတ်ဆက်ပြီး ပြန်ဖို့သာ ရှိတော့သည်။ ခြံဆိတ်မှုထဲသို့ ခြေသံဖွဖွ နင်းလျှောက်သံ တိုးတိတ်စွာ ဝင်ရောက်လာ၏။ ဇာခန်းဆီး ဖျတ်ခနဲ လှပ်ခါသွားသည်။

လပြည့်ဝန်းငယ်တစ်စင်းကို တွေ့လိုက်ရသည်။

"ဩော်...ဦး"





ဒေါ်မြတင်၏ မျက်နှာယောင်ယောင်လေး တင်းသွားသည်။

"မွန် နေကောင်းတယ်နော်

"ကောင်းပါတယ် ဦး"

မျက်နှာချင်းဆိုင်ခုံတွင် မွန်မွန် ဝင်ထိုင်သည်။ အနည်းငယ် ချောင်ကျသွားသည်။ ပါးမို့နှစ်ဖက် ပြည့်တင်းမနေ။ ရင်ဝယ် မြစ်ငယ် တစ်ခု ဖြစ်ထွန်းစီးဆင်းလေ၏။ အန်တီ စားပြီးပြီလားဟု သူမေးသည်။ အင်း ဟု ဖြေ၏။ ထို့နောက် ထ,ထွက်သွားသည်။ ခြေနင်းသံက သိသိသာသာ ပြင်းသည်။

"ဦးရယ်...ဘာလို့ လာတာလဲ

အားနာငွေ့ယှက်သန်းနေသော စကား။

"ဝေးမှာစိုးလို့"

ဆို့နင့်သောအကြည့်။ သူမ မျက်ရည်လည်လေသည်။

"တွေ့လိုက်ရတာနဲ့တင် ကျေနပ်ပါပြီမွန်မွန်၊ အန်တီ့ကိုလဲ ပြောလိုက်ပါ၊ တို့တောင်းပန်ပါတယ်လို့၊ ပြန်မယ်မွန်မွန်"

တကယ်မပြန်ချင်၊ သို့သော် ပြောစရာစကား မရှိ။

မျက်ဝန်းအကြည့်များဖြင့်ပင် ရင်၌ ပြည့်သိပ်သွားလေ၏။ နားလည်ဆဲ၊ ချစ်ဆဲဟု။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူရောက်မှ ကိုမြအေး သက်ပြင်းကျသည်။ အဆင်ပြေရဲ့လား ဟု မေး၏။ ပြေပါတယ်ဟု ရယ်လျက် ဖြေလိုက်၏။ ထိုည အိပ် မပျော်နိုင်ခဲ့။ လျှောက်မည့်လမ်းကို ဝိုးတဝါး မြင်မိသလိုပင်။

*

(၂၃)

ရုံးပေါက်ဝတွင် ကျော်ခင် ရယ်ကျဲကျဲ ရပ်နေသည်။ လှေကားထက် လှမ်းတက်သည်နှင့်...

"စောလှချည်လားဆရာ"

"အချိန်မှန်ပါပဲ ကျော်ခင်ရ မစောပါဘူး"

နာရီကို မြှောက်ကြည့်ရင်း ပြောလိုက်သည်။

"ဆရာညွှသည် အစောကြီးရောက်နေတယ်"

ညွှသည်ဆိုသည့်စကားကြောင့် လန့်ချင်ချင်၊ ကြို့တင်ရင်မောမိ၏။ ရင်ဆိုင်ရသည့်ပွဲပေါင်း မနည်းတော့၊ အနိုင်အရှုံး မသဲကွဲသည့် ပွဲများ။ ဒဏ်ရာဒဏ်ချက်များသာ ဆုလာဘ်အဖြစ် ကျန်ရစ်သည်။

လှမ်းလာက်စခြေပင် ရှုံ့တွန့်တွန့်၊ အခန်းထဲအဝင်





www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ."

အံ့ဩဝမ်းသာခြင်းကို ဖုံးကွယ်မရခဲ့။ ရှက်ပြုံးနှင့် ကြို့နေသော မွန်မွန်။ မအေးနွဲ့နှင့် မရီဝေတို့ကလဲ စပ်ဖြီးဖြီး ရယ်၍ ရှိကြသည်။ ရုံးခန်းအတွင်း အရယ်အပြုံးများ ပြန့်ကျဲနေ၏ သူ့ပင် ရှက်ချင်စရာ ဖြစ်သွားသည်။

"မွန်မွန် ရုံးတက်ပြီလား"

ပါးပြင်၌ ရှက်သွေးနလွှမ်းလျက် ရှိ၏။ ခေါင်းကလေး ဆတ်ခနဲ ညိတ်သည်။

မျက်နှာလိုက်ပြီး မမေးနဲ့ဆရာဟု မအေးနွဲ့ ဝင်ပြောသည်။

မျက်နှာ အထားရခက်၏။

* * *

"မွန် ဆန္ဒပြနေတာပါ ဦး၊ မေမေတို့က အချိန်ဆွဲပြီး ဈေး... ကြတယ်၊ နားသွင်းကြတယ်လေ၊ ရုံးတက်ခွင့် ပေးပေမယ့် မတက်ခဲ့တာပါ၊ ဦးကို သေချာတဲ့အဖြေတစ်ခု ပေး... တက်မယ့်လို့ စိတ်ထဲ ဆုံးဖြတ်ထားတယ်"

သူမအတွေးကို နားလည်သည်။

"မဟုတ်တာဘဲ မွန်မွန်ရယ်၊ မွန်မွန်မလာတော့ တို့ ဘယ်...





နေရမှာလဲ၊ မမြင်ရ မကြားရနဲ့ ဘယ်လောက် စိုးရိမ်ခဲ့ရသလဲ၊ မွန်မွန်ရဲ့ **စေတနာကို** တို့ နားလည်ပါတယ်၊ ဒါပေမယ့် အဲဒီ **လောက် စိတ်မရှည်ခဲ့ဘူးလေ**"

"**ဟုတ်တယ်နော်၊** ဦးဘက်က လှည့်ပြီး မတွေးမိဘူး၊ ဦး **ပျော်ရမယ့်အဖြေမျိုး** မရမချင်း စိတ်ကောက်နေမိတာ၊ အခြေ အနေမဟန်ရင် တစ်ခါတည်း ထွက်ပြေးဖို့တောင် စိတ်ကူး ထားသေးတယ်"

ပြတင်းပေါက်တွင် ကိုယ်လေးမှီထားသည်။ မြစ်ပြင်တစ်ဝှမ်း လှမ်း... **...င်နေရသောနေရာ၊** ခရာဆူးချုံပင်တို့ တဖြည်းဖြည်း ရေထဲ **...မြုပ်နေကြ၏။**

"**ဦး** သတ္တိရှိသားပဲ"

"**ပထမဦးဆုံးအကြိမ်ပါ၊** မွန်မွန့်အတွက် ဆိုရင်ပေါ့"

"**အဲဒီညကျမှ** မေမေတို့က လိုက်လျောလိုက်တာ၊ တားဆီးရုံနဲ့ **မရ**ဘူးလို့ သိသွားတယ် ထင်ပါရဲ့၊ မွန် ဝမ်းသာလိုက်တာလေ၊ အိပ်ကို မပျော်ဘူး"

မျက်ကွင်းညိုညိုကို ငဲ့ကြည့်မိ၏။

"မနက်ဖြန် ညနေကျရင် ဦးကို ဦးဘက်က လူကြီးတွေ ခေါ်ပြီး လာကြောင်းလမ်းပါလို့ ပြောတယ်"

စိတ်မချချင်။ တစ်ခါတည်း လက်ထပ်ထားချင်သည်။ ဆိုင်းငံ့စရာ **အကြောင်း**မရှိဟု ထင်သည်။ သို့သော် ပြောမထွက်၊ ဤထက်နိုကာ



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆို၍ မကောင်း။

"ဦးစီးတို့ လင်မယားရယ်၊ ကိုမြအေးတို့ လင်မယားရယ်၊ ဒါပဲ တို့ဘက်က ရှိတယ်၊ ရန်ကုန်က အမေတို့ အစ်မတို့ကိုလဲ ခေါ်ချင်တယ်၊ သူတို့ချွေးမ၊ ယောင်းမချောချောလေးပြပြီး ကြွားမလို့"

ခေါင်းကလေးငုံ့ကာရယ်ပြီး...

"နောက်မှပေါ့ ဦးရယ်"

ကျော်ခင် လာခေါ်သဖြင့် စကားစ ပြတ်သွားသည်။ ဦးစီးရှိရာ အခန်းဘက်သို့ ကူးသည်။ ဦးစီးသည် အပူဒဏ် မခံနိုင်၊ အင်္ကျီ ကြယ်သီးကို ဖြုတ်ထားသည်။ လက်ကို ပင့်တင်ထား၏။ ဖြူသောအသား သည် နီမြန်းမြန်း ရှိနေ၏။ ရေနွေးကြမ်းတစ်ခွက်ပြီးတစ်ခွက် ငုံ့သောက် ရင်း လိုအပ်သော စာရင်းစာရွက်များကို ပေး၏။ အလုပ်ကိစ္စ ပြီးတော့ မှ သူ့အကြောင်းကို ဖွင့်ပြောပြလိုက်သည်။ ဦးစီးသည် အံ့ဩဝမ်းသာ စွာဖြင့် ...

"စိတ်ချ၊ ကိုယ်ဦးဆောင်ပြီး ပြောပေးမယ်၊ ခင်ဗျား ဘာတွေ တောင်းဆိုချင်သလဲ"

"ဖြစ်နိုင်ရင် မင်္ဂလာရက်ကို သိပ်ခွာပြီး မထားစေချင်ဘူး"

ဦးစီးက တဟဲဟဲရယ်ကာ...

"လူပျိုကြီးက လုပ်မယ့်လုပ်တော့ ချက်ချင်းကြီးပါလား။ ခု ရေတွင်းတူး၊ ခု ရေကြည် သောက်၊ အင်း ရေတွင်းတူးတာနဲ့





သိပ်မခိုင်ပါဘူး၊ ကဲ ပြောပေးမယ်ဗျာ၊ ဖြစ်မြောက် အောင်မြင်ရင် ဘာ ဆပ်ပလိုင်း လုပ်မလဲ"

"အစ်ကိုကြီး စိတ်ကြိုက် ဖြစ်စေရမယ်"

"စိန်လိုက်လေ"

နှုတ်ဆက်ပြီး ထပြန်မည့်အလုပ်တွင်...

"ခဏနေဦး၊ ကျုပ်မေးစရာ ရှိသေးတယ်၊ ခင်ဗျားတို့ ဘယ်တုန်း ကတည်းက ကြိုက်သွားတာလဲ"

သူ ရယ်၍ နေ၏။

"ခန့်မှန်းကြည့်မယ်ဗျာ၊ အလွန်ဆုံး နှစ်လပေါ့"

"မဟုတ်ဘူး အစ်ကိုကြီး"

"အလုပ်ထဲရောက်မှ မဟုတ်ဘူးလား"

"မရောက်ခင်ကတည်းက"

ဦးစီး၏ မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။

အခန်းအပြင်ရောက်သည့်တိုင် အပြုံးမပြယ်၊ ဝန်းကျင်တစ်ခွင် လင်းကျင်းနေသည် ထင်၏။

အရာအားလုံးသည် လန်းဆန်းတက်ကြွရိပ် ဝင်နေ၏။ အခြေအနေ သည် ဆိုးသည် ကောင်းသည်ဟု ပြတ်ပြတ် မဆိုနိုင်သော်လည်း တိုးတက်လာသည်ဟုတော့ ဆို၍ရသည်။ သိပ်မဝေးတော့၊ ညှိုးသော် အပြောင်းအတန်းချည်း မဟုတ်ဟု သိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပြာသည် ကြည်လင်သန့်စင်နေ၏။

* * *

ကျော်ခင်တို့ လက်ဖက်ရည် သောက်ပြီးကြပြီ။ မုန့်လည်း တစ်ချပ်မျှ မကျန်။ ကျော်ခင်က မွန်မွန်ကို လှမ်းပြောသည်။

"မွန်မွန် ဒါလေးလဲ လုပ်ပါဦး"

စီးကရက်သောက်သည့်ဟန် လုပ်ပြသည်။ မှာလိုက်လေဟု ပြောသည်။ ကျော်ခင်က ပန်းကန်များ လာသိမ်းသော စားပွဲထိုးကောင်လေးကို မှာလိုက်၏။ ပြီးတော့ ပါးစပ် အငြိမ်မနေ။

"နင်ကလဲ ရုံးယူနီဖောင်းကြီးနဲ့ ပဝါလေးဘာလေးတင်၊ အချိတ်ထဘီလေးဝတ်"

"ဒါက မင်္ဂလာဆောင်ကျမှ ဝတ်ရမှာလေ"

"အေး ဟုတ်သားပဲ"

သူ မသိယောင်ပြုနေ၍ မဖြစ်တော့။

လက်ဖွဲ့ဖို့လဲ သတိရပါဦးလားကျော်ခင်ဟု လှမ်းပြောလိုက်၏။

"ရုံးသူရုံးသားတွေကိုတော့ ကင်းလွတ်ခွင့်ပြုပါဆရာ၊ ဆရာ့တပည့်တွေရဲ့ဘဝကို ဆရာ သိရဲ့သားနဲ့"

"ကဲ စားပြီးရင်လဲ ပါးစပ် ပိတ်နေကြတော့၊ ဒါ မင်္ဂလာခန်းမ မဟုတ်ဘူးနော်၊ အလုပ်လေး ဘာလေးလဲ မေ့မနေကြနဲ့"

မွန်မွန့်မျက်နှာ၌ ချွေးစို့နေသည်။ ပဝါလေးဖြင့် တို့ကာ သုတ်ပေး





နေသည်။ သို့သော်လူက စားပွဲသို့ ရောက်နေ၏။ လုပ်လက်စ ဖိုင်ကို ကြည့်၏။ ဖောင်တိန်ကို ဖွင့်၏။ ငုံ့သာကြည့်နေရသော်လည်း စိတ်က ညက အဖြစ်ဆီသို့ ပြန်ရောက်နေသည်။

ညက စေ့စပ်သည့်ပွဲ၊ ပွဲဆိုပေမယ့် အသိမိတ်ဆွေဆို၍ သူ့ဘက်က ဦးစီးတို့ ကိုမြအေးတို့သာ ရှိ၏။ မွန်မွန့်ဘက်ကလည်း သူမ၏ မိသားစုနှင့် ကျန် မိတ်ဆွေနှစ်ဦးသာ ရှိ၏။ စိုပြည်သည်ဟု မဆိုသာချေ။

ဦးစီးက ပြောထားသည့်အတိုင်း ဦးဆောင်၍ ပြော၏။ မွန်မွန့်အမေ ဒေါ်မြတင်က ဟုတ်ကဲ့လိုက်၏။ မွန်မွန့်အဖေက စီးကရက် တစ်ဆက်တည်း သောက်နေ၏။ တစ်ခါ တစ်ခါဘေးမှ သူ့မိတ်ဆွေများကို စကားလှည့်ပြောသည်။ သူ့ကိုတော့ ယောင်၍မျှပင်မကြည့်။ နှစ်ဖက်စလုံး အနေကျပ်သည့်အသွင် ဆောင်သည်။

အကျွမ်းတဝင် ရင်းနှီးခြင်းမရှိ၍ဟု ဖြေသိမ့်ခဲ့၏။

မင်္ဂလာရက် သတ်မှတ်သောစကားအရောက် ဒေါ်မြတင်ပြောလေ၏။

"မြန်မြန်ထက်ထက် လုပ်ပေးချင်ပါတယ်၊ ကျွန်မတို့မှာ တစ်ဖက်က စီးပွားရေးလဲရှိ၊ အချိန်ကလဲ မပေးနိုင်သေးတော့ အေးအေးဆေးဆေးသာအချိန်ယူပြင်ဆင်ချင်တယ်၊ ဒီသမီးဟာ အငယ်ဆုံးပါ၊ တစ်ယောက်တည်းပဲ ကျန်တော့တာမို့ တင့်တောင့်တင့်တယ် ခမ်းခမ်းနားနားလဲ ဖြစ်စေချင်တယ်၊ ဘက်စေ့ ထောင့်စေ့ မလစ်ဟင်းအောင် နှစ်ဖက်ညှိနှိုင်းပြီး ပြင်ဆင်ချင်တယ်၊ ခုခေတ်



www.burmeseclassic.com

www.burmeseclassic.com



ကလဲ သိတဲ့အတိုင်းပါပဲ၊ အကြိုညမှာ တီးဝိုင်းနဲ့ ဘာနဲ့ဖြစ်မှ ပွဲစည်တာ၊ ပြီးတော့လဲ နောင်ရေးအတွက် ကြိုလုပ်ထားရမယ်၊ တင်ကူးစီစဉ်ထားကာမှ တော်ရုံကျမယ် မဟုတ်လား။ နေဖို့အိမ် ဝတ်ဖို့ စားဖို့၊ ပြီးတော့ ရေရှည် ရပ်တည်နိုင်အောင် စီးပွားရေး တစ်ခုခု စတဲ့ အချက်တွေ ရှိပါတယ်၊ ဒီတော့ အသေအချာ တိုင်ပင်ပြီး လုပ်နိုင်အောင်လို့ မင်္ဂလာရက်ကို ခွာထားချင် ပါတယ်၊ ဒီအတွက် ဘာမှထူးပြီးမဖြစ်နိုင်ပါဘူး၊ လူငယ်ချင်းလဲ မေတ္တာမျှနေကြတော့ အလောသုံးဆယ်လုပ်ဖို့ လိုမယ် မထင်ပါဘူး"

ရေပက်၍ပင် ဝင်နိုင်စရာမရှိသော စကား။

"အန်တီပြောတာကို မောင်စိုးမင်းဦး သဘောတူတယ် မဟုတ်လားကွယ့်"

မေးသည့်အမေးက မောင်စိုးမင်းဦး ဘယ်လိုသဘောရသလဲဟူ၍သာ ဖြစ်သင့်သည်၊ ခုတော့ ငြင်းချင်လျှင် မတူဘူးဟုသာ ငြင်းရပေမည်။ ရိုင်းရာ ကျသွားပေမည်။ ခေါင်းညိတ်ရုံကလွဲ၍ ဘာမှ မရှိတော့ပေ။ ဦးစီးသည် ဦးဆောင်ပြောသူ၊ မေးခြင်းမေးလျှင် ဦးစီးကို မေးရမည်။ သည်တော့ သူ့ဘက်က မြားဦးကို လှည့်ခဲ့လေ၏။

သောက်လက်စ လက်ဖက်ရည်ပင် ဖန်တန်တန် ဖြစ်သည်။

မင်္ဂလာရက်ကို အတိအကျ မရခဲ့၊ တန်ရှူးဖြစ်ဖြစ်၊ ကဆုန်ဖြစ်ဖြစ်ဟု မရေရာ။ နောက်ထပ်ညှိနှိုင်းရန်၊ ဆွေးနွေးရန် ရွှေ့ဆိုင်းကြသည်။





ထို့နောက် တခြားစကားကို ရောက်ကုန်ကြသည်။ တစ်နာရီသာသာ ကြာတော့မှ ပြန်ဖြစ်ကြ၏။ နေရာမှအထွင် ကိုမြအေးက ဒေါ်မြတင် ကို လှမ်းမေး၏

"ဘယ်နေ့က ထပ်တွေ့ကြမလဲ ဒေါ်မြတင်"

"ကျွန်မ အကြောင်းကြားပါ့မယ်"

"ကောင်းပါပြီ ဒါပေမယ့် သိပ် အချိန်မဆွဲစေချင်ဘူး၊ သူတို့ကို ကျွန်တော်တို့ အသိပေးသင့်တယ်လေ"

လမ်းထိပ်အထိ သူမ လိုက်ပို့သည်။

ဦးစီးနှင့် ကိုမြအေးတို့ နှစ်စုံတွဲသည် စကားလက်ဆုံကျကာ ရှေ့သို့ ရောက်နှင့်နေ၏။ လမ်းမီးသည် ဝန်းကျင်ရှိ သရက်ပင်များကို မကျော်လွန်နိုင်။ အစက်အပြောက်သာ မြေသို့ကျ၏။ လက်ဖဝါးနုနုကို ဆုပ်ကိုင်မိ၏။

"အေးစက်နေပါလား မွန်မွန်"

"ပျော်လို့ပေါ့"

အရုက်မျက်ဝန်းကို လွှဲဖယ်ထားသည်။

ရင်ဖွင့်ဝယ် ဆန္ဒကို တားဆီးမရခဲ့။ အို...ဟု သူမရေရွတ်သည်။ နက်မှောင်သော ဆံစမှ ခေါင်းလျှော်ရည်နံ့ သင်းပျံ့နေသည်။ သူမ အိမ်ထဲ ပြန်ဝင်သွားမှ လှည့်ပြန်ခဲ့၏။ ထက်ကောင်းကင်ကို မော့ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



လဝန်းစန္ဒာသည် တိမ်တိုက်တို့မှ လွတ်လွတ်ကျွတ်ကျွတ် မသာနိုင်သေးချေ။

* * *

အမှတ်တရ ဖြစ်စေချင်သည်။ အမြဲ ကိုယ်နှင့်မကွာ ရှိနေမည့် အရာတစ်ခုခု။ ပျောက်ပျက်လျော့ပါးသွားမည့် ပစ္စည်းလည်း မဖြစ်စေချင်။ ထာဝရ တည်မြဲနေစေချင်၏။

လက်သူကြွယ်၌ ဝတ်ဆင်ထားသော နီလာလက်စွပ်ကို သတိတရ ဖြစ်၏။ အလုပ်ဝင်စအချိန်က အမေကိုယ်တိုင် နေ့သားရက်သားကိုက် ဝယ်ပေးခဲ့သော လက်စွပ်။ တစ်ခါတစ်ဆစ်မျှ မချွတ်ခဲ့ဖူးပါ။ အမြတ်တနိုး ဆုံးသော ပစ္စည်းဖြစ်၏။ အသာလှည့်၍ ချွတ်လိုက်သည်။ လက်စွပ်အရာ ဖြူဖွေးစွာ ထင်ကျန်ရစ်သည်။

ဖြူဖွေးသွယ်လျသော သူမ၏ လက်ကို ဆွဲကိုင်ပြီး...

"ထုံးတမ်းစဉ်လာအရ ပေးတယ်လို့ မထင်ပါနဲ့ မွန်မွန်၊ တို့ရဲ့ ကိုယ်ပွားအဖြစ် အမှတ်တရ ဖြစ်စေချင်တယ်၊ အမြတ်နိုးဆုံး ပစ္စည်းကို အချစ်ဆုံး ချစ်ရသူထံ ပေးအပ်ချီးမြှင့်တဲ့သဘောပါ"

သူမ၏ လက်သူကြွယ်သည် သေးသွယ်လှသည်။ လက်စွပ်သည် ချောင်နေ၏။ ကျေနပ်ပီတိလွှမ်းသော မျက်ဝန်းအစုံဖြင့် မော့ကြည့်ရာ၏။ မတော်ဘူး မွန်မွန်၊ ပြင်ပြီးဝတ်မှ ဖြစ်မယ်ထင်တယ်ဟု သူပြော၏။





လက်ခနဲ ပြုံးပန်းပွင့်သည်။

"မပြုပြင်ဘဲ ဝတ်ထားချင်တယ် ဦးရယ်၊ ဦးရဲ့ အမြတ်နိုးဆုံး ပစ္စည်းလေးကို မပြုပြင်ရက်ဘူးလေ၊ ဒီအတိုင်းပဲ ရှိနေစေချင်တယ်၊ အပ်ချည်ကြိုးနဲ့ ရစ်ပတ်ပြီး ဝတ်ရင် ဖြစ်ပါတယ်"

ဗီရိုထဲတွင် ထည့်ထားသော အပ်ချည်လုံးကို သတိရသည်။ သွားရောက်ယူပြီး လက်စွပ်ကွင်းတွင် ရစ်ပတ်၏။ သူမ ငေးတွေးတွေး လေး ကြည့်ပြီး...

"ဒါဆို မွန်ကလဲ အမှတ်တရ ပြန်ပေးရဦးမယ်"

ဘယ်လက်သူကြွယ်၌ ဝတ်ထားသည့် စိန်လက်စွပ်ကို ချွတ်သည်။ စိန်ပွင့်တို့ကို အတန်းလိုက် စီရီပြီး ရွှေထဲနှစ်မြှုပ်ထားသည်။ လှုပ်လိုက်တိုင်း လက်ခနဲ အလင်းပြန်သည်။ ခဲသားရောင် အတွင်းသားပြေးသော စိန်။ လက်အစုံကို ဟန့်တားဆုပ်ကိုင်ရင်း...

"ဒီလောက်တန်ဖိုးကြီးတဲ့ဟာ တို့ မလိုချင်ဘူးမွန်မွန်ရယ်၊ မွန်မွန့်ဆီက အဝတ်အပြန် လိုချင်လို့ ပေးတာမဟုတ်ဘူးလေ၊ မွန်မွန့် အမြဲဝတ်ထားတာပဲ မြင်ချင်တယ်၊ မယူချင်ဘူး"

"တန်ဖိုးကြီးတာ နည်းတာကို ဦးဆိုလိုချင်တာလား။ မွန်ချစ်တာ က..."

"တို့နားလည်ပါတယ်၊ တခြားတစ်ခုခုဖြစ်ဖြစ် ပေးရင်တော့ ဒါတော့ မယူပါရစေနဲ့"

မွန်မွန်က အတင်းချွတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မွန်မွန်ရယ် ...မွန်မွန်ချစ်တာကို တို့သိတယ်၊ နားလည်တယ်၊ ဒါပေမယ့် ဒီလောက်အထိ မဟုတ်ဘူးလေ၊ အမှတ်တရဆိုတာက အမှတ်တရဖြစ်ဖို့သာ အရေးကြီးဆုံးမဟုတ်လား"

သူမမျက်နှာလေး ညှိုးရီဝေသွားသည်။ အလိုမကျဟန် အောက်နှုတ်ခမ်းလေး ဖိကိုက်သည်။ ပြီးနောက် ရင်လာဘတ်မှာ အမြဲထိုးထားသော ရင်ထိုးကို ဖြုတ်သည်။ တစ်ကောင်တည်းသော လိပ်ပြာ။ တောင်ပံကို ဖြန့်ကာ နားနေသည့်အသွင်။ ရွှေသားပါးပါး ခတ်ထားသဖြင့် ပေါ့ပါး၏

"ဒါကိုတော့ လက်ခံရမယ်ဦး။ နို့မို့ မွန် စိတ်မကောင်းဖြစ်မှာနော်"

သူ ဖွဖွပြုံးပြီး ...

"ဒါဆိုရင် မငြင်းပါဘူး မွန်မွန်ရဲ့ ပေး"

လှမ်းယူသည်ကို သူမ မပေးဘဲ ဝင့်ခနဲ ကြည့်ပြီး ...

"ဟင့်အင်း။ မွန်ကိုယ်တိုင် ချိတ်ပေးမယ်"

ရှက်ရယ် ရယ်မိသည်။ ချစ်သူအလိုကျမို့ ရင်ကို ဖွင့်ပေးလိုက်သည်။ ဂျာကင်ပြုရင်ထိုး အပ်နှင်းထိုးချိတ် ပေးသည်။ အသည်းနှလုံး၌ ထိုးချိတ်တပ်ဆင်ပေးသည်ဟုထင်၏။ တစ်သက်တာပါပဲလေ။ အပ်များဖောက်သည့်နေရာမှ အကျီအတွန့်ကို ပြန့်ပြူးသွားအောင် ဖြန့်ပြီး····

"ဦးအမြဲတမ်း ထိုးထားရမယ်နော်"

"အဲဒါတော့ မဖြစ်ဘူးထင်တယ် မွန်မွန်ရဲ့ အိမ်နေရင်း ရေချိုးရင်း ထိုးထားလို့ မကောင်းဘူးလေ၊ အိမ်မှာနေရင် စွပ်ကျယ်နဲ့ပဲနေတာ"





သူမ အသံလေးထွက်အောင် ရယ်သည်။

"အဲဒီလိုပြောတာမဟုတ်ဘူးလေ၊ ဦးရုံးသွားတဲ့အခါ၊ ပွဲနေပွဲထိုင် သွားတဲ့အခါမျိုးဆိုရင် မမေ့ဘဲ အမြဲဝတ်ထားရမယ်လို့"

"စိတ်ချပါ မွန်မွန်ရယ်၊ အမြဲဝတ်ထားပါ့မယ်၊ ကျေနပ်ပြီလား"

သူမခေါင်းလေးအသာညိတ်၏။ ပြီးတော့ လက်၌ ဝတ်ထားသော နီလာလက်စွပ်ကို ကြည်နူးသွတ်ပျံ့စွာ ပြုံး၍ ကြည့်နေလေ၏။ ငို၍ ငို၍ နိုင်မြဲစွာချည်နှောင်လိုက်သကဲ့သို့ပင်။ လက်စွပ်ဟု မမြင်။ အသည်းနှင့်မျှ ချစ်ခြင်းဟုမြင်၏။ ကျေနပ်ပီတိအား မပြောပြတတ်အောင် ခံစားမိ၏။

"ဘယ်တော့မှ ပြန်မတောင်းကြကြေးနော်"

သူမ ရယ်တစ်ဝက်နှင့် ပြော၏။

"အင်း...ချစ်နေသမျှ ဝတ်ထားပါ မွန်မွန်၊ ဒါပေမဲ့ မုန်းပြီလို့ ဆိုခဲ့ရင် ပါးစပ်နဲ့မပြောဘဲနဲ့ အဲဒီအမှတ်တရလေးကို ပြန်ပေးပါ၊ ဒါဆို နားလည်ကြမယ် ဟုတ်လား"

"ဟင့်အင်း မမုန်းပါဘူး"

"ဟုတ်ပါတယ်၊ မွန်မွန် ဘယ်တော့မှ မမုန်းဘူးဆိုတာ တို့ယုံကြည်ပါတယ်၊ အကယ်၍ မုန်းပြီဆိုခဲ့ရင်ပါ၊ အကယ်၍ အဲဒီလို အဖြစ်မျိုးကြုံရင် ဒီအမှတ်တရလေးတွေကို ပြန်ပေးရုံနဲ့ နားလည် သွားတာပေါ့၊ မမြင်, မတွေ့, မကြားလိုတဲ့ စကားတို့ မမြင်



www.burmeseclassic.com

www.burmeseclassic.com



မကြားရဘဲနဲ့ နားလည်နိုင်တာပေါ့ မွန်မွန်"

"မွန် ဘယ်တော့မှမပြောဘူး၊ စိတ်ချ ဦး၊ ဦးကသာ ..."

သူမကိုကြည့်၍ သူပြုံး မိသည်။

"ဝမ်းသာပါတယ် မွန်မွန်၊ ဒီစကား ကြားရတာကြောင့်ရင်ထဲ ချမ်းမြေ့ ရပါတယ်၊ ဒါပေမဲ့ ကံတရားဆိုတာ ပြောရခက်သားကလား၊ မလိုချင်ပေမဲ့ ရောက်လာတတ်တ လေး အဲဒီ အဖြစ်မျိုးကြုံခဲ့ရင် မွန်မွန် ကတိပေးထားတဲ့အတိုင်း ဘယ်တော့မှ မပြောပါနဲ့၊ အဲဒီစကားကို တို့ တကယ် မကြ ပါဘူး၊ ငါးဆယ်ရာခိုင်နှုန်း ပုံပြီးထားတဲ့ အချစ်မဟုတ်ဘူး မွ ရှိရှိသမျှ ပုံအောပြီး လောင်းထားတာ"

ဘယ်တော့မှ ပြန်မပေးဘူးဟု မွန်မွန် မပြောခဲ့ခြင်းကို သတိ မိသည်။ စကားအကျကောက်ခြင်း မဟုတ်သော်လည်း ချစ်သူ ပတ်သက်သမျှ အရာအားလုံးကို အလေးအနက် သတိပြုမိသည်

ဤမျှထိ အတွေးမနက်သင့်ဟု ကိုယ့်ကိုကိုယ် မကျေ ဖြစ်မိသည်။ တင်းကျပ်သွားသောစိတ်ကို ဖြေလျှော့ရန် ကြိုးစား ရယ်ပြုံးနေသော ချစ်သူကိုကြည့်ကာ ရင်ဝယ်ချမ်းမြေ့မှု ပြည့်လျှံ ချင်သည်။ မြစ်ပြင်လေကြောင့် ဆံနွယ်စများ မျက်နှာပေါ် ကျလာသည်။ တချို့က လေထဲမျောလွင့်လျက်။

* * *





ဦး ရန်ကုန်ကို သွားဦးမှာလားဟု အဆက်အစပ်မဲ့ မေးသည်။

"မသွားပါဘူး၊ စာပဲ ရေးထည့်ထားလိုက်တယ်၊ ဒီနေ့လောက်ဆို အမေတို့ ရပြီထင်တာပဲ၊ အမေတို့ဝမ်းသာကြမှာ သေချာပါတယ်၊ အမေတို့က မွန်မွန်ကို မြင်ဘူးသားပဲ"

ခါတိုင်းနေ့များလို တကွဲတပြားစီ ပြန်စရာမလိုအပ်တော့။ နေညို သော ရုံးဆင်းချိန်၌ အေးအေးလူလူ စကားပြောရင်း အတူလျှောက် ဖြစ်ကြ၏။ အေးမြသော စကားသံ၊ ကြည်နူးခြင်းပြည့်သော မျက်နှာကို ကြည့်မိတိုင်း ရင်ဝယ် လှပ်ခနဲ အေးဆဲပါ။

"ဒီကပဲ ပြန်တော့မယ် ဦး"

"လိုက်ပို့ရမှာလား"

"ဟင့်အင်း"

လမ်းထဲ ချိုးဝင်သွားသည်အထိ ရပ်ကြည့်၏။ မကွယ်မီ သူမ လှည့်ကြည့်ပြီး ပြုံးပြ၏။ ဘာလိုလိုနှင့် အချစ်သစ်ပင်သည် ရိုးတံများပင် သီလေပြီ။

အဖူး၊ အငုံ တစ်ပင်လုံးဖွေးဖွေးလှုပ်၍ရှိ၏။ အကာအရံသည် မလိုအပ်တော့။ ပင်စည်သည် အတော်အသင့် ခိုင်ခံ့နေပြီပဲ။ အစို့ အညှောင့် ထွက်ခါစက ကြီးမှ ကြီးနိုင်ပါ့မလား ဟု စိုးရိမ်သောက ဖြစ်ခဲ့ခြင်းသည် နောက်၌ ကျန်ရစ်ခဲ့ပါပြီ။ ကြီးရင့်ထွားကျိုင်းနေပြီ။ သို့သော် အဆုံးမသတ်သေးချေ။ နောက်ဆုံးပန်းတိုင်ဖြစ်သော အပွင့်၊ အသီးတို့ မပွင့်မသီးသေး။ ပွင့်ရန် သီးရန် တာဆူနေဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



လေကြမ်းတို့သည် ဖူးငုံလေးများကို အညှာအတာကင်းစွာ ခြွေချတတ်သေးသည်။ ဘေးဝန်းကျင်ပယောဂကြောင့်အသီးတို့သည် လွင့်ပါးသွားတတ်သည်။ လေကို ဖူးပွင့်စေရုံသာဝိုက်စေချင်၏။ တစ်ကြိမ် တစ်ခါတည်းနှင့် သီးပွင့်ဝေဆာ သွားပါလေစ။

နောက်ထပ်တစ်ကြိမ် မကြိုးစားပါရစေနှင့်။ မြန်မြန်လေးဖူးပွင့်လိုက် ကြပါတော့။

အတွေးထဲ နစ်မျောရင်း လျှောက်ခဲ့သည်မှာ သဘော်ဆိပ်နားသို့တိုင် ပင်။

တက်သူ၊ ဆင်းသူ၊ ရပ်သူ၊ သယ်ပို့သူများနှင့် ရှုပ်နေကြ ရည်ရွယ်ချက်မဲ့စွာ လိုက်လံကြည့်မိ၏။ ကွမ်းယာဆိုင်၏ ညာဘက် လှမ်းလှမ်းတွင် ရပ်၍စကားပြောနေသော ရဲမြင့်တို့အုပ်စုကို တွေ့လိုက် ရသည်။ ရဲမြင့်သည် ပေါ့ပါးသောဆွဲအိတ်တစ်ခုကို လွယ်သိုင်းထား စီးကရက်ဖွာရင်း စကားပြောနေ၏။ ကျန်လူများသည်နားထောင် ရုံသက်သက်။

ရဲမြင့်သည် သူလာရာဘက်သို့ အမှတ်မထင်လှမ်းကြည့်သည် သူ့ကိုမြင်သွားသည်။ ကွေးကုပ်လိုက်သော မျက်မှောင်ကို သတိထား လိုက်မိ၏။ မျက်ဝန်းများသည် သိပ်မကြည်လင်ချေ။ လှမ်းနှုတ်ဆက် ပြင်လိုက်သည်။ ရဲမြင့်သည် ချာခနဲ လှည့်ကာ လူကြားထဲ တိုး သွားသည်။ သူ့ သူငယ်ချင်းများက စူးစမ်းသော အကြည့်များ လှည့်ကြည့်ကြ၏။ ချက်ချင်းမကျေနပ်ရိပ်များ ဖုံးလွှမ်းကုန်သည် ငဲ့စောင်းစောင်း ကြည့်ကာ ရဲမြင့်နောက်သို့ တိုးဝင်လိုက်သွားကြလေ





ဘာအတွက် မကျေနပ်ခြင်းကို နားလည်ပါသည်။ ဖြေရှင်းခွင့်ရလျှင် ရှင်းပြချင်သည်။ လွဲမှားနေသော နားလည်မှုကို တော့ဆက်ပေးချင်သည်။

ရဲမြင့်ရန်ကုန်သို့ သွားသည်ထင်၏။ ရောင်ပြေးတာလား၊ အလုပ် ကိစ္စကြောင့်လား။ အလုပ်အတွက်ဖြစ်ပါစေ။ သက်ပြင်းသဲ့သဲ့ ချပြီး ခြေလှမ်းပြင်လိုက်၏။

ဥသြဆွဲသံရှည်သည် လေထဲမျောလွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

(၂၅

မွန်မွန်တို့ ကြိုပြီး ရောက်နှင့်နေ၏။ ကမ်းနဖူးစွန်းစားပွဲဝိုင်းတွင်
ထိုင်နေကြ၏။ သူ့ကိုမြင်တော့ လှမ်းရယ်ပြသည်။

တို့ နောက်ကျသွားတယ်ထင်တယ်ဟု ပြောရင်း ဝင်ထိုင်လိုက်
၏။

"ဦး နောက်မကျပါဘူး။ မွန်တို့က စောပြီး ရောက်နေကြတာ

နေ့လည်ခင်းဖြစ်သဖြင့် သူတို့တစ်ဝိုင်းတည်းသာ ရှိ၏။ ဝယ်
များကတော့ အကြော်ဗိုဘေးတွင် ရပ်သူရပ်၊ ထိုင်သူထိုင်၊ အ
စုံရောင်းသော ဆိုင်။ အချဉ်ရည်က အထူးကောင်းသည်။ ဆက်
ပြေပြစ်မှု၊ ဝယ်စားသူတို့၏ စိတ်တိုင်းကျ လုပ်ပေးခြင်းကြောင့် နာ
ထွက်သည်။ တကူးတက လာရောက်စားသောက်ကြသည်။
ကမ်းဘေး၊ လမ်းမနှင့် လယ်ကွင်းက ခြားနေသဖြင့် သီးသန့် ဖြစ်





မြင်ကွင်းကောင်း၍ အေးချမ်းသောနေရာ။

"ဦး ...ဘာစားမလဲ"

ကြက်သွန်ကြော်ဟု သူဖြေ၏။ မွန်မွန် လှမ်းမှာ၏။ မအေးနွဲ့က...

"ကဲ ...တို့အသိအိမ်ကို သွားလည်ဦးမယ်၊ အေးအေးဆေးဆေး စကားပြောကြ၊ သုံးနာရီလောက် ပြန်လာခဲ့မယ်"

သွားမယ်ဆရာဟု သူ့ကို နှုတ်ဆက်ပြီး ထွက်သွားလေသည်။
ခြေဦး ထောင်ထားသော ပန်းကန္တာစက်ဘီး နှစ်စီးရှိ၏၊ တစ်စီးကို
နင်းကာ ယူသွားသည်။

"ဦးကို ပြောစရာရှိလို့ ဦးရဲ့သဘောထားကို သိချင်တယ်၊ မေမေတို့က အလုပ်ထွက်ဖို့ ပြောနေတယ်၊ ဈေးမှာဆိုင်ခွဲပေးမယ်တဲ့၊ အဲဒါ..."

ဈေးထဲက ရွှေဆိုင်ကို ရည်ရွယ်ခြင်းဖြစ်သည်။

"မွန်မွန့်သဘောပဲလေ၊ ကောင်းသားပဲ မွန်မွန်ရဲ့"

"မွန်တော့ မလုပ်ချင်ပါဘူး"

"အဲဒီလိုမပြောင်းနဲ့လေ မွန်မွန်၊ လူကြီးတွေက တို့တွေကို သဘောကျလိုက်လျောပြီး စေ့စပ်ပေးတယ် မဟုတ်လား၊ တို့ဘက်ကလဲ သူတို့သဘောကျ လိုက်လျောရမှာပေါ့၊ သူတို့ ကောင်းစေချင်လို့ စီစဉ်ပေးတာပဲလေ၊ ဘာလဲ မွန်မွန်က ဝါသနာမပါလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ဦးနဲ့ ဝေးမှာစိုးလို့"

နှုတ်ခမ်းစူကာပြောသည်။ သူ နှစ်ခြိုက်စွာရယ်၍ ...

"မွန်မွန်ကလဲကွာ၊ တစ်မြို့တည်းနေရမယ့်ဟာကို"

"ဦးအလုပ် ပြောင်းသွားရင်ကော၊ မွန်က ဈေးရောင်းပြီး ကျန်ရစ်ခဲ့ရမှာလား"

"ဦး မပြောင်းဖြစ်သေးပါဘူး၊ ပြောင်းရင် တို့များ စဉ်းစားကြတာပေါ့ လောလောဆယ်တော့ စီစဉ်တဲ့အတိုင်း လိုက်နာတာ အကောင်းဆုံးပဲထင်တယ်၊ ဒါမှ သူတို့လဲ စိတ်အေးမှာပေါ့"

စဉ်းစားနေသည့်အသွင် ငြိမ်၍နေ၏။

"သိပ်ဝေးတဲ့နေရာကို ပြောင်းရမယ်ဆိုရင် တို့ တစ်ခါတည်း ခေါ်သွားမှာပေါ့၊ အဲဒီအချိန်ကျ ဘယ်သူမှ စွက်ဖက်လို့ မရတဲ့ အချိန်လေ"

သူမ သဘောပေါက်ပြီး ရှက်ရယ် ရယ်၏။ စားဦးလေ ဟုပြော၏ ကြွက်သွန်ကြော်တစ်ခု ကောက်ယူပြီး ချဉ်ရည်တွင်နှစ်သည်။ ပြီးတော့ ...းသည်။ ချိုဆိမ့် ချဉ်တင်တင်အရသာက လျှာဖျားတွင် နှစ်သက်ဖွယ်။ ထို့နောက် ...

"ဘာမှ စိုးရိမ်သောက ဖြစ်မနေပါနဲ့ မွန်မွန်ရယ်၊ မွန်မွန်ဘက်က





တို့အမြဲ ရှိနေမှာပါ"

"မွန်လဲ ဦးဘက်မှာ အမြဲရှိနေမှာပဲလေ"

"ယုံပြီးသားပါ မွန်မွန်ရယ်"

လက်သုတ်ပဝါဖြင့် နှုတ်ခမ်းကို သုတ်သည်။ ဆီများ စွန်းထင်သွား၏။ ရေနွေးကြမ်းကို မွန်မွန် အသင့်ငှဲ့ပေးထားသည်။

* * *

"ဘယ်လိုလဲ ကိုစိုးမင်းဦး၊ ဘာမှ အကြောင်းမကြားသေးပါလား"

မစိုးသည် အကျိုးမီးမှုထိုးနေရာမှ ရုတ်တရက်လှမ်းမေးသည်။

"မွန်မွန်နဲ့ ကျွန်တော်တို့ တွေ့နေသားပဲ"

"အဲဒါပြောတာမဟုတ်ဘူး၊ မင်္ဂလာကိစ္စကို ပြောတာ"

ရက်မသက်မှတ်ဖြစ်သေး။ ရက်သက်မှတ်မည့် နှစ်ဖက်တွေ့ဆုံဖို့ အကြောင်းမကြားသေးချေ။ သူတို့မအားသဖြင့် ဖြစ်မည်ထင်၏။ ဥက္ကာ အထိခရီးပေါက်ပြီးမှ အချိန်ဆွဲ၍လည်း အကြောင်းထူးမည်မထင်၊ သူတို့သိပါလိမ့်မည်။ စိတ်ရှည်မှု သည်းခံမှုကို စမ်းသပ်နေတာ ထင်သည်။

"ဘာမှတော့ မပြောသေးဘူး မစိုး၊ ဒါပေမဲ့ မွန်မွန့်ကို ဆိုင်ခန်း ဖွင့်ပေးထားပြီလေ၊ အဲဒါအခြေကျရင် ...ကြား



www.burmeseclassic.com

www.burmeseclassic.com



မထင်ပါဘူး"

သူ တွေးတွေးဆဆပြော၏။ မစိုး တစ်စုံတစ်ခုပြောရန် လုပ်ပြီးမှ မပြောဘဲနေလိုက်သည်။ အတန်ကြာမှ ...

"ကိုစိုးမင်းဦးမှာ မီးပူထိုးမယ့်အင်္ကျီရှိရင် ပြောနော်၊ တစ်လက်စ တည်း လုပ်လိုက်မယ်"

မရှိဘူး မစိုးဟု သူပြော၏။ လမ်းမ၌ စက်ဘီးများ ဖြတ်သွားနေသည်ကို ကြည့်၏။

"ရဲမြင်ဘက်က လူတွေက ကိုစိုးမင်းဦးကို လက်ခံလိုက်တဲ့ကိစ္စကို သိပ်မကျေနပ်ကြဘူး သိလား။ ပွစိ ပွစိ ပြောနေကြတယ်၊ တစ်မြို့တည်းသားချင်း၊ စီးပွားဘက်လဲဖြစ်တဲ့လူ၊ တကယ်ကြိုက်တဲ့လူကို လက်မခံဘဲ ရှေ့အကြောင်း နောက်အကြောင်း မသိတဲ့ သူကိုမှ လက်ခံရပါ့မလားပေါ့၊ ပြီးမှ ဒုက္ခရောက်မှာ မြင်ယောင်သေးတယ်တဲ့၊ ကျွန်မလူ့ နားကြားပြင်းကတ်တာနဲ့ ပြောပစ်ခဲ့တယ်"

"မပြောပါနဲ့ မစိုးရာ၊ သူတို့ဘာသာ ရှိပါစေ"

"မပြောလို့ မဖြစ်ဘူး ကိုစိုးမင်းဦး၊ လွန်ကိုလွန်တယ်၊ တစ်ဖက်သားကို မှိုချိုး မျှစ်ချိုးနဲ့"

သူလည်း ကျော်ခင်တို့ထံမှ သဲ့သဲ့ကြားသည်။ ထိုထဲတွင် မွန်မွန်တို့ဘက်ကလည်း ပါသည်။ တုံ့ပြန်စရာမလိုဟု ထင်သည်။ ရှိပါစေ။ သူ့ဘက်တွင် မွန်မွန်တစ်ယောက်တည်း ရှိနေလျှင် လုံလောက်ပြီ။





ကိုကတည်းက ကြည်ဖြူမည်ဟု မမျှော်လင့်ခဲ့။ ထို့ကြောင့် ဘာကိုမှ ...တောင်းဆိုခဲ့။ မွန်မွန်ရှိလျှင်ပင် ပြည့်စုံပါသည်။ မွန်မွန်ရှိလျှင် သူရှိနေ...၏။ အားလုံးရှိ၍ မွန်မွန်တစ်ဖက်သို့ လှည့်လျှင် သူ့တွင် မည်သူမှ ...ရှိတော့ဟု သိ၏။

ကိုစိုးမင်းဦး အမေတွေ ဘယ်တော့လာမှာလဲဟု မစိုး မေးပြန်သည်။

"သေချာမှ ခေါ်မယ်လို့ စိတ်ကူးထားတယ် မစိုး။ သူတို့ဘက်က တောင်းဆိုရင်လဲ ခေါ်တွေ့ပေးမယ်လေ၊ မေမေတို့ကလဲ တွေ့ချင်နေကြတယ်၊ ဒါပေမယ့် မစိုးရယ် ... ခုလိုအနေအထားမျိုးမှာ ခေါ်မပြရက်ဘူး၊ သူတို့ကြည်ဖြူရင် အကြောင်းမဟုတ်ပေမယ့် မကြည်ဖြူကြရင် အမေတို့ စိတ်ကောင်းမှာ မဟုတ်ဘူး၊ နှစ်ဦးနှစ်ဖက် အထင်အမြင် လွဲကုန်ကြလိမ့်မယ်၊ တော်ကြာ ရင်ကြားစေ့လို့မရမှ ကျွန်တော်တို့ ကြားထဲက ဒုက္ခရောက်မှာ"

"ကိုစိုးမင်းဦးကလဲ လျော့တာပါ၊ ဘာဖြစ်လဲ၊ ကိုယ့်အဖေအကြောင်း သေသေချာချာ ပြောပြသင့်တာပေါ့၊ ဒါမှ သူတို့ မျက်စိပြူးသွားမှာ၊ ခုတော့ဆုံးသွားပြီဆိုတာလောက်ပဲ ပြောတာကိုး"

"နေပါစေ မစိုးရယ်၊ ဘယ်သူ့မှ ဆွဲမထည့်ချင်ဘူး လက်ရှိ အခြေအနေအတိုင်းပဲ ဆက်သွားတာ ကောင်းပါတယ်"

ခြံဝမှ လူရိပ်လိုလို မြင်လိုက်၏။ မှောင်နေသဖြင့် နေရာမှထ၍ ...ကြည့်ရသည်။ လူစိမ်းတစ်ဦးပင်။ တံခါးဖွင့်ပေးရန် အသော့ ...ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီအိမ်မှာ ကိုစိုးမင်းဦးဆိုတာ ရှိပါသလား ခင်ဗျား"

"ကျွန်တော်ပါပဲ"

"ရန်ကုန်ကစာ လူကြုံပါးလိုက်လို့ ဝင်ပေးတာပါ"

ကျေးဇူးပါပဲ အထဲဝင်ပါဦးဟု သူ ဖိတ်ခေါ်၏။ ထိုသူက ငြင်းပယ်ပြီး စာကိုပေး၍ ထွက်သွားလေသည်။ စာကို အိမ်ပေါ်ရောက်မှ ကြည့်ဖြစ်သည်။ ဤလက်ရေးမျိုး တစ်ခါမျှ မမြင်ဖူးချေ။ ဘယ်သူ့ဆီကစာလဲဟု တွေးသည်။ ခုံတွင် ဝင်ထိုင်ပြီး စာအိတ်ကို ဖောက်လိုက်သည်။ မစိုးက မီးမှုကို သိမ်းနေ၏။

မထင်မှတ်ပါလေ။ သို့သော် ...

* * *

စာရရချင်း လာခဲ့စေချင်တယ်စိုး၊ ဒီလို ပြန်စာမျိုး ရေးရဲ့တဲ့ စိုးရဲ့ မျက်နှာကို နောက်ဆုံးအနေနဲ့ ကြည့်ချင်လို့ပါ။ မာလာ မလွှမ်းတော့ဘူး၊ ဒါပေမယ့် ရင်ထဲက နာတယ်။

ဒီလောက် ညာတာမှု ကင်းမဲ့မယ်လို့ မထင်ခဲ့ဘူးလေ၊ စိုးရဲ့ တိုက်တွန်းချက်အတိုင်း ဦးကျော်မြင့်ကို တို့က ပြန်ပြီး လက်ခံရ မယ်တဲ့လား၊ ရေးရက်တယ်နော်၊ ဒီစကားကို စိုးရဲ့ပါးစပ်က ပြောတာ မာလာ ကြားချင်တယ်၊ ဒါဆိုရင် တစ်ခါတည်း





ခေါင်းညိတ်လိုက်မယ်၊ ဘယ်လိုလဲစိုး။

လာရင် စိုးအတွက် အကျိုး မယုတ်နိုင်ပါဘူး။ မလာဘူးဆိုရင် မာလာ ဘာမှမတတ်နိုင်ဘူးနော်။ ချစ်တဲ့သူနဲ့ ကွေကွင်းရခြင်း သည် ဆင်းရဲ၏။ မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖက်ရ ခြင်းသည်လည်း ဆင်းရဲ၏ တဲ့၊ ဘုရားဟောတရားတောင် ရှိပါတယ်။ ဒီလိုဆင်းရဲခြင်းမျိုး၊ ဒီလိုဒုက္ခမျိုး ကိုယ်တိုင် ခံစား ကြည့်မှ သိမယ်ထင်ပါတယ်။ ဒါမှ အချစ်ဆိုတာကို နားလည် တော့မပေါ့။

စိုး မလာဘူးဆိုရင် စိုးကို မာလာ မုန်းတယ်၊ ခါးခါးသီးသီး မုန်းတယ်။

ဒါပါပဲ စိုး။ ပြီးမှ နောင်တရရင် အဆိုးမဆိုစေချင်ဘူး။

နားမလည်နိုင်။ မာလာ ဘာကိုဆိုလိုကြောင်း သူမသိ။ သို့သော် ရာဇဿ ပို့လိုက်ပြီဟု သိရှိခံစားရသည်။

အကျိုးသင့် အကြောင်းသင့် ရှင်းပြခဲ့ပြီပဲ။ အသေအချာ စာရေး ပြန်ခဲ့သည်။ ဖြစ်စေချင်သော ဆန္ဒများထက် ဖြစ်သင့်သော အရာများကို ချင့်ချိန်နိုင်ရန် ထောက်ပြခဲ့၏။ ထိုသည်ကို မာလာ မျက်မာနရှလေသည်။ မျက်မာန်ရှစရာ အကြောင်းမဟုတ်ဟု ထင်သည်။ လောကအလယ်၌ ဘာကိုမှ မသိရှာသေးသော ရင်သွေးငယ်လေး၏ ရှေ့ရေးကို အစိုး ကြည့်သင့်သည်ထင်၏။ ကိုကျော်မြင့်သည် သောက်စားမူးယစ်ရူးကား နေသူမဟုတ်။ သို့သော် အရာရာ ပြုပြုစင်စင်လည်း မဟုတ်၊ သို့ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပထမတန်းစားတော့ ရှိသည်ထင်၏။

ကြီးမားသော ကွဲလွဲချက်။ ဘယ်လိုမှ မဆုံဆည်းနိုင်သော အက်ကြောင်းမဟုတ်သေး။

စာလည်း မပြန်ချင်။ သွားလည်း မသွားချင်။ မငြိမ်သက်သေးသော အခိုက်မို့ ရှင်းပြရန် လွယ်မည်မထင်။ အချိန်သည် သူမအား နားလည်စေလိမ့်မည်။ ကြာမြင့်သည်နှင့်အမျှ တစ်စတစ်စ ငြိမ်သက်သွားပေမည်။ အချိန်သည် အကောင်းဆုံး သမားတော်။

ဤသို့ နေလိုက်ခြင်းသည် မျှော်လင့်ချက်အား ဖြတ်တောက်ပစ်လိမ့်မည်။ မီးနီးကြွက်လျှောက် မဖြစ်စေလိုတော့။ သွားလည်း မသွားသင့်သောခရီး။ ဖြေရှင်းချင်ပေမယ့် အရင်းခံတောင်းဖို့လို၏။ ပိတ်ထားသော မျက်လုံးရှေ့ဝယ် မည်သို့သော အလှတရား ရှိစေကာမူ မြင်မည်မဟုတ်။ မျက်လုံးဖွင့်မည့် အချိန်ထိ စောင့်နေတော့မည်။

ငုံ့ထားသည်မှာ ကြာမြင့်ပြီမို့ ရေနွေးကြမ်းသည် အေးစက်စက်။ တစ်ကျိုက်သောက်လိုက်ပြီး ဆေးလိပ်ကို မီးညှိကာ ဖွာသည်။ ဆိုင်၌ လူပါးစပြုပြီ။ နာရီကို ကြည့်၏။ ဆယ်နာရီခွဲ။ မကြာခင် ဆိုင်ပိတ်တော့မည်ဟု သိ၏။ သို့သော် ပြန်ချင်စိတ် မရှိသေး။

လ,ရောင်သည် မြစ်ရေပြင်အား ထိခတ်ပြီး လင်းလက်နေ၏။ တစ်ဖက်ကမ်းသည် ပကတိအမှောင်။

*



(၂၅)

ရုံးဆင်းချိန်ရောက်တိုင်း တစ်ခုခု လိုနေသလို ခံစားရ၏။ မြို့ရယ်၌ စောင့်နေတတ်သူကို သတိရသည်။ လစ်ဟာနေသော နေရာဆီ အကြည့် ရောက်သွားသည်။ ပြန်မယ် ဦးဟု ပြောသံ နားထဲ ကြားယောင်သည်။ အိတ်ကို ဆွဲယူပြီး ထ,ရပ်လိုက်သည်။ စားပွဲကို စစ်ဆေးနေကျအတိုင်း စစ်ဆေးလိုက်သည်။

ကျော်ခင် ထွက်သွားသည်ကို မြင်၏။ မအေးနွဲ့တို့က အမြဲစောစော ဆင်းနေကျ။ ဦးစီးအသွားကို စောင့်ကာ ဦးစီးပျောက်သည်နှင့် ဆင်းကြမြဲ။ သူမကတော့ တစ်ယောက်တည်း ထိုင်ရင်း စောင့်နေတတ်သည်။ သူနှင့်အတူ ပြန်ရင်း စကားပြောသည်။ ရယ်စရာများ။ စိတ်ဝင်စားစရာများ။ ချစ်စရာများ။

"ဆရာ...ကျွန်တော် စောင့်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးကျော်ခင်၊ သွားပါ"

စဉ်းစားချိန် ယူချင်သည်။

အိတ်ကပ်ထဲ ရောက်နေသော မာလာ၏ စာနှစ်စောင်က စိတ်ကို ညစ်ညူးစေသည်။ ညက မွန်မွန်အား ပြောပြမည်ဟုတွေးကာ မနက်တွင် ထည့်ယူခဲ့၏။ မနက်ခင်းဈေးတွင်လူများတတ်သည်။ အေးအေးလူလူ စကားပြောချိန်မရ။ နေ့လည်ကလည်း ရုံးတက်ရ၏။ ထို့ကြောင့် ဈေးပိတ်ချိန်၊ အိမ်ပြန်ချိန်ကို ရွေးရ၏။

ပြောသင့်မပြောသင့် တစ်ညလုံး စဉ်းစားခဲ့၏။ ပထမစာက အရေးမကြီးသော်လည်း ဒုတိယစာက ရင်၌ ဆူးတစ်စကဲ့သို့ နှစ်ဝင်၏။ ဤအချိန်ထိ ပတ်သက်ဆက်နွယ်နေသည်မို့ ပြောပြရတော့မည်။ မွန်မွန် နားလည်မည်ထင်သည်။ နားဝင်အောင် ရှင်းပြမည့်စကားများကို ရွေးချယ် စီစဉ်နေမိသည်။

ဈေးသည် ရုံးနှင့် အိမ်အကြားတွင် ရှိသည်။ ဈေးပေါက်ရောက်တော့ ဆိုင်သိမ်းပြီး ထွက်လာသူများကို တွေ့သည်။ ဈေးထဲ လှမ်းဝင်ရန်အလုပ်မှာ မွန်မွန် ထွက်လာသည်နှင့် တိုးလေ၏။

"ဩော် ... ဦး ရုံးဆင်းပြီလား"

သူ ခေါင်းညိတ်ပြုံးပြ၏။ မွန်မွန်က ဘေးတွင် ပါလာသော အမျိုးသမီးကြီးနှင့် မိတ်ဆက်ပေးသည်။ ဦး...မွန်ဆီလာတာလားဟု မေးသည်။ မွန် အားလို့လားဟု ပြန်မေးလိုက်၏။

"အားတော့ မအားဘူး ဦးရဲ့၊ ဒီက အန်တီက အိမ်မှာ





လုပ်ပြီးသားအထည်တွေ လိုက်ကြည့်ချင်လို့ပြရဦးမယ်၊ ပြောစရာ ရှိရင်တော့..."

"ဘာရယ်မဟုတ်ပါဘူး။ လမ်းကြုံလို့ လှည့်ဝင်လာတာပါ။ မွန်မွန့် ကိစ္စကိုပဲ ဆက်လုပ်ပါ။ ဒါနဲ့ ညနေ အားမလား"

"မပြောတတ်သေးဘူးဦးရဲ့၊ အန်တီက အေးအေးဆေးဆေး ကြည့်ချင်နေတာ၊ လိုအပ်ရင် ရှာဖွေပေးရဦးမယ်၊ အားရင်တော့ ဦးဆီ လာခဲ့မယ်လေ"

"စောင့်နေပါ့မယ်"

ရှင်းပြမည်ဟု အားခဲထားသမျှ သဲထဲရေသွန် ဖြစ်သည်။ မရှင်းပြရသဖြင့် စိတ်ထဲ လေးလံနေဦးမည်။ စိတ်လေးလံနေခြင်းကို မခံစားချင်တော့။ လွတ်လပ်ပေါ့ပါးစွာ နေလိုပြီ။ စိတ်ထဲ၌ တည်ရှိနေသော အဆိုင်အခဲကို သယ်ဆောင်၍ ပြန်ခဲ့ရသည်။ ခြေလှမ်းတို့ လေးကန်နေ၏။

ထိုနေ့ည အမှောင်ပိတ်သည်အထိ စောင့်ပေမယ့် မွန်မွန် ပေါ်မလာခဲ့။ မွန်မွန် အလုပ်များနေ၍ ဖြစ်မည်။ အလုပ်နှင့် အသားကျနေသော မွန်မွန့်ကို သူနားလည်ပါသည်။ ရှေ့ခရီးအတွက် မွန်မွန် ကြိုးစားနေခြင်း ဖြစ်၏။ ကြိုးစားသည်နှင့်အမျှ နီးစပ်လာမည် မဟုတ်လား။

သက်ပြင်းကို အခါခါချပြီး လာလမ်းကို မျှော်နေဆဲပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်အကြောင်းကြားထားရသည့် ရက်ထက် တစ်ရက်စော ရုံးချုပ်မှ လူကြီးများ ရောက်လာကြသည်။ မနက်အစောကြီး ကျော်ခ စက်ဘီးနှင့် ပေါက်ချလာပြီး ပြော၏။ လက်ဖက်ရည်ဆိုင်မှ က ကတန်းပြန်ပြီး အဝတ်အစားလဲရသည်။ ထို့နောက် ကျော်ခင့် စက်ဘီ ဖြင့်ပင် တည်းခိုဆောင်သို့ သွားခဲ့သည်။

ထိုအချိန်မှစ၍ တစ်နေ့လုံး ယောင်၍ပင် မကုတ်အားတော့။ ဦး က လူကြီးများကို ညွှန်ခံစကားဆို၏။ ကျန် အစိတ်အပိုင်းများ သူက ဦးဆောင်ပြီး လုပ်ရှားရသည်။ ဗီရိုတံခါးသည် တစ်နာရီအတွင် ဆယ်ကြိမ်ခန့် ဖွင့်လိုက်ပိတ်လိုက်နှင့်။ ဟိုစားပွဲပြေး သည်စားပွဲပြေ သည်စားပွဲပြန်လာနှင့် ခြေတို၏။

ညနေ အိမ်ပြန်ပြီး ကသောကမျော ရေချိုးရသည်။

ည ဆယ်နာရီ အားလုံးပြီးစီးချိန်တွင် လူလည်း နုံးချိနေပြီ။ ပင်ပန် သမျှ တစ်ကိုယ်လုံး ထောင်းထောင်းကြေနေသကဲ့သို့။ မနက်ဖြန် ခရီးဆက်ကြမည်။ သဘော်ချိန်က ညနေမှသာ ရှိသဖြင့် တစ်နေကုန် ရဦးမည်။ ကျော်ခင် စက်ဘီးမနင်းနိုင်တော့။ လိုက်ခဲ့ပါဟု ခေါ်သော်လည် လေးသံက အားရစရာ မကောင်း။ သူ ငြင်းပယ်လိုက်သည်။

မြစ်ဘက်မှ တိုက်ခိုက်နေသည့် လေနအေးက အမောများ ပြေလျော့စေ၏။ အိမ်သို့ရောက်ချိန် မစိုး တံခါး လာဖွင့်ပေးသည်။

"ထမင်းစားပြီးပြီလား ကိုစိုးမင်းဦး"

"စားခဲ့ပြီ"





"မနက်က မွန်မွန် ရောက်လာသေးတယ်၊ ဟိုညက ကိုစိုးမင်းဦး က ပြောထားတယ်ဆို၊ အဲဒါ အဲဒီညက မလာဖြစ်တာ အိမ်မှာ အလုပ် များနေလို့ပါတဲ့၊ ညနေက တစ်ခေါက် လာသွားသေး တယ်၊ ဘာ အရေးကြီးနေလို့လဲ"

"ဘာမှမဟုတ်ပါဘူး၊ စကားလေး ဘာလေး အေးအေးဆေးဆေး ပြောချင်လို့ပါ"

"မနက်ဖြန်ရော"

"မအားသေးဘူးလို့ ပြောလိုက်ပါမစိုး၊ နောက်မှ ကျွန်တော် လာပြောမယ်လို့"

"ပြောလိုက်မယ်လေ"

အဝတ်အစားလဲပြီး ရေချိုးသည်။ ပင်ပန်းထားသည်မို့ အိပ်ရာထဲ တန်းဝင်ခဲ့သည်။ ခေါင်းချလိုက်သည်နှင့် တန်းခနဲ အိပ်ပျော်သွား၏။

အိပ်မက်ထဲတွင် မွန်မွန်အား ရှင်းပြရသည်မှာ အမော။ မွန်မွန် ခေါင်းကိုသာ ယမ်းခါနေ၏။ ကျိန်တွယ်ပြောသော်လည်း မယုံ။ စိုးရိမ် ပူပန်ခြင်း မိုးသားတိမ်များနှယ် အုပ်ဆိုင်းနေကြသည်။ မတတ်နိုင်သည့် အဆုံး မွန်မွန့်အား အတင်းပွေ့ဖက်မိသည်။ ပြီးမှ ပွေ့ဖက်မိသူကို ငုံ့ကြည့်မိတော့ မာလာဖြစ်နေသည်။ လက်အစုံ ဖြုတ်ခွာ၍မရ။

ဖျတ်ခနဲ လန့်နိုးသွားသည်။ တစ်ကိုယ်လုံး ချွေးစီးများဖြင့် စေးထန်းထန်း ဖြစ်နေ၏။ ခေါင်းသည် ထူပူအုံခဲနေ၏။ လည်ချောင်း သည် ခြောက်ကပ်ကပ်နှင့်။ တံထွေး နင့်နင့် မျိုချတိုင်း နာကျင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖျားချင်သလိုလို ဖြစ်နေသဖြင့် သေတ္တာကို ဖွင့်ကာ အိမ်သုံးဆေးပုလင်းကိုယူပြီး သောက်၏။ ရေနွေးမရှိသဖြင့် ရေအေးနှင့် မျှော၍ရလေ၏။

ပြီးတော့ စောင်ထူထူခြုံပြီး မျက်လုံးမှိတ်ထားလိုက်၏။ ဖြူနီဝါပြာ အလင်းစက်များ ဖျိုးဖျိုးလက်လက်တွေ့ရသည်။ ခြောက်အိပ်မက်ကို ထပ်မမက်ချင်တော့။ အိပ်မက်ပေမယ့် အသည်းရင်ထဲက နာ၏။

အိပ်တစ်ဝက်၊ နိုးတစ်ဝက်နှင့် ခရီးခက်ခဲ့သည်။

* * *

သဘော်ဆိပ်သို့ လိုက်ပို့သည့်အခါ ကိုယ့်ကိုကိုယ် မဟန်ချင်တော့။

ရပ်လိုက်တိုင်း ခေါင်းထဲတွင် ရိပ်ခနဲ မူးသွားသည်။ သတိဖြင့် ထိန်းချုပ်ရင်း နှုတ်ဆက်စကား ဆိုရသည်။ ပါးစပ်က ခါးသက်သက် အရသာကြောင့် ကသိကအောင့် ဖြစ်ရသည်။ ရပ်ပြုံးပြနေပေမယ့် စိတ်မပါ။ အိပ်ရာကို လှမ်း၍ သတိရသည်။ ခုချက်ချင်း အိပ်ရာထက်တွင် လဲလျောင်းနေလိုက်ချင်သည်။

မနက်က သိပ်အခြေအနေ မဆိုးသေးချေ။ ထို့ကြောင့် လုပ်စရာရှိသည်များကို လုပ်ရန် လာခဲ့သည်။ လုပ်နေရင်းက ခေါင်းထဲ တဆစ်ဆစ် ကိုက်လာ၏။ မနက် ထမင်းစားချင်စိတ်မရှိ၊ ကော်ဖီ ခါးခါးနှင့် သင့်ရာဆေးတစ်မျိုး သောက်လိုက်သည်။ ထို့နောက် ဘာကိုမှ





စိတ်အာရုံစူးစိုက်ခံစား၍ မရတော့။ စက်ရုပ်ကဲ့သို့ တရစပ် လုပ်နေမိသည်။

သဘော် ဥသြဆွဲသံသည် နားထဲ၌ အချိုမြိန်ဆုံး ဖြစ်၏။ ရင်၌ တင်းထားသမျှ ပေါ့သွားသည်။ လက်ငွေ့ယမ်းပြရင်း အမြင်အာရုံ ဝါးသွားသည်။ ဆရာ...ဟု ကျော်ခင် ဆွဲမထားပါက လဲကျသွားမည် ထင်၏။

"ဆရာ နေမကောင်းဘူးထင်တယ်၊ မနက်ကတည်းက ကျွန်တော် သတိထားမိသား၊ ဆရာ့ကြည့်ရတာစိတ်မပါသလိုလို၊ နေမကောင်းသလိုလိုနဲ့"

"အေးကွာ၊ ရပါတယ်ကျော်ခင်၊ ဆရာ ပြန်လို့ရပါတယ်"

"ကျွန်တော် လိုက်ပို့ပေးမယ် ဆရာ"

ငြင်းပယ်စကား မဆိုဖြစ်။ ကိုယ့်ကိုကိုယ် 'စိတ်ချယုံကြည်၍မဖြစ်တော့။ ဦးစီးအား နှုတ်ဆက်ပြီး အိမ်သို့ တန်းပြန်သည်။ နေအပူရှိန်သည် မခံမရပ်နိုင်အောင် မြင့်မားနေသည်ဟု ထင်သည်။ တစ်ကိုယ်လုံး မီးထတောက်မတတ် ပူပြင်းနေ၏။ ခြေလှမ်းတို့သည် ယိုင်နဲ့နဲ့။ ဘယ်ကိုမှ မကြည့်ဖြစ်။ ကြည့်ချင်စိတ်လည်း မရှိ။

အားကိုတင်းကာ အိမ်သို့ရောက်အောင် လှမ်းခဲ့သည်။

"ဘာဖြစ်လာတာလဲ၊ နေမကောင်းဘူးထင်တယ်"

မစိုး၏ မေးသံကို ဂရုမစိုက်နိုင်။

အိမ်ခန်းထဲ တန်းဝင်ခဲ့သည်။ ကျော်ခင်က ထိန်းပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ် လဲကျသည်နှင့် စိတ်ကို လွှတ်ပစ်လိုက်၏။ မခံမရပ်နိုင်အောင် မူးလာသည်။ ရင်ထဲ လှိုက်၍ လှိုက်၍။

နွမ်းနယ်စွာ ရုတ်ချည်း အိပ်မောကျခဲ့သည်။

* * *

မျက်လုံးဖွင့်လိုက်သည်၊ မျက်နှာကြက် မီးရောင်ကြောင့် စူးခနဲ ဖြစ်သွားသည်။ ပြန်မှိတ်လိုက်၏။ အတန်ကြာမှ ပြန်ဖွင့်သည်။ ဖြူဖွေးသော ခြင်ထောင်အမိုးသည် တဖြည်းဖြည်း သဲကွဲသွားသည်။ ရင်ထဲ မောပန်းနွမ်းနယ်နေခြင်းကို ဦးစွာ ခံစားရသည်။ တစ်ကိုယ်လုံး ရွှဲနစ်နေပြီး အိုက်စပ်စပ် ဖြစ်နေ၏။ စောင်ခွာပြီး အသာအယာ ထသည်။

ဆာလောင်မွတ်သိပ်ခြင်းကြောင့် ထမင်းမစားခဲ့ရခြင်းကို သတိရလိုက်သည်။ တစ်ဆက်တည်းပင် - ဆရာ၀န် ရောက်လာခြင်းကို သတိရ၏။ ကျော်ခင် သွားပင့်တာ ဖြစ်မည်။ အပူတိုင်း ဆေးထိုး ဆေးကျွေးသည်ကို မှတ်မှတ်သားသား မဖြစ်။ ဝိုးတ၀ါး အိပ်မက်ထဲကလို ထင်ယောင် ခံစားရ၏။ ခုတင်မှ အသာ ဆင်းလိုက်၏။ စားပွဲပေါ်မှ ဓာတ်ဘူးနှင့် မုန့်များကို တွေ့ရ၏။

စားပွဲသို့ သွားရသည့်ခရီးက ပင်ပန်းလွန်းသည် ထင်၏။ ရင်ထဲတွင် တလှပ်လှပ် တုန်ယင်နေသည်။ အသက်ရှူနှုန်း မှုမမှန်။ မြန်ဆန်လွန်းနေ၏။ နားထဲကနင်းလျှောက်လာသံသဲ့သဲ့ကြားရသည်။ နောက်ဘက်က





ထု သိသော်လည်း လှည့်မကြည့်ချင်။

"ကိုစိုးမင်းဦး၊ ကော်ဖီသောက်မလား၊ ကျူပ်ဖျော်ပေးမယ်"

"အေးဗျာ"

လေသံယဲ့ယဲ့။ ကိုမြအေးကို အားမနာနိုင်။ ယူပစ်လိုက်သကဲ့သို့ အားအင်များ ကုန်ခမ်းသွားသည်။ မဖျားမနာခဲ့သည်မှာ ကြာပြီ။ ခုလို ပြင်းစားကြီး ကောက်ကာငင်ကာ ဖျားမည်ဟု မထင်ခဲ့။ ကိုယ်လက် အီမသာဖြစ်လျှင် အိမ်သုံးဆေး စားသည်နှင့် ပျောက်သွားတတ်သည်။

"ကိတ်မုန့်စားမလား"

သူ ခေါင်းညိတ်ပြလိုက်သည်။

ကိုမြအေးသည် ကိတ်မုန့်လှီးနေရင်းက ...

"ဒါ မွန်မွန် ပေးသွားတာလေ၊ ခင်ဗျားသိလား"

နားထဲက မွန်မွန့်အသံကို ကြားခဲ့ရသည်။ အိပ်မက်များလားဟု ထင်ခဲ့၏။

"ခင်ဗျားကို ပြုစုသွားသေးတယ်၊ ကိုးနာရီလောက်ကမှ ပြန်သွားတယ်၊ သူ့အစ်မလိုက်လာပြီးခေါ်လို့၊ ခင်ဗျားကို ချွေးတွေ ဘာတွေ သုတ်ပေး၊ ဆံပင်သပ်ပေးနဲ့ လုပ်နေတာ အကြာကြီးပဲ"

အားအင်တချို့ စီးဆင်း၀င်လာသကဲ့သို့ ခံစားရသည်။

"ရပါပြီ ကိုမြအေး၊ ခင်ဗျားအိပ်တော့၊ ကျွန်တော် ဒုက္ခပေးသလို ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကတော့ ဖျားပြီး မဟာန်တော့တဲ့ကြားကတောင် အားနာနေသေးတယ်၊ သေရင်လဲ အားနာပါးနာနဲ့ သေမယ့်လူပဲ၊ တကယ်ဗျာ၊ တစ်အိမ်တည်းသားချင်း။ ကျုပ်တို့ မပြုစုရင် ဘယ်သူ ပြုစုမလဲ"

သူ အားအင်မဲ့စွာ ရယ်မိ၏။ ကော်ဖီနှင့် ကိတ်မုန့် စားသောက်ရင်း ငြိမ်နေမိ၏။ ကိုမြအေးက စားပွဲတင်နာရီကို ကြည့်ပြီး…

"တစ်နာရီ ထိုးပြီပဲ၊ ခင်ဗျား ဆေးတစ်ကြိမ် သောက်ရဦးမယ်"

စက္ကူဖြင့် ထုပ်ထားသော ဆေးကိုယူပြီးပေးသည်။ ကော်ဖီဖြင့် သောက်ချလိုက်၏။ အိပ်ရာထဲ ဝင်သည်ထိ ကိုမြအေး စောင့်ကြည့်ပြီး ခြင်ထောင်ချပေးသည်။ ပြီးမှ ထွက်သွား၏။

မွန်မွန် စိုးရိမ်သွားမည်ထင်သည်။ ကရုဏာလွှမ်းသော မျက်ဝန်းအစုံကို မြင်ယောင်ယောင် ရှိ၏။ ပြုစုနေကျ အမေ့ကိုလည်း သတိရသည်။ အမေ အစိုးရိမ်ဆုံးသည် ဝေးရပ်မြေ၌ ဖျားနာနေမည်ကိုပင် ဖြစ်သည်။

မွန်မွန်တို့ ကိုမြအေးတို့ ရှိပါတယ် အမေဟု လှမ်းပြောမိ၏။

❋



(၂၆)

ဆန်ပြုတ်တော့ သောက်ရမယ်ထင်တယ်ဟု မွန်မွန်က သူ့ကို ကြည့်၍ ပြောသည်။

"ဆရာဝန်လာမှ မေးကြည့်ရင် ကောင်းမယ်ထင်တယ် မွန်မွန်"

မစိုးက ဝင်ပြော၏။ ဘယ်သူ့လက်ရာလဲဟု မေးသည်။ မွန်မွန်က သူ့ကိုယ်သူ လက်ညှိုးထိုးပြပြီး ပြုံးစေ့စေ့ လုပ်သည်။ ရင်ထဲသို့ ချစ်ခြင်း၏ ချမ်းမြေ့ခြင်းက နူးညံ့စွာ တိုးဖောက် ဝင်ရောက်လာသည်။

"စားချင်လိုက်တာ"

သူ ရယ်၍ပြောသည်။ မစိုးအခန်းအပြင်ထွက်သွားသည်။ ခေါင်းအုံးကို မှီကာ ပြင်ထိုင်လိုက်၏။ သက်သာရဲ့လား ဦး ဟု သူမ မေးသည်။

"အဲဒီလို အကြိမ်ကြိမ်မေးရင် သိပ်ကောင်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အကြိမ်ကြိမ် ဖျားနေတော့မှာလား"

ရယ်သံများသည် စိတ်ကို လန်းဆန်းစေ၏။

"မွန်မွန် ဒီနေ့ ဈေးမွက်ဘူးလား"

ဟင့်အင်းဟု ခေါင်းခါ၏။

"ညက လာသေးတယ်ဆို၊ တို့ တကယ်မသိလိုက်ဘူး မွန်မွန်၊ ဒါပေမယ့် မွန်မွန် ပြုစုခဲ့တယ် ဆိုတာတော့ ကိုမြအေး ပြောတယ်၊ အဲဒီကတည်းက အဖျား သက်သာသွားတာပဲ"

"ဟုတ်ပြီ"

"မနက်ဖြန်လောက်ဆိုရင် လုံးလုံးကောင်းသွားမှာပါ၊ အပူတော့ ကျသွားပြီ ထင်တာပဲ"

သူမသည် ထိုင်နေရာမှ ထ၍ နဖူးကို လက်ဖြင့် စမ်းသည်။ ရေမွှေးရနံ့ သင်းပျံ့ပျံ့ လွင့်လာ၏။ မရှိတော့ပါဘူးဟု သူမ ပြော၏။ ထိုစဉ် မနေ့က လာခဲ့သော ဆရာဝန် ရောက်လာသည်။ တစ်လမ်းတည်းနေသည်မို့ မျက်မှန်းတန်းမိသည်။ လူငယ်တစ်ဦးပင်။ အပူတိုင်း ကြည့်ပြီး…

"ပန်းဖျား ဖျားတာလောက်ပါပဲ၊ အခု ကျသွားပါပြီ၊ ကျွန်တော် လာစရာတောင် မလိုတော့ဘူး"

"ညနေတစ်ခါ ဝင်ကြည့်ပေးပါဦး ဒေါက်တာ"

သူမ ဝင်ပြောသည်။ ဆေးထိုးအပ်တွင် ဆေးဖြည့်ရင်းက …





"စိတ်ချပါဗျာ၊ နီးနီးလေးပဲ၊ လာခေါ်ရင် ဖြစ်ပါတယ်၊ လိုတော့ မလိုတော့ပါဘူး၊ ကောင်းပါပြီ"

ဆေးထိုးပြီးသည့်နောက် သူမ လှမ်းမေးသည်။

"ဆန်ပြုတ်သောက်လို့ရမလား ဒေါက်တာ"

"ရပါတယ်"

သူမ ရှက်ပြုံး ပြုံးလေ၏။ ဆရာဝန်က ဆေးအိတ်ကို သိမ်းသည်။ ကိုမြအေးက ဆေးအိတ်ကို လှမ်းယူ၏။ ထို့နောက် အခန်းထဲမှ ထွက်သွားကြသည်။ သူမ ဆန်ပြုတ်တိုက်ကျွေးရန် ပြင်ဆင်သည်။

ရပါတယ် မွန်မွန်၊ ပေးဟု လှမ်းတောင်းသည်။

"ဟင့်အင်း၊ ကဲ…ပါးစပ်ဟ"

သူ ရယ်ကာနေ၏။ သူမက မျက်မှောင်ကြုတ်ကာ ကြည့်၏။ သူ လိုက်လျောရ၏။ သူမ ခွံ့ပေးသည်ကို စားရင်းက အခန်းထဲ မစိုး ရောက်လာလေမလားဟု ကြည့်ရသည်မှာ အမော။ ကျေနပ်ပီတိ ဖြစ်သော်လည်း အနေခက်သည်။ သူမကတော့ ဂရုတစိုက် ရှိလှ၏။ တစ်ပန်းကန်ကုန်အောင် စားပြလိုက်မှ ကျေနပ်သွားသည်။

"ထပ်ထည့်ဦးမလား"

"ကုန်သွားမှာ စိုးတယ်၊ ဖြည်းဖြည်းချင်း စားမယ်လေ"

"ဒီလိုလူနာမျိုးတော့ မပြုစုရဲဘူး"

နှုတ်ခမ်းစူပြုံးပြုကာ ပြော၏။ ထို့နောက် ရယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးတွင် ပြန်လည် ကျောမှီထားလိုက်သည်။ သူမက ပန်းကန်ဆေးကြောရန် အခန်းထဲမှ ထွက်သွား၏။ ဤသို့ နေချင်ပြီဟု တစ်ကိုယ်တည်း ပြောမိသည်။

* * *

"အိပ်ချင်ရင်အိပ်လေ၊ ဘာကြည့်နေတာလဲ"

"မွန်မွန် ပျင်းမှာစိုးလို့"

"အမယ် ...ရပါတယ်၊ ဒီမှာ စာအုပ်ရှိတယ်"

သူမက ဝတ္ထုစာအုပ် ထောင်ပြပြီး ပြောသည်။ မနက် ကတည်းက သူမ အိမ်မပြန်သေး။ မစိုးနှင့် ထမင်းအတူစားပြီး စောင့်သည်။ သူ့အိပ်တော့ အိပ်ချင်နေပြီ။ စကားပြောရင်းက သန်းဝေနေ၏။

သူမ စာအုပ်ကို ဖွင့်ဖတ်နေသည်၊ အိပ်ရာထက်တွင် လဲလျောင်းနေရင်းက သူမ မျက်နှာအား ငေးကြည့်နေမိ၏။ တစ်ခါတစ်ရံ ချစ်စဖွယ်ကောင်းသော မျက်စောင်းလုလုလေးကိုလည်း တွေ့ရ၏။ အောက်နှုတ်ခမ်းကို ကိုက်ကာ ပြုံးလုလုရှိတတ်သည်။ မျက်ခွံသည် တစ်ခါတစ်ခါ ဝိတ်သွားသည်၊ ဇွတ်အတင်း ပင့်တင်ထားသည့်တိုင် နိမ့်၍ ကျလာတတ်၏။

ကြည့်နေရင်းက မှေးခနဲ အိပ်ပျော်သွားသည်။

အိပ်မက်ထဲတွင် သူမ စောင့်ကြို့နေပါသည်။

* * *





ပြန်နိုးလာချိန်တွင် ညနေစောင်းလုပြီ။

မျက်နှာသစ်နေစဉ် မစိုး ဆန်ပြုတ်ကို ပြန်နွှေးပေးသည်။ ဆန်ပြုတ်ပန်းကန်ကို ချရင်း ...

"နေ့လယ်က သူ့အစ်မ လာခေါ်လို့ မွန်မွန် ပြန်သွားတယ်၊ ချက်ချင်း ပြန်လာခဲ့မယ်လို့ ပြောသွားတာပဲ"

တစ်ငွန်း ခပ်သောက်သည်။ ကြက်သားနဲ့သင်း၏။ ပါးစပ်က ခါးသက်နေခြင်းကြောင့် အရသာမပေါ်။ ဆားနည်းနည်းခတ်လိုက်သည်။ မစိုးက ခုံတစ်လုံး ဆွဲယူထိုင်ပြီး...

"မွန်မွန်ရဲ့ အစ်မ မျက်နှာက တင်းမာနေတာပဲ၊ နင့် အတွက်သိပ်အရေးကြီးတဲ့ကိစ္စလို့ ပြောသံသဲ့သဲ့ကြားလိုက်ရတယ်၊ ကိုစိုးမင်းဦး သိလား"

"ကျွန်မကတောင် ကိုစိုးမင်းဦးတို့ကိစ္စတောင် မေးကြည့်လိုက်သေးတယ်၊ ဒီရက်အတွင်း ပြတ်ပြတ်သားသား သိရမယ်လို့ ပြောသွားတာပဲ"

ဒီရက်အတွင်းဟု ဆိုသည်။ တစ်လ နှစ်လခန့်တော့ စောင့်ရလိမ့်မည်ဟု ထင်ထားသည်။ ခုလိုကျတော့ အခြေအနေ ကောင်းလာပြီဟု တွက်ရမည်။

သည်ကြားထဲ မွန်မွန်တို့အိမ်သို့ တစ်ခေါက်မှ မရောက်ဖြစ်။ သွားချင်လျှင် သူမရှိရာ ဈေးသို့သွား၏။ တစ်ခါတစ်လေ သူမ၏အမေနှင့် ဆုံဖြစ်သည်။ သို့သော် မေးထူးခေါ်ပြော လိုက်လိုက်လဲ့လဲ့ ပျူပျူ



www.burmeseclassic.com

www.burmeseclassic.com



*ဂုဏ မရှိချေ။*

သူမ၏ အမေ ဆက်ဆံပုံကြောင့် သူမအနေကျပ်ဟန်တူသည်။ ထို့ကြောင့် အတတ်နိုင်ဆုံး နှစ်ယောက်တည်း ဆုံဖြစ်အောင် ကြိုးစားရ၏။ တွေ့ရသည့်အချိန်များ၌ အိမ်အကြောင်း သူမ မပြော။ သူလည်း အလိုက်တသိဖြင့် မမေးခဲ့။ ဤအကြောင်းအရာနှင့် မပတ်သက်သော စကားများကိုသာ ပြောဖြစ်ကြ၏။

ဖုန်းတဲသို့၌ နေပြီပဲ။ အချိန်တန်လျှင် ပွင့်ဖူးပေမည်ပေါ့။ ယုံကြည်မြဲ ယုံကြည်ထားခဲ့၏။

အချိန်တို့သည် ကုန်လွန်ခဲ့လေ၏။ စာအုပ်တစ်အုပ် ယူဖတ်သည်။ စိတ်မဝင်စား။ ခေါင်းထဲ မှုန်နောက်နောက်နှင့်။ မနက်ဖြန် အခြေအနေ ကြည့်ပြီး ရုံးတက်မည်ဟု မှန်းထားသည်။ အလုပ်မရှိဘဲ မနေနိုင်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ယောင်ချာချာဖြင့် တစ်မိုးချုပ်တော့မည်။ မျက်လုံးမှိတ်ကာ မှိန်းနေလိုက်၏။

နားထဲက ခြေသံဖွဖွ နင်းလာသံကို ကြိုလင့်နေ၏။ ရယ်မောစကားပြောသံလေးကို စောင့်ဆိုင်းနေမိ၏။ အိပ်ပျော်သွားချိန်ထိ စောင့်စား နေခဲ့၏။ သူမ ရောက်မလာခဲ့။

* * *

မနက်ပိုင်း ဦးစီးတို့ဇနီးမောင်နှံ ဈေးဝယ်ပြီးဝင်လာကြ၏။ ညှော်ခန်းထဲ ထွက်ထိုင်ပြီး လက်ခံစကားပြော ဖြစ်၏။ ဒီနေ့ပဲ ရုံးတက်မလို့ အစ်ကိုကြီးဟု သူပြောသည်။





"မတက်ပါနဲ့ဦး။ အားမွေးစမ်းပါဦး။ အလုပ်အတွက် စိတ်မပူနေနဲ့။ မနက်ဖြန်အခြေအနေကောင်းတယ်ထင်ရင် တက်ပေါ့။ ခုတော့ နားလိုက်ပါဦး"

ဦးစီးသာမက ဦးစီး၏ဇနီး မမြင့်ကလည်း ဝင်ပြောသဖြင့် သူ ခေါင်းညိတ်လိုက်ရသည်။ ဦးစီးတို့ ပြန်သွားသည်နှင့် မရှေးမနှောင်းပင် မအေးနွဲ့တို့၊ ကျော်ခင်တို့ ပေါက်ချလာသည်။ သတင်းမေးကြသည်။

မျှော်လင့်သူ ရောက်မလာဘဲ မမျှော်လင့်သူများသာ ရောက်လာကြ၏။ သူတို့ ပြန်သွားပြီးနောက် ရေနွေးနှင့် စပ်ပြီး ရေချိုးသည်။ ထမင်းစားပြီး စာအုပ်ဖြင့် အချိန်ဖြုန်းသည်။ လမ်းမှ ဖြတ်သွားသူများကို လှမ်း၍ ကြည့်လိုက်မိသည်။ မစိုးက အကာခတ်သလို ကြည့်၍...

"ဘာလို့ မလာတာလဲ မသိဘူးနော်။ တစ်နေ့လုံး မအားဘူးဆိုတာ တော့ မဖြစ်နိုင်ပါဘူး"

"ဘယ်ပြောတတ်ပါ့မလဲ မစိုး။ တစ်ခါတလေ ဒီလိုပဲဖြစ်တတ်ပါတယ်"

မရေရာသော စကားများဖြင့် ချေပပြောမိသည်။ သို့သော်ရင်ထဲကမူ စိုးထင့်စိတ်ပူစ ပြုသည်။ မအားလို့ မလာနိုင်တာ ဖြစ်မှာပါဟု တွေးသည်။ အကြောင်းမဲ့ ပူပန်ရန်ကောဟု ကိုယ့်ကိုကိုယ် မကျေမနပ်နှင့် ရန်လုပ်မိ၏။ မျှော်လင့်အကြည့်က လမ်းမဆီ ရောက်ရောက်နေသည်။

ညနေ ထမင်းစားပြီး လက်ဖက်ရည်သောက်ချင်စိတ် ပေါ်လာသည်။ အိမ်တွင် ကော်ဖီဖျော်သောက်လျှင် ဖြစ်နိုင်သော်လည်း ဆိုင်၌ ထိုင်ချင်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ခွယ်တာပါးပါးတစ်ထည် ကောက်ဝတ်ပြီး ထွက်ရန် ပြင်သည်။

ဘယ်သွားမလို့လဲဟု မစိုး မေး၏။

"လက်ဖက်ရည်ဆိုင်ကိုပါ မစိုး"

"လေစိမ်းတွေ အတိုက်မခံနဲ့ဦးလေ၊ ခုမှ နာလန်ထစပဲ ရှိသေးတယ်၊ တော်ကြာ ပြန်ဖျားနေမှ"

ပြန်ဖျားလျှင် ပြုစုမယ့်သူ ရှိသားပဲဟု ဖြေချင်သည်။ သို့သော်...

"ကောင်းသွားပါပြီ မစိုး။ ပြီးတော့ ခဏလေးပါ"

စကားပြန်ကိုပင် မစောင့်တော့ဘဲ ဖိနပ်ချွတ်သို့ ဆင်းလိုက်၏။ အိမ်အမိုးအောက် လွန်သည်နှင့် အေးမြမြ လေပြည်က လာရောက်ထွေးပွေ့သည်။ ဖျားနေသည့်ရက်အတွင်း အိမ်ထဲတွင်သာ နေခဲ့သည့်မို့ ဝန်းကျင်သည် စိမ်းယောင်ယောင် ရှိ၏။ အမြဲတစေ ထိတွေ့နေမှုသည် အရေးကြီးကြောင်း အမှုမဲ့ သတိထားမိသည်။

* * *

အစ်ကို ပျောက်ချက်သားကောင်းနေပါလားဟု လက်ဖက်ရည် လာချပေးရင်း စားပွဲထိုးကောင်လေးက မေး၏။ အေးကွာ ... နေမကောင်းလို့ဟု ပြန်ဖြေလိုက်၏။ ထုံးစံအတိုင်း ဆေးပေါ့လိပ်တစ်ဗန်း လာချပေးသည်။ လာချပေးတော့လည်း သောက်ဖြစ်သည်။





နေကောင်းရင် ဆေးလိပ်လျှော့သောက်ဦး။ ကိုယ်က ကျန်းမာရေးက သိပ်ကောင်းတာမဟုတ်ဘူးဟု စိုးရိမ်ကဲသည့် အသံလေးဖြင့် ပြောစကားကို ကြားယောင်မိ၏။ လုံးဝ ဖြတ်ရန် သူမ မပြောချေ။ တစ်လိပ်တည်းပါဟု စိတ်ထဲက လှမ်းပြီး ခွင့်ပန်မိ၏။

ဆိုင်ရှေ့ရှိ ဗာဒံပင်ထက်ဖျားကို ငေးကြည့်မိ၏။ သီချင်းသံသည် မည်းနက်သော ကောင်းကင်သို့ ထိုးတက်နေကြသည်ဟု ထင်၏။ လ,ရောင်ဆမ်းသော သစ်ရွက်အချို့ လေပြည်ထဲ ယိမ်း၍ နွဲ၍။ တိမ်ညိုတို့ မရွေ့မလျား ရပ်တည်နေကြသည်။

"ကိုစိုးမင်းဦး"

ခေါ်သံကြောင့် စားပွဲရှေ့သို့ အကြည့်ရောက်သွားသည်။

"ဩော်...ကိုရဲပါလား။ ထိုင်လေ၊ လက်ဖက်ရည်သောက်ပါဦး"

"မထိုင်တော့ပါဘူး"

"ဘယ်တုန်းက ရောက်တာလဲ"

"ဒီနေ့ မနက်ကပဲ ပြန်ရောက်တာလေ၊ ကိုစိုးမင်းဦးကို တွေ့လို့ ထ,လာတာ၊ ကျွန်တော်တို့ ဟိုဘက်ဝိုင်းမှာ ထိုင်နေကြတယ်၊ ခင်ဗျား ရန်ကုန်ကို မသွားဘူးလား"

အခေါ်အဝေါ်နှင့် လေသံက ပြင်းထန်နေသည်ဟု ထင်၏။

"မသွားပါဘူး၊ ဘာဖြစ်လို့လဲ"

"ကျွန်တော်သွားမယ်ဗျာ၊ နောက်မှ အေးအေးဆေးဆေး တွေ့ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရဲမြင့် သူ့စားပွဲကို သူပြန်သွားထိုင်၏။ အကြည့်များက သူ့ထံ [illegible] စုပြုံကျရောက်နေ၏။

သူ စဉ်းစားမရအောင် ရှိသည်။ သဘော်ဆိပ်၌ တွေ့လျက်သားနှင့် ရှောင်ဖယ်ကာ ထွက်သွားခဲ့သည်။ ခုကျတော့ တကူးတက လာရောက် နှုတ်ဆက်ပြန်၏။ ခုနေသောစိတ် ပြေသွားလို့လား။ ဒါမှမဟုတ် သဘော်ဆိပ်၌ တကယ်မမြင်ခဲ့လို့လား။ မြင်ခဲ့သည်ဟုတော့ထင်သည်။ ယခုကဲ့သို့ ဆက်ဆံရေးကြောင် အရာရာသည် မသေချာသလိုပင်။

အိမ်၌ မွန်မွန်များ ရောက်နေမလားဟု အတွေးရောက်သည်။ မွန်မွန် နေထိုင်ကောင်းပါလေစ။ သူ့လိုပဲ ကောက်ကာငင်ကာ မဖျားဟု မဆိုနိုင်။ မနက်ဖြန် ညနေလောက်မှ မလာလျှင် သွား၍ မေးသင့်သည် ထင်၏။ သို့သော် သူမ၏ အသိုက်အဝန်းနှင့် ရင်ဆိုင်ရမည်ကို စိတ်ထဲ [illegible] လေးလံနေသည်။ မိမိ၌ ဘာအပြစ်အနာအဆာ ရှိလို့လဲ၊ မိမိသည် မရိုးသား၍လော။ အပြတ်ပြောစေချင်သည်။ မတင်မကျ အတွေးများ ဖြင့် ကူးခပ်မျောပါ မနေချင်တော့။ ဘယ်လိုတဲ့လဲ။

အတတ်နိုင်ဆုံး လိုက်လျောရန် ပြင်ဆင်ထားပါသည်။ လိုက်လည်း လိုက်လျောခဲ့၏။ သူ့ကြောင့် မွန်မွန် မျက်နှာတစ်ချက် မညှိုးစေချင် စိတ်ထင့်စရာ မဖြစ်စေချင်။ အရာရာကို စဉ်းစားချင့်ချိန်ကာ ပြုမူခဲ့ပါ၏ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ အားထုတ်ခဲ့သည်ပင်။ မပြေလည် သေးသော အခိုက်အတန့်၌ ခပ်ခွာခွာ နေပေးခဲ့၏။ အလိုက်တသိ ခပ်ဝေးဝေး ဆုတ်ပေးထားသည်။ ထိုထက်ပို၍ ဆုတ်စရာလမ်း မမြင် တော့။





အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ယတိပြတ် ငြင်းခဲ့လျှင် ဆယ်ရေးတစ်ရေးဆိုသကဲ့သို့ ဖြစ်ပေါ်ခဲ့လျှင် အရာရာကို ရင်ဆိုင်သွားဖို့ အသင့်ရှိသည်။ မွန်မွန်ရှိနေသရွေ့ မဆုတ်တမ်း မရွှေ့တမ်းဟု ပိုင်းဖြတ် ထားသည်။ သို့သော် မွန်မွန်ကသာ ခေါင်းခါလိုက်လျှင်…

အတွေးတို့သည် မလိုအပ်သော အတိုင်းအတာထိ ကျွံသွားလေ သည်။

ချက်ချင်းချေဖျက်ရ၏။ ဤသို့ ဖြစ်မလာနိုင်ဟု သိသည်။ မွန်မွန် အား အကြွင်းမဲ့ ယုံကြည်သည်။ အချိန်အနည်းငယ် လင့်သွားသဖြင့် မရိုး စိုးရိမ်နေတော့မည်ဟုတွေးကာ လက်ဖက်ရည်ဖိုး ရှင်းလိုက်၏။ ဆိုင်မှအထွက်တွင် သီချင်းသံများကို ကျော်လွန်လာသော ဟားတိုက် ရယ်သံကို ကြားလိုက်ရ၏။ ရဲမြင့်တို့ဝိုင်းကဟု မကြည့်ဘဲနှင့် သိ၏။ ကိုယ်နှင့်မဆိုင်ဟု သဘောပိုက်ကာ တုံ့နေသောခြေကို ဆက်၍ လှမ်းခဲ့သည်။

သတိ လိုသည်ထက် ပို၍များနေသလား။ အရာရာကို မွန်မွန်နှင့် ဆက်နွယ်ကာ မြင်မိ တွေးမိသည်။ မဖြစ်သင့်။

အချစ်သစ်ပင်၌ ပန်းပွင့်များ၊ သစ်သီးများ ဖူးပွင့်ဝေဆာနေသည် ကို မြင်လိုလှပြီလော။

* * *



www.burmeseclassic.com

www.burmeseclassic.com



ရုံးပျက်ရက်များကြောင့် ပုံနေသော အလုပ်များကို ရှင်းလင်းရသည်။ ပြီးနောက် ခေါင်းကို မော့သည် အသက်ပြင်းပြင်း ရှုက်သည်။ နာရီကို အမှတ်တမဲ့ ကြည့်မိ၏။ တစ်နာရီထိုးနေပြီ။ ခဏနားပြီး လက်ဖက်ရည် သောက်မည်ဟု တွေးသည်။ အပြင်ထွက်ရန် လုပ်နေသော ကျော်ခင့်ကို လှမ်းမှာခဲ့ရန် ပြောလိုက်၏။ မအေးနွဲ့က လက်မှတ်ထိုးရန် လာပေးသည်။ လက်မှတ်ထိုးနေစဉ် ...

"ဆရာ မွန်မွန်က ဆရာ့ကို မှာလိုက်တယ်"

ဖျတ်ခနဲ မော့ကြည့်လိုက်၏။

"အိမ်ကို မလာပါနဲ့တဲ့၊ အိမ်မှာ ပြဿနာ တက်နေတယ်လို့ ပြောတယ်၊ ခုနကတည်းက ပြောမလို့ပါဘဲ၊ ဆရာအလုပ်များ နေတာကြောင့် စောင့်နေတာပါ"

"ကျေးဇူးပဲ မနွဲ့၊ ဒါနဲ့ ဘယ်မှာတွေ့တာလဲ"

"သူ့အိမ်ရှေ့ကအဖြတ် သူထွက်လာပြီး ပြောတာပါ၊ အဲဒါပြောပြီး ချက်ချင်း ပြန်ဝင်သွားတယ်၊ တခုခုကို စိုးရိမ်နေသလိုပဲ၊ များများ ယာယာ ပြောသွားတာ၊ ကျွန်မ ဘာမှ မမေးလိုက်ရပါဘူး"

သူ အသက်မဲ့စွာ ပြုံးသည်။ မအေးနွဲ့ကို ပြန်ပေးလိုက်သည်။

ထိုင်ခုံတွင် ကျောမှီပြီး မျက်နှာကြက်ဖြူကို ငေးကာ ကြည့်သည်။ ရုံးကဆင်းလျှင် သွားမည်ဟု စိတ်ကူးခဲ့သည်။ ခုတော့ စိတ်ကူး ပျက်သွားလေပြီ။ ပြဿနာတဲ့၊ သူမ၏ ပြဿနာလား။ သူမဘက်က ပြဿနာလည်း၊ ဒါမှမဟုတ် နှစ်ယောက်စလုံးနှင့် သက်ဆိုင်သော





ပြဿနာလား၊ နောက်ဆုံး မိမိနှင့် ဆိုင်သော ပြဿနာလား။ သေချာ သည်က ပြဿနာ တက်နေသည်ပင် ဖြစ်၏။ ဘယ်သူနှင့် သက်ဆိုင် သည်မှာ မသေချာ။

မိမိအား မလာနိုင်းပုံထောက်လျှင် မိမိနှင့် မပတ်သက်တန်ရာဟု ကောက်ယူရ၏။ မိမိနှင့် သက်ဆိုင်မှတော့ မိမိအား ပြောပြရမည်။ မေးရမည်ပဲ။

မိမိဘက်တွင် မရှိဟုထင်၏။ မိမိဘာမှ မလုပ်ခဲ့၊ မသက်ဆိုင်သဖြင့် အသာနေဟု ပြောခြင်း ဖြစ်မည်။ သူတို့ဘာသာ ရှင်းမည်ဟု တွက်ရ၏။ မွန်မွန်ပြောသမျှ မလိုက်နာစရာ အကြောင်းမရှိ၊ ခေါင်းညိတ်ပြီးသား။

သို့သော် ထိုပြဿနာကိုတော့ သိချင်မိ၏။ ကြီးကြီးလား၊ သေးသေး လား။ ဘယ်အတိုင်းအတာထိ အကျိုးသက်ရောက်နိုင်သနည်း။ မဆိုင်ဟု ဆိုပေမယ့် သက်ဆိုင်နေသည်။ မစိုးရိမ်သင့်ပေမယ့် စိုးရိမ်နေမိသည်။

"လက်ဖက်ရည်"

လန့်ပင် လန့်သွားသည်။

စားပွဲထိုးကောင်လေးက နားမလည်သလို ကြည့်ကာ ထွက်သွား သည်။ တစ်ငုံမျှ သောက်လိုက်၏။ ချိုစိမ့်စိမ့်အရသာကို မေ့လျော့နေ သည်။ သက်ပြင်းကို အသာချမိသည်။

ဟိုနေ့က မလာဖြစ်ခြင်းသည် ဤကိစ္စကြောင့် ဖြစ်မည်ထင်၏။

ခါတိုင်းနေ့ထက် ပို၍ ပင်ပန်းသည်ဟု ထင်၏။ အိမ်ရှေ့ကိုသည် နှင့် ခြေပစ်လက်ပစ် ဖြစ်သွားသည်။ ဆေးလိပ်တိုကို ကောက်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



မိုးညိုမှာမိသည်။ မအေးနဲ့ ပြောစကားသည် ခေါင်းထဲက မထွက်ချင်သေး။ ထွက်လည်း မထွက်နိုင်။ ရှင်းလင်းစွာ သိရမှ ဖျောက်ဖျက်ပစ်နိုင်ပေလိမ့်မည်။

မစိုး မီးဖိုချောင်က ထွက်လာပြီး...

"မွန်မွန် ရောက်လာတယ်"

ဟု ပြော၏။ သူ့ကိုယ် မတ်ခနဲ ဖြစ်သွားသည်။

"နေ့လယ်က ခဏလေးပါပဲ၊ ချိုင့်လာယူတာလေ၊ ကျွန်မထဲ မအားတာနဲ့ တက်ယူသွားလို့ ပြောလိုက်တယ်"

"နောက်ကော ဘာပြောသွားသေးလဲ"

"ဘာမှ မပြောပါဘူး၊ ချိုင့်ယူပြီး ပြန်သွားတာပဲ၊ ဒါပေမယ့် မျက်နှာတော့ ပျက်နေတယ်"

ရင်ထဲ၌ အာမေဋိတ် ထွက်သွားသည်။ လှော့ကတည်းက ပျက်နေလားဟု သူ မေးသည်။

"မဟုတ်ဘူး၊ ချိုင့်တက်ယူပြီး အဆင်းကျမှ"

စဉ်းစားရ ကျပ်သွားသည်။ အိမ်မှ အပြင်ထွက်၍မရဟု သိထားခဲ့သည်။ ခုကျတော့ ဆန်ပြုတ်ယူလာပေးသော ချိုင့်ကို ယူရန် ရောက်လာသည်။ တစ်ယောက်ယောက် ယူနိုင်းလျှင် ရနိုင်သည်။ သူမကိုယ်တိုင် လာခဲ့သည်။ ပြီးတော့ ဘာမှပြောမသွားခဲ့။ ဖြစ်နေသည့်အကြောင်း တစ်ခွန်းတစ်စမျှ ဟမသွားခဲ့။





နောက်ပြီး မျက်နှာပျက်သွားသည်တဲ့။ စဉ်းစား၍မရတော့။ နေကောင်းခါစ နာလန်ထမို့ အတွေးမကြည်လင်၍ ဖြစ်မည်။ ခုချိန်ထိ သဲကွဲစွာ မသိရသေးသဖြင့် စိတ်၌ ထင့်စပြုသည်။ သတိပေးသင့်ပါလျက်နှင့်၊ ပြောပြခွင့် ရခဲ့ပါလျက်နှင့် ဘာကြောင့်များ ပြောမပြသွားတာလဲ။

"ထမင်းစားတော့မလား ကိုစိုးမင်းဦး"

စားလိုက်တာပေါ့ဟု ပြောပြီး ထ,သည်။ ထမင်းစားခန်းထဲ ဝင်ခဲ့၏။ စားပွဲဝိုင်းတွင် ထိုင်လိုက်ပြီး မစိုး ခူးခပ်ပေးသော ထမင်းကို ငုံစားနေမိ၏။ ချဉ်ရည်ဟင်းသောက်နေစဉ် နေမကောင်းဘူးလားဟု မစိုးမေး၏။

"ကောင်းပါတယ်"

ထမင်းတစ်ပန်းကန် ကုန်အောင် စားပစ်လိုက်၏။ ထပ်ထည့်ပေးရန် လုပ်သည်ကို တားဆီးကာ လက်ဆေးကြောလိုက်၏။ ဖီးကြမ်းငှက်ပျောသီးတစ်လုံး ယူပြီးစား၏။

"မွန်မွန်ရောက်လာရင် ကျွန်တော် သိပ်တွေ့ချင်နေတယ်လို့ ပြောလိုက်ပါ မစိုး"

* * *



www.burmeseclassic.com

www.burmeseclassic.com



စာကြည့်စားပွဲတွင်ထိုင်ပြီး တချပ်ချပ် မြည်သံပေးကာ သွားနေသော စက္ကန့်လက်တံကို တမေ့တမော ကြည့်နေမိ၏။ အချိန်ဆိုတာ ဒါပါပဲလေ။

မစိုး … မစိုး ဟု လှမ်းခေါ်လိုက်သည်။ နား စွင့် သည်။ အတန်ကြာမှ …

"ရှင်…ဘာလဲ"

တစ်ဖက်ခန်းမှ ထူးသံကြားရသည်။

"ဪ …မေးစရာရှိတာ မေ့သွားလို့ဗျ။ ချိုင့်တက်ယူတုန်းက မစိုး အိမ်ပေါ်မှာ မဟုတ်ဘူးလား"

"စာအုပ်ဆိုင်ထဲမှာ စာအုပ်အသစ်တွေ အဖုံးအုပ်နေတယ်လေ ဘာဖြစ်လို့လဲ"

"နည်းနည်းများ ကြာနေသေးလား၊ ကျွန်တော့်အခန်းထဲလဲ ဝင်သေးလား မသိဘူး"

"ကျွန်မ သတိမထားမိဘူး"

"နောက်ကော ဘယ်သူလာသေးလဲ"

"ဘယ်သူမှ မလာပါဘူး ကိုစိုးမင်းဦး"

ဒါပဲမေးချင်လို့ပါဟု ပြောပြီး ထိုင်ခုံတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ပြေးကြည့်စရာ မလိုတော့ပေမယ့် ချက်ချင်း ပြေးတွေးချင်သည်။ နာရီလက်တံ ဆယ့်တစ်နာရီကို ညွှန်ပြနေ၏။ မသွားသင့်သော





အချိန်ဟု သိသော်လည်း သွားချင်နေသည်။ ထိုင်ရာမှ ထ,သည်။ အခန်းကျဉ်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်၏။ အိပ်နေသူများ အနှောင့်အယှက် မဖြစ်ရန် ခြေသံဖွဖွနင်းသည်။ ပြတင်းပေါက်မှာ ရပ်လိုက်၏။ ကြည့်သာ ကြည့်နေသော်လည်း ဘာကိုမှ မမြင်သလိုပင်။

သက်ဆိုင်သူထံ ခွင့်တောင်းရန် သူမ ပျက်ကွက်ခဲ့၏။ ဇွဲမယူချင်၊ အပြစ် မဆိုရက်။ သို့ပေမယ့် အသိပေးခဲ့ဖို့ကောင်းသည်။ မေးကြည့်ဖို့ ကောင်းသည်။ သူမ တစ်ဖက်သတ် ဆန်နေပြီလား။ မည်သူက စေညွှန်းခဲ့သလဲ။ ဖျားနေတုန်းက လာရောက်ပြုစုခဲ့သည်ကို သတိရ၏။ အဲဒီတုန်းက တွေ့မြင်သွားတာလား၊ တွေ့မြင်သွားလျှင် သူ့အား မေးမည် ထင်သည်။

ထိုစဉ်က သူမ စာအုပ်တစ်အုပ် စာရွက်တစ်ရွက်ကိုမျှ ကောက်ယူ မဖတ်ခဲ့။ စိတ်ဝင်စားဟန်လည်းမပြ။ အခွင့်လည်း မတောင်းခဲ့၊ တောင်းခဲ့လျှင် သူ၌ ဖုံးဖိရန် အကြောင်းမရှိပါ။

မာလာနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖွင့်ပြောရန် အကြိမ်ကြိမ် ကြိုးစားခဲ့ပါ၏။ ဝေးလွန်းသော ကံတရားကြောင့် ပြောပြသည့်အဆင့် သူမရောက်ခဲ့ချေ။ ပြောပြရ်အကြောင်း မတိုက်ဆိုင်၍ ဖြစ်ချင်ဖြစ်မည်။ တကူးတက ဖွင့်ပြောပြရန် ကြံစည်ခဲ့တုန်းကလည်း တစ်စုံတစ်ခုသော ကံကြမ္မာကြောင့် ပျက်ပြားသွားသည်ချည်း။ ရင်၌ ဆို့နင့်နင့် ရှိလှ၏။

ခုတော့ အားလုံး လွဲသွားခဲ့ပြီ။ မသိဝှက်ခဲ့ပါလျက်နှင့် သိဝှက်ထားသော အဖြစ်သို့ ရောက်ရှိသွားသည်။ ပြောပြခွင့် မသာတော့သည်



www.burmeseclassic.com

www.burmeseclassic.com



အထင်မှားစရာ ဖြစ်ပြီပေါ့လေ။ သူမ တစ်ကြိမ် သိခဲ့ဖူးသည်။ ထိုအချိန်က ရုံးတွင်ဖြစ်၏။ မာလာ၏စာ ရောက်သည်ကို ကျော်ခင်ယူထားခဲ့၏။ ထိုစာကို ရုံးတွင်ပင် သူဖောက်ဖတ်ခဲ့၏။ ဤအကြောင်းသည်သာ ဖြစ်နိုင်ချေ အရှိဆုံးပင်။

ထိုစဉ်ကတည်းက သံသယ သူမရင်ထဲ ပေါက်ပွားခဲ့မှန်းမသိခဲ့ပါ။ မည်မျှအထိ ရင့်သန်ကြီးထွားခဲ့ပြီနည်း။ ဖြိုဖျက်၍ မရအောင်ဘဲ ကြီးမားခိုင်ခံ့နေပြီလား။ မည်မျှ ခိုင်ခံ့ပါစေ ချေဖျက်ရန် ကြိုးစားရတော့မည်။ အချိန်အား မျက်နှာသာပေး၍ မဖြစ်တော။ မနက်ဖြန် သွားတွေ့မည်ဟု စိတ်ကူးလိုက်သည်။

သံသယနွယ်ပင်ကို မြင်ယောင်ယောင်ရှိ၏။

*



(၂၇)

ဆရာ...ရောက်တာနဲ့ ဦးစီးက အခန်းထဲ လာခဲ့ပါဦးလို့ ပြောသွားတယ် ဆရာဟု ကျော်ခင်က ဆီးကြို၍ ပြောသည်။ စားပွဲသို့ သွားပြီး လက်ဆွဲအိတ်ကို တင်သည်။ ခါတိုင်းဆိုလျှင် ဦးစီး သူ့ထက် အမြဲနောက်ကျတတ်သည်။ ထူးထူးခြားခြား စောစီးစွာ ရောက်နေပုံထောက်လျှင် အရေးကြီး၍ဖြစ်မည်။ ဦးစီး၏ အခန်းဘက် ကူးလိုက်၏။ ဆင်နားရွက်တံခါးကို တွန်းဖွင့်ဝင်လိုက်၏။ ဦးစီးသည် စီးကရက်ခဲ၍ လှမ်းကြည့်နေ၏။

ဘာကိစ္စများလဲ အစ်ကိုကြီးဟု သူမေး၏။

မျက်နှာ မသာမယာဖြစ်နေသည်ကို သတိပြုမိ၏။ ထိုင်ပါဦးဟု ဦးစီးပြောသည်။ ထို့နောက် သူ့မျက်နှာကို ဝေခနဲကြည့်ပြီး ခင်ဗျား သိပြီးရောပေါ့ဟု မေးသည်။ သူနားမရှင်း။ မျက်နှာ ဆေးခန်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းကြည့်၍ စဥ်းစားသည်။ ဦးစီးက ချောင်းတစ်ချက် ဟန့်လိုက်ပြီး…

"ခင်ဗျားတို့ ကိစ္စလေ"

"ပြောပါ အစ်ကိုကြီး"

"မနေ့ညက မွန်မွန်တို့အမေရယ်၊ အစ်မရယ်၊ ကျွန်တော့်ဆီ ရောက်လာပြီး စေ့စပ်ကြောင်းလမ်းကို ဖျက်သိမ်းပေးဖို့ လာပြောတယ်"

ဦးစီးသည် စကားကို ဖြတ်လိုက်ပြီး စီးကရက်ကို ထိုးခြေလိုက်သည်။ မျက်နှာသည် ညိုမှောင်လျက်ရှိ၏။ အသက်ရှူသံပြင်းပြင်းကို ကြားနေရ၏။ ထိန်းချုပ်ပြောနေသည့်တိုင် အသံက မာဆတ်လွန်းနေ၏။

"ခင်ဗျား ကျွန်တော့်ကိုကြိုပြောထားဖို့ ကောင်းတယ် ကိုစိုးမင်းဦး။ အခုတော့ သူတို့ကချည်း ဒိုင်ခံတွယ်သွားကြတယ်၊ လူကို မျက်နှာ ဘယ်ထားရမှန်းမသိဘူး။ ပြောလိုက်တာ ရစရာမရှိဘူးဗျာ။ ကျွန်တော်တို့ ဘာမှ ပြန်မပြောနိုင်ဘဲ ငုတ်တုတ် ခံနေရတယ်။ ကျွန်တော် မေးကြည့်ပါ ဦးမယ် ဆိုတာလောက်ပဲ ပြောနိုင်တော့တယ်"

မျက်နှာအား အက်စစ်လောင်းချခံရသကဲ့သို့ ဦးစီးအား မကြည့်ရဲတော့။ နာကျင်မှုအပြည့်ဖြင့် နားလည်လိုက်သည်။ သူတို့ ခြေလှမ်းသွက်ခဲ့ပြီကော။

ယောင်ယမ်း၍ ခေါင်းညိတ်မိသည်။ ရုတ်တရက် မည်သည်ကို





ပြန်လည်ချေပရမည်ကို မသိတော့။ နာကျင်လွန်းသဖြင့် ထုံသွားသည်။ ရက်စက်လွန်းသော စွဲချက်များ။

"ကဲ ခင်ဗျားစဥ်းစားကြည့်စမ်း ကိုစိုးမင်းဦး။ ကျွန်တော် ဘယ်လို ခံစားရမလဲ၊ အဲဒီနားမှာတင် လဲသေချင်စိတ် ပေါက်တယ်ဗျာ"

ရင်သို့ မြှားခွင်းကျလာသည့် မိုးကြိုးသွား။

"ကျွန်တော် ပြောပါရစေဦး အစ်ကိုကြီး။ ဒါတွေ တစ်ခုမှ မဟုတ်ပါဘူး။ ကျွန်တော့်မှာ ဒီလို စိတ်ထားမျိုး စိုးစဥ်းမှ မရှိပါဘူး အစ်ကိုကြီး"

အက်ကွဲတုန်ယင်စွာ သူပြောသည်။ ဦးစီးသည် မယုံကြည်သော မျက်နှာနှင့် ရှိ၏။ တံတွေးနင့်နင့် မျိုချပြီး…

"ခုလို အစ်ကိုကြီး ကျွန်တော့်အတွက် ကြားထဲက အပြောခံရတာကြောင့် ကျွန်တော့်ရင်ထဲမှာ နာပါတယ်၊ အစ်ကိုကြီးနဲ့ လုံးလုံး မပတ်သက်ပါဘူး။ ပြောစရာရှိရင် ကျွန်တော့်ကို ခွဲထုတ်ပြီး ပြောသင့်ပါတယ်၊ လုပ်ချင်ရင် ကျွန်တော့်ကိုပဲ လုပ်ကြပါ။ အဲဒီစိတ်မျိုး ရှိပါတယ်၊ ဒါပေမယ့် …"

ဝိုးတဝါးသာ မြင်ရတော့သည်။ စိတ်နှလုံး ထောင်းထောင်းညက်ကြေနေ၏။

"မာလာဆိုတာ တစ်ချိန်က ကျွန်တော့်ရည်းစားဖြစ်ခဲ့ပါတယ်၊ ဟိုးငယ်စဥ်ကတည်းက မာလာနဲ့ ကျွန်တော်ဟာ ကျောင်းနေဖက် သူငယ်ချင်းတွေပါ၊ အနေနီးစပ်တာကြောင့်လဲ ဖြစ်ချင်ဖြစ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက်စ စိတ်လှုပ်ရှားတဲ့အရွယ်ကြောင့်လဲ ဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော်တို့ ရှုံးစားဖြစ်ခဲ့ပါတယ်"

ဦးစီး သက်ပြင်းချသည်။

"အဲဒီနောက် သူက သူ့အိမ်က သဘောတူတဲ့လူနဲ့ ယူသွားခဲ့ပါတယ်၊ မြူမှုန်တစ်စွန်းတစ်စမှ မမှားခဲ့တာ အမှန်ပါ။ ဒီနောက် ကျွန်တော်တို့ မတွေ့ဖြစ်ပါဘူး၊ ကျွန်တော်က အလုပ်နဲ့ ပြောင်းရွှေ့ နေရတာ မဟုတ်လား၊ ဒါပေမယ့် သူငယ်ချင်းဆိုတော့ ကျွန်တော် မဖျောက်ဖျက်နိုင်ပါဘူး။ ပြီးခဲ့တဲ့ လပိုင်းလောက်က သူတို့ ကွာရှင်းလိုက်ကြတယ်၊ အဲဒီအချိန်မှာ မာလာ့မှာ သမီးလေးတစ်ယောက် ရှိနေပါပြီ၊ ကျွန်တော် အလုပ်ကိစ္စနဲ့ ရန်ကုန်ကို သွားတော့ မာလာနဲ့ ကျွန်တော် မထင်မှတ်ဘဲ ဆုံမိပါတယ်၊ သူ ဒုက္ခရောက်နေတဲ့အချိန်မို့ သူငယ်ချင်းဆိုတဲ့ အသိနဲ့ ကျွန်တော် ဆက်ဆံပါတယ်၊ ဓာတ်ပုံက သူ့သမီး မွေးနေ့မှာ ရိုက်တဲ့ပုံပါ။ သူ ရေးတဲ့စာတွေကိုတော့ အစ်ကိုကြီး ဖတ်ပြီးပြီပေါ့"

ဦးစီးခေါင်းညိတ်သည်၊ စီးကရက်တစ်လိပ်ကို မီးညှိသည်။

"ဒါပါပဲ အစ်ကိုကြီး၊ သူက ကျွန်တော့်ကို သံယောဇဉ် မကုန်သေးဘူးဆိုတာ ကျွန်တော် သိထားလို့ အတတ်နိုင်ဆုံး ရှောင်ခဲ့ပါတယ်၊ ဖျောင်းဖျခဲ့ပါတယ်၊ သူ့ ရှေ့ရေးအတွက်ပါ။ သူတို့မှာ သမီးတစ်ယောက် ထွန်းကားနေပြီပဲ၊ ပြဿနာက ကြီးကြီး





ကျယ်ကျယ် မဟုတ်ပါဘူး။ သူ့ယောက်ျားက ပြန်ပေါင်းဖို့ အမျိုးမျိုး ကြိုးစားပါတယ်၊ သူက ငြင်းပယ်တယ်၊ ပြဿနာက ဒါပါပဲ၊ ကျွန်တော့်ဘက်ကို မြားဦးလှည့်လာတာ"

ဦးစီး ရင်မရှင်းသေးကြောင်း သူသိသည်။

"ကျွန်တော်ပြောတာ အကြောင်းအချက် မခိုင်လုံဘူး ဆိုတာ ကျွန်တော် သိပါတယ်၊ အမှန်က ဒီအတိုင်းပါပဲ၊ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေ၊ ကျွန်တော့်ရဲ့ မိသားစု၊ သူ့မိတ်ဆွေတွေ အားလုံး သိကြပါတယ်၊ သူကိုယ်တိုင်လဲ သိပါတယ်"

"အားလုံး ရန်ကုန်မှာ မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကြီး၊ ဒါပေမယ့် ဘယ်လို ရှင်းပြရမလဲ၊ အားလုံးကို တွေ့ချင်တယ်ဆိုရင် ကျွန်တော် စီစဉ်ပေးပါ့မယ်၊ ကာယကံရှင် တစ်ဦးတည်းပဲ တွေ့ချင်တယ် ဆိုရင်လဲ ကျွန်တော် ကြိုးစားရမှာပေါ့၊ သူဟာ ကျွန်တော့် သူငယ်ချင်းပါ"

"အေးဗျာ၊ လွယ်တော့ မလွယ်တဲ့ ကိစ္စပဲ"

စကားသံ ပေါ့ပါးလာကြောင်း သတိထားမိသည်။ ပြာဝေနေသော မြင်ကွင်းသည် အတန်အသင့် ကြည်လင်လာဟန်ရှိ၏။ သို့သော် အဆုံးတိုင် မဟုတ်သေး။

"ပြီးတော့ တစ်ခု ကျန်သေးတယ်အစ်ကိုကြီး၊ ဒါကို ကျွန်တော် သိုဝှက်ထားတာ မဟုတ်ဘူး၊ သူ့ကို ပြောပြဖို့ ရည်ရွယ်ခဲ့ပါတယ်၊ အကြောင်းမတိုက်ဆိုင်တာလဲ ပါပါတယ်၊ ကံခေသွားတယ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်ပါတယ်၊ ဖွင့်ပြောတဲ့အထိ မရောက်ခဲ့ဘူး အစ်ကိုကြီး" ခေါင်းတခေါက်ဆတ် ညိတ်နေ၏။

"ကျွန်တော့်ရဲ့ ပေါ့လျော့မှု၊ ကျွန်တော့်ရဲ့အမှားကြောင့် ဒီကိစ္စဖြစ်လာတာကပါ။ ခုတော့ အပ်နဲ့ထွင်းရမယ့်နေရာမှာ ပေါက်ဆိန်နဲ့ ပေါက်ရမလို ဖြစ်နေတယ်၊ ဒါနဲ့ အစ်ကိုကြီးကို ဘာပြောသေးလဲ၊ ဘယ်နေ့ ဘယ်ရက်တွေ့မယ် စသဖြင့်..."

"အတိအကျ ပြောမသွားဘူးဗျ၊ သူတို့ ထပ်လာခဲ့မယ်လို့ပြောသွားတယ်၊ ကျွန်တော်လဲ ခေါင်းတွေ မူထူနေတာနဲ့ ကောင်းကောင်းတောင် မစဉ်းစားဖြစ်တော့ဘူး"

ဦးစိုး ရယ်ကာမောကာ ပြောသည်။

"ဒီမနက်ပဲ သူတို့အိမ်ကို ကျွန်တော် ရောက်သွားသေးတယ်၊ မတွေ့ချင်ဘူးလို့ ပြောလွှတ်လိုက်တယ်၊ အစ်ကိုကြီး ပြောတဲ့အတိုင်းဆိုရင် သူတို့ကျွန်တော့်ကို တွေ့သင့်တယ်၊ ကျွန်တော့်ကို ပြောသင့်တယ်၊ အကျိုးအကြောင်း မေးသင့်တယ် ထင်တယ်၊ ဘာဖြစ်လို့ အတွေ့မခံရဲတာလဲ"

"အင်း...ဒါကလဲ တစ်မျိုးပဲဗျ"

"ကျွန်တော် အခုချက်ချင်းတောင် သွားလိုက်ချင်တယ်၊ နေမြင့်လေ အရှုံးရင့်လေ ဖြစ်မှာ စိုးရတယ်"

"အချိန်ယူပြီး စဉ်းစားပါဦး ကိုစိုးမင်းဦး၊ ပြီးတော့ ရုံးက ရှိသေးတယ်လေ"





"ဟုတ်ကဲ့၊ ဒါပေမယ့် ရုံးဆင်းရင်တော့ သွားတွေ့မှာပါ။ အစ်ကိုကြီးကို ကျွန်တော် အရမ်းအားနာတယ်"

"ကိစ္စမရှိပါဘူး၊ ဒါမျိုးက ဖြစ်တတ်ပါတယ်၊ ကျွန်တော့်လဲ ခေါင်းဆောင်နေရာကို မက်တော့ ခံရတာတောင် နည်းသေး"

ဦးစိုးက ရယ်ရယ်မောမောနှင့် ပြောသည်။ ရင်ထဲမှာ အတန်အသင့် ပေါ့ပါးသွား၏။ ဦးစိုးကို နှုတ်ဆက်ကာ ထွက်ခဲ့သည်။ တံခါးဝ အရောက် ဦးစိုးက လှမ်းပြောသည်။

"သူတို့ပြောတာ ကျွန်တော် ယုံတော့ မယုံဘူးဗျာ၊ ခင်ဗျားဒီလို လုပ်လိမ့်မယ်လို့ယုံကို မယုံတာ၊ ဒါပေမယ့် အထောက်အထားနဲ့ဆိုတော့..."

"ခုလဲ မယုံပါနဲ့ဦး အစ်ကိုကြီး၊ ကိစ္စတွေ အားလုံးပြီးမှ ယုံပါဗျာ"

ရယ်သံ နောက်၌ ကျန်ခဲ့၏။

* * *

ရေနွေးတစ်ခွက်ယူပြီး မြစ်ဘက်ကို မျက်နှာမူထားသော ဝရန်တာသို့ ထွက်လိုက်၏။ ထောင့်ချိုးအကွယ်တွင် ရပ်ပြီး ဝန်းကျင်ကို ဝေ့ကြည့်၏။ လက်တန်းကိုမှီကာ စကားပြောခဲ့သည်ကို သတိရမိသည်။ ရွှင်ပြုံးနေသော သူမမျက်နှာကိုထင်ယောင် မြင်ယောင် ရှိ၏။ အနေရှိလျှင် ကောင်းပေမည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အဘယ်သို့ ခံစားနေရမည်နည်း။ နာကျင် ကွဲအက်နေမည်လား။ နာကြည်းဒေါသ ဖြစ်နေမည်လား။ ဝမ်းနည်းကြေကွဲနေမည်လား။ မတွေးတတ်ပြီ။ ဘယ်တော့မှ မမုန်းပါဟု စကားဆိုခဲ့ဖူးသည်ပဲ။ ထိုအတိုင်း ဖြစ်ပါစေဟု ဆုတောင်းမိသည်။

ယခုတော့ ဖူးငုံတဲ့ ထိုသီချိန်မှ မိုးနှင့် လေနှင့် ကျလေပြီ။ ယိမ်းခါနေသော အကိုင်းအခက်များ တစ်ခါတစ်ရံ တဖျစ်ဖျစ်မြည်ကာ ကျိုးသွားမတတ်ပင်။ အဖူးအငုံတို့သည် မိုးသက်လေထဲတွင် ကြွေသူ ကြွေ၊ ဝေသူဝေနှင့် ရှိ၏။ ကြွေသူများက မြေပြင်ထက် တဖောက်ဖောက် ကြွေကျကုန်၏။ မိုးသက်လေသည် အချိန်ကြာသည်နှင့်အမျှ ဖူးငုံများကို ခြွေပစ်လိမ့်မည်။

မည်မျှ ကြာညောင်းစေကာမူ မြဲမြံသော ဖူးငုံတို့ကား ကျန်ရစ် ပေလိမ့်မည်။

သို့သော် မိုးသက်လေ၏ အသက်ကို မရှည်စေချင်။ ဖူးငုံများ ကျဲပါးကုန်တော့မည်။ တောင်ဆီမှာ မိုးမည်းပါဘဲလျက် ရောက်လာတတ် သော မိုးသက်လေအား ဒေါသမာန် ပွားမိ၏။ ဖူးငုံများရယ် ကြံ့ကြံ့ခံ ကြပါဦး။

ရေနွေးကြမ်းကို ဖြည်းညင်းစွာ မှုတ်သောက်သည်။ ဒီရေခုတ်ခွာစ ကမ်းပါးကို ဝေးသည်။ လတာပြင်တချို့တစ်ဝက် ပေါ်နေပြီ။ ခရာဆူးချုံ တောလည်း ရေလွတ်သွားခဲ့ပြီ။

မာတ်ပုံများ ဘယ်ကရသွားတာလဲ။ မာတ်ပုံရိုက်သောနေ့ကို





ပြန်လည်တွေးဆကြည့်၏။ ရိုက်ပေးသူသည် ကိုညာ ဏ်ဝင်းဖြစ်သည်။ ကိုညာ ဏ်ဝင်းထံမှ တစ်စုံတစ်ယောက်က တစ်နည်းနည်း ဖြစ်သည်။ သို့မဟုတ် ကိုယ်တိုင်ပေးလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ ကိုညာဏ်ဝင်း နှင့် သူ့ကြားတွင် မကျေလည်သော အကြောင်းအချက် မရှိခဲ့။ ဘာရည်ရွယ်ချက်ဖြင့် ပေးရမည်လဲ။ သူ သတိမထားမိတာ ဖြစ်ချင် ဖြစ်မည်။ စဉ်းစား၍မရ။

စာကတော့ မွန်မွန်ယူသွားခြင်းဖြစ်သည်။ ဘာဖြစ်လို့ မမေးမစမ်း ယူသွားရတာလဲ မွန်မွန်ရယ်။ တို့ ပြဖို့ ပေးဖို့ အသင့်ရှိပါတယ်။ တို့ သိုဝှက်သိမ်းဆည်းထားတယ်လို့ ထင်နေပြီလား။ တို့မွန်မွန်ကို အပြစ် မဆိုပါဘူး။ ဘယ်သောအခါမှ ဘယ်သူတစ်ယောက်အပေါ်မှာမှ အပြစ်မဆိုရက်ပါဘူးလေ။

မျက်နှာကို မကြည့်ချင်ဘူး။

တွေ့လဲ မတွေ့ချင်ဘူးဆိုသည့် စကားသည် မွန်မွန်ပြောခြင်းဟု မထင်။

ဒါက မိုးသက်လေတွေပါ။

* * *

"ဒီပုံအတိုင်းဆိုရင်တော့မဖြစ်ဘူး ကိုစိုးမင်းဦး၊ ကျွန်မတို့ သွားတွေ့မှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မစိုးက ဒေါ်နှင့် မောနှင့် ဆိုသည်။ ကိုမြအေးက ...

"စကားဆုံးအောင် နားထောင်ဦးလေ မစိုး"

သူ ဆေးလိပ်ဖွာလိုက်ပြီး

"ကျွန်တော် ရုံးအဆင်း ရောက်သေးတယ် ကိုမြအေး၊ အိမ်ဖော်ကောင်မလေး ထွက်လာပြီး မတွေ့ချင်ဘူးလို့ တစ်ခွန်းပဲ ပြောတယ်၊ ကျွန်တော် ပြောတာတောင် မစောင့်ဘဲ လှည့်ထွက်သွားတယ်ဗျာ၊ ကျွန်တော့ အသားတွေ တဆတ်ဆတ် တုန်နေတာပဲ၊ ကျွန်တော် စိတ်ထိန်းပြီး ပြန်ခဲ့ပါတယ်၊ ပြဿနာ ပိုမဆိုးသွားစေချင်ဘူးလေ"

ဆေးလိပ်ပြာကို ခြွေချသည်။ ကိုမြအေးက ဆေးပြင်းလိပ်ကို မီးညှိ၏။ ထို့နောက် မျက်မှောင်ကုပ်ကာ ဖွာရှိုက်နေ၏။ အခန်းထဲရှိ လေထုသည် သိပ်သည်းလွန်းသည် ထင်၏။

"သူတို့က တစ်ဖက်သတ်ကြီး ဖြစ်နေတယ်၊ အတွေ့မခံဘူး၊ အဖြေရှင်း မခံဘူး။ ဦးစီးလဲ ကြားထဲက စိတ်မကောင်း ဖြစ်နေရတယ်၊ ခု လောလောဆယ် ဘာတတ်နိုင်မှာလဲ ကိုမြအေး"

"အတွေ့မခံတာကို တွေ့အောင်လုပ်ဖို့က လွယ်ပါတယ်၊ ဒါပေမယ့် သူတို့ဘက်က တိုင်လားပြုလားလုပ်ရင် ကျုပ်တို့ သက်သက် ဒုက္ခရောက်လိမ့်မယ်၊ ရပ်သိ ရွာသိဖြစ်ကုန်ပြီး အကုန်ရှုပ်ကုန်မှာ၊ သူတို့အကြောင်း ကျုပ်သိတာပေါ့၊ ပြောလဲ မပြောချင်ပါဘူး"

ကိုမြအေးသည် ကြမ်းပြင်ကို တွေတွေကြည့်၍ စဉ်းစားနေ၏။





မျက်ခုံးနှစ်ခု ထိကပ်နေသည်။ နဂိုက ညိုသောအသားသည် ပို၍ ညို သယောင်ရှိ၏။ သူ သက်ပြင်း ယဲ့ယဲ့ချပြီး ...

"အခုအခြေအနေအတိုင်းဆိုရင် တန်းသွားပြီး တွေ့ဖို့ မဖြစ်တာက သေချာတယ် ကိုမြအေး၊ ဒီတော့ နောက်တစ်နည်းနဲ့ ဆက်သွယ်ရမယ်၊ စာရေးပြီး ဆက်သွယ်တာက ပိုကောင်းမယ်၊ သံတမန်နည်းပေါ့ဗျာ၊ အချိန်တော့ နည်းနည်းကြာချင်ကြာမယ်၊ ဒါပေမယ့် ပြဿနာ မရှိဘူး"

"ခင်ဗျားသဘောပဲ ကိုစိုးမင်းဦး၊ ကျုပ်စိတ်နဲ့က သိပ်ဖြစ်မှာ မဟုတ်ဘူး။ ကျုပ်သာဆို ဝုန်းဒိုင်းကြဲကုန်လိမ့်မယ်"

"ကျွန်တော်ပဲ လုပ်ပါမယ်၊ ကိုမြအေးတို့ကို အသိပေးတဲ့ သဘောပါ"

"အဲဒါပြောတာပေါ့၊ ခုထိ ခင်ဗျား ကျုပ်ကို နားမလည်သေးဘူး"

"မဟုတ်ဘူးလေ၊ နားလည်ပါတယ်၊ ဒါပေမယ့် ဖြစ်နေတာက..."

"ကျုပ် ဂဲသဘောပေါက်ပါတယ်၊ ကြိုးစားကြည့်ပေါ့ဗျာ၊ ကျုပ်တော့ သိပ်မထင်ဘူး"

သူ စကား ဆက်မဆို။

ဆေးလိပ်ကို တွင်တွင် ဖွာနေမိ၏။ မီးခိုးငွေ့များ မျက်နှာကြက်သို့ ပြေးတက်နေကြ၏။ အားလုံး ထမင်းစားဖို့ သတိမရကြ။ အတွေးထဲ နစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မှောင်နေသောကြောင့် မီးရောင်သည် ပို၍ လင်းလာသကဲ့သို့ ရှိ၏။

မှောင်ရိပ်များ ကြီးစိုးစ ပြုနေသော ဝန်းကျင်ကို နစ်မွန်းစွာ ငေးကြည့်မိသည်။

*



## အပိုင်း ငါး



www.burmeseclassic.com

www.burmeseclassic.com

(၂၈)

ဘချို မင်း အမြန်ဆုံး မာလာ့ကို သွားတွေ့ပြီး အကျိုးအကြောင်း ရှင်းပြစေချင်တယ်၊ မာလာ့ဆီကိုလဲ စာရေးပြီး ပို့ထားမှာပါ။ ဒီကိစ္စက နှစ်ယောက်စလုံးနဲ့ ပတ်သက်နေတယ်။ အဓိက သူ့ရဲ့ သိက္ခာပေါ့ကွာ၊ ငါနဲ့ပတ်သက်ပြီး ယိုးစွပ်ခံရတဲ့အတွက် ငါပဲ ခံစားနေရပါတယ်။

ပြီးတော့ ငါလာဖြစ်ရင် လာခဲ့မယ်၊ သူတို့ ဘာတွေ တောင်းဆိုကြမလဲဆိုတာ မသိရသေးဘူး။ ဒါပေမယ့် ငါထင်ပါတယ်။ သူတို့ နားလည် လက်ခံမယ်လို့ပေါ့လေ။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ စွပ်စွဲချက်တွေဟာ တစ်ခုမှ မဟုတ်လို့ပဲ။ ရှင်းပြခွင့် ရှင်းပြချိန်သာ ရမယ်ဆိုရင် အမြန်ဆုံး ပြီးပြတ်သွားမှာပါ။





မာလာ့ဆီက အကူအညီတောင် လိုချင်မှ လိုမှာပါ။ တောင်းတော့ မတောင်းချင်ဘူးကွာ။ ဒါပေမယ့် ကိုယ့်ဘက်က ပြင်ဆင်ထားရင် မမှားနိုင်ဘူးလေ။

မင်းရဲ့ အကြံဉာဏ်ကိုလဲ ထည့်ရေးပေးစေချင်ပါတယ်။

လက်မှတ်ရေးထိုးလိုက်ပြီး တစ်ခေါက် ဖတ်ကြည့်လိုက်သည်။ စာအိတ်ပေါ်တွင် ဘချို ရုံးလိပ်စာကို ရေးပြီး ပိတ်လိုက်သည်။ ကိစ္စတစ်ခု ပြီးမြောက်သွားသကဲ့သို့ ခံစားရ၏။ စေ့စပ်ပြီးသည့်နောက် ဘချိုအထံ စာရေးပြီး အသိပေးခဲ့သည်။ မင်္ဂလာဆောင်ကျမှ စရိတ် အကုန်ခံပြီး ခေါ်ပါမည်ဟု ရယ်သွမ်းပြီး ရေးခဲ့သေးသည်။ ခုတော့ အမှုတပြင်း အကူအညီတောင်းခံရလေပြီ။ တပ်မိုလ်ထုနှင့် ဝိုင်းရလေပြီ။

ထို့နောက် မာလာ့ထံသို့ စာတစ်စောင်ရေးရန် ကြိုးစားရသည်။ သူမအား မထိခိုက်စေဘဲ ရေးနိုင်ရန် လုံးပမ်းရသည်။ စိတ်ဖိစီးမှုသည် နောင်ကြိုးတည်းခံရသကဲ့သို့ ရှိ၏။

ရေးရက် ပြောရက်တယ်လို့ မယူဆစေချင်ဘူး မာလာ။ တို့နဲ့ ပတ်သက်ပြီး ဖြစ်ရတာမို့ တို့တောင်းပန်ပါတယ်။ ဓာတ်ပုံကိစ္စက ဒီအထဲမှာ ပါလာတယ်။ ဒီဓာတ်ပုံတွေ ဘယ်သူ့ဆီက ရလာတာလဲ မသိဘူး။ တစ်ဦးတစ်ယောက်က မာလာ့ကို ဓားစာခံလုပ်ပြီး တို့ကို သတ်တဲ့သဘော ဖြစ်နေတယ်၊ တို့နှစ်ယောက်ကို သိက္ခာချတဲ့သဘော ရောက်နေတယ်၊ တို့အတွက်ရော မာလာ့အတွက်ရော အကျိုးမရှိဘူးလို့ ထင်တယ်။ ဒါကြောင့် အသိပေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မာလာ့ဘက်က စုံစမ်းပေးစေချင်ပါတယ်။ မဖြေရှင်းလို့ မဖြစ်ဘူးဆိုတာ မာလာနားလည်မှာပါ။

တို့ကို မားစားခံလုပ်ပြီး မာလာ့ကို အသရေဖျက်မယ့် ကိစ္စဆိုရင်လဲ တို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရင်ဆိုင်မှာပါပဲလေ။ ဘာလို့လဲဆိုတော့ ဒါဟာတရားနည်းလမ်းမကျလို့ပဲ။ တို့များရဲ့ အတိတ်ကို တို့တွေ အသိဆုံးပါ။ ဒါကို မဖြေရှင်းရင် တစ်သက်ထာမကနောင်လဲ ကျန်ရစ်နေလိမ့်မယ်။ နောင်အရှည်အတွက်ပါ မျှော်ကြည့်ပြီး ဒါကို ချေဖျက်ရမှာပဲ မာလာည။ ဘယ်လိုအကြောင်းမျိုးပဲရှိရှိ ခုချိန်မှာတော့ တို့ပြောတာကို နားလည်ပါ မာလာ။ မာလာ စဉ်းစားကြည့်ပါ။

မာလာရဲ့ သဘောထားကို တို့သိချင်တယ်။ တို့ဆီ စာပြန်ပါ။

ဒုတိစာကို ရေးပြီးချိန်မှာ သန်းခေါင်တိုင်ခဲ့ပြီဖြစ်၏။ ဆောင်းကုန်စအချိန်။ နွေသည် ပီပီပြင်ပြင် မဖြစ်သေး။ တစ်ညလုံး အိုက်စပ်စပ်နှင့်အနေခက်ခဲ့သော်လည်း သန်းခေါင်ကျော်သည်နှင့် ချမ်းအေးစ ပြုသည်။ လေပြည်ထဲ၌ ဆောင်းနှင်းလက်ကျန်များ ပါလာခဲ့သည်။

ပြတင်းပေါက်ကို သွား၍ ပိတ်သည်။ ခုံတွင် ပြန်ထိုင်သည်။ စာရေးစက္ကူကို ပြန်၍ကြည့်၏။ မွန်မွန့်ထံ စာတစ်စောင်ရေးရဦးမည်။ မည်သို့ အစချီရမည်ကို တွေးကာ ငိုင်နေမိ၏။ နာရီထက်တက်၏ လည်ပတ်သံ တချပ်ချပ် ကြားနေရ၏။

* * *





အိမ်ပေါက်ဝမှ လမ်းဝင်ကတည်းက ကြည့်နေမိသည်။ မစိုးသည် ဈေးခြင်းကို ကြမ်းပြင်ပေါ် ချသည်။ ဈေးခြင်းမှ ကန်စွန်းရွက်များ ထိုးထွက်နေသည်။ ထို့နောက် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ...

"မွန်မွန်ရဲ့အစ်မ မရီရီနဲ့ တွေ့ခဲ့တယ်၊ ကျွန်မကိုလဲ တွေ့ရော မျက်နှာကို တင်းသွားတာပဲ၊ ကိုစိုးမင်းဦးက ဘာမှမပြောပါနဲ့လို့ မှာထားလို့ပေါ့၊ နို့မို့ဆို ပြောပစ်လိုက်ချင်တယ်၊ ကျွန်မ ကိုစိုးမင်းဦးစာ ပေးလိုက်တယ်၊ ရော့ဆိုပြီး ပေးလိုက်တော့ မယူချင်သလိုလိုနဲ့ ကျွန်မ ပြောချင်တာ ပါးစပ်ကို ယားနေတာပဲ"

မစိုးကို အားနာပါသည်။ ဖြစ်နိုင်လျှင် မည်သူ့အကူအညီမှ မရယူချင်။ မိမိအတွက် မည်သူမှ ကြားခံမဖြစ်စေလို။ ကိုယ်တိုင်သွားပေးမည်ဟု ရည်ရွယ်သော်လည်း အတွေ့မခံမှာ စိုးရသည်။ နှစ်ကြိမ်တိုင်တိုင် ခံခဲ့ရပြီးပြီမို့ နားလည်ရမည်။ ဈေးကဆိုင်တော့ ဖွင့်လိမ့်မည်ဟု တွေးသည်။ မစိုး ဈေးသွားရင်း ကြုံရင် ပေးခဲ့ရန် ပြောမထွက်။ သို့သော် မစိုးက ကျွန်မ ပေးပေးမယ်ဆိုပြီး ယူသွားခဲ့သည်။

"ကိုစိုးမင်းဦးရော စာသွားထည့်ပြီးပြီလား"

"ဟုတ်ကဲ့ ၊ ကျွန်တော်လဲ ခုလေးတင်ပဲ ပြန်ရောက်တယ်"

"ရှင်လဲ ဒုက္ခပဲ"

မစိုး နှစ်သိမ့်အပြုံးနှင့်ပြော၏။

သူ ပြုံးရုံ ပြုံးပြီး မတတ်နိုင်ပါဘူးဗျာဟု ညည်းမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဈေးခြင်းတောင်းကို ပြန်စစ်ကြည့်ရဦးမယ်၊ ဘာတွေ ဝယ်ခဲ့လို့ ဝယ်ခဲ့မှန်းတောင် မသိပါဘူး။ ကျွန်မမျက်လုံးထဲ မွန်မွန်အစ်မရဲ့ မျက်နှာကြီးပဲ မြင်နေတယ်၊ တကယ်…"

ဈေးခြင်းတောင်း ကောက်ယူကာ မစိုးထွက်သွားသည်။ လုပ်သင့်သည်များကို လုပ်ခဲ့ပြီးပြီဟု ထင်သည်။ အမှားအမှန်သည် မည်သူ့လက်ထဲတွင် ရှိနေသည် မသိ။ သက်ပြင်းများ ရင်ကို ဗဟိုပြုလာလေ၏။

BURMESE CLASSIC

* * *

ဘယ်လို ဖြစ်တာလဲဆရာဟု ကျော်ခင်အစချီသည်။ ကျော်ခင်တို့တောင် သိနေမှကိုးဟု တွေးမိ၏။ မြို့သည် သိပ်ကျယ်ပန်းလှသည် မဟုတ်ချေ။ တစ်ဦးကိုတစ်ဦး နေ့စဉ် တွေ့မြင်နေကျ။ စကားကူးသန်း ပြောနေကျ။ ဤသို့သောသတင်းမျိုးကလည်း လျင်မြန်စွာ ပြန့်နှံ့တတ်သည် မဟုတ်လား။ ပြောလို့ အင်မတန် ကောင်းသည့်သတင်း။ ပန်းသတင်း လေညင်းဆောင်၏။ လူ့သတင်း လူချင်းဆောင်၏။

တစ်မြို့လုံးပင် သိသွားကြပြီထင်၏။

"မင်းတို့ကြားတဲ့အတိုင်းပေါ့ ကျော်ခင်"

"ကျွန်တော်တို့ ကြားတာကတော့ ဆရာ့အကြောင်းချည့်ပဲ ဖြစ်နေတယ်"

မကောင်းကြောင်းဟု ထည့်မသုံး။ ဘာတွေလဲဟု မေးလျှင်





သိရမည် ဖြစ်သော်လည်း သူမမေးချင်။ ရင်၌ ဒေါသကို အလိပ်လိုက် ဆွစေမည့် စကားများသာဖြစ်မည်ထင်သည်။

"ကျွန်တော်တို့က အဲဒီလိုမထင်ဘူးဆရာ၊ ဆရာ့ကို သက်သက် လီဆယ်လုပ်ကြံတာပဲလို့ ထင်တယ်၊ ဟုတ်တယ်မဟုတ်လား ဆရာ"

ဖြေရှင်းချက်ကို ကြားလိုသောအမေး။ သူပြုံးလိုက်ပြီး…

"မင်းတို့က ကိုယ့်ဘက်ကို ဘယ်လိုမြင်ကြလဲ မသိဘူး။ ကိုယ် ဒါတွေ မပြောချင်သေးဘူးကွာ"

ဤသို့ လာမေးတိုင်း ဖြေရှင်းရမည်ဆိုလျှင် တစ်မြို့လုံးဖြစ်နေလိမ့်မည်။ အိမ်ပေါက်စေ့ တစ်အိမ်တက်ဆင်း ဖြေရှင်းရမလို ဖြစ်နေပြီ။ ပြီးတော့ တစ်ဖက်မှ ခေါင်းသူကြီးအတွက် ရယ်စရာ ဖြစ်နေမည်။ အချိန်မကျသေးဟု ထင်၏။ ခေါင်းသူကြီး ကျသွားမှ အားလုံး အသံတိတ်ကုန်လိမ့်မည်။ ခေါင်းသူကြီး ကျဖို့လိုသည်။

ကျဆုံးစေနိုင်သော လက်နက် ကိုယ့်ဝယ် မရှိသေးချိန် ဘာကို ပြောနိုင်ဦးမည်နည်း။

"ကျွန်တော့်ကို လာမေးတဲ့သူတွေကိုတော့ ဆရာ ဒီလိုမျိုး မဖြစ်နိုင်ဘူးလို့ ကျွန်တော် ဖြေလိုက်တယ်၊ ဆရာ ဒီလိုဖြစ်မှာ မဟုတ်ဘူးလို့ ကျွန်တော် ယုံကြည်တယ်"

"ကျေးဇူးတင်ပါတယ် ကျော်ခင်၊ ဒါပေမယ့် အရမ်းသော မယုံနဲ့ဦး။ စောင့်ကြည့်ဦးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုသည့်စကား မကြားရသဖြင့် ကျော်ခင် စိတ်ပျက်သွားဟန် တူသည်။ မသိကျိုးကျွန်ပြုကာ လုပ်စရာများကို လုပ်နေမိ၏။ ကျော်ခင် သူစားပွဲ သူ သွားထိုင်သည်။ မအေးနွဲ့တို့က ဘယ်လိုလဲဟူသော အသံတိတ် မျက်စပစ်ကြ၏။ ကျော်ခင်လက်ကာပြသည်ကို မျက်စိ ထောင့်စွန်းမှ မြင်လိုက်ရသည်။

လက်နှိပ်စက်ရိုက်သံ၊ စာရွက်များ၊ လေတိုက်ခတ်သံ၊ ခုံများ ရွှေ့ထိုင်သံ။ ရုံးသည် ခြောက်သယောင်းနေသည် ထင်၏။ ရယ်သံ၊ စကားပြောသံများ ဆိတ်နေ၏။ ဘယ်တော့များ ပုံမှန် ပြန်ဖြစ်ပါ့မလဲ။

ပြဿနာသည် သူ့ဝန်းကျင်အား ရိုက်ခတ်နေကြပြီ။

* * *

မအေးနွဲ့ စားပွဲတွင် လာရပ်သည်။ တစ်စုံတစ်ခု ပြောဖို့ သူစောင့် သည်။ မအေးနွဲ့ မပြော။ သူ မော့ကြည့်လိုက်မှ ...

"ဆရာ၊ မွန်မွန်ရောက်နေတယ်"

အံ့အားသင့်စေသောစကား။

"ခုလေးတင် ကောင်လေးတစ်ယောက်နဲ့ အပြောခိုင်းလိုက်တယ် ဆရာ၊ သူ အကြော်စုံဆိုင်ကို ရောက်နေတယ်တဲ့၊ ဆရာ့ကို တွေ့ချင်တယ်လို့ ပြောတယ်"





အကြော်ဆိုင်သည် အမြဲတွေ့နေကျနေရာ။ ရုံးမှ တမြင်လောက်သော ၏။ မြို့စွန်ဘက် ရောက်သွားသဖြင့် လူသူရှင်း၏။ စိတ်အစဉ်သည် ဖျတ်ခနဲ ပြေးကြည့်လိုက်သည်။

"ဒါဆို သွားတွေ့ရမှာပေါ့၊ ဦးစီးမေးရင် မအေးနွဲ့ ကြည့်ပြောထား လိုက်ဗျာ၊ သိပ်မကြာပါဘူး"

ဖောင်တိန်ကို ပိတ်လိုက်ပြီး အိတ်ကပ်တွင် ချိတ်သည်။ ဖိုင်ကို ပြန်ပိတ်ပြီး ဘေးသို့ ရွှေ့လိုက်၏။ မအေးနွဲ့ သူမ စားပွဲသို့ ရောက်သွား ချိန်ထိ သူစောင့်၏။ ညပိုးမှ ထ ရပ်လိုက်သည်။ တိုက်ပုံအင်္ကျီ ယူသွားရ ကောင်းမလားဟု တွေးသည်။ မယူဖြစ်ချေ။ ဘယ်သူ့ကိုမှ မကြည့်ဘဲ ထွက်ခဲ့သည်။ အားလုံးသည် သူ့ကို ကြည့်နေကြ၏။

မွန်မွန်တစ်ယောက်တည်း ဖြစ်ပါစေဟု စိတ်ထဲက ရေရွတ်မိ၏။

* * *

ကုက္ကိုရိပ်သည် နေပြောက် မထိုးချေ။ သို့သော် အေးသည်မထင်မိ။ နေပူကို ဖြတ်လာခဲ့သဖြင့် ချွေးစို့ချင်ချင်။ ဘေးရှိ မြက်ခင်းမှ ဖြတ်ပြီး ဝင်လိုက်၏။ ဆိုင်တဲစက်မြိတ်သည် မေးဖျားလောက်ထိ ငိုက်ကျနေ၏။

ကျောပေးလျက်သား ထိုင်နေသည်။ ဒူးနှစ်ဖက်ကို လက်မြှင့် ပိုက်ထားသည်။ တစ်နေရာသို့ ငေးတေးတေး ကြည့်ရှာသည်။ သူမ၏ အတွေးများကို သိချင်စိတ် ဖြစ်မိသည်။ မည်သို့သော အတွေးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်ကို။ ခြေလှမ်းပင် တုံ့ချင်ချင်။ ဖြူသွယ်သော လက်ထဲ၌ ပဝါဟု မမြင်။ မိမိ၏ နှလုံးသည်းပွတ်ဟု မြင်သည်။ ခြေသံ ကြားသွားသည် ထင်၏။ ကော့ရှန်းသော မျက်တောင်ကို ပင့်၍ လှည့်ကြည့်၏။

"နေကောင်းရဲ့လား မွန်မွန်"

မဖြေ။ ထိုင်ပါဟု ခွန်းဆက်စကားမဆို။ မျက်ဝန်းထဲ၌ စိမ်းမြမြ မြက်ခင်းပုံရိပ် ထင်နေ၏။

"ထိုင်မယ်နော်"

ဆတ်ခနဲ ခေါင်းညိတ်၏။ အားအင်မဲ့စွာ ဝင်ထိုင်လိုက်သည်။ စားပွဲပေါ်မှ အကြော်စုံပန်းကန်သို့ အကြည့်ရောက်သည်။ ချထားသည့်အတိုင်း လက်ရာမပျက် ရှိ၏။ သို့သော် ပူပူနွေးနွေးမရှိတော့ဘဲ အေးစက်နေမည်ကို မတို့မထိ မကိုင်ဘဲနှင့် သိသည်။ ရင်ဝယ် တုန်ခါချင်ချင် ဖြစ်သွားသည်။ သက်ပြင်းငယ်တစ်ခု ညင်သာစွာ ချ၏။ အရည်လဲ့လဲ့ မျက်ဝန်းများကို ရင်ဆိုင်ကြည့်ပြီး ...

"ဘာကိစ္စရှိလို့လဲ မွန်မွန်"

သတိ ဝင်လာသကဲ့သို့ ဆတ်ခနဲ လှုပ်ရှားသွားသည်။ ပြီးမှ...

"မဟုတ်ပါဘူး။ ဦး အိမ်ကို နှစ်ခေါက်ရောက်လာတယ် မဟုတ်လား"

မပြောင်းလဲသေးသော အသုံးအနှုန်း။

"ဟုတ်တယ် မွန်မွန်၊ တွေ့သင့်တယ်ထင်လို့ မတွေ့ချင်မှန်း သိပေမယ့် အရဲစွန့်ပြီး တို့လာခဲ့တာပါ"





ဦးရယ်... ဟု နှလုံးခတ်သံဖြင့် ရေရွတ်သည်။

"တို့ကို မေးသင့်တယ် မွန်မွန်၊ အသိပေးသင့်တယ်၊ တို့ကို အသိမပေးသင့်တဲ့လူလို့ ထင်နေပြီလား"

"ဒီလိုမျိုး မဟုတ်ရပါဘူး ဦးရယ်"

လမ်း၏တစ်ဖက် ကိုင်းတောစပ်ကို ကြည့်သည်။ ခါးလယ်သာသာ အမြင့်ရှိမည်ထင်၏။ မွန်မွန် တို့ဆီကစာကို ယူသွားမယ်မဟုတ်လား ဟု မေးလိုက်၏။ မျက်စိထောင့်စွန်းမှ ခေါင်းအညိတ်ကို မြင်သည်။

"သူ...သူတို့က မွန့်ဆီလာပြီး ပြောကြတယ်၊ ပြကြတယ် ဦးရယ်၊ မွန်လေ အရမ်းဒေါသဖြစ်သွားတယ်၊ ဒီလိုမျိုး ယိုးစွပ်ရမလား ပေါ့လေ၊ တစ်ညလုံးလုံး အပြင်းအထန် ဆွေးနွေးကြတယ်၊ မွန် အော်မိတယ်၊ မွန် ငိုမိတယ်၊ မဖြစ်နိုင်ဘူး၊ ဦးဟာ ဒီလို လူစားမျိုးမဟုတ်ဘူးဆိုတဲ့ စကားကလွဲပြီး မွန်ဘာမှ မပြောနိုင်ခဲ့ဘူး၊ အဲဒီညက မွန်လေ အိပ်မပျော်ခဲ့ဘူး၊ ယုံပါ ဦး"

ကိုင်းတောကို ကြည့်သာ ကြည့်နေသော်လည်း မမြင်တော့။ ရင်ဝယ် တမြည့်မြည့် ကျွမ်းစပြုသည်။

"မနက် လင်းခါနီးမှ မှေးခနဲ မွန် အိပ်ပျော်သွားတယ်၊ အိပ်မက်ထဲမှာတောင် သူတို့အသံတွေ ခြောက်လှန့်နေကြတယ်လေ ဒါနဲ့ပဲ မွန် သတိတရ နိုးလာခဲ့တယ်၊ ဦး ဆီမှာ [illegible] မာလာ ထည့်လိုက်တဲ့စာ ရှိတယ်မဟုတ်လား၊ အဲဒီစာကို ခြေမြင် သတိရတယ်၊ သူတို့က စက္ကန့်ပိုင်းတောင် အချိန်မ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဦး၊ ဦးကို အဆက်ဖြတ်ပစ်ဖို့ပဲ ဝိုင်းပြောကြတယ်၊ မွန်လဲ စိတ်ပူထူပြီး ဦးရဲ့အိမ်ကို စက်ဘီးနဲ့ ထွက်ခဲ့တယ်၊ သူတို့က လုံးဝ ထွက်ခွင့်ပေးကြတာ မဟုတ်ဘူး၊ မသိခင်နိုးထွက်ခဲ့တာ၊ အဲဒီ အချိန်မှာ သူတို့ကို သက်သေပြချင်တဲ့ဇောပဲရှိတယ် ဦး"

သူမ လှုပ်ရှားမှုများကို စိတ်ထဲ၌ တွေး၍ မြင်သည်။ တိတ်တဆိတ် စက်ဘီးလေးတွန်းကာ ထွက်လာခြင်း၊ အိမ်ရှေ့သို့ အသော့နှင်းရစ်ခြင်း ရင်ဝယ် နှင့်၏။

"မစိုးပဲတွေ့တယ်၊ စာယူမယ်လို့ပြောရင် မကောင်းဘူးလေ၊ မေးစမ်းနေတာနဲ့ ကြာနေမယ်၊ ခဏလေး နိုးထွက်ခဲ့တာ မဟုတ်လား၊ ဒါကြောင့် ချိန်ကို သတိရပြီး စိုင်စာကိုယူမယ်လို့ပြီး အိမ်ပေးတက်ခဲ့တယ်၊ ရင်ထဲက တဒိုန်းဒိုန်းနဲ့ တစ်ခါမှ သူများ ပစ္စည်းကို ခွင့်ပြုချက်မရဘဲ မကိုင်ခဲ့အူးဆိုတာ ကိုယ့်စိတ်မှာ ဇဝေဇဝါနဲ့ပေါ့၊ မစိုးများ လိုက်လာမလားရယ်လို့ ကြည့်ရသေးတယ်၊ မစိုးက စာအုပ်ပုံးတဲ့လူတွေနဲ့ အလုပ်ရှုပ်နေတော့ မွန့်ဘက် သတိ မထားနိုင်ဘူး၊ ဒါနဲ့ ဦးဆီက စာကို ယူခဲ့တယ်၊ စိတ်ထဲမှာတော့ ဦးအိမ်ပြန်အဆီ ပြန်လာပေးမယ်ပေါ့၊ အဲဒီတော့မှ ယူသွားရတဲ့ အကြောင်းကို ရှင်းပြမယ်ပေါ့၊ အဲဒီအချိန်ဆို မွန်တို့ ပြဿနာကလဲ ပြီးသွားပြီလေ"

မျက်ဝန်းနက်ထဲ၌ ဝမ်းနည်းရိပ် ထင်နေ၏။

"ဒီပြဿနာ ပေါ်လာတော့ ဦးကို အသိမပေးတော့ဘူးလို့ တွေးတယ်၊ မွန်ပဲ ရှင်းလိုက်မယ်ပေါ့၊ ဦးကိုလဲ မသိစေချင်ဘူး





ဖြစ်လိုက်ရင် မွန့်ဘက်ကချည်းပဲ ဆိုတော့ ကြားက ဦးကို အားနာတယ်၊ တော်ကြာ ဦးက ရောယောင်ဝင်ပါပြီး စိတ်ညစ် သွားရမယ် မဟုတ်လား၊ ပြီးတော့ နှစ်ဖက်စလုံးမှာ သံသယတွေ ဒေါသတွေ ထပ်ပြီး မတိုးလာစေချင်ဘူးလေ၊ မွန် ကိုယ့်အတွေး နဲ့ ကိုယ် ဟုတ်နေတာပဲ"

နားလည်ကြောင်း ခေါင်းကို ညိတ်ပြမိ၏။

"စာကို ဖွင့်မဖတ်ကြည့်ဘဲ ထည့်ယူသွားတာ အမှားပဲ၊ အိမ်ကို တန်းတန်းကြီး ပြန်သွားခဲ့တယ်၊ အိပ်ခန်းထဲဝင်ပြီး စာကို ဖွင့် ဖတ်တယ်၊ တံခါးကို အသေအချာ မပိတ်မိဘူး၊ စာဖတ်နေတဲ့ အချိန် ဗြုန်းစားကြီး သူတို့ ဝင်လာတော့ မွန်လဲ စာထဲ စိတ်ဝင်စားနေတော့ အငိုက်မိသွားတယ်ဦး၊ မွန်လေ ဘယ်လိုမှ ပြောအားမရှိတော့ဘူး၊ အားလုံး အားလုံး သူတို့ပြောတဲ့အတိုင်း ဖြစ်နေတယ် ဦးရယ်"

ဆွတ်ပျံ့နာကျင်စေသော စကားစု၊ ရင်ကို ထုတ်ချင်းခတ်သွား သည်။

အိတ်ကပ်ကို စမ်းသည်။ တွန့်ကြေနေသော စီးကရက်ကို ဆွဲယူ ပြီး ထုတ်သည်။ ပါးစပ်တွင်တပ်၍ မီးညှိသည်။ မှိုက်ဖွာသည်။ သက်ပြင်းယဲ့ယဲ့ကို မီးခိုးငွေ့နှင့်အတူ မှုတ်ထုတ်လိုက်၏။ နက်သည်ထက် နက်သွားသော တွင်း၊ ပျက်သည်ထက် ပျက်သွားသော အနာ၊ သူတို့ပြော တဲ့အတိုင်း မွန်မွန် သုံးစွဲခဲ့ပြီကော။ စေ့ထားသော ပါးစပ်ကို ဖွင့်လိုက်ရ ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြချင်တယ် မွန်မွန်၊ ဒါပေမယ့် မွန်မွန် ကြားချင်မှပါ"

"မွန် ခုထိ မဆုံးဖြတ်ရသေးပါဘူး ဦး"

ညှိုးလျော့လျော့ သူမ မျက်နှာအား တစ်ချက်ကြည့်ပြီး…

"အဲဒီအတိုင်း မဟုတ်ဘူး မွန်မွန်၊ ဒါပေမယ့် မွန်မွန်ဘက်က လူကြီးတွေက တို့ရဲ့ ဦးစီးမှုး ဆီ ရောက်လာကြတယ်၊ ဦးစီးကို ပြောသွားကြတယ်"

"ဟင် ဟုတ်လား"

သူ မသိသေး။ ကြားထဲက ဘောင်ဘင်ခတ်နေသော လှိုင်းများ စီးကရက်ကို ဖွာရင်း…

"ခုတော့ တစ်မြို့လုံး ပြန့်သွားပြီလေ။ ဒါတွေ ထားပါ။ မွန်မွန် တစ်ယောက်တည်းကိုပဲ ဖြေရှင်းလိုက်ပါ့မယ်၊ ကျန်တာတွေတော့ နောက်မှ တို့ဖြေရှင်းမယ်၊ မွန်မွန် သိနေတဲ့ မာလာဆိုတာ တို့ရဲ့ သူငယ်ချင်းပါ၊ တပူးတွဲတွဲ အနေများတဲ့ လူတွေမှာ ဖြစ်တတ်တဲ့အတိုင်း တွယ်ရစ်နေတဲ့ သံယောဇဉ်ဟာ နိုင်ခဲ့လာ ခဲ့တယ်၊ သူငယ်ချင်းထက် လွန်ခဲ့တယ်၊ ရည်းစားဆိုတဲ့ တံဆိပ် ရိုက်နှိပ်ရင်လဲ ဖြစ်တယ်၊ သူငယ်ချင်းမက ရည်းစားမကျ တတွဲတွဲ ဖြစ်ခဲ့တယ်၊ တို့ကို သူ လမ်းခွဲသွားတယ်၊ အိမ်ထောင်ပြု လိုက်တယ်"

စီးကရက်ကို ချပြီး နှင်းချေလိုက်သည်။ နောက်ဆုံး မီးခိုးငွေ့တန်း က မြက်ခင်းများကြားမှ သွယ်တန်းတက်နေဆဲ။





"ဒါဟာ လွန်ခဲ့တဲ့ ရှစ်နှစ်ရဲ့ ဟိုဘက်မှာ ဖြစ်ခဲ့တာပါ။ အဲဒါ တို့ရဲ့ အတိတ်ပဲ၊ တို့ ချန်ထားရစ်ခဲ့ပါပြီ ခု သူယောက်ျားနဲ့ ကွဲသွားတော့ သူငယ်ချင်းတစ်ယောက်အနေနဲ့ စိတ်မကောင်း ဖြစ်ရုံကလွဲပြီး ဘာမှ မခံစားရပါဘူး၊ မထင်မှတ်ဘဲ ပြီးခဲ့တဲ့ အခေါက် ရန်ကုန်မှာ တွေ့ခဲ့တယ်၊ သူ့ကလေးရဲ့ မွေးနေ့ကို ဖိတ်လို့ တို့ရောက်ခဲ့တယ်၊ သူက တို့ကို သံယောဇဉ် မကုန်သေး ဘူး၊ ဒါကို တို့ တားဆီးလို့မှ မရဘဲမွန်မွန်ရယ်၊ တို့စိတ်ထဲမှာ မရိုးမသား မရှိခဲ့ဘူးဆိုတာ ယုံပါ၊ တို့တစ်သက်မှာ စိတ်ရော ကိုယ်ရော နှလုံးသားပါ နှစ်ပြီးချစ်တာက မွန်မွန့်ကိုပါ၊ မွန်မွန် တစ်ယောက်တည်းကိုပါ။ ဒါကိုတော့ ယုံပါ"

မြစ်ဆိပ်ဘက်သို့ မွန်မွန် မျက်နှာမူသည်။ ခေါင်းကို လေးလေး ပင်ပင် ညိတ်ပြ၏။

"တို့ တစ်ခုပဲ တောင်းဆိုချင်ပါတယ် မွန်မွန်၊ တို့ကို ဖြေရှင်းခွင့် အချိန်လေးတော့ ပေးပါ၊ နည်းနည်းလေး စောင့်ကြပါ။ တို့ သူ့ဆီကို အကြောင်းကြားထားပါတယ်၊ သူကိုယ်တိုင် ဖြေရှင်း ပေးပါမယ်လို့ တို့ယုံကြည်ပါတယ်၊ ဒီကိစ္စဟာ တို့အတွက်တင် မဟုတ်ဘဲ သူ့ကိုပါ ထိပါးနေတယ်၊ သူ ဖြေရှင်းမယ်ဆိုရင် မွန်မွန်တို့ လက်ခံမလား"

"ဦးရယ်…မွန် နားလည်ပါတယ်၊ ဒါပေမယ့် …"

"သူတို့ နားလည်ဖို့မဟုတ်လား မွန်မွန်၊ တို့ ရှေးဦး ရေအူး ဘိ ကြိုးစားမှာပါ။ ခုချိန်မှာ မွန်မွန် အရမ်းကာရော မမှန်း

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ပါနဲ့ဦး မွန်မွန် မုန်းပစ်လိုက်ရင် တို့ ဘာကို မကြိုးစား ချင်တော့ဘူး။ ချစ်သက်သေ ထုပြမယ့်အရေးမှာ အမုန်းတပ် ခင်းထားရင်တော့ တို့ အရာအားလုံးကို လည့်စင်းပေးလိုက်တော့ မယ်၊ ကြိုက်သလို ကျေနပ်သရွေ့ လုပ်ကြပါစေ၊ ဒါ တစ်ခုတည်း တို့ မျှော်ကိုးနေရတာပါ မွန်မွန်၊ ဒါလေး တစ်ခုနဲ့ အသက်ရှင် နေတာပါ"

"မုန်းပါတယ်လို့ မွန်မွန် ပြောသေးလို့လားဦးရယ်"

ပြောသေးလို့လားဟု သုံးနှုန်းထားသည်ကို သတိပြုမိ၏။ ခုမပြော သေး။ နောက်ပြောချင်ပြောမည်ဟု ဆိုရာ ရောက်နေ၏။ ဖူးငုံများကို ခြွေချနေသော မိုးသက်လေမှ ဟုတ်ပါလေစဟု သံသယ ဖြစ်မိ၏။ မမုန်းဆနိုင်သော အရာတစ်ခုကို စိုးရွံ့ ရှာဖွေမိသည်။

"တို့ တစ်ခု သိချင်တယ် မွန်မွန်"

မျက်ဝန်းချင်း ဆုံဆည်းသွားသည်။ ယခင်အခါများကလို မဟုတ်

"အဲဒီဓာတ်ပုံတွေ ဘယ်က ဘယ်သူ ယူလာတာလဲ"

မွန်မွန် စဉ်းစားသယောင် ငေး၏။ ရုတ်တရက် မဖြေ။

ဤပြဿနာ ဝင်ရောက်လာချိန်မှစ၍ လက်သည် မည်သူ ကြောင်း တိတိကျကျ မသိခဲ့ရ၊ စုံစမ်းကြည့်သော်လည်း မရ၊ တွေး ကြည့်သော်လည်း မမြင်ခဲ့၊ မမြင်ကွယ်ရာ အရပ်မှ မြားတံပစ်လွှတ် ထားသည်။ လေထုခွဲသံ သဲ့သဲ့ ကြားရသည်။ ရင်သို့ ပြေးဝင်စိုက်သည် သွေးကြောများထဲ အဆိပ် ပျံ့နှံ့စ ပြုသည်။ မတုံ့ပြန်ချင်။ အဆိပ်ကို



ချေဖျက်မည် ဖြစ်၏။ ပစ်သူကို အပြစ်မယူချင်ပါ။ တစ်ဖက်၏ အကျိုး မျှော်ကိုးကာ ပစ်လွှတ်သူ တစ်ဖက်၏ တပ်သား မဟုတ်ပေလော။

"တို့ သွားမတွေ့ပါဘူး။ တို့ ရန်မဖြစ်တတ်ပါဘူး။ သိချင်ရုံလေး ပါ၊ တို့ရင်ထဲမှာ သိထားရုံလေးပါ၊ တို့ကို စိတ်ချပါ မွန်မွန်"

မွန်မွန်ပြောရန် အားယူသည်။ လေသံ သဲ့သဲ့ဖြင့် ...

"ရဲမြင့်"

သြော် ...ဟု သူရေရွတ်မိ၏။ တဆက်တည်းပင် ...

"ဘယ်က ရခဲ့တာလဲ၊ ဘယ်သူ့ဆီကလဲ"

"ဒါတော့ သူမပြောဘူး ဦး၊ ဘယ်သူ့ကိုမှ သူ မပြောဘူး"

သူဟာသူ မထင်မှတ်ဘဲ ရခဲ့သည်မဖြစ်နိုင်။ အချိန်ကိုက် ပေါ်ထွက် လာခြင်းဖြစ်၏။ သို့သော် သူ ထပ်မမေးတော့။ မြားဆိပ်ဆီသို့သာ စိတ်ရောက်နေ၏။

*



www.burmeseclassic.com

www.burmeseclassic.com

(၂၉)

ဆိုင် မထိုင်ဖြစ်သည်ရက် များခဲ့ပြီ။

ဤနေ့မှ ဆိုင်ထိုင်ဖြစ်သည်။ တစ်မြို့လုံး သိနေကြပြီဆိုသည့် အတွေးကို ဖျောက်ဖျက်၍မရ။ ထိုင်ချင်စိတ် မရှိသော်လည်း ထွက်ခဲ့သည်။ ရှောင်ပုန်းနေပြီ၊ ခေါင်းမဖော်ရဲဟူသော အဖြစ်ကို မခံယူချင်၍လည်း ဖြစ်၏။ ကိုယ့်ဘက်၌ မှန်မှန်ရှိနေသရွေ့ ရင်မဆိုင်ရဲစရာ မမြင်။ ရင်မဆိုင်ရဲသော တစ်ခုတည်းသောအရာမှာ မှန်မှန် မုန်းလိုက်မည်ကိုပင် ဖြစ်သည်။

ဘယ်တော့မှ မမုန်းပါဘူးဆိုသည့်စကားကို ကြားယောင်မိ၏။ ပြန်ခါနီး၌ ဦးကို ယုံယုံကြည်ကြည် ချစ်ပါတယ်ဟု သူပဲ ပြောခဲ့၏။ ထပ်ခါ ထပ်ခါ ကြားချင်နေ၏။ မဝေးတော့ပေမယ့် နီးတော့မနီး။ ခရီးသည် ဖြောင့်ဖြူးမနေဟု သိသည်။ စူးချင်စူးစေ၊ ပူချင်ပူစေ၊ နာချင်





နာပါစေ လုပ်မည်ဟု ရည်သန်၏။ မေတ္တာလမ်းတို့သည် မဖြောင့်ဖြူးတတ်ဟု ကြားဖူးသည်။ မဖြောင့်ဖြူးခဲ့သူများသဖြင့် ဖြစ်မည်ထင်၏။ လောက၌ ဘယ်အရာမဆို မခက်ခဲသည်မရှိ။ အနည်းနှင့် အများသာ ကွာမည် ထင်သည်။

"အစ်ကို"

လက်ဖက်ရည်ခွက် ချပေးသည့်တိုင် မသွားသေး။ စားပွဲထိုး ကောင်လေးကို သူ မော့ကြည့်၏။

"အစ်ကိုတို့ကိစ္စတွေ ကျွန်တော် ကြားတယ်၊ အဲဒါ ဟုတ်လား အစ်ကို"

သူ ပြုံးသည်။ မဲ့တဲ့တဲ့ ဖြစ်နေမည်ထင်သည်။

"ဖြည်းဖြည်းပေါ့ကွာ၊ နောက်မှ အစ်ကို အေးအေးဆေးဆေး ပြောပြပါ့မယ်၊ ခုတော့ ဘာမှ ပြောပြမနေချင်ဘူး။ ကြားတဲ့အတိုင်း ထားလိုက်ပါကွာ"

"ကျွန်တော့်အထင်ဆိုရင် အစ်ကို့ဥစ္စာ မဖြစ်နိုင်ဘူး၊ ဟုတ်တယ်မဟုတ်လား အစ်ကို"

"ကဲပါကွာ...နောက်ကျမှ အစ်ကို ပြောပြမယ်၊ စိတ်ချ"

ကောင်လေး၏ လက်မောင်းကို ပုတ်ပြီးရယ်၍ ပြောလိုက်သည်။ ကောင်လေးရယ်ကာ လှည့်ထွက်သွားသည်။ ရဲမြင့်တို့အုပ်စု ဆိုင်ထဲ ဝင်လာတာကို မြင်၏။ တခြားဆိုင်၌ မထိုင်ဘဲ ဤဆိုင်သို့ ရောက်ခြင်းကို မတွေးတတ်အောင် ဖြစ်မိ၏။ သက်သက် ရည်စူး၍လာ ခဲ့မှာဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဟိုဆိုင်နှင့် အဆင်မပြေကြ၍လား မပြောတတ်။ မည်သို့ဖြစ်စေ ဤဆိုင်တော့ ရောင်းကောင်းမည်။ သူများအတွက် ကောင်းသွားရင် ပြီးတာပါပဲ။ ပျက်စီးဆုံးပါးခြင်းကိုတော့ မမြင်လို။ ရင်ထဲက အရိုးခံ စေတနာ ဖြစ်သည်။

ဟိုတစ်နေ့က ရဲမြင့် သူ့အား လာ၍ နှုတ်ဆက်ခဲ့သည်။ ထိုအချိန်၌ မြားကို ရဲမြင့် ပစ်လွှတ်ပြီးဖြစ်သည်။ ထိချက်ကို လာကြည့်တာလား။ ရင်ဝယ် နာချင်ချင်။ စိတ်ကို ဖြေကာ တခြားသို့ ပို့လိုက်၏။

မာလာ့ထံ စာရောက်လောက်ပြီထင်၏။ ဘချို့ထံလည်း စာရောက်လောက်ပါပြီ။ ဘချိုက မာလာ့အား သေသေချာချာ သွားတွေ့ပေလိမ့်မည်။ ခုလောက်ဆို မာလာ အကျိုးအကြောင်း စုံစုံလင်လင် သိပြီး စာပြန်ရေးထည့်လောက်ပြီထင်သည်။

ကိုယ်ခန္ဓာ၌ ပျံနှံ့နေသော အဆိပ်ကို ဖြေပေးရန် ရောက်လာတော့မည်ပဲ၊ ဘာကို စိုးရိမ်ကြောင့်ကြနေရတာလဲဟု ကိုယ့်ကိုကိုယ် မကျေနပ်နိုင်။ နောက်ကျသည်ဖြစ်စေ၊ ကြာသည်ဖြစ်စေ သူတတ်နိုင်သော အရာမဟုတ်ပေ။ သူမှာ စောင့်စားနေရန်သာ ရှိ၏။ ကြာညောင်းသည်နှင့်အမျှ အဆိပ်သည် ပျံနှံ့ထုံရစ်နေမည်။ အဆိပ်မမွှန်းခင် ရောက်လာ စေချင်သည်။

မွန်မွန်သည် သူ့ဘက်တွင် ရှိနေဆဲ။

“ဆိုင်က မသန့်ဘူးကွာ”

“အေးကွ၊ မြို့နာတယ်”





“တောခြောက်ထုတ်ပစ်ဖို့သင့်ပြီ သူငယ်ချင်း”

ရဲမြင့်တို့ဝိုင်းဆီမှ စကားသံများ။

လှည့်မကြည့်မိအောင် နေရသည်။ ထိုစကားသံများကို အာရုံမစိုက်မိစေရန် ကြိုးစားရသည်။ ဤကမ္ဘာမြေသည် ကျဉ်းသွားသယောင် ထင်မြင်မိ၏။ ကျဉ်းကျပ်သော စိတ်အစဉ်ကို တားမရချင်တော့။ ပြန်ရန် စိတ်ကူးသည်။ သို့သော် မပြန်ဖြစ်။

လက်ဖက်ရည်ကို တစ်ဆက်တည်း သောက်မိသည်။ ချိုဆိမ့်ခြင်း အရသာမရှိဘဲ ခါးသီးခြင်းသာ ခံစားရ၏။ ဆေးလိပ်ဖွာကာ မှောင်မည်းသော မြစ်ဘက်သို့ စူးစူး ကြည့်ဖြစ်သည်။

မြစ်ဘက်က လေပြည်တို့သည် နွေးမြမြ ရှိ၏။

* * *

ဦး...

ပြောစရာရှိလို့ မနက်ဖြန် ပွဲခင်းဘက်ကို လျှောက်ခဲ့ပါ။ မွန်တို့ ကြိုစောင့်နေမယ်။ အကြော်စုံဆိုင်မှာ ရှိနေမယ်၊ ဆက်ဆက် လာဖြစ်အောင် လာပါ။

ဦးရဲ့ မွန်မွန်ဟု အောက်မှာ ရေးထားသည်။ သူမ၏ သူငယ်ချင်း တစ်ယောက်က ဝင်ပေးသွားခြင်း ဖြစ်၏။ အမှာစကား ပါသည် မပါသည် မေးမိ၏။ မည်သည့်စကားမှ မမှာလိုက်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် တွေ့ချင်တိုင်းတွေ့၍မရ။ မှန်မှန်တွေ့ချင်မှ တွေ့ရ၏။ သူ့ဘက်သည် မည်သည့်အရေးအရာမှ ဖန်တီးစွမ်းဆောင်နိုင်ခွင့် မရှိတော့။

မစိုးတို့ အဝတ်အစားလဲပြီး ထွက်လာကြသည်။

"ဘာတဲ့လဲ ကိုစိုးမင်းဦး"

"တွေ့ချင်လို့တဲ့မစိုး၊ မနက်ဖြန်ကျမှပါ"

"ခုထိ ဇာတ်ကမျောတုန်းပဲနော်၊ ကျွန်မတို့ ပွဲခင်းဘက် လျှောက်လိုက်ဦးမယ်၊ အပြင်ထွက်ချင်ရင် တံခါး သော့ပိတ်သွားပေါ့"

"စိတ်ချပါ၊ ကျွန်တော် စောင့်နေပါ့မယ်"

လိုက်ခဲ့ဖို့ မစိုးမခေါ်၊ ခေါ်လျှင်လည်း သူ ငြင်းမိမည်။ လူများသော ပွဲခင်းသို့ သူ မသွားချင်။ မြို့လယ် ဘုရားကြီး၏ ပွဲမို့ တစ်မြို့လုံး တက်တက်ကြွကြွ ရှိကြသည်။ ဆိုင်းသံ ဗုံသံကို အိမ်က အတိုင်းသား ကြားရ၏။ အစည်ကားဆုံးပွဲဖြစ်၏။ နှစ်တိုင်း သူသွားနေကျ။ ကံစမ်းကစားရာ ဆိုင်များတွင် ငေးနေကျ ဖြစ်သည်။ မှန်မှန်အားစ,တွေ့ခဲ့သည့် နေရာ ဖြစ်သည်။ ရင်ထဲသို့ လှမ်းဝင်လာသော ချစ်သူဟု ဦးစွာ မထင်နိုင်ပါ။ ထိုစဉ်က ရင်ခုန်ခြင်းသည် ယခုချိန်ဝယ် ဘယ်ဆီရောက် နေသည်မသိ။ စက္ကန့်တိုင်း ဖိစီးနှိပ်စက်နေသော အတွေးများက ပိုင်စိုးထားလေပြီ။

ကိုမြအေးနှင့် မစိုးတို့ ထွက်သွားကြသည်ကို ငေးကြည့်နေမိ၏။ သူတို့လိုပဲ သွားချင်သည်။ ဘယ်တော့များမှ ဖြစ်မည်မသိ။





၁၄

ဘချိုထံ စာထည့်ခဲ့သည်မှာ တစ်ပတ်ရှိခဲ့ပြီ။ ဘချိုဆီမှ အကြောင်းပြန်စာ၊ မာလာ့ထံမှ ရေးသည့်စာများ ခုထိ ရောက်မလာကြသေး မျှော်လင့်စိတ်ကြောင့် ရင်မောရသည်။ ဦးစီးတို့ကိုလည်း ဘာမှ အကြောင်း မပြန်ဖြစ်။ အိမ်နှင့်ရုံး၊ ရုံးနှင့်အိမ် သွားနေခဲ့၏။ ဖြစ်နိုင်လျှင် အိမ်ထဲ၌သာ နေလိုက်ချင်၏။

ခေါ်တော့လည်း သွားရတော့မပေါ့။

ရင်ဆိုင်ရမည့် မျက်နှာများကို ကြိုတင်မြင်ကာ စိတ်နွမ်းသည်။ ကြာလျှင် ရင်အစုံ ကြေကွဲရချည်ရဲ့။

* * *

ရုံးပိတ်ရက်မို့ မနက်ပိုင်း စာအုပ်တစ်အုပ် ဖတ်နေမိ၏။

ထိုစဉ် လူကြုံက စာတစ်စောင် လာပေးသည်။ သဘော် ဆိုက်ကပ်ချိန်ဟု သိ၏။

ဘချို၏ စာဖြစ်သည်။

မာလာနဲ့တွေ့တယ် စိုးမင်းဦး၊ ငါ အကျိုးသင့် အကြောင်းသင့် ရှင်းပြလိုက်တယ်၊ သူ ဂရုတစိုက်ပဲ နားထောင်တယ်၊ မှန်းသော ဆိုရင် မေးတယ်။ ပြီးသွားတော့ ပြုံးတယ်။ ငါက ရှင်းပြသင့်သလို လို့ ပြောတယ်။ ရှင်းပြတဲ့ စာတစ်စောင်ရေးပါလို့ ပြောတယ်၊ သူက စိတ်ချ စိတ်ချတဲ့၊ ဆက်ဆက် ရေးထည့်လိုက်မယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ ဒါပဲ မဟုတ်လားလို့ မေးတယ်၊ ငါက ဒါပါပဲလို့ ပြောတယ်။ ကြားထဲမှာ အဖုအထစ် မရှိဘူး စိုးမင်းဦး။ သူက ကိစ္စတစ်ခုကြောင့် သွားစရာရှိတယ်ဆိုပြီး ပြောတော့ ငါ အလိုက်တသိ ပြန်ခဲ့ရတာပေါ့။ သူ စိတ်မကောင်းဖြစ်တဲ့ ပုံစံမျိုး ပဲကွ။ မျက်နှာက မကြည်မသာပါပဲ။

သူ စာရေးလိမ့်မယ်။ မင်း စိတ်အေးတော့ သူငယ်ချင်း။ ဒီ ကြားထဲ ထပ်တွေ့ဖို့ ငါ ကြိုးစားပါဦးမယ်။ မင်းတို့ရဲ့ မေတ္တာ လမ်းကြောင်း ဖြောင့်ဖြူးပါစေလို့ ငါ ဆုတောင်းပါတယ်။ ဒီဘက်အပိုင်းကတော့ ပြီးပြီ။ မင်းတို့ဘက်ကပဲ ကျန်တော့တယ်။ အကယ်၍ လိုအပ်တယ်ဆိုရင် ငါတို့ လာဖြစ်အောင် ကြိုးစား ပါ့မယ်။ လိုတာရှိရင် စာရေးလိုက်ပေါ့။ မင်းတို့ မင်္ဂလာဆောင်ကျမှ မမေ့နဲ့နော်။ စရိတ် အကုန်အကျခံပြီး ခေါ်မယ်ဆိုတာလဲ မမေ့နဲ့။

မာလာ့လဲ ခေါ်ပါကွာ။ သူလာဖြစ်ရင် ပိုကောင်းမယ် ထင်တာပဲ။ ငါ့အထင်နော်။ မင်းတို့ရဲ့ အတိတ်က ရှိသေးတယ် မဟုတ်လား။ တော်ကြာ ခွကျနေဦးမယ်။

ချမ်းမြေ့ပါစေ...

တကယ် ချမ်းမြေ့ကြည်နူးသွားသည်။ တစ်ကမ္ဘာလုံး အမှောင်ကျ နေသကဲ့သို့ ရှိနေခဲ့၏။ အလင်းရောင်တန်းတို့ ထိုးဖောက်ကျလာသည် နှင့် ကြည်လင်ပြတ်သားသွားသည်။ ရှုရသော လေပင် မနေ့ကနှင့် မတူတော့။ ရောက်လာကာစ နေခြည်တန်းတို့သည် ရွှေရည်လဲ့လဲ့





နှင့် ရှိနေ၏။ စိုးရိမ်သောကတို့ တစ်ထစ် လျော့သွားသည် ထင်၏

ဒါဆို...မာလာ့ထံမှ စာရောက်လာတော့မည်လေ။

ငယ်စဉ်ကာလက အတူတူ ကျောင်းတက်ခဲ့ခြင်းကို သတိရသည်။ ထို့နောက် သူမ၏ မင်္ဂလာပွဲကို သတိရ၏။ သူ သွားခဲ့ရသည်။ အခု သူ့မင်္ဂလာပွဲတွင် သူမကို ဖိတ်လျှင် သင့်လျော်ပါမည်လား။ ရက်စက်သူဟု ထင်မှာစိုးသည်။ တုံ့ပြန်လက်စားချေတာလားဟု မေးမှာစိုး၏။ မခေါ်လျှင်လည်း ပစ်ပယ်သည်ဟု အထင်ရောက်ဦး မည်။ ခေါ်တော့ ခေါ်မည်။ သူမ၏ ဆန္ဒအတိုင်းသာ ဖြစ်စေချင်၏။ အတင်း အကျပ် မတိုက်တွန်းချင်။ ဝတ်ကျေတမ်းကျေသဘော။ မပစ်ပယ်သည့် သဘော ဖြစ်ရပေလိမ့်မည်။

ကိုယ်အနံ့ ပြန့်နေသောအဆိပ်များ နေထိနှင်းသို့ ပျက်ပြယ်သွား သည် ထင်၏။

မှုန်းကျပ်နေခြင်းမှ လွတ်မြောက်သည့်အခိုက် မှန်မှန်အား ပြေး၍ သတိရသည်။ ညနေတွေ့မည်ဟု သူမ မှာထားသည်။ ခုပင် ချက်ချင်း ပြေးတွေ့၍ ပြောပြချင်သည်။ စောင့်ရမည့် အချိန်များကို စိတ်ပျက်ဖွယ် နှင့် ငဲ့ကြည့်မိသည်။ ဤဘဝချိန်၏ စာနှင့် ဖြေရှင်းရန် လုံလောက်သည် မဟုတ်မှန်းသိ၏။ တစ်ဖက်မှ ယုံကြည်မှုသည် မည်မျှအတိုင်းအတာ အထိ သတ်မှတ်ထားသည်မသိ။ အလုံးစုံ ပျက်ပြယ်ဖို့အထွက် မည်မျှအထိ ကြိုးပမ်းရဦးမည်နည်း။ ယုံကြည်မှုကို ရယူနိုင်သည်တော့ ကျော်၍ မတွေးနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တူရူကို သတိတရ ကြည့်မိနိုက်ဝယ် ဖြောင့်ဖြူးသော လမ်းကို တွေ့ရလေ၏။

* * *

ဖတ်လက်စ စာရွက်ကို ဖျတ်ခနဲရိုက်ပြီး…

"ဒါဆို ရှင်းသွားပြီပေါ့ဆရာ"

ဟု ကျော်ခင်က ပြော၏။ ကျော်ခင့်အသံက ဝမ်းသာအားရရှိ၏။

သူ မပွင့်တပွင့် ပြုံးရင်း ကြည့်သည်။ အစဉ်အမြဲ အတွေးဂရက်ထဲ နစ်မြုပ်နေသည်မို့ အရယ်အပြုံးနည်းခဲ့၏။ တစ်ခါတလေ ရယ်ပြုံးရမည်ကိုပင် မေ့နေချင်၏။ သူများမျက်နှာ ကြည့်ရမည်ကိုပင် လန့်ချင်ချင်။ မျက်နှာများတွင် မေးခွန်းများ ရှိနေတတ်သည် မဟုတ်ပါလား။ တစ်ဦးတစ်ယောက်နှင့် ဆုံမိလေတိုင်း အမေးခံရတော့မည်ဆိုသည့် အသိက အရင်ဆုံး ဖြစ်မိသည်။ ဖြေချင်ပါလျက်နှင့် မဖြေနိုင်။

မသေချာသေးသော တစ်ဖက်ခြမ်းကို ရင်မောစွာ စောင့်နေရသည်။ ကြာတော့ အရာရာကို မယုံချင်ပါလျက်နှင့် မယုံရဲတော့။ မသေချာမှုဘဲ ဖြစ်မည်အထင်ရောက်၏။

မွန်မွန် ခေါင်းမခါခဲ့သည့်အတွက် ဤမျှ သက်ဆိုးရှည်ခဲ့ခြင်း ဖြစ်သည်။ မွန်မွန်ကိုယ်တိုင်က နားမလည်နိုင်ခဲ့လျှင် ကြိုးစားသမ





သဲထဲရေသွန် ဖြစ်ပေမည်။ နေ့ရက်၊ ဝန်းကျင်နှင့် မိမိ စသော အရာအားလုံးသည် မွန်မွန့်အတွက်သာ ဖြစ်လေသည်။

"မပြီးသေးဘူး ကျော်ခင်ရဲ၊ မာလာ့ဆီက စာကို စောင့်ရဦးမယ်"

"ဆရာကလဲ ခုအတိုင်းပဲ ရှင်းနေပြီ"

"အဲဒါက မင်းရှင်းနေတာ၊ သူတို့ဘက်က ရှင်းဦးမှာ မဟုတ်ဘူး ဒီစာလေးနဲ့ သူတို့ကို ရှင်းပြဖို့ လွယ်မယ်မထင်ဘူး ကျော်ခင် ကိုယ့်ဘက်က ပြည့်စုံနေရလိမ့်မယ်။ ဒါတော့ ခေါင်းတုံးခေါင်းသန်းရှာဆိုသလို အဖြစ်ကို စေ့စေ့စပ်စပ် ရှာကြဦးမယ်ထင်တာပဲ၊ ချက်ချင်း နားလည်လက်လျှော့လိုက်ရင်တော့ အတိုင်းထက် အလွန်ပေါ့ကွာ၊ ဒါပေမယ့် မဖြစ်နိုင်ပါဘူး"

ကျော်ခင် ခေါင်းတဆတ်ဆတ် ညိတ်နေ၏။ ထို့နောက် စာကို လှမ်းပေးသည်။ ယူပြီး စာအိတ်ထဲ ပြန်ထည့်သည်။ ပြီးနောက် အိတ်ကပ်ထဲ ထည့်၏။

"မွန်မွန်ကတော့ ရှင်းသွားမယ်ထင်တယ်ဆရာ"

"အင်း…ထင်တာပဲ"

ရယ်ကျဲကျဲနှင့် သူပြောသည်။ ကျော်ခင်က ဆေးလိပ်ကို လှမ်းယူသည်။ မီးခြစ်ကို အသင့်လှမ်းပေးသည်။ ကျော်ခင် မီးညှိနေစဉ် မစိုး အိမ်ပေါ်တက်လာသည်။ စာအုပ်ဆိုင် သိမ်းပြီးခြင်းသည့်လက်ထဲတွင် မှတ်စုစာအုပ်နှင့် မဂ္ဂဇင်းတချို့ ပွေ့ထားသည်။ သူ့အား လှမ်းကြည့်၍…



www.burmeseclassic.com

www.burmeseclassic.com



"မသွားကြသေးဘူးလား"

"အချိန် နည်းနည်းစောသေးလို့ မစိုး"

နာရီကို ဖျတ်ခနဲ ကြည့်မိ၏။

ပွဲခင်းဘက်မှ သီချင်းသံများကို နားစွင့်မိသည်။ ဖွင့်နေကြပြီ လှုပ်ရှားလွန်းသောစိတ်ကြောင့် ရင်တုန်ချင်သည်။ ကျော်ခင်က ဆေးလိပ်ဖွာပြီး...

"မမာလာ ဆိုတဲ့ အမျိုးသမီးကို တွေ့ဖူးချင်လိုက်တာ ဆရာ"

ဘာဖြစ်လို့လဲဟု သူ မေးလိုက်၏။

"ဘာရယ် မဟုတ်ပါဘူး၊ ဒီလောက် နာမည်ကြီးနေတော့ မြင်ချင်စိတ် ပေါက်မိတာပေါ့၊ ဒါ လူ့သဘာဝလေ ဆရာ"

သူ ရယ်ကာ နေလိုက်၏။ မစိုး မီးဖိုချောင်ထဲမှ ထွက်လာပြီး မသွားသေးဘူးလားဟု စိတ်မောစွာ မေးပြန်သည်။ သွားတော့မှာပါဟု နာရီကို ကြည့်ပြီး ဖြေလိုက်၏။ ကျော်ခင် ထရပ်ပြီး ပုဆိုးပြင်ဝတ်၏။

သွားမယ်ဟု ကျော်ခင့်အား ပြောလိုက်သည်။

❋



အပိုင်း ခြောက်



www.burmeseclassic.com

www.burmeseclassic.com

(၃၀)

တပေါင်း လပြည့်ဝန်းသည် ထီးဆောင်းလျက်ရှိသည်။ မြစ်ပြင်၌ လရောင်တို့ ဘဖိတ်ဖိတ်တလက်လက်။ မြစ်ပြင်သည် ရွှေ၍ ရွှေ၍ နေသည်။ အပင်သေး၊ အပင်ပုများသာရှိသော တောတန်းသည် မှောင်မည်းလျက် ရှိပြီး တစ်ခါတစ်ရံ လေပြည်အဝှေ့ လှုပ်၍ယိမ်း၍ သွားသည်။ သင်းကွဲဗေဒါတစ်ပင် လှိုင်းနှင့်အတူ နိမ့်ချည် မြင့်ချည် နောက်၌ ကျန်ရစ်လေ၏။

အမြန်သင်္ဘော ဖြစ်သဖြင့် မြစ်ပြင်၏ ရွှေနှုန်းက မြန်ဆန်၏။ စက်သံ ရူးရူးမှအပ မည်သည့်အသံကိုမှ မကြားရ။ အိပ်သူ အိပ်၊ ငိုက်သူငိုက်နှင့် ထိုင်လျက် အိပ်မောကျနေသူများကိုလည်း တွေ့ရသည်။ ကြိုတင်စီစဉ်ထားခြင်း မရှိသဖြင့် လှေကား အတက်အဆင်းတွင် ထိုင်လျက် လိုက်ပါခဲ့ရသည်။ သူ့ကို ခရီးသည်များက လှေကား





လက်တန်းကို မှီ၍ အိပ်သူအိပ်၊ လှေကားကို ခေါင်းတင်ကာ အိပ်သူ အိပ်၊ တစ်ဦးအပေါ် တစ်ဦး မှီ၍ အိပ်မောကျသူများ ရှိ၏။

ရင်ခွင်ထဲမှ ခရီးဆောင်အိပ်ကို ဖွင့်သည်။ စီးကရက်ဘူးကို ယူပြီး တစ်လိပ် ထုတ်၏။ လေအကွယ်ယူ၍ မီးညှိသည်။ စီးကရက်ကို ဖွာရင်း ဘော်ငွေလဲ့လဲ့ ပြေးနေသော မြစ်ပြင်ကို ငိုင်တွေစွာ ကြည့်မိ၏။

အိပ်မက်တစ်ခုဟု ထင်မြင်နေသေးသည်။ အိပ်မက်ပါပဲလေ။

နိုးထလိုက်သည်နှင့် ဘာတစ်ခုမှ မကျန်ရစ်ခဲ့ခြင်းသည် အိပ်မက်၏ သဘောပင် ဖြစ်သည်။ ခုတော့ ပျော်တစ်ဝက်၊ မဲ့တစ်ဝက်နှင့် အိပ်မက် မက်နေရာမှ ပြန်နိုးခဲ့ပြီလေ။ ဒါပေမယ့် ရင်မှာတော့ သွေးချင်းရဲရဲနှင့် နာကျင်လွန်းစွာ ကျန်ရစ်သည်။ ထိုမှတပါး ဘာမှ မရရှိခဲ့ပါဘူး။

တမုဟုတ်ချင်း ပြောင်းလဲခဲ့သော အရာများနောက်သို့ သူ လိုက်မမီ ခဲ့ပါ။ ထိုသို့ ဦးဇောက်ထိုး ပြောင်းလဲသွားမည်ဟု မထင်ခဲ့ခြင်းကြောင့် ဖြစ်ချင်ဖြစ်မည်။ တကယ်လည်း ထင်ရက်စရာ မရှိခဲ့။ ခုထိ နားမလည် နိုင်စွာဖြင့် ရှိသည်။ ပြန်လည် ဝေဖန်သုံးသပ်ချင်သည်။ သို့တိုင် ပြန်လည် မရနိုင်တော့ဟု သိသည်။ တစ်သက်တာ၏ အဆုံးထိ ဒါတွေကို ယူဆောင်သွားရတော့မည် မွန်မွန်။ စူးရှလွန်းတဲ့ နာကျင်မှု တွေနဲ့ပေါ့။

ဝါးဖောင်များ တစ်ခုပေါ်တစ်ခု ထပ်ကာ မြစ်လယ်ထိတိုင် ဆန့်ထွက် နေသည်။ ရှေ့ဆုံးမှ ဝါးဖောင်တို့သည် မြစ်ကမ်းပါးပေါ် ရောက်နေ၏။ ထိုမှ အနီးမှာ သက်ကယ်ဝါးတဲတစ်လုံး ရှိသည်။ စပ်မှုထမ်းပေါင်း

www.burmeseclassic.com



သစ်ဝါးဆိပ်၏ အစောင့်တဲဖြစ်သည်။ အစောင့်အနီးအပါး ခေတ္တထွက်သွားဟန် တူသည်။ ဝါကြွင့်ကြွင့် ငါးဆယ်အား မီးလုံးက တဲစက်မြိတ်၏အောက်တွင် တွဲလွဲ ခိုနေသည်။

အတူ လျှောက်လာခဲ့ရသည့်တိုင် သူမ စကားတစ်ခွန်းမဆို၊ ခေါင်းကိုသာ တစ်ဖက်သို့ ခပ်ငုံ့ငုံ့ထားသည်။ မြစ်ပြင်လေကြောင့် ဆံစများ ဖရိုဖရဲနှင့် နေသည်။

လ,ရောင်သည် သူမမျက်နှာအား အပြည့်အဝ ဖူးမြော်ခွင့် မရချေ။ ပြောလိုသည့်စကားကို မျိုသိပ်ထားရင်း တိတ်ဆိတ်စွာ အတူ လိုက်ခဲ့သည်။ ဝါးဖောင်အစွန်းတွင် သူမ ရပ်တန့်လိုက်သည်။ ဆွယ်တာပါးပါးကို ရင်အစေ့ တပ်ထား၏။ တံတောင်ဆစ်နားအထိ လက်ကို ပင့်တင်ထားသည်။ ဖြူလျော့အားအင်နဲ့ပါးဟန် တူသည့် လက်အစုံကို သတိတမ္ကြည့်မိ၏။

"မွန်မွန် နေကောင်းရဲ့လားဟင်၊ နေမကောင်းလဲ ထွက်မလာနဲ့လေ၊ ပြီးတော့ ဒီမြစ်ဆိပ်က လေအရမ်းတိုက်တယ်၊ တော်ကြာဖျားနာနေဦးမယ်၊ ပြန်ချင်ရင် တို့လိုက်ပို့မယ်"

ဖိကိုက်ထားသော နှုတ်ခမ်းကို မြင်သည်။

ကျော်ခင် ကျန်ရစ်သော လမ်းထိပ်ဆီ သူလှမ်းကြည့်၏။ ကမ်းပါးပေါ်တွင် ကျော်ခင် ရပ်နေသည်ကို ဝိုးတဝါး မြင်ရ၏။ မွန်မွန်၏ သူငယ်ချင်း နှစ်ယောက် ထိုင်ကျန်ရစ်သောအိမ်သို့ ရှေ့ကာ ကြည့်၏။ သစ်ပင်များကြောင့် မှောင်မည်းမည်း မသဲကွဲ။ အိမ်ရှေ့မြောင်းက



တံတားတွင် ထိုင်နေမည်ဟု တွေး၍ မြင်ကြည့်သည်။ ခုချိန်ထိ သူမ နှုတ်ခမ်းကို စေ့ထားဆဲ။

"ဒီနေ့ပဲ တို့ရဲ့သူငယ်ချင်း ဘချိုဆီက စာတစ်စောင် ရောက်လာတယ်၊ သူ စာရေးပြီး ဖြေရှင်းလိမ့်မယ်လို့ ရေးထားတယ် မွန်မွန်"

ဖျတ်ခနဲ သူမ မော့ကြည့်၏။ မှိုတင်းသော မျက်ခွံကို ခုမှ သတိထားမိသည်။ အိပ်မှုန်နိုးထစ မျက်ခွံမျိုးမဟုတ်။ ခဏချင်း အကြည့်ကို လွှဲပြီး တိုးတိတ်ကြေကွဲသော လေသံမျှဖြင့် …

"ဦးရယ်…မှားတယ် မှန်တယ်ဆိုတာ ဘာနဲ့တိုင်းတာရမလဲ၊ ဘာနဲ့ ချိန်ဆရမလဲ၊ ချစ်တယ် မုန်းတယ်ဆိုတာကော ဘယ်အပေါ်မှာ တည်မှီပြီး ပေါက်ပွားရှင်သန်နေတာတဲ့လဲ"

နားလည်ချင်သလိုနှင့် နားမလည်။ သိသလိုလိုနှင့် မသိ။

"ဝန်းကျင်နဲ့ ကင်းကွာလို့ မရပေမယ့် ရှောင်ပြေးလို့တော့ ရတယ်၊ ဒါပေမယ့် ဦးရယ်…ပြတ်တောက်ကုန်မှာ မဟုတ်ဘူး မျက်လုံးကိုမှိတ်၊ နားကိုပိတ်ပြီး နေနိုင်မှာ မဟုတ်ဘူးနော်၊ ယုံကြည်ပါတယ်ဆိုတာနဲ့ ပြည့်စုံသွားရင် ဘယ်လောက်ကောင်းမလဲဦးရယ်"

"ပြောပါမွန်မွန်၊ တို့ နားထောင်နေပါတယ်"

"ဦးကို မွန့်အသည်းနှလုံးက ယုံချင်နေတယ်၊ ဒါပေမယ့်…"

ဦးနှောက်က လက်မခံနိုင်ဘူးဟု ဖြည့်စွက် နားထောင်မိ၏။

"မယုံယုံအောင် သူတို့ပြောလိုက်ပြီး ဒါတွေကို မယုံချင်ဘူး ဒါတွေ တစ်ခုမှ မဟုတ်စေချင်ဘူး၊ ဒါတွေ…"

www.burmeseclassic.com

www.burmeseclassic.com



ငိုသံလိုလို ဝါးတဝါး တိမ်မြုပ်ပျောက်ကွယ်သွားသည်။ ဆံစများ လှုပ်ခါသွားသည်။ မြစ်ပြင်လေကြောင့်မဟုတ်ပေ။ ရင်အစုံ တုန်ခါ လှိုက်မောချင်နေသည်။ ငုံ့ထားသော မျက်နှာကို ငဲ့ကြည့်ပြီ…

"တို့ ဘာများ မှားသွားလို့လဲ မွန်မွန်"

ဆွယ်တာ ဘေးအိတ်ထဲသို့ လက်နှိုက်သည်။ ထို့နောက် မကြည့်ဘဲ လှမ်းပေး၏။ ဖြူလွလွ စာခေါက်တစ်ခု၊ လရောင်အလင်းနှင့် ဖတ်မရချင်။ အစောင့်တဲ၏ မီးလုံးအောက်သို့သွားပြီး ဝါကြွင်ကြွင် အလင်းရောင်ကို အားပြုလိုက်သည်။ ရှည်သွယ်သော လက်ရေး။ သိလိုက်ပါသည်။ ငယ်စဉ်ကတည်းက သိမှတ်ခဲ့သော လက်ရေး။

ညီမလေး မွန်မွန်ဟုခေါ်ခင်းစဉ် တပ်တားသည်။

လူကို မမြင်ဖူးပေမယ့် သိပ်ချောမယ်ဆိုတာ အတပ် ပြောပြနိုင်ပါတယ်။ အံ့သြပြီး မသွားနဲ့နော်၊ ရင်တွင်းစေတနာနဲ့ တကယ့်ညီအအရင်းကိုကြင်နာ စာနာမှုနဲ့ ဒီစာကို မမ ရေးလိုက်ပါတယ်။ ရေးသင့် မရေးသင့် အတန်တန် ချင့်ချိန်ခဲ့တယ်ဆိုတာတော့ ညီမလေး သိထားပါနော်။ ရေးသင့်တယ်လို့ ထင်တဲ့အတွက် နာကျင်စွာနဲ့ဘဲ ရေးလိုက်ပါတယ် ညီမလေး။

မမလို ဝေဒနာမျိုး မမအရက်မျိုး ထပ်မဖြစ်စေလိုတဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်နဲ့ ရေးလိုက်ရတာပါ။ ပိုးဖလံမျိုး မီးကို တိုးတတ်တယ်လေ။ မီးတောင်ကို ရွှေတောင် ထင်မှတ်မှားတတ်တယ်နော်။





တာရှက်သည့် တဖျတ်ဖျတ် လှုပ်ခါနေ၏။ လက်တို့ မငြိမ်ချင်။

ညီမလေးတို့ သတင်းကို ကြားကတည်းက မမကိုယ်ချင်းစာပြီး စိုးရိမ်ပူပန်မိတယ်။ ဒါပေမယ့် သူ့ကိုလဲ မမကြောက်တယ်။ ပါးစပ်ထဲရောက်ခါနီး အစာကို ပုတ်ချခံရရင် အမျက်ချောင်းချောင်း ထွက်တတ်တယ်လေ။ သူ့ ဇွတ်တရွတ် သိမ်းကျုံးပြီး ရန်ပြုမှာကိုလဲ တွေးပြီး စိုးရိမ်ကြောင့်ကြမိပေမယ့် အရဲစွန့်ပြီးဒီစာကို ရေးလိုက်တာပါ။ မောင်ရဲမြင့် ပြောသမျှ အမှန်တွေချည့်ပဲဆိုတာ ယုံပါ။ မမ လိမ်ညာမပြောပါဘူး။ လိမ်ညာ ပြောလို့လဲ မမမှာ အကျိုးမရှိဘူးဆိုတာ ညီမလေး သိမှာပါ။

အသည်းနုနုအား မီးစနှင့် အထိုးခံရသကဲ့သို့။

အမြင်များခဏတာ ဝေဝါးကုန်၏။ ငိုရှိုက်သံသဲ့သဲ့က နားထဲ၌ ရိုက်ခတ်လာ၏။ မြစ်ပြင်လေ၌ ဆူးများ လွင့်ပါး ပါလာသည်ဟု ထင်၏။ တသိမ့်သိမ့် လှုပ်ခါနေသော ကိုယ်လေးကို ရိုးတိုးရိုးတိပ် မြင်နေရသည်။ သေချာစွာ မကြည့်ဝံ့တော့။ ဆက်ဖတ်ရန် အားယူသည်။ မိမိအား တစ်စစီ ချေဖျက်နေသောစာကို မြစ်ပြင် လေထဲ လွှင့်ပစ်လိုက်ချင်တော့၏။

ညီမလေးရဲ့ မိဘများနဲ့ အသိုင်းအဝိုင်း ဆွေမျိုးများကို ကြည့်ပြီး စဉ်းစားချင့်ချိန်ပါကွယ်။ အချစ်ဆိုတာ ချစ်ရသူအဖို့ သက်သက် ရယ်ပါ။ သူလိုလူရဲ့ နှလုံးသားကို ခွဲကြည့်ပြီး ရှာကြည့်ပါတော့ စိတ်မကူးလေနဲ့ ရက်စက်ခြင်းဆွေ တင်းကြမ်း ပြည့်နေလိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီစာကို ညီမလေး ကြိုက်သလို အသုံးချနိုင်ပါတယ်၊ **မမရဲ့** သိက္ခာကို ငဲ့မနေပါနဲ့၊ မမ အရာရာကို ရင်ဆိုင်ဖို့ အသင့်ဖြင့်ပြီး အားမွေးထားပါတယ်။ မမ သိက္ခာနဲ့ရင်းပြီး ကယ်တင်လိုက်ရတယ် ဆိုရင် မမ သေပျော်ပါပြီ။

အသက်ဝိညာဉ်အား နုတ်ယူလိုက်သကဲ့သို့ ရှိ၏။ ဝန်းကျင်တစ်ခုလုံးနှင်းမြူများ အထပ်ထပ် ဖိတ်ဆီးလိုက်သလို ဝေဝါးကုန်သည်။

စာကို ပြန်ပေးဖြစ်သည်ထင်သည်။ ရှင်းပြပါရစေဟု အထပ်ထပ်ပြောခဲ့သည်ထင်၏။ တစ်စုံတစ်ခု ပြောရန် အားယူကြိုးစားသည်။ လည်ချောင်းကို ကြိုးဖြင့် တင်းအောင်တုပ်နှောင်ထားသကဲ့သို့ **အက်ကွဲ**နာကျင်သည်။

အမှတ်ရသည်က လ,ရောင်လဲ့လဲ့အောက်မှ ပုလဲဥ မျက်ရည်**များ။**

ငြင်းဆန်ခေါင်းခါလိုက်တိုင်း ပုလဲဥတို့ ကြွေစင်ကျကုန်သည်။ ရယ်သံလို ဝိုးတဝါး။

တခြားဘာကိုမှ အမှတ်ထင်ထင် မရှိခဲ့။

ကျော်ခင်ရောက်လာချိန်ထိ သူ ရပ်နေမိဆဲ။ အပါးဝယ် သူမ မရှိသည်ကို ထိုအခါမှ သိရသည်။ ညာလက်ထဲ၌ မာကြောသော အရာတစ်ခုကို ဆုပ်လျက်သား ရှိနေ၏။ သတိတာဝင် ဖွင့်ကာ ကြည့်မိ၏။

အပ်ချည်နှင့် ရစ်ပတ်ထားသည့် နီလာလက်စွပ်။ အမေနှေသားရက်သား ကိုက်ဝယ်ပေးခဲ့သည့်လက်စွပ်။ နှလုံးချင်းထပ် **စေ့စပ်**သည့် အချိန်က အမှတ်တရ ပေးခဲ့၏။ ဘာရယ်မဟုတ် **စကားတစ်ခွန်း**





တည်ဆောက်ဖြစ်၏။ ထိုစကားကို ပြန်လည် အမှတ်ရပါပြီ။

နှုတ်ကို ဖွင့်ဟ၍ မုန်းသည်ဟု မဆိုခဲ့ပေမယ့် နားလည်ရပါပြီ။

အသိတရားတို့ ပြန်လည် ဆွဲယူစုစည်း၍ လက်ခံလိုက်၏။ ရှုံးလေပြီ။ ဤဘက်စည်းမှ ကြံ့ကြံ့ခံ၍ ရပ်တည်ခဲ့သော ခြေအစုံသည် တစ်ဖက်စည်းအတွင်း သို့ လှမ်းဝင်သွားလေပြီ။

*



www.burmeseclassic.com

www.burmeseclassic.com

(၃၁)

တိုနေသော စီးကရက်ကို သံကြမ်းခင်းတွင် ဖိခြေငြိမ်းသတ်လိုက်သည်။ လက်တန်းကို ခေါင်းဖြင့် မေးထိန်းရင်း ဝေဝါးစ အမြင်ကြည်လင်အောင် ပြုရ၏။ ဆောက်တည်ရာမဲ့ခဲ့သောအဖြစ်ကို ကိုယ်တိုင်ကြုံလိုက်ရ၏။ ရင်အစုံ ကွဲကြေသွားသည်ထက် ဆိုးဝါးခဲ့သည်ပဲ။

အစွယ်လိုသူ၏ အမျက်ကို မယုံကြည်နိုင်အောင် ဖြစ်နေဆဲပါ။ ဤမျှအထိ လုပ်ရက် ရေးရက်မည်ဟု မထင်ခဲ့ပေ။ မည်သည့်အရာက အညှိုးအမျက်ကို ဖြစ်စေခဲ့သနည်း။ မြင်တိုင်း အရာထင်တိုင်း အတွေးသွက်သွက်လည်အောင် ကျိုးပျက် ကြေစေနိုင်ခဲ့သည်။ စွမ်းပါပေ့။





အိမ်သို့ ရောက်ခဲ့သည်ပင် မမှတ်မိချင်။ အိပ်ခန်းထဲဝင်ကာ တစ်ယောက်တည်း နာကျင်ဆို့နင့်စွာ ဖြေစရာမရှိခဲ့သော အခိုက်အတန့်။

ထိုအခိုက် အိမ်ခေါင်မိုးပေါ်သို့ ခဲများဖွာခနဲ ကျသည်။ သွပ်ခေါင်မိုးမို့ အသံသည် ကျယ်လောင်ပြင်းထန်လွန်း၏။ ကိုမြအေး အိပ်ရာမှ လန့်နိုးသွားသည်။ ခဲများ ထပ်ကျပြန်၏။ ကိုမြအေး ဒေါသတကြီး တံခါးကို ဖွင့်သည်။ လမ်းမပေါ် ပြေးဆင်းသွားသော ကိုမြအေးနောက်သို့ သူလည်း လိုက်ခဲ့ပါ၏။

လမ်းသည် တိတ်ဆိတ် ငြိမ်သက်နေ၏။ လူသူအရိပ်အယောင်လေးတောင် မမြင်လိုက်ရ။ မှောင်မိုက်နေသော လမ်းထိပ်ဆီ မျှော်ကြည့်ရင်း ...

"မိန်းမလို မိန်းမရ မလုပ်နဲ့၊ သတ္တိရှိရင် ပြောင်လုပ်စမ်းပါ"

ကိုမြအေး အော်သည်။ အသားတဆတ်ဆတ် တုန်နေသော ကိုမြအေးကို သူဆွဲထားရသည်။ ရည်စူးသူမှာ သူကိုပင် ဖြစ်သည်။ မစိုးသည် တံခါးပေါက်မှ စိုးရိမ်ပူပန်စွာ ကြည့်နေ၏။

အိမ်ပေါ်ရောက်မှ အဖြစ်စုံကို သူရှင်းပြလိုက်သည်။

"ကျွန်တော် အားလုံးကို လက်လျှော့လိုက်ပါပြီ"

နီလာလက်စွပ်ကို ငေးကြောင်စွာ ကြည့်၍ သူ ဆို့နစ်စွာ ပြောသည်။

ကိုမြအေး သူ့ကိုယ်စား မခံချင်။ ဘာလို့ ရောင်ဖယ်နေမှာလဲ ကျုပ်ရှိတယ်ဟု ပြောသည်။ သူခေါင်းခါလိုက်၏။ မလိုလားအပ်သော အဖြစ်များ ထပ်မံဖြစ်ပွား၍ အကျိုးမမဲ့စေချင်တော့၊ နက်သထက် နက်၍



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးနှစ်ဖက် အထိအရှ ဖြစ်ကုန်ပေလိမ့်မည်။ ဤမျှ ကြီးကျယ်ပေါက်ကွဲသင့်သောအရာလည်းမဟုတ်၊ ပြီးတော့ ဖြေရှင်းရမည့်သူကိုယ်တိုင်က ရေနစ်သူကို ဝါးကူလို့ ထိုးခဲ့လေပြီ။

ပြီးတော့ မွန်မွန်၊ သူမ၏ ရည်ရွယ်ဆိုလိုခြင်းကို လက်စွပ်ပေးအပ်ခြင်းဖြင့် သိစေခဲ့၏။ ဦးတည်ရာမရှိခဲ့သော၊ ခိုးကိုးရာမဲ့သော သဲကန္တာရကို အဘယ်ကြောင့် အကျိုးမဲ့ဖြတ်ရမည်နည်း။ အိုအေစစ်သည် ကွယ်ခဲ့လေပြီ။ မြင်ရသော ရေပြင်သည် စင်စစ် တံလျှပ်၊ အပါးသို့ တရွေ့ရွေ့ ချဉ်းကပ်ခဲ့သူ မိမိ၏အမှားဖြစ်သည်။

ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချကာ အထုပ်အပိုးပြင်သည်။ မစိုးက တား၏။ စိတ်ထဲ မဝင်ခဲ့။ ပြင်ဆင်ပြီးနောက် ဦးစိုးကို သတိရသည်။ ဦးစိုးသည် မိမိ၏ အရေးကိစ္စကို တာဝန်ယူခဲ့သူ ဖြစ်၏။ ဦးစိုးကို ရှင်းပြဖို့ သူ ထွက်လာခဲ့သည်။

အိပ်ရာထဲမှ အိပ်မှုန်စုံမွှား ထ,လာသော ဦးစိုးသည် သူ့စကားကြောင့် ပါးစပ်ဟောင်းလောင်း ဟ,သွားသည်။ ဇာ်မြဲအေးက စိတ်ပျက်ပျက် ဖြင့် ထိုင်ကြည့်နေ၏။ ဘာမှ ဝင်မပြော။ အတွေးနက်သော မျက်လုံးများဖြင့် ငေးမောကြည့်နေ၏။ အရာအားလုံး ဖယ်စက်သလို ပြောင်းလဲနေသည်။ ဦးစိုးသည် သက်ပြင်းကို လေးကန်စွာ ချလိုက်ပြီး ...

"ကျုပ်ကြားတယ်၊ ရဲမြင့်ဆိုတဲ့ကောင်လေးက ခရက်ဝိုင်းထဲမှာ သခေါ်လိုက်ရတော့မယ်၊ (... ...) လိုင်း(... ...)မြို့ကလို့ ကြားတယ်။ သူနဲ့ပဲ စေ့စပ်တော့မယ်လို့လဲ ကြားတယ်၊ လက်ခံ





လိုက်သလိုလို သတင်းဖြစ်နေတယ်၊ ဒါပေမယ့် ကျွန်တော်တို့ကို လာမပြောသေးတော့ ဟုတ်တယ်လို့ ယုံမှတ် မရဘူးလေ"

(......) လိုင်းသည် ကိုညာဏ်ဝင်း၏ လိုင်းဖြစ်သည်။ ပြတ်တောက်နေသော ကွင်းဆက်သည် ထိုအခါမှ သိလိုက်ရသည်။ အရာရာ နောက်ကျခဲ့ပါ။

စေ့စွန်းသူက တစ်ဦး၊ မြားပစ်သူက ရဲမြင့်။ သေသပ် တိကျလွန်း၏။ ရေပက်မဝင်အောင် အကွက်စေ့စေ့ လုပ်သွားကြသည်။ နလုံးသွေးစက်တို့ မြေပြင်ထက်၌ အိုင်ထွန်းခဲ့လေပြီ။ လိုချင်သည့် အစွယ်ပင် ဖြစ်သည်။

"သူတို့ဆန္ဒအတိုင်း စေ့စပ်တာကို ဖျက်သိမ်းပေးလိုက်ပါတော့ အစ်ကိုကြီး၊ ကျွန်တော့တစ်သက်မှာ တစ်ကြိမ်တည်းသော အချစ်နဲ့ ချစ်ခဲ့ပါလျက်နဲ့ ဘဝကဝဋ်ကြွေးကြောင့် ဒီလိုဖြစ်ရတယ်လို့ပဲ အောက်မေ့လိုက်ပါမယ်၊ ဘယ်သူ့အပေါ်မှ ဆံချည်တစ်မျှင် ကျွန်တော်စိတ်မကွက်ခဲ့ပါဘူး။ ကျွန်တော်ကိုယ်ကျွန်တော် သာလျှင် သင့်မျှတဲ့ အပြစ်ဒဏ် ခတ်လိုက်ပါတော့မယ်"

ဦးစိုးက စောင့်ကြည့်ပါဦးဟု အထပ်ထပ်ပြောသည်။

စောင့်ကြည့်စရာ မလိုတော့။

စောင့်ကြည့်နိုင်ဖို့ အင်အား မရှိသည်ကိုလည်း မိမိကိုယ်ကိုကိုယ် သိသည်။ မချိပြုံးဖြင့် ရုံးကိစ္စများကိုပြောကာ နှုတ်ဆက်ခဲ့၏။

ဦးစိုးအား မိမိအတွက် မျက်နှာပျက်ခဲ့ရသည့်ကြောင့် တောင်းပန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစီး လက်ကာပြသည်။ ခင်ဗျားအတွက်ပဲ ကျွန်တော် စိတ်မကောင်းဖြစ်ရပါတယ်ဟု တုံ့ပြန်ပြော၏။ ဤသို့ ဖြေသိမ့်သော နှလုံးချိုးကို ထာဝရ အမှတ်ရနေရော့မည်။

မစိုးသည် စိတ်မကောင်းဖြစ်ဟန် တူသည်။

"တစ်ရက်နှစ်ရက် နေပါဦးလားကိုစိုးမင်းဦး၊ ကျွန်မ ကြိုးစားကြည့်ပါဦးမယ်"

သူ မပွင့်တပွင့်ပြုံး၍ ခေါင်းခါမိသည်။

ညဥ့် သန်းခေါင်ကျော်လေပြီ၊ အထုပ်အပိုးများဆွဲ၍ အမြန် သင်္ဘောဆိပ်သို့ ထွက်ခဲ့ကြသည်။ ဆိုက္ကားပေါ်၌ ကျောချင်းကပ် ထိုင်ခဲ့သည့်မှ ကိုမြအေးအကြည့်မှ ခေတ္တအနားရသည်။ ကိုမြအေးသည် မိမိထက် စိတ်ဓာတ်အင်အား ကြီးမားသည်။

လိုက်သူနည်းသည်။ သုံးယောက်ခန့်သာ ရှိ၏။ ကျယ်ဝန်းသော ဆိပ်ခံထက်တွင် သူတို့က တစ်ဖက်စွန်းတွင် နေရာယူကြ၏။ မြစ်ပြင်နှင့် ကောင်းကင်သည် တစ်သားတည်းကျ၍ မည်းမှောင်နေ၏။

"ခင်ဗျားသတ္တိနည်းတယ်"

ကိုမြအေး မချင့်မရဲ ပြောသည်။

အမြန်သင်္ဘောသည် မီးရောင်ထိန်ထိန်ဖြင့် လာချေပြီ။ စက်ခုတ်သံကို ကြားရ၏။ ဥသြဆွဲသံသည် စူးခနဲ ရှိလှ၏။ ကမ်းသို့ ဖြည်းညင်းစွာ ကပ်လာလေ၏။ သွားမယ်ဟု နှုတ်ဆက်ပြီး ခေါင်းငုံ့၍ သင်္ဘောပေါ် တက်ခဲ့သည်။ ဆိပ်ကပ်ချိန်သည် မကြာမြင့်လှချေ။



အိပ်မောကျနေသော မြို့ကို ငဲ့မကြည့်ဖြစ်ပေမယ့် နှလုံးသားထဲက နှုတ်ဆက်ခဲ့ပါသည်။ နေရစ်ခဲ့ပါတော့။

*



www.burmeseclassic.com

www.burmeseclassic.com

(၃၂)

မျက်ရည်စကို ထိန်းချုပ်မရချေ။ လက်ခုံဖြင့် အသာသပ်ဖယ်မိသည်။ အံကို တင်းတင်း ကြိတ်မိ၏။ နာကျင်လွန်းသော နှလုံးသည်းပွတ်တို့ ဖြေစရာ မရှိ။

မညာမတာ၊ မထောက်မထား။ မဆင်မခြင် လုပ်ရက်လေခြင်း။

တပြန်တလဲဆိုတာ ရှိခဲ့လျှင်လည်း မတုံ့ပြန်ချင်ပါ။ တုံ့ပြန်ရင်ကော ပြီးဆုံးခဲ့သော ကာလများဆီ ပြန်လည်ရောက်ရှိမည် မဟုတ်ချေ။ သံသရာ စက်ဝန်းသည် ချားရဟတ်ကဲ့သို့ သွက်သွက်ခါ လည်တတ်သည့် သဘောကို နားလည်သည်။ သို့သော် ရှိပါစေ။ ဒီမျှနဲ့ပဲ အဆုံးသတ်ပါစေ။

ခင်တွယ်သူအား ကျေနပ်ပျော်ရွှင်စေကြောင်း အချစ်အား စုပုံပေးခဲ့သည်။ ခုတော့ အချစ်မဟုတ်ပြီ။ အမျက်မာန်များ ဖြစ်ခဲ့လေပြီ။





မျက်လုံးအစုံ မှိတ်ထားလိုက်၏။

စက်သံသည် နားထဲ ပြေးဆောင့်နေ၏။

အေးစက်သော မြစ်ပြင်လေသည် တဟူးဟူး တဟဲဟဲ တိုးဝှေ့နေကြသည်။

* * *

ယူလိုတယ်လို့ လက်ဖြန့်တောင်းရင်လဲ ကြည်ဖြူစွာ ပေးမယ့်လူပါ မာလာရယ်။

မတောင်းယူဘဲ ဌတ်အတင်း အနိုင်ပိုင်းပြီး ဖြတ်ရင်လဲ နှလုံးဝယ်မြမှန်မလီမ်းကျံဘဲ အပြုံးမပျက် ပေးဆပ်မယ့်လူပါ။ ဒါပေမယ့် မာလာရယ် ချစ်ခင်သူကို ပန်ဆင်လှစေကြောင်း ရည်ရွယ်ကာ ကိုယ်နှင်းပေးတဲ့ အင်ကြင်းပန်းမြတ်မှာ ခါချဉ်ကောင်တွေ တွယ်ငြိပါလာမှန်း မသိခဲ့ရိုး အမှန်ပါလေ။

အေးမြတဲ့ ဆာဒွန်အိုင်း မွှေးမြတဲ့ အင်ကြင်ပန်းမွေ့ရာမှာ နှစ်ကိုယ်တူ ချစ်ရည်မျှတာ အမှတ်ရပါပေ့။

ချစ်သူကို လှသထက် လှစေချင်၊ မွှေးသထက် မွှေးစေချင်တဲ့ ဆန္ဒသာ ရင်မှာ ထာဝရရှိခဲ့ပါတယ်။ ချစ်သူ ယောင်ယောင်လေး မဲ့ရင်တောင် မခိုအောင် ခံစားရတာကို မင်းသိခဲ့ရက်သားနဲ့။

မငြေမဆို ရင်ထဲ အမျက်သိုဝှက်လို့ သယ်ယူကာ မင်းခံစားခဲ့ကြောင်း ဘာလို့များ မပြောခဲ့တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



တမင်တကာ ရည်ရွယ်၍ ပေးသူလို့ တစ်ဖက်သတ် စွဲထင်ရင် ဘာလို့များ ဖွင့်မမေးခဲ့တာလဲ။

ခါချဉ်ကောင် တွယ်ကိုက်စော့ ပြောလိုက်ပါလား။

အချိန်အခါ အခွင့်သင့်ပြီး တန့်ပြန်ကာ မင်းရက်စက်လေတော့ ရင်အသည်း သဲသဲလှုပ်မျှ ခံစားရတယ်လေ။

သွေးမျက်ရည် ရစ်သီဝိုင်းသို့ အသက်ခန္ဓာ ကြွေပျက်စေမယ့် ရက်စက်သူကို အမုန်း အမျက် တစိုးတစိမျှ မထွက်ခဲ့ကြောင်း ပြောလိုက်ပါလေ။

မပြောပလောက်တဲ့ အဖြစ်အတွက် အသက်နှလုံး ယူမည်ထိ ကြံရင့်ခဲ့မှန်း မသိခဲ့ပါလေ။

အစွယ်ကို ကိုယ်တိုင်ဖျက်လို့ နောက်ဘဝရှိခဲ့ရင်လဲ ကျေပါစေ ရယ်လို့ ဆုတောင်းခဲ့ကြောင်း ပြောလိုက်ပါလေ။

မင်း ကျေနပ်ရင်ဖြင့် သေချင် သေပါစေ။

နောက်ဆုံး ထွက်သက်တစ်မျှင်ထိ မင်းအပေါ် စိတ်မကွက်ခဲ့ပါဘူး မာလာရယ်။

ငါ၏ ချစ်ခြင်းသည်ဟူသော အစွယ်ပြတ်ကာကျပြီး မင်းပျော် တော့လေ။

ဖြေရှင်းခွင့်မရခဲ့တဲ့အခိုက်ကိုတော့ ငါ ဝမ်းအနည်းသား။

* * *





မြင်မိဆိုရင် ရင်အစုံကို ဖွင့်ပြလိုက်ချင်ပါရဲ့ မွန်မွန်ရယ်။

ချမ်းမြြင်းဆိုတာ နှလုံးသားမှာ ကိန်းအောင်းနေတဲ့ အရာမို့ ရင်မှာ နာကျင်ကြေကွဲပေမယ့် ထင်သာမြင်သာမှာ မဟုတ်ဘူးနော်။

ပြောတိုင်း မကြေ ကြည့်တိုင်း မှုန်ဝါး မသွားပါဘူး မွန်မွန်။

ပြောတိုင်း အရာရာဟာ ကြေပျက်သွားမယ်ဆိုရင် ရင်ကွဲအောင် ပြောပြချင်တယ်။

ကြည့်တိုင်း မြင်မြင်သမျှ မှုန်ဝါးသွားမယ်ဆိုရင် မျက်တောင် မခတ်တဲ့ ကြည့်နေချင်ပါတယ်။

တစ်ဖက်က အမျက်မာန်တို့ကို မဖြေနိုင်လေတော့ ကံကြမ္မာ ဖန်ရာအတိုင်း ခါးစည်းခံဖို့ပဲ ရှိတော့တယ် မွန်မွန်။

ဆယ်သူရယ်လို့ လက်ညှိုးညွှန်ပြောမထွက်၊ မပြောရက်ဘူး။

ပြောလဲ မပြောပြချင်ဘူး။ ပြောပြလို့လဲ ယုံမှတ်မယ် မထင်ဘူးလေ။

ငိုနေမည်လား။ ဒေါသ ထွက်နေမည်လား။ မတွေးတတ်ပြီ။

နာကျင် စူးရတဲ့ ဝေဒနာကို ရင်မှာ တွေးပိုက်ထားရင်း မပြေသာ သည့် ကြမ္မာရိုင်းကို ငေးကြည့်နေဆဲပါလေ။

မမျှော်လင့်ရဲ မထင်မှတ်ရဲသော်လည်း ကြည့်တော့ ကြည့်နေဆဲ ပါ မွန်မွန်ရယ်။

ကိုဝေ

www.burmeseclassic.com